# သီလဝါအထူးစီးပွားရေးဇုန်

# ဇရိယာ(၂-၂)အရှေ့ပိုင်း

# (ဇုန်-ဘီမှ ဒုတိယအကောင်အထည်ဖော်ဆောင်ရွက်မည့် ၁၀၈-ဟက်တာ) စီမံကိန်းအတွက်

# ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်

၂၀၁၇ခုနှစ် ဇန္နဝါရီလ

ရန်ကုန်တိုင်းဒေသကြီးအစိုးရ

## မာတိကာ


အတိုကောက်စာလုံးများ

ဖြည့်စွက်ရှင်းလင်းချက်များ

စာမျက်နှာ

**အခန်း (၁) နိဒါန်း ........................................................ ၁**

၁.၁ နောက်ခံသမိုင်း ........................................................ ၁

၁.၂ သီလဝါအထူးစီးပွားရေးဇုန်၏ တည်နေရာ ........................................ ၁

၁.၃ စီမံကိန်းဧရိယာတစ်ခုလုံးအကြောင်း အကြမ်းဖျဉ်းဖော်ပြခြင်း ........................ ၂

၁.၄ ဇုန်–ဘီဧရိယာနှင့် ဧရိယာ (၂–၂)အား အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ် ...... ၃

၁.၅ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်၏ နယ်ပယ်အတိုင်းအတာ ................. ၄

၁.၆ ဧရိယာ (၂–၂)၏ တည်နေရာ ................................................ ၆

**အခန်း (၂) ပြန်လည်နေရာချထားရမည့် အတိုင်းအတာ .............................. ၈**

၂.၁ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းဧရိယာ၏ အခြေအနေ ........................ ၈

၂.၂ ပြန်လည်နေရာချထားရန် လိုအပ်ခြင်း ........................................ ၈

**အခန်း (၃) လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ ............................ ၁၂**

၃.၂ ယခင်ကောက်ယူခဲ့သည့် စစ်တမ်းများနှင့် လူမှုစီးပွားရေးစစ်တမ်းကောက်ယူခြင်း .......... ၁၂

၃.၂ အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခြင်း (DMS) ........................ ၁၂

၃.၂.၁ အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခဲ့သည့် နည်းလမ်းများ ................. ၁၂

၃.၂.၂ ဧရိယာ (၂–၂)အရှေ့ပိုင်းအား အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူရာမှ ရရှိသည့် ရလဒ်များ ........................................................ ၁၃

**အခန်း (၄) တရားဝင်မူဘောင် .................................................. ၂၂**

၄.၁ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ ........................ ၂၂

၄.၂ ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ နိုင်ငံတကာကျင့်သုံးမှုများ ................. ၂၃

၄.၃ ဂျိုက်ကာ၏ ပြန်လည်နေရာချထားရေးဆိုင်ရာ မူဝါဒများ ........................ ၂၃

၄.၄ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရှိ ဥပဒေနှင့် နိုင်ငံတကာမှ ကျင့်သုံးနေသည့် မူဝါဒတို့အား နှိုင်းယှဉ်ချက်များနှင့် ဖြည့်စွက်ဆောင်ရွက်သင့်သည့် အစီအမံများ ................... ၂၄

**အခန်း (၅) စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်ပုဂ္ဂိုလ်များအတွက် လျော်ကြေးနှင့် ကရုဏာကြေး ပံ့ပိုးမည့် အစီအစဉ် ............................................ ၂၉**

၅.၁ လျော်ကြေး၊ ကရုဏာကြေးပံ့ပိုးမည့်အစီအစဉ်နှင့် အကျုံးဝင်မှု .................... ၂၉

၅.၂ လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးမည့်အစီအစဉ်အတွက် ချမှတ်ထားသည့် အခြေခံမူများ .... ၃၀

၅.၂.၁ မြေယာလျော်ကြေး .................................... ၃၀
၅.၂.၂ ကရုဏာကြေးပံ့ပိုးရာတွင် ပါဝင်မည့်အကြောင်းအရာများ .................... ၃၀
၅.၂.၃ မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များ (IRP)တွင် ပါဝင်မည့်
အကြောင်းအရာများ .................................... ၃၂
၅.၃ ပံ့ပိုးရာတွင် ပါဝင်မည့်အကြောင်းအရာများပြ ဇယား .................... ၃၃
၅.၄ အဆောက်အဦးအမျိုးအစား ခွဲခြားသတ်မှတ်ခြင်း .................... ၄၀

**အခန်း (၆) ပြန်လည်နေရာချထားမည့်နေရာအစီအစဉ် .................... ၄၁**
၆.၁ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အကျိုးဝင်အိမ်ထောင်စုများ .................... ၄၁
၆.၂ ပြန်လည်နေရာချထားမည့်မြေတည်နေရာနှင့် သတ်မှတ်ချက်များ.................... ၄၁
၆.၂.၁ ပြန်လည်နေရာချထားပေးမည့်နေရာနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ .................... ၄၁
၆.၂.၂ ပြန်လည်နေရာချထားရေးရန် စီစဉ်ထားသည့်နေရာများ .................... ၄၂
၆.၃ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအခြေခံတို့ကို ထည့်သွင်းစဉ်းစားထားမှုများ.................... ၄၄

**အခန်း (၇) မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ် (IRP) .......... ၄၇**
၇.၁ IRPအစီအစဉ်အတွက် ချဉ်းကပ်မှုများ .................... ၄၇
၇.၂ ဇုန်–အေအတွက် ပံ့ပိုးပေးခဲ့ပြီး/ပံ့ပိုးဆဲ အသက်မွေးဝမ်းကြောင်းသင်တန်းများ .................... ၄၈
၇.၃ IRPအစီအစဉ်များအကြောင်း အကြမ်းဖျဉ်းဖော်ပြခြင်း .................... ၄၉
၇.၃.၁ IRPအစီအစဉ်များပံ့ပိုးပေးမည့် ဦးတည်အိမ်ထောင်စုများ .................... ၄၉
၇.၃.၂ IRPအစီအစဉ်များတွင်ပါဝင်မည့် ဆောင်ရွက်ဆဲနှင့် အဆိုပြုအကြောင်းအရာများ ..... ၅၀
၇.၄ IRPအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မည့် လျာထားအချိန်ဇယား .......... ၅၄

**အခန်း (၈) ဒေသခံများပူးပေါင်းပါဝင်ခြင်းနှင့် သတင်းအချက်အလက် ထုတ်ပြန်ခြင်း ........ ၅၅**
၈.၁ ဒေသခံများပူးပေါင်းပါဝင်ရန်နှင့် သတင်းအချက်အလက်ထုတ်ပြန်ရန်အတွက် ချဉ်းကပ်မှုများ . ၅၅
၈.၂ ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပပြုလုပ်သည့် နည်းလမ်း .................... ၅၆
၈.၃ ညှိနှိုင်းဆွေးနွေးပွဲ ရလဒ်များ .................... ၅၇
၈.၄ မြေအတွက်အကျိုးဝင်မှုအတည်ပြုသည့် ကျေးရွာအဆင့်ဆွေးနွေးပွဲများမှ ရလဒ်များ ....... ၆၃
၈.၅ ကျေးရွာအဆင့် နောက်ဆက်တွဲဆွေးနွေးပွဲ ရလဒ်များ .................... ၆၃
၈.၆ ဇရိယာ (၂–၂)အရှေ့ပိုင်းနှင့် အခြားဒေသများမှ အကျိုးဝင်အိမ်ထောင်စုများ သီလဝါအထူး
စီးပွားရေးဇုန်အတွင်းသို့ လေ့လာရေးခရီးစဉ် ရလဒ်များ .................... ၆၆
၈.၇ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း)အား ထုတ်ပြန်ကြေညာခြင်း ........ ၆၇
၈.၈ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း)နှင့်စပ်လျဉ်းသည့် မှတ်ချက်များ ...... ၆၈
၈.၉ အချောသတ်ရေးဆွဲထားသည့် လုပ်ငန်းစီမံချက်အား ထုတ်ပြန်ကြေညာခြင်း ............ ၈၃

**အခန်း (၉)　သက်ဆိုင်ရာကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း ........................ ၈၄**
၉.၁ တရားဝင်အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီများ ........................ ၈၄
၉.၂ ပါဝင်ပတ်သက်သူများ အကြံပေးအဖွဲ့ ........................................ ၈၅

**အခန်း (၁၀)　ထိခိုက်နစ်နာမှုများကို သက်သာစေမည့်အစီအစဉ်များ ........................ ၈၆**

**အခန်း (၁၁)　အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ် ........................ ၈၉**

**အခန်း (၁၂)　စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်း ................................ ၉၀**
၁၂.၁ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်းလုပ်ငန်းများဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် ၎င်းလုပ်ငန်းများအကြောင်း အကြမ်းဖျဉ်းဖော်ပြခြင်း ........................ ၉၀
၁၂.၂ အဖွဲ့တွင်း စောင့်ကြည့်စစ်ဆေးခြင်း ........................................ ၉၂
၁၂.၃ ပြင်ပကြားခံအဖွဲ့အစည်းမှ စောင့်ကြည့်စစ်ဆေးခြင်း ........................ ၉၃
၁၂.၄ စောင့်ကြည့်စစ်ဆေးသည့်ပုံစံ ........................................ ၉၅
၁၂.၅ ဆန်းစစ်ခြင်း ........................................................ ၉၆

<u>**နောက်ဆက်တွဲများ**</u>

(၁) အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူရာတွင် အသုံးပြုခဲ့သည့် မေးမြန်းလွှာ
(၂) ညှိနှိုင်းဆွေးနွေးပွဲ မှတ်တမ်းများ
(၃) ပြင်ပကြားခံအဖွဲ့အစည်းမှ စောင့်ကြည့်စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ (မူကြမ်း)
(၄) စောင့်ကြည့်စစ်ဆေးရမည့် ပုံစံနမူနာများ

## ဇယားများစာရင်း


ဇယား (၃–၁)  အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခြင်းအကြောင်း အကျဉ်းချုပ် . . . . . . . . . ၁၃

ဇယား (၃–၂)  စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၏ လူမျိုး . . . . . . . . . . . . . . . ၁၄

ဇယား (၃–၃)  စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၏ ကိုးကွယ်သည့်ဘာသာ . . . . . . ၁၄

ဇယား (၃–၄)  စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၏ စာတတ်မြောက်မှုအခြေအနေ . ၁၄

ဇယား (၃–၅)  တိရစ္ဆာန် (အကောင်ကြီး) များ မွေးမြူရခြင်း၏ ရည်ရွယ်ချက် . . . . . . . . . . . . . . ၁၅

ဇယား (၃–၆)  စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများစိုက်ပျိုးထားသည့် စပါး၊ အဓိက
ဟင်းသီးဟင်းရွက်၊ သစ်ပင်အမျိုးအစားနှင့် အရေအတွက် . . . . . . . . . . . . . . . . ၁၅

ဇယား (၃–၇)  အိမ်ထောင်စုများ၏ ရွှေ့ပြောင်းနိုင်သည့်ပိုင်ဆိုင်မှုများ . . . . . . . . . . . . . . . . . . . ၁၇

ဇယား (၃–၈)  အိမ်ထောင်ဦးစီး၏ အဓိကဝင်ငွေလမ်းကြောင်းများ . . . . . . . . . . . . . . . . . . . . ၁၈

ဇယား (၃–၉)  အခြားမိသားစုဝင်များ၏ အဓိကဝင်ငွေလမ်းကြောင်းများ . . . . . . . . . . . . . . . . ၁၈

ဇယား (၃–၁၀) အိမ်ထောင်စုများ၏ ပျမ်းမျှနှစ်စဉ်အဓိကနှင့် ဒုတိယဝင်ငွေ . . . . . . . . . . . . . . . . ၁၉

ဇယား (၃–၁၁) နှစ်စဉ်ပျမ်းမျှနှင့် အလယ်အလတ်အသုံးစရိတ် . . . . . . . . . . . . . . . . . . . . . . . . ၂၀

ဇယား (၃–၁၂) အဓိကအကြောင်းအရာများအပေါ်အသုံးပြုသည့် နှစ်စဉ်ပျမ်းမျှအသုံးစရိတ် . . . . . . ၂၀

ဇယား (၃–၁၃) မသန်စွမ်းနှင့် သက်ကြီးရွယ်အိုအိမ်ထောင်စုများအကြောင်း အကျဉ်းချုပ် . . . . . . . . ၂၁

ဇယား (၄–၁)  မြေသိမ်းယူခြင်း/ပြန်လည်နေရာချထားရေးလုပ်ငန်းတို့နှင့်ပတ်သက်သည့် အဓိက
ဥပဒေများ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၂

ဇယား (၄–၂)  မြန်မာနိုင်ငံရှိ ဥပဒေများနှင့် ဂျိုက်ကာ၏လမ်းညွှန်ချက်များအကြား နှိုင်းယှဉ်မှုများ . ၂၅

ဇယား (၅–၁)  ဧရိယာ (၂–၂) အရှေ့ပိုင်းအတွက် ပံ့ပိုးရာတွင် ပါဝင်မည့်အကြောင်းအရာများ . . . . . ၃၄

ဇယား (၆–၁)  ပြန်လည်နေရာချထားရန်စီစဉ်ထားသည့် ဧရိယာအနီးဝန်းကျင်ရှိ လူမှုရေးဆိုင်ရာ
အခြေခံအဆောက်အဦများ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၃

ဇယား (၆–၂)  ပြန်လည်နေရာချထားရန်စီစဉ်ထားသည့်နေရာနှင့်စပ်လျဉ်း၍ အရေးပါသည့်
သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအခြေခံတို့ကို ထည့်သွင်းစဉ်းစားထားမှုများ . . . . ၄၄

ဇယား (၇–၁)  ဇုန်–အေအတွက် ပံ့ပိုးပေးခဲ့ပြီး/ပံ့ပိုးရန်စီစဉ်ခဲ့သည့် IRPအစီအစဉ်များအကြောင်း
အကျဉ်းချုပ်ဖော်ပြခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၈

ဇယား (၇–၂)  IRPအစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးချက်များ အကျဉ်းချုပ် . . . . . . . . . . . . ၅၄

ဇယား (၈–၁)  ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း) နှင့်ပတ်သက်၍ ကျင်းပပြုလုပ်
သည့် ပထမအကြိမ်ညှိနှိုင်းဆွေးနွေးပွဲ အကျဉ်းချုပ် (ဧရိယာ ၂–၂) . . . . . . . . . . . ၅၇

ဇယား (၈–၂)  ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း) နှင့်ပတ်သက်၍ ကျင်းပပြုလုပ်
သည့် ဒုတိယအကြိမ်ညှိနှိုင်းဆွေးနွေးပွဲ အကျဉ်းချုပ် (ဧရိယာ ၂–၂ အရှေ့ပိုင်း) . . . . ၅၉

ဇယား (၈–၃)  ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း) နှင့်ပတ်သက်၍ ကျင်းပပြုလုပ်
သည့် နောက်ဆက်တွဲညှိနှိုင်းဆွေးနွေးပွဲ အကျဉ်းချုပ် (ဧရိယာ ၂–၂ အရှေ့ပိုင်း) . . . ၆၀

ဇယား (၈–၄)  ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း) နှင့်ပတ်သက်၍ ကျေးရွာ
အဆင့်ဆွေးနွေးပွဲအကျဉ်းချုပ် (ဧရိယာ ၂–၂ အရှေ့ပိုင်း) . . . . . . . . . . . . . . . . . ၆၃

ဇယား (၈–၅) ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း) နှင့်ပတ်သက်၍ ကျေးရွာ
အဆင့် နောက်ဆက်တွဲဆွေးနွေးပွဲအကျဉ်းချုပ် (ဧရိယာ ၂–၂ အရှေ့ပိုင်း) ....... ၆၄
ဇယား (၈–၆) သီလဝါအထူးစီးပွားရေးဇုန်သို့ လေ့လာရေးခရီးစဉ် အကျဉ်းချုပ် ............. ၆၆
ဇယား (၈–၇) ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း) ထုတ်ပြန်ကြေညာမသည့်
နေရာများ (ဧရိယာ ၂–၂နှင့် ဧရိယာ ၂–၂အရှေ့ပိုင်း) .................. ၆၈
ဇယား (၈–၈) ဧရိယာ (၂–၂) အတွက် ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံ
ချက် (မူကြမ်း) အပေါ်အများပြည်သူထံမှလက်ခံရရှိသည့် မှတ်ချက်များနှင့် တုန့်ပြန်
ဆောင်ရွက်မှုများ အကျဉ်းချုပ် ............................. ၆၉
ဇယား (၈–၉) ဧရိယာ (၂–၂) အရှေ့ပိုင်းအတွက် ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်
ငန်းစီမံချက် (မူကြမ်း) အပေါ်အများပြည်သူထံမှလက်ခံရရှိသည့် မှတ်ချက်များနှင့်
တုန့်ပြန်ဆောင်ရွက်မှုများ အကျဉ်းချုပ် ......................... ၈၁
ဇယား (၁၂–၁) စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အကြမ်းဖျဉ်းဖော်ပြခြင်း ....... ၉၁

## ပုံများစာရင်း

ပုံ (၁–၁) သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း၏ တည်နေရာပြပုံ .................. ၂
ပုံ (၁–၂) စီမံကိန်းဧရိယာတစ်ခုလုံး၏ မြေအသုံးချမှုအစီအစဉ်ပြပုံ .................. ၃
ပုံ (၁–၃) ဇုန်–ဘီစီမံကိန်းဧရိယာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံ .............. ၄
ပုံ (၁–၄) မူဘောင်နှင့် သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များ၏
တည်ဆောက်ပုံ ......................................... ၅
ပုံ (၁–၅) ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များရေးဆွဲရန်အတွက် လျာထားဧရိယာ
များပြပုံ ........................................... ၆
ပုံ (၁–၆) ဧရိယာ (၂–၂) (အရှေ့ပိုင်းနှင့် အနောက်ပိုင်း) ၏ တည်နေရာပြပုံ ............ ၇
ပုံ (၂–၁) သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းမှ ချန်လှပ်ခဲ့သည့် ဧရိယာများ ............ ၉
ပုံ (၂–၂) အိမ်ထောင်စု/လူပုဂ္ဂိုလ်အမျိုးအစားနှင့် အရေအတွက် .................. ၁၀
ပုံ (၃–၁) အိမ်ထောင်ဦးစီး၏ အဓိကဝင်ငွေလမ်းကြောင်း ...................... ၁၈
ပုံ (၃–၂) အခြားမိသားစုဝင်များ၏ ဝင်ငွေလမ်းကြောင်း ..................... ၁၈
ပုံ (၅–၁) လျော်ကြေး နှင့်/သို့မဟုတ် ကရုဏာကြေးပံ့ပိုးမည့်အစီအစဉ်၏ အလုံးစုံမူဘောင် .. ၃၁
ပုံ (၆–၁) ပြန်လည်နေရာချထားရန်စီစဉ်ထားသည့်မြေ တည်နေရာပြပုံ ............... ၄၂
ပုံ (၆–၂) ပြန်လည်နေရာချထားရန်စီစဉ်ထားသည့်နေရာနှင့် အနီးဝန်းကျင်ရှိ အခြေခံ
အဆောက်အဦများ တည်နေရာပြပုံ ............................ ၄၄
ပုံ (၇–၁) စီးပွားရေးအခြေအနေများ ပြန်လည်ကောင်းမွန်စေရန်အတွက် ပံ့ပိုးမည့် အခြေခံ
မူဘောင် (အပိုင်း–၁) ................................... ၄၇
ပုံ (၇–၂) သဘာဝပတ်ဝန်းကျင်၊ လူမှုရေးအခြေအနေများနှင့် လိုက်လျောညီထွေရှိစေရေး
အတွက် ပံ့ပိုးမည့် အခြေခံမူဘောင် (အပိုင်း–၂) ..................... ၄၈

ပုံ (၉–၁) ဧရိယာ (၂–၂)အရှေ့ပိုင်းအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းပုံ .................... ၈၅
ပုံ (၁၀–၁) ဧရိယာ (၂–၂)အရှေ့ပိုင်းအတွက် ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့် အဆိုပြုအစီအစဉ် .................................... ၈၇
ပုံ (၁၁–၁) ပြန်လည်နေရာချထားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် လျာထားအချိန်ဇယား (ဧရိယာ ၂–၂ အရှေ့ပိုင်း) ...................... ၈၉
ပုံ (၁၂–၁) ပြန်လည်နေရာချထားစဉ်တွင် စောင့်ကြည့်စစ်ဆေးခြင်း၊ အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များ ................................ ၉၆
ပုံ (၁၂–၂) ပြန်လည်နေရာချထားပြီးနောက် စောင့်ကြည့်စစ်ဆေးခြင်း၊ အစီရင်ခံစာတင်ပြခြင်း နှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များ ................................ ၉၆

## ဓာတ်ပုံများစာရင်း

ဓာတ်ပုံ (၅–၁) လူနေအဆောက်အဦးနှင့် တဲနမူနာပုံ ................................ ၄၀
ဓာတ်ပုံ (၇–၁) သင်တန်းအတွက်လိုအပ်ချက်များကို စစ်တမ်းကောက်ယူခြင်း ............... ၄၉
ဓာတ်ပုံ (၇–၂) စက်ချုပ်သင်တန်း ........................................ ၄၉
ဓာတ်ပုံ (၇–၃) မှိုစိုက်ပျိုးနည်းသင်တန်း .................................. ၄၉
ဓာတ်ပုံ (၇–၄) ဇုန်အတွင်း လေ့လာရေးခရီး .................................. ၄၉
ဓာတ်ပုံ (၈–၁) ပထမအကြိမ်ညှိနှိုင်းဆွေးနွေးပွဲ (၂၀၁၆ခုနှစ် ဧပြီလ (၃)ရက်) .............. ၅၈
ဓာတ်ပုံ (၈–၂) ဒုတိယအကြိမ်ညှိနှိုင်းဆွေးနွေးပွဲ (၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၀)ရက်) .......... ၆၀
ဓာတ်ပုံ (၈–၃) နောက်ဆက်တွဲညှိနှိုင်းဆွေးနွေးပွဲ (၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၉)ရက်) ......... ၆၂
ဓာတ်ပုံ (၈–၄) မြေပိုင်ဆိုင်သူများနှင့် ကျေးရွာအဆင့် ညှိနှိုင်းဆွေးနွေးပွဲ .................. ၆၄
ဓာတ်ပုံ (၈–၅) ပြန်လည်နေရာချထားပေးရမည့်အိမ်ထောင်စုများနှင့် ကျေးရွာအဆင့် ညှိနှိုင်းဆွေးနွေးပွဲ ........................................ ၆၅
ဓာတ်ပုံ (၈–၆) သီလဝါအထူးစီးပွားရေးဇုန်သို့ လေ့လာရေးခရီးစဉ်မှတ်တမ်းဓါတ်ပုံများ ......... ၆၇

## အတိုကောက်စာလုံးများ

| | |
|---|---|
| ADB | အာရှဖွံ့ဖြိုးရေးဘဏ် |
| AMTD | အေးမြသီတာ (ရပ်ကွက်) |
| CD-OGM | ဒေသခံအခြေပြု ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့်အစီအစဉ် |
| COD | အကျုံးဝင်သည့်နောက်ဆုံးရက်စွဲ |
| CSO | အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ |
| DHSHD | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန *၁ |
| DUHD | မြို့ပြနှင့်အိမ်ယာဖွံ့ဖြိုးရေးဦးစီးဌာန |
| DMS | အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခြင်း |
| EIA | သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက် |
| FDI | နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ |
| GAD | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| GRM | ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့်အစီအစဉ် |
| HH | အိမ်ထောင်စု |
| IRP | မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များ |
| IRPIC | IRPအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ |
| JICA | ဂျပန်အပြည်ပြည်ဆိုင်ရာ ပူပေါင်းဆောင်ရွက်ရေးအေဂျင်စီ |
| MJTD | မြန်မာ–ဂျပန်သီလဝါဖွံ့ဖြိုးတိုးတက်ရေးလီမိတက် |
| MOC | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| MOECAF | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန *၂ |
| M/P | ပင်မစီမံကိန်း |
| MSAG | ပါဝင်ပတ်သက်သူများ အကြံပေးအဖွဲ့ |
| NGO | အစိုးရမဟုတ်သော အဖွဲ့အစည်း |
| OP | ကမ္ဘာ့ဘဏ်လုပ်ငန်းလည်ပတ်ရေးမူဝါဒ |
| PAHs | စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ |
| PAPs | စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်လူပုဂ္ဂိုလ်များ |
| RIC | ပြန်လည်နေရာချထားရေး ကော်မတီ |
| RWP | ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် |
| SEZ | အထူးစီးပွားရေးဇုန် |
| SIDA | ဆွီဒင်နိုင်ငံတကာဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ |
| SLRD | ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန |
| SP | ရွှေပျောက် (ကျေးရွာ) |
| TKDC | သန်လျင်–ကျောက်တန်းဒေသဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ |
| TSMC | သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ |
| UNDP | ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် |
| UNICEF | ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့ |
| YRG | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |

| | |
|---|---|
| WB | ကမ္ဘာ့ဘဏ် |

*[၁] ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနအား မြို့ပြနှင့်အိမ်ယာဖွံ့ဖြိုးမှုဦးစီးဌာနအဖြစ် ၂၀၁၅ခုနှစ် ဧပြီလတွင် ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

*[၂] ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအား သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအဖြစ် ၂၀၁၆ခုနှစ် ဧပြီလတွင် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

**ရှင်းလင်းချက်များ**

| | |
|---|---|
| စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် ပုဂ္ဂိုလ်များ (သို့မဟုတ် အိမ်ထောင်စုများ) | သီလဝါအထူးစီးပွားရေးဇုန် ဇုန်–ဘီမှ ဒုတိယအကောင်အထည်ဖော်ဆောင်ရွက်မည့်ဧရိယာ (ဧရိယာ ၂–၂) စီမံကိန်းကြောင့် ထိခိုက်နစ်နာမှုရှိသည့် အိမ်ထောင်စုများ၊ လူပုဂ္ဂိုလ်များ |
| အကျုံးဝင်သည့် နောက်ဆုံးရက်စွဲ (COD) | အကျုံးဝင်သည့်နောက်ဆုံးရက်စွဲဆိုသည်မှာ သက်ဆိုင်ရာအာဏာပိုင်များမှ စီမံကိန်းဧရိယာအတွင်း နေထိုင်သူများသို့ တရားဝင်ကြေညာသည့်ရက်စွဲဖြစ်ပါသည်။ ယေဘုယျအားဖြင့် ယင်းရက်စွဲမှာ လူဦးရေစာရင်းကောက်ယူသည့် ပထမဆုံးရက်စွဲဖြစ်ပါသည်။ ယင်းရက်စွဲနောက်ပိုင်းမှ စီမံကိန်းဧရိယာအတွင်း ဝင်ရောက်နေထိုင်သူများမှာ ကရုဏာကြေးပံ့ပိုးမှုများနှင့် အကျုံးဝင်မည်မဟုတ်ပါ။ |
| အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခြင်း | စီမံကိန်းဆောင်ရွက်ခြင်းကြောင့်ဖြစ်ပေါ်လာသည့် ထိခိုက်မှုများကို စစ်ဆေးနိုင်ရန်အတွက် သက်ရောက်မှုရှိသည့်ပိုင်ဆိုင်မှုများ အားလုံးအား အသေးစိတ်စစ်တမ်းကောက်ယူခြင်းဖြစ်ပါသည်။ |
| အကျုံးဝင်မှု | ကရုဏာကြေးပံ့ပိုးမည့်အစီအမံများတွင် ၁) နစ်နာဆုံးရှုံးမှုများ၊ ဝင်ငွေလမ်းကြောင်းဆုံးရှုံးမှုများနှင့် ပြန်လည်နေရာချထားခြင်းတို့အတွက် ပံ့ပိုးခြင်း၊ ၂) မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများအတွက် ပံ့ပိုးခြင်း၊ ၃) ပြန်လည်နေရာချထားမည့်နေရာစီစဉ်ထားရှိခြင်း၊ ၎င်းတို့၏ စီးပွားရေးနှင့် လူမှုရေးအခြေခံများ ပြန်လည်ရရှိရေးအတွက် နစ်နာဆုံးရှုံးမှုအမျိုး အစားအလိုက် မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များစီစဉ်ထားရှိခြင်းစသည့် အထူးအစီအစဉ်များပံ့ပိုးခြင်းတို့ ပါဝင်ပါသည်။ |
| အစားထိုးချထားခြင်း | မူလနေရာမှ အခြားနေရာအသစ်သို့ ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာများ အစားထိုးနေရာချထားပေးခြင်း |
| အစားထိုးကုန်ကျစရိတ် | မြေ၊ ပိုင်ဆိုင်မှုများနှင့်စပ်လျဉ်း၍ အစားထိုးကုန်ကျစရိတ်ဆိုသည်မှာ တန်ဖိုးလျော့နည်းသွားနိုင်ခြေတို့ကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ပိုင်ဆိုင်မှုတစ်ခုခုကို အစားထိုးနိုင်စေရန် လုံလောက်သည့်ကုန်ကျစရိတ်အပြင် ထိုသို့အစားထိုးရာတွင် မှတ်ပုံတင်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ရာတွင် အခွန်ပေးဆောင်ရခြင်း စသည်တို့ကဲ့သို့ ထပ်မံကုန်ကျနိုင်သည့်စရိတ်များအားလုံးအဖြစ် ယေဘုယျအားဖြင့် သတ်မှတ်ပါသည်။ အထူးသဖြင့် အိမ်နှင့်အခြားအဆောက်အဦးများအတွက် အစားထိုးကုန်ကျစရိတ်ဆိုသည်မှာ အရွယ်အစားနှင့် အရည်အသွေးတူ သို့မဟုတ် ပိုမိုကောင်းမွန်သည့် အဆောက်အဦးတစ်ခု အစားထိုးတည်ဆောက်ရာတွင် သို့မဟုတ် တစ်စိတ်တစ်ပိုင်းသာထိခိုက်သည့် အဆောက်အဦးအား ပြင်ဆင်ရာတွင် အသုံးပြုမည့် ပစ္စည်းကိရိယာများ၏ ဈေးကွက်ပေါက်ဈေးအတိုင်း ကုန်ကျစရိတ်အပြင် အိမ်ဆောက်ပစ္စည်းများ အစားထိုးတည်ဆောက်မည့်နေရာသို့ သယ်ယူပို့ဆောင်ခ၊ အလုပ်သမားခ၊ ပန်းရံ/လက်သမားခ၊ မှတ်ပုံတင်ခနှင့် အခွန်အခများ ပါဝင်သည့် ကုန်ကျစရိတ်အားလုံး ပါဝင်ရမည်ဖြစ်ပါသည်။ |
| ပြန်လည်နေရာချထားခြင်း | ပံ့ပိုးမှုများပေးအပ်ခြင်း၊ အစားထိုးချထားရေးလုပ်ငန်းများ (ဥပမာ– မူလနေရာမှ နေရာအသစ်သို့ ရုပ်ပိုင်းဆိုင်ရာ အစားထိုးချထားပေးမှုများ)၊ မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်နှင့် စောင့်ကြည့်စစ်ဆေးခြင်းတို့အပါအဝင် ၎င်းတို့၏အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မူလအခြေအနေ |

| | |
|---|---|
| | အတိုင်း ပြန်လည်တည်ငြိမ်မှုရှိစေရေးအတွက် ပြီးပြည့်စုံသော လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများ |
| မသန်စွမ်းနှင့်သက်ကြီး ရွယ်အို အုပ်စုများ | ပြန်လည်နေရာချထားမှုကြောင့် အခြားသူများထက် ပိုမိုထိခိုက်ခံစားကြရမည့် အုပ်စုဖြစ်ပါသည်။ အမျိုးသမီးဦးစီးသည့်အိမ်ထောင်စု၊ မသန်စွမ်းသူ သို့မဟုတ် သက်ကြီးရွယ်အို (၆၁နှစ်နှင့်အထက်)ပါဝင်သည့် အိမ်ထောင်စု၊ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ အချက်အလက်များတွင် ပါရှိသော ၂၀၁၀ခုနှစ်တွင် သတ်မှတ်ထားသည့် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်ရှိ အိမ်ထောင်စု၊ ပြန်လည်နေရာချထားသည့်အချိန်တွင် ကိုယ်ဝန်ဆောင်ရှိသည့် အိမ်ထောင်စုစသည်တို့ကို မသန်စွမ်းနှင့် သက်ကြီးရွယ်အို အိမ်ထောင်စုများအဖြစ် သတ်မှတ်ပါသည်။ |

# အခန်း (၁) နိဒါန်း

## ၁.၁ နောက်ခံသမိုင်း

၂၀၁၁ခုနှစ်၊ နိုဝင်ဘာလတွင် စတင်တာဝန်ယူခဲ့သည့် ယခင် နိုင်ငံတော်အစိုးရလက်ထက်တွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment- FDI)ကို နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု အတွက် အဓိကဦးစားပေးအခန်းကဏ္ဍတစ်ခုအနေဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာပြည်သူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်ပေးနိုင်ရန်နှင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် အဓိကအရေးပါသည့် သီလဝါအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွာရေးဇုန်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်လျာထားခဲ့ပါသည်။ ၎င်းအထူးစီးပွားရေးဇုန် သုံးခုအနက် ဟက်တာ (၂၄၀၀) ခန့်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ မှစတင်ကာ ပထမဦးဆုံးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အကောင်အထည်ဖော်ဆောင်ရွက် ရမည့် စီမံကိန်းဧရိယာမှာကြီးမားကျယ်ပြန့်သည့်အတွက် တစ်ဆင့်ချင်းစီ အကောင်အထည်ဖော် ဆောင်ရွက် သွားရန် စီစဉ်ထားပါသည်။ ထို့ကြောင့် ဟက်တာ (၄၀၀) ခန့်ရှိသည့် ဇုန်-အေအား ဦးစားပေးဧရိယာအဖြစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဆိုပါ ဇုန်-အေ၏ တစ်စိတ်တစ်ဒေသအား စတင်လည်ပတ်ရန် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် တရားဝင်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ဇုန်-အေ၏မြောက်ဘက် ကပ် လျက်တွင် ဇုန်-အေ၏ တိုးချဲ့ဧရိယာအဖြစ် (၉)ဟက်တာခန့်အား တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါသည်။

ဇုန်-အေပြီးနောက် ကျန်ရှိနေသည့်ဟက်တာ (၂၀၀၀) စီမံကိန်းဧရိယာအတွက် (ဟက်တာ-၂၀၀၀ စီမံကိန်း ဧရိယာ) အတွက်လည်း အစီအစဉ်ရေးဆွဲလျက်ရှိပါသည်။ သီလဝါအထူးစီးပွားရေးဇုန် ဟက်တာ (၂၀၀၀) စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်မည့် ပင်မစီမံကိန်းပုံစံ (Master Plan)ကို သီလဝါ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ (TSMC)မှ အချောသတ်ရေးဆွဲပြီး ဖြစ်ပါသည်။ ပြန်လည်နေရာချ ထားခြင်းကြောင့် ပေါ်ပေါက်လာနိုင်သည့် ထိခိုက်နစ်နာမှုများကို အနည်းဆုံးဖြစ်စေမည့်အစီအမံများကို ထည့် သွင်းစဉ်းစားထားသော်လည်း ဟက်တာ (၂၀၀၀) စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်သည့် အချိန်တွင် ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ ပြန်လည်နေရာချထားမှုတို့ကို မလွှဲမရှောင်သာ ဆောင်ရွက် ရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဟက်တာ (၂၀၀၀) စီမံကိန်း ဧရိယာတစ်ခုလုံးအတွက် ကရုဏာကြေးပံ့ပိုးမှု ဆိုင်ရာ ဘုံမူဝါဒတစ်ခုအဖြစ်ရည်ရွယ်လျက် ဟက်တာ (၂၀၀၀) စီမံကိန်းဧရိယာတစ်ခုလုံးအတွက် ပြန်လည် နေရာချထားရေးလုပ်ငန်းမူဘောင် (မူဘောင်)ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရေးဆွဲခဲ့ပါသည်။


လက်ရှိစီမံချက်ကိုအခြေခံ၍၊ (၂၆၂) ဟက်တာခန့်အား စက်မှုဧရိယာအဖြစ် ဆက်လက်အကောင် အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းစက်မှုဧရိယာအနက် ဟက်တာ (၁၀၀) ခန့်အား ဦးစွာအကောင်အထည် ဖော်ဆောင်ရွက်မည့်ဧရိယာ (ဇရိယာ ၂-၁) အဖြစ်လည်းကောင်း၊ ကျန်ရှိသည့် (၁၆၂) ဟက်တာအား ဒုတိယ အကောင်အထည်ဖော်ဆောင်ရွက်မည့်ဧရိယာ (ဇရိယာ ၂-၂)[၁] အဖြစ်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စီစဉ်ထားပါသည်။

## ၁.၂ သီလဝါအထူးစီးပွားရေးဇုန်၏ တည်နေရာ

ပုံ (၁-၁) တွင်ဖော်ပြထားသည့်အတိုင်း သီလဝါအထူးစီးပွားရေးဇုန်မှာ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်း ခရိုင်အတွင်းတွင်တည်ရှိပြီး ရန်ကုန်မြို့၏ အရှေ့တောင်ဘက် (၂၀)ကီလိုမီတာခန့် အကွာတွင် တည်ရှိပါ

[၁] အဆိုပါဧရိယာများအား တစ်ခုပြီးတစ်ခု အစဉ်လိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက် သို့မဟုတ် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ဧရိယာတစ်ခုချင်းစီအလိုက် မြေသိမ်းလုပ်ငန်းစဉ်များနှင့် ပြန်လည်နေရာချထားရေးလုပ်စဉ်များ၏ တိုးတက်မှုအခြေအနေအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။


သည်။ သီလဝါအထူးစီးပွားရေးဇုန်ဧရိယာအား အစိုးရအဖွဲ့မှ တရားဝင်သတ်မှတ်ထားပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ မြေတိုင်းဦးစီးဌာနမှ မြေတိုင်းအဖွဲ့သည် ၂ဝ၁၅ခုနှစ် ဇွန်လအတွင်း ကွင်းဆင်းတိုင်းတာကာ ထပ်မံအတည်ပြုခဲ့ပါသည်။




**ပုံ (၁–၁) သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း၏ တည်နေရာပြပုံ**

## ၁.၃ စီမံကိန်းဧရိယာတစ်ခုလုံးအကြောင်း အကြမ်းဖျဉ်းဖော်ပြခြင်း

ပင်မစီမံကိန်းပုံစံအရ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းအား ပုံ (၁–၂)တွင် ဖော်ပြထားသည့်အတိုင်း စက်မှုဇုန်ဧရိယာများသာမက စီးပွားရေးဧရိယာ၊ လူနေဧရိယာ၊ စိမ်းလန်းဧရိယာနှင့် မြေကွက်လပ်များကိုလည်း ထည့်သွင်း၍တည်ဆောက်သွားမည် ဖြစ်ပါသည်။





**ပုံ (၁–၂) စီမံကိန်းဧရိယာတစ်ခုလုံး၏ မြေအသုံးချမှုအစီအစဉ်ပြပုံ**

## ၁.၄ ဇုန်–ဘီဧရိယာနှင့်ဧရိယာ (၂–၂)အားအကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်

ဟက်တာ (၂၀၀၀) စီမံကိန်းဧရိယာအတွင်း၌ ဟက်တာ (၇၀၀) ခန့်အား အပိုင်း (ခ)/ဇုန်–ဘီ (ဇုန်–ဘီ စီမံကိန်းဧရိယာ)အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အစီအစဉ်ရေးဆွဲလျှက် ရှိပါသည်။ ၎င်းဇုန်–ဘီတွင် ပုံ (၁–၃)၌ဖော်ပြထားသည့်အတိုင်း စက်မှုဧရိယာအဖြစ် (၂၆၂) ဟက်တာခန့်၊ သယ်ယူပို့ဆောင်ရေးဧရိယာအဖြစ် (၂၆၇)ဟက်တာခန့်၊ လူနေနှင့် ကူးသန်းရောင်းဝယ်ရေးဧရိယာအဖြစ် (၁၆၉)ဟက်တာခန့် ပါဝင်မည်ဖြစ်ပါသည်။ အဆိုပါဇုန်–ဘီအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA)ကိုလည်း အစီအစဉ်ရေးဆွဲသည့်လုပ်ငန်းစဉ်နှင့် တပြိုင်တည်း ဆောင်ရွက်ခဲ့ပါသည်။ (၂၆၂)ဟက်တာအနက် ဟက်တာ (၁၀၀)ခန့်ကို စက်မှုဧရိယာမှ ဦးစွာအကောင်အထည်ဖော်ဆောင်ရွက်မည့်ဧရိယာ (ဧရိယာ၂–၁)အဖြစ် သတ်မှတ်ခဲ့ပြီး ကျန်ရှိသည့် ဧရိယာ (၁၆၂)ဟက်တာအား ဒုတိယအကောင်အထည်ဖော်ဆောင်ရွက်မည့်ဧရိယာ (ဧရိယာ ၂–၂)[၂]အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်ခဲ့ပါသည်။ ထို့ကြောင့် ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလတွင် အတည်ပြုခဲ့သည့် ပြန်လည်နေရာချထားရေးလုပ်ငန်းမူဘောင်ပါ အချက်အလက်များကို အခြေခံကာ ဧရိယာ (၂–၁)၏ ပြန်လည်နေရာချထားရေးစီမံချက်အား ၂၀၁၆ခုနှစ် ဩဂုတ်လတွင် ရေးဆွဲခဲ့ပြီး ဧရိယာ (၂)မှကျန်ရှိသည့်ဧရိယာများအနက် ဒုတိယအကောင်အထည်ဖော်ဆောင်ရွက်မည့်ဧရိယာ (ဧရိယာ ၂–၂)အတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ကိုလည်း သီးခြားစီရေးဆွဲလျက်ရှိပါသည်။

---

[၂] အဆိုပါဧရိယာများအား တစ်ခုပြီးတစ်ခု အစဉ်လိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အကောင်အထည် ဖော်ဆောင်ရွက်မည့် စီမံချက် သို့မဟုတ် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ဧရိယာတစ်ခုချင်းစီအလိုက် မြေသိမ်းလုပ်ငန်းစဉ်များနှင့် ပြန်လည်နေရာချထားရေးလုပ်စဉ်များ၏ တိုးတက်မှုအခြေအနေအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။





**ပုံ (၁–၃) ဇုန်–ဘီစီမံကိန်းဇရိယာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံ**

## ၁.၅ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်၏ နယ်ပယ်အတိုင်းအတာ

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဟက်တာ (၂၀၀၀) စီမံကိန်းအား တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်ဆောင်ရွက်ရန်မှာ မဖြစ်နိုင်သည့်အတွက် တစ်ဆင့်ချင်းစီ အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲထားပါသည်။ ထိုနည်းတူစွာ ပြန်လည်နေရာချထားရေး လုပ်ငန်းပမာဏမှာလည်း များပြားနိုင်သည့်အတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို တစ်ဆင့်ချင်းစီဆောင်ရွက်သွားရန် စီစဉ်ထားပါသည်။ ထို့ကြောင့် ပြန်လည်နေရာချထားရေး လုပ်ငန်းမူဘောင်အားရေးဆွဲကာ စီမံကိန်းဇရိယာတစ်ခုလုံးအတွက် အကျုံးဝင်မည့် ကရဏာကြေးပံ့ပိုးမှုဆိုင်ရာ ဘုံမူဝါဒတစ်ခုရေးဆွဲချမှတ်ခဲ့ပါသည်။ ထိုမူဘောင်အား အခြေခံကာ ပုံ (၁–၄)နှင့် ပုံ (၁–၅)တို့တွင် ဖော်ပြထားသည့်အတိုင်း အပိုင်းလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဇရိယာတစ်ခုချင်းစီအတွက် သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်၌ ကရဏာကြေးပံ့ပိုးရာ


တွင် ပါဝင်မည့်အကြောင်းအရာများနှင့် မြေယာလျော်ကြေး (အကျုံးဝင်ပါက) စသည်တို့ကို အသေးစိတ်ရေးဆွဲသွားမည် ဖြစ်ပါသည်။




မှတ်ချက်- ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များ သီးခြားစီရေးဆွဲမည့် လျာထားဇရိယာများသာဖြစ်ပြီး အပြောင်းအလဲရှိနိုင်ပါသည်။

**ပုံ (၁-၄) မူဘောင်နှင့် သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များ၏ တည်ဆောက်ပုံ**

သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များ ရေးဆွဲရန်အတွက် လျာထားပိုင်းခြားဇရိယာများကို ပုံ (၁-၅) တွင် ဖော်ပြထားပါသည်။ ဇုန်-ဘီစီမံကိန်းဇရိယာမှာ ဇရိယာ (၁) မှ ဇရိယာ (၄) အထိ ပါဝင်ပါသည်။ ဇရိယာ (၂-၂) တစ်ခုလုံးအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် တစ်ခုသာရေးဆွဲရန် မူလက စီစဉ်ထားသော်လည်း ဇရိယာ (၂-၂) အရှေ့ပိုင်းမှ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ၏ စောလျင်စွာ စီမံကိန်းအကောင်အထည်ဖော်ရန် တောင်းဆိုမှုများနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ဇယားစသည်တို့နှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် ဇရိယာ (၂-၂) ၏ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ကို ဇရိယာ (၂-၂) အရှေ့ပိုင်းနှင့် ဇရိယာ (၂-၂) အနောက်ပိုင်းဟူ၍ (၂) ပိုင်းခွဲကာ ရေးဆွဲရန် ဆုံးဖြတ်ခဲ့ပါသည်။ ဤပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်မှာ ဇရိယာ (၂-၂) အရှေ့ပိုင်းအတွက် ရေးဆွဲထားခြင်းဖြစ်ပါသည်။





**ပုံ (၁–၅) သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များရေးဆွဲရန်အတွက် လျာထားဇရိယာများပြပုံ[၃]**

## ၁.၆ ဇရိယာ (၂–၂)၏ တည်နေရာ

၂၀၁၆ခုနှစ် ဒီဇင်ဘာလတွင် သတ်မှတ်ထားသည့် ဇရိယာ (၂–၂) (အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၏ လျာထား နယ်နိမိတ်ကို ပုံ (၁–၆)တွင် ဖော်ပြထားပါသည်။ အဆိုပါနယ်နိမိတ်ကို မြေယာအကောင်အထည်ဖော်ဆောင်

[၃] ဇရိယာအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်နှင့်အညီ ဇရိယာများကို ပိုမိုအသေးစိတ် ထပ်မံပိုင်းခြားကောင်း ပိုင်းခြားနိုင်ပါသည်။ ၂၀၁၆ခုနှစ် ဒီဇင်ဘာလအထိ အခြေအနေအရ ဇရိယာ (၂)အား အပိုင်း (၅)ပိုင်း (ဥပမာ– ဇရိယာ (၂–၁)၊ ဇရိယာ (၂–၂)အရှေ့ပိုင်း၊ ဇရိယာ (၂–၂)အနောက်ပိုင်း၊ ဇရိယာ (၂–၃)နှင့် ဇရိယာ (၂–၄)ဟူ၍ ပိုင်းခြားထားပါသည်။

ရွှက်မည့်အစီအစဉ်နှင့် မြေတိုင်းအဖွဲ့၏ ကွင်းဆင်းတိုင်းတာမှုများကို အခြေခံကာ အချောသတ် သတ်မှတ်သွားမည်ဖြစ်ပါသည်။




**ပုံ (၁-၆) ဇရိယာ (၂-၂) (အရှေ့ပိုင်းနှင့် အနောက်ပိုင်း) ၏ တည်နေရာပြပုံ**

# အခန်း (၂) ပြန်လည်နေရာချထားရမည့်နယ်ပယ်အတိုင်းအတာ

## ၂.၁ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းဧရိယာ၏ အခြေအနေ

သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းဧရိယာအတွင်းရှိ မြေ (၈၇) ရာခိုင်နှုန်းခန့်မှာ ၁၉၉၇ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ ၁၈၉၄ခုနှစ် မြေသိမ်းအက်ဥပဒေအရ သိမ်းယူခဲ့ပြီးဖြစ်သည့်မြေများ[၄] သို့မဟုတ် စားကျက်မြေ ကဲ့သို့သော အစိုးရမြေများ ဖြစ်ပါသည်။ ၁၉၉၇ခုနှစ် မြေသိမ်းယူခြင်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် စင်ကာပူနိုင်ငံ SMD International Pte Ltd တို့ အကျိုးတူပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ၏ သန်လျင်-ကျောက်တန်း စက်မှုဇုန်စီမံကိန်း (၁၂၃၀ ဟက်တာ) အတွက် ရည်ရွယ်သိမ်းယူခဲ့ခြင်းဖြစ်ပါသည်။ သို့ရာတွင် မြေသိမ်းယူပြီးနောက် အဆိုပါ သန်လျင်-ကျောက်တန်းစက်မှုဇုန်စီမံကိန်းမှာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ဘဲ သိမ်းယူထားသည့်မြေများအား ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ၁၉၉၈-၉၉ခုနှစ်တွင် ပထမဦးစွာ လွှဲပြောင်းပေးအပ်ခဲ့ပါသည်[၅]။ ထို့နောက် ၂၀၁၃ခုနှစ် မတ်လတွင် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီထံ လွှဲပြောင်းပေးအပ်ခဲ့ပါသည်[၆]။

၁၉၉၇ခုနှစ် မြေသိမ်းယူရာတွင် အဆိုပြု သန်လျင်-ကျောက်တန်းစက်မှုဇုန်စီမံကိန်းဧရိယာအတွင်း နေထိုင်ကြသည့် တောင်သူလယ်သမားများ/ဒေသခံများအတွက် မြေလျော်ကြေး၊ ရွှေ့ပြောင်းစရိတ်နှင့် ၎င်းတို့နေထိုင်ရန် မြေကွက်များချထားခြင်း စသည့်တို့ကို မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနမှ ပံ့ပိုးပေးခဲ့ပါသည်။ သို့ရာတွင် ပြောင်းရွှေ့ပြီး မကြာမီတွင် တောင်သူလယ်သမားများ/ဒေသခံများသည် ၎င်းတို့၏မူလနေရာသို့ ပြန်လည်ပြောင်းရွှေ့လာကြပြီး စိုက်ပျိုးရေးနှင့် ဝင်ငွေရလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခဲ့ကြပါသည်။ ထို့အပြင် ၁၉၉၇ခုနှစ် မြေသိမ်းယူပြီးနောက် အခြားအိမ်ထောင်စုများမှာလည်း သိမ်းယူထားသည့်ဧရိယာအတွင်းသို့ ပြောင်းရွှေ့အခြေချနေထိုင်ခဲ့ကြပါသည်။


အခြားတစ်ဖက်တွင်လည်း သန်လျင်နှင့်ကျောက်တန်းမြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနများ၏ မှတ်တမ်းများအရ ၁၉၉၇ခုနှစ်တွင် မြေသိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များ ပြီးဆုံးခြင်းမရှိသေးသည့် မြေ (၃၀၈) ဟက်တာခန့်လည်း ရှိပါသည်။ ထိုမြေများအတွက် ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေနှင့်အညီသိမ်းယူနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။ ဇုန်ဧရိယာ (၂-၂) မှာ ၁၉၉၇ခုနှစ်တွင် မြေသိမ်းဆည်းခြင်းလုပ်ငန်းများ ပြီးပြတ်ခြင်းမရှိသေးသည့် ဧရိယာအတွင်း ကျရောက်လျှက် ရှိပါသည်။

## ၂.၂ ပြန်လည်နေရာချထားရန် လိုအပ်ခြင်း

သီလဝါအထူးစီးပွားရေးဇုန်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြန်လည်နေရာချထားခြင်းနှင့် အခြားထိခိုက်မှုများကို ရှောင်လွှဲနိုင်ရန် ဦးစွာ ကြိုးပမ်းခဲ့ပါသည်။ အထူးသဖြင့် လူနေထူထပ်သည့်နေရာများ၊ ဘာသာရေးဆိုင်ရာအဆောက်အဦးများ သို့မဟုတ် စက်ရုံ၊ တက္ကသိုလ်စသည်တို့ကဲ့သို့ ကြီးမားသည့်အဆောက်အဦးများအား ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရန်အတွက် ချန်လှပ်ထားခဲ့ပါသည်။ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းဧရိယာမှ ချန်လှပ်ထားခဲ့သည့် ဧရိယာများကို ပုံ (၂-၁) တွင် ဖော်ပြထားပါသည်။

---


[၄] ၁၈၉၄ခုနှစ် မြေသိမ်းအက်ဥပဒေ ပုဒ်မ ၉ (၁) နှင့် (၃) တို့နှင့်အညီ မြေသိမ်းယူရန် နို့တစ်စာများထုတ်ပြန်ခဲ့ပါသည်။
[၅] ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြေသိမ်းကော်လိပ်တော်အရာရှိရုံးမှ ထုတ်ပြန်သည့် စာများ (၁၉၉၈ခုနှစ် ဇွန်လ (၁၁) ရက်နေ့ရက်စွဲပါ စာအမှတ်-၄/၆-၃/ဦး၁၊ ၁၉၉၉ခုနှစ် ဧပြီလ (၄) ရက်နေ့ရက်စွဲပါ စာအမှတ်-၄/၆-၃/ဦး၁နှင့် အခြားစာများ)
[၆] ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးမှ ထုတ်ပြန်သည့် စာများ (၂၀၁၃ခုနှစ် မတ်လ (၁၄) ရက်နေ့ရက်စွဲပါ စာအမှတ်-၄/၂-၃၂/ဦး၁ (၅၂) နှင့် ၂၀၁၃ခုနှစ် မတ်လ (၁၄) ရက်နေ့ရက်စွဲပါ စာအမှတ်-၄/၂-၃၂/ဦး၁ (၅၃))




**ပုံ (၂-၁) သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းမှ ချန်လှပ်ခဲ့သည့် ဧရိယာများ**

ထိုသို့ ထိခိုက်မှုများကို အနည်းဆုံးဖြစ်စေရန် တတ်နိုင်သမျှ ကြိုးပမ်းထားသော်လည်း ဧရိယာ (၂-၂) အရှေ့ပိုင်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အိမ်ထောင်စု (၉၉) စု ထိခိုက်မည် ဖြစ်ပါသည်။ ဧရိယာ (၂-၂) အရှေ့ပိုင်းအတွက် အကျုံးဝင်သည့်အိမ်ထောင်စုများကို ထိခိုက်မှုအမျိုးအစားများအပေါ်မူတည်၍ အုပ်စုအမျိုးမျိုး ခွဲခြားထားပါသည်။ အိမ်ထောင်စုများကို အမျိုးအစားခွဲခြားရာတွင် ၁) ဧရိယာ (၂-၂) အရှေ့ပိုင်း

အတွင်း မြေပိုင်ဆိုင်မှုရှိ/မရှိ[၇]၊ ၂) ဇရိယာ (၂-၂)အရှေ့ပိုင်းအတွင်း နေထိုင်ခြင်း ရှိ/မရှိ၊ ၃) ဇရိယာ (၂-၂) အရှေ့ပိုင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ခြင်းရှိ/မရှိ[၈]စသည့် အကြောင်းအရာ (၃)မျိုးအပေါ်တွင် မူတည်ကာ ခွဲခြားပါသည်။ ဖြစ်နိုင်ခြေအုပ်စု (၇)စု[၉]အနက် ပုံ (၂-၂)တွင် ဖော်ပြထားသည့်အတိုင်း ဇရိယာ (၂-၂)အရှေ့ပိုင်းမှ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စု အုပ်စု (၅)စုရှိပြီး အုပ်စု (၂)စုအတွင်း ကျရောက်သည့် အိမ်ထောင်စု လုံးဝမရှိပါ။ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်ပုဂ္ဂိုလ်များအပါအဝင် အုပ်စုတစ်ခုချင်းစီရှိ အိမ်ထောင်စုအရေအတွက်ကို ပုံ (၂-၂)တွင် ဖော်ပြထားပါသည်။ အဆိုပါ အုပ်စု (၅)မျိုးအနက် ဇရိယာ (၂-၂)အရှေ့ပိုင်းအတွင်း နေထိုင်လျှက်ရှိသည့် အိမ်ထောင်စု (၇၈)စု (အုပ်စု (ဂ)နှင့် (ဃ))မှာ ရပ်ပိုင်းဆိုင်ရာအရ ပြန်လည်နေရာချထားရမည် ဖြစ်ပါသည်။




| အုပ်စု | သတ်မှတ်ချက် | | | အိမ်ထောင်စု အရေအတွက် | လူဦးရေ |
|---|---|---|---|---|---|
| | မြေယာပိုင် ဆိုင်သူ | နေထိုင်သူ | စိုက်ပျိုးသူ | | |
| က | ○ | × | ○ | ၁၂ | ၄၂ |
| ခ | ○ | × | × | ၆ | ၂၆ |
| ဂ | × | ○ | ○ | ၄၂ | ၁၈၃ |
| ဃ | × | ○ | × | ၃၆ | ၁၂၀ |
| င | × | × | ○ | ၃ | ၁၆ |
| - | ○ | ○ | ○ | ၀ | ၀ |
| - | ○ | ○ | × | ၀ | ၀ |
| ပေါင်း | | | | ၉၉ | ၃၈၇ |

မှတ်ချက်-

(၁) ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း)ရေးဆွဲနေစဉ်အတွင်း အိမ်ထောင်စု (၄)စု (အုပ်စု (က)မှအိမ်ထောင်စု တစ်စုနှင့် အုပ်စု (ခ)မှအိမ်ထောင်စု သုံးစု)၏ အချက်အလက်များကိုကောက်ယူနေဆဲဖြစ်သောကြောင့် အိမ်ထောင်စုဝင်အရေအတွက် စုစုပေါင်းမှာ အတည်မဖြစ်သေးပါ။ ဤအိမ်ထောင်စုလေးခုအနက် အုပ်စု (ခ)မှ အိမ်ထောင်စုတစ်စုမှာ မည်သို့မျှဆက်သွယ်၍မရရှိသေးသည့်အတွက် လက်ရှိအချိန်အထိ ကောက်ယူနိုင်ခြင်းမရှိသေးသော်လည်း အခြားအိမ်ထောင်စု (၃)စုနှင့်ပတ်သက်သည့် အချက်အလက်များကိုမူ ဇရိယာ (၂-၂)အရှေ့ပိုင်းအတွက်ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း)အား ထုတ်ပြန်ကြေညာပြီးနောက်တွင် အောင်မြင်စွာ ကောက်ယူခဲ့ပြီး ဖြစ်ပါသည်။

(၂) ထို့အပြင် မြေပိုင်ဆိုင်သူအသစ်တစ်ဦးနှင့် စိုက်ပျိုးလုပ်ကိုင်သူ အသစ်တစ်ဦးတို့မှာလည်း လုပ်ငန်းစီမံချက် (မူကြမ်း)ထုတ်ပြန်ကြေညာပြီးနောက်တွင် ပေါ်ပေါက်လာသည့်အတွက် စုစုပေါင်းအကျုံးဝင်အိမ်ထောင်စုအရေအတွက်မှာ ယခင်က (၉၇)စုရှိရာမှ (၉၉)စုအထိ ရှိလာမည်ဖြစ်ပါသည်။

(၃) အုပ်စု (က)၊ (ခ)၊ (ဂ)နှင့် (ဃ)အလိုက် အုပ်စုခွဲခြားရာတွင် အောက်ပါအချက်များကို အသုံးပြု၍ ခွဲခြားပါသည်။ ၁) သီးပင်စားပင်နှင့်အပင်ကြီးစိုက်ပျိုးခြင်းများအတွက်၊ အိမ်ထောင်စုတစ်စုသည် အပင်အရေအတွက် စုစုပေါင်း (၅၀)နှင့်အထက်အား စိုက်ပျိုးထားခြင်းရှိ/မရှိနှင့် ၂) ဟင်းသီးဟင်းရွက်စိုက်စိုက်ပျိုးခြင်းများအတွက် အိမ်ထောင်စုတစ်စုသည်စိုက်ပျိုးထားခြင်း ရှိ/မရှိကိုသာကြည့်ပြီး အပင်အရေအတွက်ကိုမကြည့်ပါ။

---

[၇] မြန်မာနိုင်ငံတွင် ပုဂ္ဂလိကနှင့် တရားမဝင် မြေလွှဲပြောင်းမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျှက်ရှိကြသည့်အတွက် လက်ရှိအမှန်တကယ်မြေပိုင်ဆိုင်သူများနှင့် တရားဝင်မှတ်တမ်းများတွင်ပါဝင်သည့်မြေပိုင်ဆိုင်သူများအကြား ကိုက်ညီမှုရှိမည်မဟုတ်ပေ။ ထိုကဲ့သို့ တရားမဝင် မြေလွှဲပြောင်းထားသူများကို အသိအမှတ်ပြုလျှက် တကယ့်မြေပြင်ရှိ လက်ရှိအခြေအနေများနှင့် ကိုက်ညီမှုရှိစေရန်အတွက် လက်ရှိအမှန်တကယ် မြေပိုင်ဆိုင်သူများ၏အချက်အလက်များကို အခြေခံကာ ဤလုပ်ငန်းစီမံချက်ကို ရေးဆွဲထားခြင်းဖြစ်ပါသည်။ မြေစာရင်းအမည်ပေါက် တရားဝင် မြေပိုင်ဆိုင်သူများနှင့် အတည်ပြုဆွေးနွေးပွဲများကျင်းပပြုလုပ်ကာ တရားမဝင်မြေယာလွှဲပြောင်းမှုများကို စစ်ဆေးကာ လက်ရှိမြေပိုင်ဆိုင်သူများကို ဖော်ထုတ်ခဲ့ပါသည်။ ရလဒ်အနေဖြင့် ဤလုပ်ငန်းစီမံချက်တွင်ဖော်ပြထားသော မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများစာရင်း (အမျိုးအစား (က)နှင့် (ခ)) မှာ ၁၈၉၄ခုနှစ် မြေသိမ်းအက်ဥပဒေအရ မြေယာလျော်ကြေးခံစားခွင့်ရှိသည့် တရားဝင်မြေပိုင်ဆိုင်သူများစာရင်းနှင့် အပြည့်အဝ ကိုက်ညီမှုရှိမည်မဟုတ်ပေ။

[၈] ဇရိယာ (၂-၂)အရှေ့ပိုင်းအတွင်း လယ်ယာစိုက်ပျိုးလျှက်ရှိသည့် တောင်သူများ၊ ဟင်းသီး/ရွက်စိုက်ပျိုးလျှက်ရှိသည့်တောင်သူများ၊ သီးပင်စားပင်နှင့် အခြားအပင်များမှ ဝင်ငွေရရှိနေသည့်အိမ်ထောင်စုများအားလုံးကို စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများအဖြစ် မှတ်ယူပါသည်။ သို့ရာတွင် မေးမြန်းလွှာတွင်ပါဝင်သည့် အိမ်ထောင်စု၏ အဓိကဝင်ငွေလမ်းကြောင်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်ဟု မဆိုလိုပေ။

[၉] ပုံမှန်အားဖြင့်ဆိုလျှင် အဆိုပါ သတ်မှတ်ချက် (၃)မျိုးအတွက် ဖြစ်နိုင်ခြေအုပ်စု (၈)စုဖြစ်မည်ဖြစ်သော်လည်း အုပ်စုတစ်စုမှာ အဆိုပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသည့်အိမ်ထောင်စုများဖြစ်ပြီး အကျုံးဝင်နိုင်သည့် အိမ်ထောင်စုများမဟုတ်သည့်အတွက် ဖြစ်နိုင်ခြေအုပ်စုမှာ (၇)စုသာရှိခြင်းဖြစ်ပါသည်။

(၄) ဇရိယာ (၂-၂) အရှေ့ပိုင်းအတွင်းတွင် နေထိုင်သောအိမ်ထောင်စု (၄) စုသည် ဇရိယာ (၂-၁) အတွင်းတွင် စပါး/ဟင်းသီးဟင်းရွက်များကိုစိုက်ပျိုးထားပြီး၊ အိမ်ထောင်စု (၂) စုသည် ဇရိယာ (၂-၂) အရှေ့ပိုင်းနှင့် ဇရိယာ (၂-၁) အတွင်းတွင် မြေကွက်ပိုင်ဆိုင်သူများဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။

## ပုံ (၂-၂) အိမ်ထောင်စု/လူပုဂ္ဂိုလ်အမျိုးအစားနှင့် အရေအတွက်

ဇယား (၂-၂) တွင် ဖော်ပြထားသောအချက်အလက်များသည် အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူရာမှ ရရှိသော အချက်အလက်များ၊ ကျေးရွာအဆင့် အကျုံးဝင်/မဝင်အတည်ပြုသည့်ဆွေးနွေးပွဲများမှ ရလဒ်များကို အခြေခံကာကောက်ယူထားသည့် ဖြည့်စွက်စစ်တမ်းကောက်ယူရာမှ ရရှိသောအချက်အလက်များကို အခြေခံပြုစုထားသည့် လက်ရှိအခြေအနေ ဖြစ်ပါသည်။ ပြန်လည်နေရာချထားရမည့်အိမ်ထောင်စု (၇၈) စုအနက် (အထက်ပါဇယားတွင် သီးသာထင်ရှားစွာ ဖော်ပြထားသော အုပ်စု (ဂ) နှင့် အုပ်စု (ဃ)) အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူချိန်တွင် ဇရိယာ (၂-၂) အရှေ့ပိုင်းအတွင်း၌ နေထိုင်လျှက်ရှိသော အိမ်ထောင်စုမှာ (၄၁) စုရှိပါသည်။ ၂၀၁၃ခုနှစ် နို့တစ်စာရရှိသောအချိန်တွင် အိမ်ထောင်စု (၃၇) စုမှာ ၎င်းတို့၏အိမ်များကို ဖျက်သိမ်းပြီး ယခုလက်ရှိတွင် ဇရိယာ (၂-၂) အရှေ့ပိုင်း၏ အပြင်ဘက်၌ နေထိုင်လျက်ရှိကြပါသည်။

# အခန်း (၃) လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

## ၃.၁ ယခင်ကောက်ယူခဲ့သည့် စစ်တမ်းများနှင့် လူမှုစီးပွားရေးစစ်တမ်းကောက်ယူခြင်း

၂၀၁၃ခုနှစ် ဧပြီလ (၄)ရက်မှ (၂၆)ရက်နေ့အတွင်း (ဧပြီလစစ်တမ်း) သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း ဇရိယာအတွင်းနေထိုင်ကြသည့် အိမ်ထောင်စုအားလုံးအား လူဦးရေနှင့် လူမှုစီးပွားရေးစစ်တမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာ၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့များမှ ကိုယ်စားလှယ်များ (အစိုးရဌာနများ) ပါဝင်သည့် စစ်တမ်းကောက်ယူရေးအဖွဲ့မှ ကောက်ယူခဲ့ပါသည်။ ကွင်းဆင်းကောက်ယူသည့် (၈)ရက်တာကာလအတွင်း သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းဇရိယာအတွင်း နေထိုင်ကြသည့် အိမ်ထောင်စုအားလုံးကို ကြိုတင်ပြင်ဆင်ထားသည့် မေးမြန်းလွှာများကို အသုံးပြုကာ စစ်တမ်းကောက်ယူ မှတ်တမ်းတင်ခဲ့ပါသည်။ ၎င်းဧပြီလစစ်တမ်းအရ အထူးစီးပွားရေးဇုန် စီမံကိန်းဇရိယာတစ်ခုလုံးတွင် အိမ်ထောင်စုပေါင်း (၁၀၆၆)စု ရှိပါသည်။ သို့ရာတွင် ဖျက်သိမ်းထားသည့်အိမ်ထောင်စုများ၊ လူနေထိုင်ခြင်းမရှိသည့်အိမ်လွတ်များနှင့် စီမံကိန်းဇရိယာပြင်ပတွင်နေထိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းသာလုပ်ကိုင်လျှက်ရှိသည့် အိမ်ထောင်စုများကိုမူ ဧပြီလစစ်တမ်းကောက်ယူချိန်တွင် အပြည့်အဝ စစ်တမ်းကောက်ယူနိုင်ခဲ့ခြင်း မရှိပါ။

## ၃.၂ အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခြင်း (DMS)

### ၃.၂.၁ အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူသည့် နည်းလမ်းများ

ဟက်တာ (၂၀၀၀)စီမံကိန်းဇရိယာအတွက် အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခြင်း (DMS)ကို ဧပြီလစစ်တမ်းတွင်ကောက်ယူခဲ့သည့် အချက်အလက်များ ပိုမိုပြည့်စုံစေရန်နှင့် စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ/လူပုဂ္ဂိုလ်များ၏ ပိုင်ဆိုင်မှုများကို အတည်ပြုနိုင်ရန်အတွက် ၂၀၁၄ခုနှစ် မေလမှ ၂၀၁၅ ခုနှစ် အောက်တိုဘာလအထိ ကောက်ယူခဲ့ပါသည်။ ယခင်စစ်တမ်းကောက်ယူရာတွင် ပါဝင်ခြင်းမရှိသေးသည့် အိမ်ထောင်စုများ[၁၀]ကို ၂၀၁၆ခုနှစ် ဒီဇင်ဘာလတွင် ထပ်မံကောက်ယူခဲ့ပါသည်။ အသေးစိတ်တိုင်းတာ စစ်တမ်းကောက်ယူရာတွင် ပါဝင်သည့်အကြောင်းအရာများကို ဇယား (၃-၁)တွင် အကျဉ်းချုပ်ဖော်ပြထားပြီး စစ်တမ်းကောက်ယူရာတွင် အသုံးပြုသည့် ပုံစံအပြည့်အစုံကို နောက်ဆက်တွဲ (၁)တွင် ဖော်ပြထားပါသည်။

အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူမည့် ဦးတည်အိမ်ထောင်စုများကို အောက်ပါအတိုင်း သတ်မှတ်ခဲ့ပါသည်။

(က) နိုင်ငံတော်အစိုးရမှ ကောက်ယူခဲ့သည့် ဧပြီလူဦးရေစစ်တမ်းအပါအဝင် လူဦးရေ စစ်တမ်းနှင့် လူမှုစီးပွားရေးစစ်တမ်းများကောက်ယူစဉ်ကပါဝင်ခဲ့သည့် အိမ်ထောင်စုများ
(ခ) ၂၀၁၃ခုနှစ် ဇန္နဝါရီလတွင် ထုတ်ပြန်ခဲ့သည့် နို့တစ်စာရရှိခဲ့သည့် အိမ်ထောင်စုများ
(ဂ) အကျုံးဝင်သည့်နောက်ဆုံးရက်စွဲအတွင်း ရိုက်ကူးထားသည့် ကောင်းကင်ဓါတ်ပုံ၌ အဆောက်အဦးပေါ်သည့် အိမ်ထောင်စုများ
(ဃ) အကျုံးဝင်/မဝင်အတည်ပြုရန်အတွက်သက်ဆိုင်ရာကျေးရွာများ၌ အစည်းအဝေးပွဲများ ဆက်တိုက်ပြုလုပ်၍အတည်ပြုရာတွင် အကျုံးဝင်သည့် နောက်ဆုံးရက်စွဲမတိုင်မီ ဟက်တာ (၂၀၀၀)စီမံကိန်းဇရိယာအတွင်း နေထိုင်ကြောင်း သို့မဟုတ် ဝင်ငွေရလုပ်ငန်း တစ်ခုခုလုပ်ကိုင်နေကြောင်း သို့မဟုတ် အဆောက်အဦးပိုင်ဆိုင်ကြောင်း အတည်ပြုနိုင်သည့် အိမ်ထောင်စုများ

[၁၀] အဓိကအနေဖြင့်ဇရိယာ (၂-၂) အရှေ့ပိုင်းအတွင်းတွင် စည်းကမ်းတကျမဟုတ်သောနည်းလမ်းဖြင့် မြေဝယ်ယူထားပြီး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတွင် စာရင်းမဝင်သောအိမ်ထောင်စုများအတွက်ဖြစ်ပါသည်။

စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများကို ပြည့်စုံစွာစစ်တမ်း ကောက်ယူနိုင်ရန်အတွက် ကြိမ်ဖန်များစွာကောက်ယူခဲ့သော်လည်း အချို့အိမ်ထောင်စုများမှာ တရားဝင်မြေစာရင်း မှတ်တမ်းများနှင့် ကွင်းထွက်မြေပုံတို့တွင် ထည့်သွင်းမှတ်တမ်းမတင်ထားခြင်း သို့မဟုတ် ပိုင်ဆိုင်သူအစစ်အမှန် ဖော်ထုတ်နိုင်ရန်အတွက် အချက်အလက်လုံလောက်မှုမရှိခြင်း သို့မဟုတ် နှစ်ပေါင်းများစွာ စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသည့် ဥယျာဉ်ခြံမြေဖြစ်ခြင်းစသည့် အကြောင်းရင်းတစ်ရပ်ရပ်ကြောင့် စစ်တမ်းကောက်ယူနိုင်ခဲ့ခြင်းမရှိပါ။ ၎င်းအိမ်ထောင်စုများအား သန်လျင်နှင့်ကျောက်တန်းမြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ပံ့ပိုးပေးသည့် အချက်အလက်များ သို့မဟုတ် အခြားသင့်လျော်သည့်နည်းလမ်းများကိုအသုံးပြုကာ မြေသိမ်းဆည်းခြင်း၊ လျော်ကြေးပေးအပ်ခြင်း၊ ပြန်လည်နေရာချထားခြင်း သို့မဟုတ် မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များ စသည်တို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဇယား (၃–၁) အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခြင်းအကြောင်း အကျဉ်းချုပ်**

| | အချင်းအရာ | ပါဝင်သည့်အကြောင်းအရာများ |
|---|---|---|
| ၁ | ကာလ | ၂၀၁၄ခုနှစ်၊မေလမှ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလအထိ။ ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (ထပ်တိုးအသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခြင်း) |
| ၂ | ဇရိယာ | သီလဝါအထူးစီးပွားရေးဇုန် ဟက်တာ (၂၀ဝဝ)ဇရိယာ |
| ၃ | နည်းလမ်း | အိမ်ထောင်ဦးစီး၊ မြို့နယ်အဆင့်ကိုယ်စားလှယ်များ၊ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ ကိုယ်စားလှယ်များနှင့် စစ်တမ်းကောက်ယူသည့်အဖွဲ့တို့ အတူတကွ ကောက်ယူခြင်း (လေးပွင့်ဆိုင်တိုင်းတာစစ်တမ်းကောက်ယူခြင်း) |
| ၄ | ပါဝင်သည့် အကြောင်းအရာများ | |
| | (၁) လူဦးရေ | အိမ်ထောင်စုများ၏ မိသားစုဝင်များ၊ ကျား/မနှင့် အသက်၊ ပညာအရည်အချင်း၊ စာတတ်မြောက်မှု၊ အဓိကအလုပ်အကိုင်စသည် |
| | (၂) ပိုင်ဆိုင်မှုများစာရင်း | အိမ်ထောင်စုများနှင့် ၎င်းအိမ်ထောင်စုများပိုင်ဆိုင်သည့်အခြားအဆောက်အဦးများ၊ စိုက် ပျိုးဇရိယာများ၏ တည်နေရာအတိအကျကို ကိုဩဒီနိတ်များဖြင့် အတည်ပြုမှတ်တမ်း တင်ခြင်း<br>မြေပြင်တွင် အိမ်ထောင်စုများ၏ စီမံကိန်းကြောင့်ထိခိုက်နိုင်သည့်ပိုင်ဆိုင်မှုများကို စာရင်းပြုစုခြင်း နှင့် တိုင်းတာခြင်း<br>အဆောက်အဦးအမျိုးအစားများကို အတည်ပြုခြင်း (ဥပမာ– လူနေအဆောက်အဦး၊ တဲ စသည် ဖြင့်)<br>အိမ်ထောင်စုများ၏ လယ်မြေဇရိယာ၊ စိုက်ပျိုးရေးထွက်ကုန်များနှင့် ထွက်နှုန်းများကို အတည်ပြု ခြင်း<br>မွေးမြူထားသည့် ကျွဲ/နွား/မြင်းနှင့် စိုက်ပျိုးရေးသုံးစက်ကိရိယာများကဲ့သို့ ရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှုများကို အတည်ပြုခြင်း |
| | (၃) လူမှုစီးပွားရေးစစ်တမ်း | လစဉ် သို့မဟုတ် နှစ်စဉ်ဝင်ငွေနှင့် ဝင်ငွေလမ်းကြောင်းများ၊ လစဉ် သို့မဟုတ် နှစ်စဉ် အသုံးစရိတ်များ အပါအဝင် စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၏ လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များကို (ပြန်လည်)အတည်ပြုခြင်း |

## ၃.၂.၂ ဇရိယာ (၂–၂)အရှေ့ပိုင်း အတွက်အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူရာမှ ရရှိသည့် ရလဒ်များ[၁၁]

၂၀၁၆ခုနှစ် ဒီဇင်ဘာလအထိ အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူရာမှရရှိသည့်ရလဒ်များအရ ဇရိယာ (၂–၂)အရှေ့ပိုင်းမှ စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့်အိမ်ထောင်စု အရေအတွက်နှင့် လူဦးရေမှာ (၉၉)စုနှင့် (၃၈၇)ဦး အသီးသီးရှိပါသည်[၁၂]။ အုပ်စု (ခ)မှ အိမ်ထောင်စုတစ်စုမှာ မည်သို့မျှ ဆက်သွယ်၍ မရနိုင်သည့်အတွက် အချက်အလက်များကောက်ယူနိုင်ခြင်းမရှိသေးသောကြောင့် အိမ်ထောင်စု (၉၈)စု၏ အချက်အလက်များကို အခြေခံထားပါသည်။ အခန်း (၂)တွင် ဖော်ပြထားသည့်အတိုင်း အသေးစိတ်တိုင်းတာစစ်တမ်း

[၁၁] ဤအခန်းတွင် မကြာခဏဖော်ပြထားသည့် စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များမှာ အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူစဉ်ကရရှိသည့် အချက်အလက်များကို အခြေခံကာ ပြုစုထားခြင်းဖြစ်သည့်အတွက် လက်ရှိအခြေအနေများနှင့် ကွဲလွဲမှုရှိနိုင်ပါသည်။

[၁၂] စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုနှင့် လူဦးရေမှာ (၉၉)စုနှင့် (၃၈၇)ဦးထက် ပိုများနိုင်ပါသည်။ အကြောင်းမှာ ဤပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ကို အချောသတ်ရေးဆွဲပြီးနောက်တွင် ဇရိယာ (၂–၂)အရှေ့ပိုင်းအတွင်းတွင် သီးနှံနှင့် သစ်ပင်စိုက်ပျိုးရေး၊ တိရိစ္ဆာန်လွတ်ကျောင်းခြင်းစသည်ဖြင့် စီးပွားရေးလုပ်ငန်းများသာလုပ်ကိုင်သည့် အိမ်ထောင်စုများ ရှိလာနိုင်သောကြောင့်ဖြစ်ပါသည်။ ထိုသို့ ရှိလာပါက စစ်တမ်းကောက်ယူထားခြင်းမရှိသော အိမ်ထောင်စုအရေအတွက်မှာလည်း ပိုတိုးလာနိုင်ပါသည်။

ကောက်ယူရာမှရရှိသည့် အချက်အလက်များအပေါ်တွင် အခြေခံကာ သက်ရောက်မှုအမျိုးအစားအလိုက် အုပ်စု (က)မှ (င)အထိ ခွဲခြားထားပါသည်။ (ပုံ ၂-၂တွင် ကြည့်ရှုပါရန်။)

(၁) စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၏ အချက်အလက်များ

စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ၊ လူဦးရေတို့နှင့်ပတ်သက်သည့် အချက်အလက်များကို ဇယား (၃-၂)မှ ဇယား (၃-၁၄)အထိ အကျဉ်းချုပ် ဖော်ပြထားပါသည်။

**ဇယား (၃-၂) စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၏ လူမျိုး**

ယူနစ်- အိမ်ထောင်စု

| အုပ်စု | မြန်မာ | ဟိန္ဒူ^(၁) | တရုတ် | စုစုပေါင်း |
|---|---|---|---|---|
| က | ၈ | ၁ | ၁ | ၁၀ |
| ခ | ၃ | ၀ | ၂ | ၅ |
| ဂ | ၃၇ | ၄ | ၀ | ၄၁ |
| ဃ | ၃၅ | ၁ | ၀ | ၃၆ |
| င | ၃ | ၀ | ၀ | ၃ |
| **စုစုပေါင်း** | **၈၆** | **၆** | **၃** | **၉၅** |

မှတ်ချက်- ၁။ အိန္ဒိယလူမျိုးများကို ရည်ညွှန်းသုံးစွဲခြင်းဖြစ်ပါသည်။
၂။ အုပ်စု (က)မှ အိမ်ထောင်စု (၂)စုနှင့် အုပ်စု (ဂ)မှ အိမ်ထောင်စု (၁)စုတို့မှာ ဤမေးခွန်းအား ဖြေကြားထားခြင်းမရှိပါ။

**ဇယား (၃-၃) စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၏ ကိုးကွယ်သည့်ဘာသာ**

ယူနစ်- အိမ်ထောင်စု

| အုပ်စု | ဗုဒ္ဓဘာသာ | ဟိန္ဒူ | အစ္စလာမ် | စုစုပေါင်း |
|---|---|---|---|---|
| က | ၉ | ၀ | ၁ | ၁၀ |
| ခ | ၄ | ၀ | ၁ | ၅ |
| ဂ | ၄၁ | ၀ | ၀ | ၄၁ |
| ဃ | ၃၅ | ၁ | ၀ | ၃၆ |
| င | ၃ | ၀ | ၀ | ၃ |
| **စုစုပေါင်း** | **၉၂** | **၁** | **၂** | **၉၅** |

မှတ်ချက်- ၁။ အုပ်စု (က)မှ အိမ်ထောင်စု (၂)စုနှင့် အုပ်စု (ဂ)မှ အိမ်ထောင်စု (၁)စုတို့မှာ ဤမေးခွန်းအား ဖြေကြားထားခြင်းမရှိပါ။

**ဇယား (၃-၄) စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၏ စာတတ်မြောက်မှု အခြေအနေ**

ယူနစ်- အိမ်ထောင်စုများ

| အုပ်စု | ရေး၊ဖတ်၊ ပြော မလုပ်နိုင် | ပြောနိုင်သော်လည်း မဖတ်၊ မရေးနိုင် | ပြောနိုင်သော်လည်း အနည်းငယ်သာ ဖတ်၊ ရေးနိုင် | ကျွမ်းကျွမ်းကျင်ကျင် ပြော၊ ဖတ်၊ ရေးနိုင် | စုစုပေါင်း |
|---|---|---|---|---|---|
| က | ၀ | ၁ | ၁ | ၉ | ၁၁ |
| ခ | ၀ | ၀ | ၁ | ၄ | ၅ |
| ဂ | ၀ | ၄ | ၁၃ | ၂၅ | ၄၂ |
| ဃ | ၁ | ၅ | ၁၄ | ၁၆ | ၃၆ |
| င | ၀ | ၀ | ၁ | ၂ | ၃ |
| **စုစုပေါင်း** | **၁** | **၁၀** | **၃၀** | **၅၆** | **၉၇** |

မှတ်ချက်- ၁။ အုပ်စု (က)မှ အိမ်ထောင်စု (၁)စုမှာ ဤမေးခွန်းအား ဖြေကြားထားခြင်းမရှိပါ။
၂။ "ပြောနိုင်သော်လည်း အနည်းငယ်သာ ဖတ်၊ ရေးနိုင်"နှင့် "ကျွမ်းကျွမ်းကျင်ကျင် ပြော၊ ဖတ်၊ ရေးနိုင်"တို့တွင် ဖြေကြားထားသူ အရေအတွက်ဖြစ်သည့် (၈၈.၇)ရာခိုင်နှုန်းကို စာတတ်မြောက်မှုနှုန်းအဖြစ် တွက်ချက်ထားပါသည်။

မြန်မာနိုင်ငံတွင် စာတတ်မြောက်နှုန်းမှာ (၉၃.၁)ရာခိုင်နှုန်း[၃၃]ရှိပါသည်။ အကျုံးဝင် အိမ်ထောင်စုများရှိ အိမ်ထောင်ဦးစီးများ၏ စာတတ်မြောက်နှုန်းဖြစ်သည့် (၈၈.၇)ရာခိုင်နှုန်းမှာ တစ်နိုင်ငံလုံး၏ ပျမ်းမျှရာခိုင်နှုန်းထက် အနည်းငယ်လျော့နည်းပါသည်။

(၂) ပိုင်ဆိုင်မှုစာရင်းဇယားများ (မွေးမြူရေး၊ သီးနှံနှင့် သစ်ပင်များ)

စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများမှ မွေးမြူထားသည့် တိရစ္ဆာန် (အကောင်ကြီး)အမျိုးအစားနှင့် အရေအတွက်ကို ဇယား (၃–၅)တွင် ဖော်ပြထားပါသည်။

**ဇယား (၃–၅) တိရစ္ဆာန် (အကောင်ကြီး[၁])များ မွေးမြူရခြင်း၏ ရည်ရွယ်ချက်**

ယူနစ်– အရေအတွက်

| အုပ်စု (အိမ်ထောင်စုအရေအတွက်) | နို့ | အသား [၂] | စိုက်ပျိုးရေး | အခြား [၃] | စုစုပေါင်း |
|---|---|---|---|---|---|
| က (၁၂) | ၀ | ၀ | ၀ | ၀ | ၀ |
| ခ (၅) | ၀ | ၀ | ၀ | ၀ | ၀ |
| ခ (၄၂) | ၀ | ၇ | ၁၈ | ၁၀ | ၃၅ |
| ဃ (၃၆) | ၈ [၄] | ၇ | ၇ | ၂၀ | ၄၂ |
| င (၃) | ၀ | ၀ | ၃ | ၀ | ၃ |
| **စုစုပေါင်း (၉၈)** | **၈** | **၁၄** | **၂၈** | **၃၀** | **၈၀** |

မှတ်ချက်– ၁။ တိရစ္ဆာန်အကောင်ကြီးများတွင် ကျွဲ၊ နွားနှင့် မြင်းတို့ပါဝင်ပါသည်။ စုစုပေါင်း အကောင် (၈၀)အနက် (၆၆)ကောင်မှာ နွား၊ (၁၃) ကောင်မှာ ကျွဲနှင့် (၁)ကောင်မှာ မြင်းလှည်းအတွက်အသုံးပြုသည့် မြင်းတို့ဖြစ်ပါသည်။
၂။ အုပ်စု (ဃ)တွင် အသားအတွက် မွေးမြူသည့် နွား (၃)ကောင်မှာ နို့အတွက်လည်း အသုံးပြုသည်ကို တွေ့ရပါသည်။
၃။ "အခြား"တွင် မွေးမြူရေး တိရိစ္ဆာန်များ၏ အသုံးပြုပုံအား စစ်တမ်းဖြေဆိုသူများမှ အတိအကျဖြေဆိုထားခြင်း မရှိ၍သော်လည်းကောင်း၊ ထိုအချိန်တွင် မွေးမြူရေး တိရိစ္ဆာန်များမှာ မွေးကင်းစဖြစ်နေ၍သော်လည်းကောင်း ဖြစ်ပါသည်။

ထွက်ရှိသည့်စပါး၊ သီးနှံအမျိုးအစားနှင့် ပမာဏတို့ကို ဇယား (၃–၆)တွင် ဖော်ပြထားပါသည်။ ကိန်းဂဏန်းများမှာ ဇရိယာ (၂–၂)အရှေ့ပိုင်း၏အပြင်ဘက်တွင် စိုက်ပျိုးထားသည့် သီးနှံပင်များမှ ထွက်ရှိသည့် ပမာဏစုစုပေါင်းလည်း အပါအဝင်ဖြစ်ပါသည်။ ဥပမာ– အုပ်စု (ခ)တွင်ပါဝင်သည့် အိမ်ထောင်စုများမှာ ဇရိယာ (၂–၂)အရှေ့ပိုင်းအတွင်း စိုက်ပျိုးခြင်းမရှိဘဲ ဇရိယာ (၂–၂)အရှေ့ပိုင်း၏အပြင်ဘက်တွင်သာ စိုက်ပျိုးလျှက်ရှိကြပါသည်။

**ဇယား (၃–၆) စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများစိုက်ပျိုးထားသည့် စပါး၊ အဓိကဟင်းသီးဟင်းရွက်၊ သစ်ပင်အမျိုးအစားနှင့် ပမာဏ**

| အုပ်စု (အိမ်ထောင်စု အရေအတွက်) | စပါး[၁] (တင်း) | ဟင်းသီးဟင်းရွက်[၂] | | | | |
|---|---|---|---|---|---|---|
| | | ပဲ (ပင်) | ကွမ်း (တိုင်) | ကြက်ဟင်းခါး (ပင်) | ငရုတ် (ပင်) | သခွား (ပင်) |
| က (၁၂) | ၂၀၉၇ | ၀ | ၀ | ၀ | ၀ | ၀ |
| ခ (၅) | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ဂ (၄၂) | ၁၁၀၀ | ၂၁၆၇ | ၃၆၄၁၄ | ၄၂ | ၁၉၁၆ | –[၃] |
| ဃ (၃၆) | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| င (၃) | ၂၇ | ၀ | ၀ | ၀ | ၀ | ၀ |
| **စုစုပေါင်း (၉၈)** | **၃၃၂၄** | **၂၁၆၇** | **၃၆၄၁၄** | **၄၂** | **၁၉၁၆** | **–** |
| **အုပ်စု (အိမ်ထောင်စု အရေအတွက်)** | **ဟင်းသီးဟင်းရွက်[၂]** | | | | | |
| | **ပန်း (ပင်)** | **ဖူး (ပင်)** | **အိန္ဒိယ ဒေါန (ဘောင်)** | **ရုံးပတီ (ပင်)** | **စပါးလင် (ဖုတ်)** | **ဖရုံ (ပင်)** |
| က (၁၂) | ၀ | ၀ | ၀ | ၀ | ၀ | ၀ |

---

[၃၃] ယူနက်စကို စာရင်းဇယားသိပ္ပံမှရှိသည့်အချက်အလက်များအရ မြန်မာနိုင်ငံတွင် ၂၀၁၅ခုနှစ်၏ အရွယ်ရောက်ပြီးသူ စာတတ်မြောက်နှုန်းဖြစ်ပါသည်။

| | | | | | | |
|---|---|---|---|---|---|---|
| ခ (၅) | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ဂ (၄၂) | ၉ | ၄၀၉၉၃ | ၂၂၆၇ | ၁၇၉၈ | ၁ | ၃၃၁၅ |
| ဃ (၃၆) | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| င (၃) | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| **စုစုပေါင်း (၉၈)** | **၉** | **၄၀၉၉၃** | **၂၂၆၇** | **၁၇၉၈** | **၁** | **၃၃၁၅** |

| အုပ်စု (အိမ်ထောင်စု အရေ အတွက်) | ဟင်းသီးဟင်းရွက်[၂] | | | | |
|---|---|---|---|---|---|
| | ချဉ်ပေါင် (ပင်) | ပဲတောင့်ရှည် (ပင်) | ပိန်း (ပင်) | ကန်စွန်း (ပင်) | ဖရဲ (ပင်) |
| က (၁၂) | ၀ | ၀ | ၀ | ၀ | ၀ |
| ခ (၅) | ၀ | ၀ | ၀ | ၀ | ၀ |
| ဂ (၄၂) | ၅၆၅၄ | ၁၀၄၀ | ၂၀၀၀၀ | ၃၃၉၁၀ | ၂ |
| ဃ (၃၆) | ၀ | ၀ | ၀ | ၀ | ၀ |
| င (၃) | ၀ | ၀ | ၀ | ၀ | ၀ |
| **စုစုပေါင်း (၉၈)** | **၅၆၅၄** | **၁၀၄၀** | **၂၀၀၀၀** | **၃၃၉၁၀** | **၂** |

| အုပ်စု (အိမ်ထောင်စု အရေ အတွက်) | သစ်သီး/သစ်သီးမဟုတ်သောအပင်[၄] | | | |
|---|---|---|---|---|
| | ဝါး (ပင်) | ဝါး (ရုံ) | မလေးရှားပိတောက် (ပင်) | အခြား (ပင်) |
| က (၁၂) | ၀ | ၄ | ၀ | ၀ |
| ခ (၅) | ၂၀ | ၀ | ၀ | ၁၃ |
| ဂ (၄၂) | ၁၅၉၆ | ၈၁ | ၆၂၆၀ | ၂၈၆ |
| ဃ (၃၆)[၅] | ၀ | ၂၃ | ၂၈၈ | ၃၁ |
| င (၃) | ၀ | ၀ | ၀ | ၀ |
| **စုစုပေါင်း (၉၈)** | **၁၆၁၆** | **၁၀၈** | **၆၅၄၈** | **၃၃၀** |

မှတ်ချက်– ၁) ထွက်ရှိသည့်စပါးတင်းအရေအတွက်မှာ အိမ်ထောင်ဦးစီးဖြေဆိုသည့်အတိုင်းသာ ဖြစ်ပါသည်။ ဤဇရိယာ (၂–၂ အရှေ့ပိုင်း) တွင် နွေစပါးစိုက်ပျိုးသောအိမ်ထောင်စု မရှိပါ။
၂) အပင်အရေအတွက်မှာ စစ်တမ်းကောက်ယူစဉ်အချိန်က အိမ်ထောင်ဦးစီးဖြေဆိုသည့်အတိုင်းသာ ဖြစ်ပါသည်။
၃) အုပ်စု (ဂ) တွင် သခွားသီးစိုက်ပျိုးသော အိမ်ထောင်စုတစ်စု ရှိသော်လည်း စစ်တမ်းကောက်ယူသည့်အချိန်တွင် ရိတ်သိမ်းရောင်းချပြီးဖြစ်သဖြင့် အပင်အရေအတွက်ကို အတည်ပြုနိုင်ခဲ့ခြင်းမရှိပါ။
၄) သီးပင်စားပင်/သီးပင်စားပင်မဟုတ်သော သစ်ပင်များ၏ အရေအတွက်အား စစ်တမ်းကောက်ယူစဉ်ကရရှိခဲ့သည့် အချက်အလက်များကိုအခြေခံကာ တွက်ချက်ထားပါသည်။ အုပ်စု (အခြား) တွင် ထည့်သွင်းထားသော အပင်များတွင် ငှက်ပျော၊ သရက်၊ သီဟိုလ်၊ ယူကလစ်နှင့် အခြားအပင်များပါဝင်သည်။
၅) အုပ်စု (ဃ) တွင် ပါဝင်သော အိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ကိုင်ခြင်းမရှိသော်လည်း အမျိုးမျိုးသော အပင်များမှာ ထင်း (သို့မဟုတ်) အိမ်တွင်းအသုံးပြုရန် ၎င်းတို့၏ နေအိမ်အနီးအနားတွင် တည်ရှိနေသည်။

အိမ်ထောင်စုများ၏ ရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှုများကိုလည်း ဇယား (၃–၇) တွင် သက်ဆိုင်ရာအုပ်စုအလိုက် ခွဲခြားဖော်ပြထားပါသည်။ အခြေခံအားဖြင့် အိမ်ထောင်စုများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းအား ဆက်လက်လုပ်ကိုင်နိုင်ခြင်း မရှိတော့ပါက အဆိုပါစိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများမှလွဲ၍ ရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှုအများစုမှာ ပြန်လည်နေရာချထားမည့်နေရာသို့ သယ်ဆောင်သွားနိုင်ပြီး ဆက်လက်သုံးစွဲနိုင်မည်ဖြစ်ပါသည်။

**ဇယား (၃–၇) အိမ်ထောင်စုများ၏ ရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှုများ[၁]**

ယူနစ် – အရေအတွက်

| အုပ်စု (အိမ်ထောင်စုအရေအတွက်) | ပန်ကာ | ရေခဲသေတ္တာ[၂] | အင်ဗာတာ | မီးစက်အသေး | ဘက္ထရီ | အဲယားကွန်း | ကား |
|---|---|---|---|---|---|---|---|
| က (၁၂) | ၄ | ၈ | ၃ | ၂ | ၁ | ၃ | ၅ |
| ခ (၅) | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ဂ (၄၂) | ၇ | ၃ | ၄ | ၁၀ | ၉ | ၀ | ၀ |
| ဃ (၃၆) | ၃ | ၂[1] | ၂ | ၃ | ၃ | ၀ | ၂ |
| င (၃) | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| **စုစုပေါင်း (၉၈)** | **၁၄** | **၁၃** | **၉** | **၁၅** | **၁၃** | **၃** | **၇** |
| **အုပ်စု (အိမ်ထောင်စုအရေအတွက်)** | **စက်ဘီး** | **ဆိုင်ကယ်** | **ဆောင်းဘောက်/အသံချဲ့စက်** | **မိုဘိုင်းဖုန်း** | **တီဗွီ** | **ဗွီစီဒီ/ကက်ဆက်** | **ဆိုလာ** |
| က (၁၂) | ၁ | ၃ | ၀ | ၁၆ | ၆ | ၆ | ၀ |
| ခ (၅) | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ |
| ဂ (၄၂) | ၃၅ | ၂၆ | ၀ | ၅၇ | ၂၁ | ၁၈ | ၃ |
| ဃ (၃၆) | ၁၇ | ၁၈ | ၁၁ | ၃၉ | ၁၁ | ၁၁ | ၀ |
| င (၃) | ၁ | ၁ | ၀ | ၃ | ၂ | ၂ | ၀ |
| **စုစုပေါင်း (၉၈)** | **၅၄** | **၄၈** | **၁၁** | **၁၁၇** | **၄၀** | **၃၇** | **၃** |
| **အုပ်စု (အိမ်ထောင်စုအရေအတွက်)** | **ကွန်ပျူတာ၊ ပရင်တာ** | **လိုင်းဖုန်း** | **စကိုင်းနက်** | **ရေစုပ်စက်** | **အခြားလယ်ယာသုံးစက်ကိရိယာများ[၃]** | | |
| က (၁၂) | ၃ | ၁၀ | ၁ | ၅ | ၀ | | |
| ခ (၅) | ၀ | ၀ | ၀ | ၀ | ၀ | | |
| ဂ (၄၂) | ၀ | ၁ | ၀ | ၁၂ | ၈ | | |
| ဃ (၃၆) | ၀ | ၂ | ၁ | ၀ | ၁ | | |
| င (၃) | ၀ | ၀ | ၀ | ၁ | ၈ | | |
| **စုစုပေါင်း (၉၈)** | **၃** | **၁၃** | **၂** | **၁၈** | **၁၇** | | |

မှတ်ချက်– ၁။ အုပ်စု (က) မှ အိမ်ထောင်စု (၁) စုနှင့် အုပ်စု (ခ) မှ အိမ်ထောင်စု (၃) စုတို့မှာ ဤမေးခွန်းအား ဖြေကြားထားခြင်းမရှိပါ။
၂။ ရေအေးစက်တစ်လုံးပါဝင်ပါသည်။
၃။ အခြားလယ်ယာသုံးစက်ကိရိယာများတွင် သံသွားပါသော ထွန်တုံး၊ ထယ်၊ လှည်း၊ နွားစာကျင်းခွက်စသည်တို့ ပါဝင်ပါသည်။

## (၃) မွေးမြူရေးနှင့် ဝင်ငွေလမ်းကြောင်းအပေါ် သက်ရောက်မှုများ

### (၃–၁) ဝင်ငွေလမ်းကြောင်း

အိမ်ထောင်ဦးစီး၏အဓိကဝင်ငွေလမ်းကြောင်းကို ဇယား (၃–၈) နှင့် ပုံ (၃–၁) တို့တွင် ဖော်ပြထားသည်။ အိမ်ထောင်ဦးစီးအများစု၏ အဓိကဝင်ငွေလမ်းကြောင်းမှာ ကျပန်းလုပ်သားများ ဖြစ်ပါသည်။ ကျပန်းအလုပ်ဆိုသည်မှာ အခြားသူ၏လယ် (သို့မဟုတ်) ဥယျာဉ်ခြံမြေတွင် သူရင်းငှားအဖြစ်လုပ်ကိုင်သူများလည်း ပါဝင်ပါသည်။ မြေပေါ်တွင် အခြေခံ၍ လုပ်ကိုင်ရသော ကျပန်းလုပ်သားများနှင့် အခြားအလုပ်အမျိုးအစားများအတွက် ပံ့ပိုးမှုနှင့် လျော်ကြေးများကို ၎င်းတို့၏ အမှန်တကယ် နစ်နာဆုံးရှုံးမှုအတိုင်း ပံ့ပိုးပေးမည်ဖြစ်ပါသည်။

**ဇယား (၃-၈) အိမ်ထောင်ဦးစီး၏ အဓိကဝင်ငွေလမ်းကြောင်းများ**

ယူနစ်- ဦးရေ

| အုပ်စု | စပါးစိုက် တောင်သူ | ဟင်းသီးဟင်းရွက် စိုက် တောင်သူ | ကျပန်း အလုပ် သမား | နေ့စား အလုပ် သမား | ကိုယ်ပိုင် လုပ်ငန်း | ဝင်ငွေ မရှိ[၁] | စုစုပေါင်း[၂] |
|---|---|---|---|---|---|---|---|
| က | ၂ | ၀ | ၀ | ၁ | ၈ | ၀ | ၁၁ |
| ခ | ၀ | ၀ | ၀ | ၀ | ၃ | ၂ | ၅ |
| ဃ | ၂ | ၁၃ | ၁၉ | ၁ | ၄ | ၃ | ၄၂ |
| င | ၀ | ၀ | ၂၁ | ၁ | ၁၀ | ၂ | ၃၄ |
| စ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၃ |
| **စုစုပေါင်း** | **၄** | **၁၃** | **၄၀** | **၄** | **၂၆** | **၈** | **၉၅** |

မှတ်ချက်- ၁။ ဝင်ငွေမရှိသောအိမ်ထောင်စု (၇) စုအနက်မှ (၂) စု (အုပ်စု (ခ) နှင့်အုပ်စု (ဂ) ) မှအိမ်ထောင်ဦးစီးမှာ အသက် (၆၅) နှစ်နှင့် အထက် ဖြစ်ပါသည်။ အုပ်စု (င) မှ အိမ်ထောင်စု (၁) စုမှာ ပင်စင်စားဖြစ်ပါသည်။
၂။ အုပ်စု (က) မှအိမ်ထောင်စု (၁) စုနှင့် အုပ်စု (ဃ) မှအိမ်ထောင်စု (၂) စုမှာ ဤမေးခွန်းကို ဖြေကြားခဲ့ခြင်းမရှိပါ။ အုပ်စု (က) မှ အိမ်ထောင်စု (၁) စုအားစစ်တမ်းကောက်ယူနိုင်ခြင်းမရှိခဲ့ပါ။


အိမ်ထောင်ဦးစီးများကို ထည့်သွင်းရေတွက်ခြင်းမရှိပါက စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်သူအရေအတွက် စုစုပေါင်းမှာ (၂၈၈) ဦးဖြစ်ပါသည်။ ထိုသူများအနက် လူဦးရေ (၁၆၁) မှာ အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ် (စစ်တမ်းကောက်ယူသည့်ရက်တွင် အသက် ၁၈-နှစ်မှ ၆၄-နှစ်အတွင်း) ဖြစ်ပါသည်။ အဆိုပါအလုပ်လုပ်နိုင်သောသူများ၏ အဓိက ဝင်ငွေလမ်းကြောင်းများကို ဇယား (၃-၉) နှင့်ပုံ (၃-၂) တွင်ဖော်ပြထားပါသည်။


**ဇယား (၃-၉) အခြားမိသားစုဝင်များ၏အဓိကဝင်ငွေလမ်းကြောင်းများ**

ယူနစ်- ဦးရေ

| အုပ်စု | စပါးစိုက် တောင်သူ | ဟင်းသီးဟင်းရွက် စိုက် တောင်သူ | ကျပန်း လုပ်သား | လခစား လုပ်သား | ကိုယ်ပိုင် လုပ်ငန်း | အခြား[၁] | စုစုပေါင်း[၂] |
|---|---|---|---|---|---|---|---|
| က | ၀ | ၀ | ၂ | ၅ | ၆ | ၈ | ၂၁ |
| ခ | ၀ | ၀ | ၀ | ၃ | ၃ | ၄ | ၁၀ |
| ဃ | ၃ | ၆ | ၁၇ | ၁၀ | ၈ | ၂၄ | ၆၈ |
| င | ၀ | ၀ | ၁၆ | ၁၁ | ၄ | ၂၀ | ၅၁ |
| စ | ၀ | ၀ | ၀ | ၂ | ၂ | ၅ | ၉ |
| **စုစုပေါင်း** | **၃** | **၆** | **၃၅** | **၃၀** | **၂၃** | **၆၁** | **၁၅၉** |

မှတ်ချက် ၁။ ထိုသူတို့သည် မှီခိုသူ (သို့) အလုပ်လက်မဲ့များဖြစ်ပါသည်။
၂။ အုပ်စု (ဂ) တွင် ပါဝင်သောအိမ်ထောင်စုသည် အဆိုပါမေးခွန်းကို ဖြေဆိုခဲ့ခြင်းမရှိသည့်အတွက် စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်သူအရေအတွက် စုစုပေါင်းမှာ (၁၅၉) ယောက်ရှိပါသည်။




**ပုံ (၃-၁) အိမ်ထောင်ဦးစီး၏ အဓိကဝင်ငွေလမ်းကြောင်း** **ပုံ (၃-၂) အခြားမိသားစုဝင်များ၏ ဝင်ငွေလမ်းကြောင်း**

## (၃–၂) အိမ်ထောင်စု၏ ဝင်ငွေ

ဇယား (၃–၁၀) တွင်ဖော်ပြထားသည့်အတိုင်း စီမံကိန်းကြောင့်ထိခိုက်သောအိမ်ထောင်စုများ၏ နှစ်စဉ်ပျမ်းမျှ အဓိကဝင်ငွေမှာ (၃၅၆၀၀၀၀) ကျပ်ဖြစ်ပါသည်။ မြေပိုင်ဆိုင်သူများ၏ ဝင်ငွေသည် မြေပိုင်ဆိုင်မှုမရှိသူများ၏ ဝင်ငွေထက်သိသိသာသာများပါသည်။ ဇရိယာ (၂–၂) အရှေ့ပိုင်းတွင် မြေပိုင်ဆိုင်သောအိမ်ထောင်စုများ (မြေပိုင်ဆိုင်သည့် အိမ်ထောင်စုများ) ၏ ဝင်ငွေသည် ဇရိယာ (၂–၂) အရှေ့ပိုင်းအတွင်း မြေပိုင်ဆိုင်မှုမရှိသည့်အိမ်ထောင်စု (မြေပိုင်ဆိုင်မှုမရှိသည့် အိမ်ထောင်စု) များ၏ ဝင်ငွေထက် (၂) ဆခန့် ပိုများပါသည်။ ဒုတိယဝင်ငွေရှိသော စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့်အိမ်ထောင်စု (၃၂) စုအနက် (၂၇) စုမှာ မြေယာပိုင်ဆိုင်မှုမရှိသူများဖြစ်ပြီး ဇရိယာ (၂–၂) အရှေ့ပိုင်းအတွင်းတွင် နေထိုင်ကြပါသည်။ ၎င်းအိမ်ထောင်စုများ၏ နှစ်စဉ်ပျမ်းမျှဝင်ငွေမှာ (၁၅၇၅၀၀၀) ကျပ် ဖြစ်ပါသည်။

ဝင်ငွေအားလုံးကိုပေါင်းလိုက်သော် စီမံကိန်းကြောင့်ထိခိုက်ခံစားရသူအိမ်ထောင်စုများ၏ နှစ်စဉ် အလယ်အလတ်ပျမ်းမျှဝင်ငွေမှာ (၄၂၀၀၀၀၀) ကျပ် ဖြစ်ပါသည်။ တစ်ဦးချင်းစီအတွက်ဆိုလျှင် (၃၁၆၈၀၀၀) ကျပ် ဖြစ်ပါသည်။ အကျုံးဝင်အိမ်ထောင်စုများတွင် စိုက်ပျိုးရေးအတွက်မဟုတ်ဘဲ မရွှေ့ပြောင်းနိုင်သည့်ပိုင်ဆိုင်မှုများအဖြစ် မြေယာများပိုင်ဆိုင်သော အထက်တန်းလွှာမိသားစုများ ပါဝင်နေသည့်အတွက် ၎င်းပမာဏမှာ မြန်မာတစ်နိုင်ငံလုံး၏ တစ်ဦးချင်း တစ်နှစ်ပျမ်းမျှဝင်ငွေ (၁၅၁၇၀၀၀) ကျပ်[၁၄]ထက် များစွာသာလွန်နေပါသည်။

**ဇယား (၃–၁၀) စီမံကိန်းကြောင့်ကြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၏ နှစ်စဉ်အဓိကနှင့် ဒုတိယဝင်ငွေ[၁၊၂]**

ယူနစ်– ကျပ်/တစ်နှစ်

| အုပ်စု (အိမ်ထောင်စု အရေအတွက်)[၃] | နှစ်စဉ်အဓိကဝင်ငွေ | |
|---|---|---|
| | ပျှမ်းမျှ | အလယ်အလတ် |
| က (၁၀) | ၁၄၆၈၁၀၀၀ | ၉၅၀၀၀၀၀ |
| ခ (၄) | ၉၅၆၁၈၀၀၀ | ၁၁၁၀၀၀၀၀ |
| ဂ (၄၂) | ၄၈၅၀၀၀၀ | ၄၀၂၀၀၀၀ |
| ဃ (၃၆) | ၃၈၅၉၀၀၀ | ၂၇၆၀၀၀၀ |
| င (၃) | ၅၂၈၀၀၀၀ | ၆၃၀၀၀၀၀ |
| မြေပိုင်သူ (၁၄) | ၃၇၈၀၆၀၀၀ | ၇၉၅၀၀၀၀ |
| မြေယာမဲ့ (၈၁) | ၄၄၂၅၀၀၀ | ၃၁၅၀၀၀၀ |
| **စုစုပေါင်း (၉၅)** | ၉၃၄၄၀၀၀ | ၃၅၆၀၀၀၀ |

ယူနစ်– ကျပ်/တစ်နှစ်

| အုပ်စု (အိမ်ထောင်စု အရေအတွက်)[၃] | နှစ်စဉ်ဒုတိယဝင်ငွေ | |
|---|---|---|
| | ပျှမ်းမျှ | အလယ်အလတ် |
| က (၄) | ၃၈၉၈၀၀၀ | ၃၆၀၀၀၀၀ |
| ခ (၀) | – | – |
| ဂ (၂၀) | ၂၄၁၁၀၀၀ | ၁၇၂၅၀၀၀ |
| ဃ (၇) | ၁၆၇၈၀၀၀ | ၆၀၀၀၀၀ |
| င (၁)[၄] | ၅၀၀၀၀၀ | ၅၀၀၀၀၀ |
| မြေပိုင်သူ (၄) | ၃၈၉၈၀၀၀ | ၃၆၀၀၀၀၀ |
| မြေယာမဲ့ (၂၈) | ၂၁၅၉၀၀၀ | ၁၁၀၀၀၀၀ |
| **စုစုပေါင်း (၃၂)** | ၂၃၇၇၀၀၀ | ၁၅၇၅၀၀၀ |

မှတ်ချက်– (၁) အဓိကနှင့် ဒုတိယဝင်ငွေပမာဏမှာ စစ်တမ်းကောက်ယူစဉ်က အိမ်ထောင်စုမှ ဖြေကြားသည့်အတိုင်းသာ ဖြစ်ပါသည်။
(၂) အုပ်စု (က) မှ အိမ်ထောင်စု (၂) စုနှင့် အုပ်စု (ခ) မှ အိမ်ထောင်စု (၁) စုတို့မှာ ဤမေးခွန်းအား ဖြေကြားထားခြင်းမရှိပါ။
(၃) စစ်တမ်းကောက်ယူစဉ်က ပထမဝင်ငွေ၊ ဒုတိယဝင်ငွေတို့နှင့်စပ်လျဉ်း၍ အချက်အလက်ရရှိနိုင်သော အိမ်ထောင်စုအရေအတွက် ဖြစ်ပါသည်။
(၄) အုပ်စု (င) တွင် အိမ်ထောင်စု (၁) စုသာရှိသည့်အတွက် ပျမ်းမျှနှင့် အလယ်အလတ်ဝင်ငွေပမာဏမှာ အတူတူပင်ဖြစ်ပါသည်။

## (၃–၃) အိမ်ထောင်စု၏ အသုံးစရိတ်

နှစ်စဉ်အသုံးစရိတ်နှင့် အဓိကအကြောင်းအရာအလိုက် အသုံးပြုသည့် အသုံးစရိတ်များကို ဇယား (၃–၁၁) နှင့် ဇယား (၃–၁၂) တို့တွင် ဖော်ပြထားပါသည်။ မြေပိုင်ဆိုင်မှုမရှိသော အိမ်ထောင်စုများသည် စုစုပေါင်းအသုံးစရိတ်၏ (၄၀) ရာခိုင်နှုန်းကျော်ကို အစားအသောက်အတွက် အသုံးပြုသည်ကိုတွေ့ရပြီး မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများမှာ (၃၃) ရာခိုင်နှုန်းခန့်သာ အသုံးပြုသည်ကို တွေ့ရကာ ပိုမိုချမ်းသာသည့် ၎င်းအိမ်ထောင်စုများအနေဖြင့် မရှိမဖြစ်လိုအပ်ခြင်းမရှိသည့် ပစ္စည်းများအပေါ် ပိုမိုသုံးစွဲနိုင်သည်ကို တွေ့ရှိရပါသည်။ အုပ်စု (က) မှ အိမ်ထောင်စုများ၏ ပညာရေးအတွက် အသုံးစရိတ်မှာလည်း အခြားအုပ်စုများရှိ အိမ်ထောင်စုများထက် များစွာသာလွန်သည်ကို တွေ့ရှိရပါသည်။ အုပ်စု (က) နှင့် အုပ်စု (ခ) တို့တွင် အကျုံးဝင်အိမ်ထောင်စုများ

[၁၄] ကမ္ဘာ့ဘဏ်၏ ကမ္ဘာ့ဖွံ့ဖြိုးမှုဆိုင်ရာ ညွှန်းကိန်းများအရ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၏ တစ်ဦးချင်း တစ်နှစ် ပျမ်းမျှဝင်ငွေမှာ အမေရိကန်ဒေါ်လာ (၁၂၈၀) (ခန့်မှန်းတန်ဖိုးမျှသာ) ရှိပါသည်။ အမေရိကန်တစ်ဒေါ်လာလျှင် (၁၁၈၅.၆၂) ကျပ်ကို အသုံးပြုထားပါသည်။

အားလုံးအနက် ဝင်ငွေအမြင့်ဆုံးနှင့် ဒုတိယဝင်ငွေအမြင့်ဆုံးအိမ်ထောင်စု (၁)စုစီတို့ ပါဝင်လျှက်ရှိသည့်အတွက် ပျမ်းမျှနှင့် အလယ်အလတ်တန်ဖိုးများအကြား များစွာကွာဟလျှက်ရှိနေသည်ကို တွေ့ရပါသည်။

**ဇယား (၃-၁၁) နှစ်စဉ်ပျမ်းမျှနှင့် အလယ်အလတ်အသုံးစရိတ်**

ယူနစ်- ရာခိုင်နှုန်း

| အုပ်စု | ပျှမ်းမျှ | အလယ်အလတ် |
|---|---|---|
| က (၉) | ၁၃၆၇၇ဝဝဝ | ၁ဝ၆၄၄ဝဝဝ |
| ခ (၅) | ၉၁၈ဝဝဝဝ | ၆၆ဝဝဝဝဝ |
| ဂ (၄၂) | ၄၇၆၅ဝဝဝ | ၃၂၂၅၈ဝဝ |
| ဃ (၃၆) | ၂၉၄၈ဝဝဝ | ၂၄၈၄ဝဝဝ |
| င (၃) | ၃၂၆ဝဝဝဝ | ၂၈၇၃ဝဝဝ |
| မြေပိုင်ဆိုင်သူ (၁၄) | ၁၂ဝ၇၁ဝဝဝ | ၈၆၂၂ဝဝဝ |
| မြေပိုင်ဆိုင်မှုမရှိသူ (၈၁) | ၃၉ဝ၂ဝဝဝ | ၂၇၆၃၆ဝဝ |
| အမျိုးအစား အားလုံး (၉၅)[၁] | ၅ဝ၅၃ဝဝဝ | ၂၇၉၉ဝဝဝ |

မှတ်ချက်- ၁။ အုပ်စု (က)မှ အိမ်ထောင်စု (၃)စုမှာ ဤမေးခွန်းအား ဖြေကြားထားခြင်းမရှိသကဲ့သို့ အိမ်ထောင်စု (၁)စုမှာလည်း စစ်တမ်းကောက်ယူနိုင်ခြင်းမရှိသေးပါ။ ထို့ကြောင့် ထိုမေးခွန်းအတွက်စုစုပေါင်းအိမ်ထောင်စုမှာ (၉၅)စု ဖြစ်သည်။

**ဇယား (၃-၁၂) အဓိကအကြောင်းအရာများအပေါ် အသုံးပြုသည့် နှစ်စဉ်ပျမ်းမျှအသုံးစရိတ်**

ယူနစ်- ရာခိုင်နှုန်း

| အုပ်စု | အစား အသောက် | ကျန်းမာရေး | ပညာရေး | သွားလာရေး | အခြား[၂] |
|---|---|---|---|---|---|
| က (၉) | ၂၄.၉ | ၃.၃ | ၃၈.၁ | ၁၂.ဝ | ၂၁.၈ |
| ခ (၅) | ၅၆.၂ | ၆.၃ | ၂၆.၁ | ၄.၈ | ၆.၆ |
| ဂ (၄၂) | ၃၆.၇ | ၂၉.၆ | ၅.၂ | ၇.၇ | ၂ဝ.၈ |
| ဃ (၃၆) | ၆ဝ.၄ | ၈.၉ | ၅.၅ | ၁ဝ.၄ | ၁၄.၈ |
| င (၂) | ၄၄.၈ | ၂၅.၂ | ၈.ဝ | ၂.၆ | ၁၉.၅ |
| မြေပိုင်ရှင် (၁၄) | ၃၃.၄ | ၄.၁ | ၃၄.၈ | ၁ဝ.ဝ | ၁၇.၇ |
| မြေပိုင်မရှိသော (၈၁) | ၄၄.၉ | ၂၂.၅ | ၅.၄ | ၈.၄ | ၁၈.၇ |
| အမျိုးအစား အားလုံး (၉၅)[၁] | ၄ဝ.၉ | ၁၆.၁ | ၁၅.၆ | ၉.ဝ | ၁၈.၄ |

မှတ်ချက် - ၁။ အုပ်စု (က)မှ အိမ်ထောင်စု (၃)စုမှာ ဤမေးခွန်းအား ဖြေကြားထားခြင်းမရှိသောကြောင့် ထိုမေးခွန်းအတွက် စုစုပေါင်းအိမ်ထောင်စုမှာ (၉၅)စု ဖြစ်သည်။
၂။ "အခြား"တွင် စီးပွားရေးနှင့် စိုက်ပျိုးရေးအတွက် ရင်းနှီးမြုပ်နှံမှု ကုန်ကျငွေများ ပါဝင်သည်။ (ဥပမာ- ကုန်ပစ္စည်းများဝယ်ယူခြင်း၊ အလုပ်သမားစရိတ်နှင့် မွေးမြူရေးတိရိစ္ဆာန် ကျွေးမွေးစရိတ်များ)

## (၄) မသန်စွမ်းနှင့် သက်ကြီးရွယ်အိုရှိသည့် အိမ်ထောင်စုများ

မြန်မာနိုင်ငံတွင် မသန်စွမ်းနှင့်သက်ကြီးရွယ်အိုအုပ်စုများအတွက် တရားဝင်အဓိပ္ပါယ် သတ်မှတ်ချက် မရှိသောကြောင့် ဤလုပ်ငန်းစီမံချက်ရေးဆွဲသည့်အခါ ပြန်လည်နေရာချထားရေးလုပ်ငန်းမူဘောင်တွင် သတ်မှတ်ထားသည့်အတိုင်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အမျိုးသမီးဦးစီးသည့်အိမ်ထောင်စု၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အို (အသက် (၆၁)နှစ်နှင့်အထက်)ဦးစီးသည့် အိမ်ထောင်စု၊ မသန်စွမ်းသူရှိသည့် အိမ်ထောင်စု သို့မဟုတ် ဆင်းရဲနွမ်းပါးမှုမျဉ်း[၁၅] အောက်တွင်ရှိသည့်အိမ်ထောင်စု သို့မဟုတ် ပြန်လည်နေရာချထားသည့်

---

[၁၅] ဘက်စုံလူနေမှုအဆင့်အတန်းနှင့် စစ်တမ်းကို UNDP၊ UNICEF၊ SIDAနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းကာ ၂ဝဝ၉-၁ဝခုနှစ်တွင် ကောက်ယူခဲ့ပြီး ရလဒ်ကို ဆင်းရဲနွမ်းပါးမှုအချက်အလက်များအဖြစ် ၂ဝ၁၁ခုနှစ် ဇွန်လတွင် ထုတ်ဝေခဲ့ပါသည်။ ယင်းအချက်အလက်များ၌ ၂ဝ၁ဝခုနှစ်တွင် အရွယ်ရောက်ပြီးသူတစ်ဦး၏ တစ်နှစ်ဝင်ငွေမှာ (၃၇၆၁၅၁)ကျပ်သာရရှိသူကို ဆင်းရဲနွမ်းပါးမှုမျဉ်း

အချိန်တွင် ကိုယ်ဝန်ဆောင်ရှိသည့် အိမ်ထောင်စု စသည်တို့ကို မသန်စွမ်းနှင့် သက်ကြီးရွယ်အို (vulner-able) အိမ်ထောင်စုများအဖြစ် သတ်မှတ်ပါသည်။ ဇယား (၃-၁၃) တွင် ဇရိယာ (၂-၂) အရှေ့ပိုင်းရှိ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုအိမ်ထောင်စု အမျိုးအစားအလိုက် အကြမ်းဖျဉ်းဖော်ပြထားပါသည်။ အကျုံးဝင်အိမ်ထောင်စုများအနက် မသန်စွမ်းနှင့်သက်ကြီးရွယ်အိုအိမ်ထောင်စု (၆၈.၈) ရာခိုင်နှုန်း (အိမ်ထောင်စု (၃၁) စု အနက် (၂၁) စု) မှာ ပြန်လည်နေရာချထားပေးရမည့် အိမ်ထောင်စုများဖြစ်ပါသည်။

**ဇယား (၃-၁၃) မသန်စွမ်းနှင့် သက်ကြီးရွယ်အို အိမ်ထောင်စုများအကြောင်း အကျဉ်းချုပ်**[၁]

| အုပ်စု (အိမ်ထောင်စု အရေအတွက်) | အမျိုးသမီးဦးစီးသော အိမ်ထောင်စု | သက်ကြီးရွယ်အို ဦးစီးသောအိမ်ထောင်စု | မသန်စွမ်းသူ ဦးစီးသော အိမ်ထောင်စု | ဆင်းရဲမှုမျဉ်းအောက်၌ ရှိသော အိမ်ထောင်စု[၂] | မသန်စွမ်း မိသားစုဝင် | မသန်စွမ်းနှင့် သက်ကြီးရွယ်အို အိမ်ထောင်စု စုစုပေါင်း[၃] |
|---|---|---|---|---|---|---|
| က (၁၀) | ၄ | ၃ | ၀ | ၀ | ၀ | ၇ |
| ခ (၃) | ၂ | ၁ | ၀ | ၁ | ၀ | ၂ |
| ဂ (၄၂) | ၃ | ၄ | ၀ | ၃ | ၀ | ၆ |
| ဃ (၃၆) | ၆ | ၄ | ၂ | ၅ | ၁ | ၁၆ |
| င (၃) | ၀ | ၁ | ၀ | ၀ | ၀ | ၁ |
| **စုစုပေါင်း (၉၄)** | **၁၅** | **၁၃** | **၂** | **၉** | **၁** | **၃၂** |

မှတ်ချက်- ၁။ ပြန်လည်နေရာချထားမည်အချိန်တွင် ကိုယ်ဝန်ဆောင်ရှိနေသော အိမ်ထောင်စု၏ အချက်အလက်များကို ပြန်လည်နေရာချထားရေးစီမံချက်အား အချောသတ်ရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲသွားမည် ဖြစ်ပါသည်။

၂။ အုပ်စု (က) နှင့် အုပ်စု (ခ) ရှိ အိမ်ထောင်စု (၂) စုစီမှာ ၎င်းတို့၏ အသုံးစရိတ်နှင့်ပတ်သက်သည့် အချက်အလက်များ ဖြေဆိုထားခြင်းမရှိ၍ "ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်" တွင် ရှိ/မရှိ အတည်ပြု သတ်မှတ်နိုင်ခြင်းမရှိပါ။

၃။ မသန်စွမ်းနှင့်သက်ကြီးရွယ်အိုအိမ်ထောင်စု စုစုပေါင်းအရေအတွက်မှာ အမျိုးအစားတစ်ခုချင်း၏ အရေအတွက်စုစုပေါင်းနှင့် တူညီမှုမရှိခြင်းမှာ အိမ်ထောင်စုအများအပြားသည် အမျိုးအစားတစ်ခုထက်ပို၍ သက်ဆိုင်နေခြင်းကြောင့်ဖြစ်ပါသည်။

---

အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုထားပြီး ယင်းပမာဏကို ဆင်းရဲနွမ်းပါးမှုမျဉ်းအဖြစ် များစွာသောအစီရင်ခံစာများတွင် ကိုးကားခဲ့ပါသည်။ ဤစီမံကိန်းအနေဖြင့် ယင်းပမာဏကို ဆင်းရဲနွမ်းပါးမှုမျဉ်းအဖြစ် သတ်မှတ်ပါသည်။

# အခန်း (၄) တရားဝင်မူဘောင်

## ၄.၁ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ

မြန်မာနိုင်ငံတွင် မြေသိမ်းယူခြင်းနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်တစ်ခုလုံးအတွက် အတူတကွ ပါဝင်ရေးဆွဲထားသည့် ဥပဒေ သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပါ။ မြေသိမ်းယူရာတွင် ၁၈၉၄ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် မြေသိမ်းအက်ဥပဒေကိုသာ လက်ရှိအချိန်အထိ တရားဝင်မူဘောင်အဖြစ် ကျင့်သုံးလျှက်ရှိပါသည်။ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေအဖြစ် ပြင်ဆင်ပြဋ္ဌာန်းသည့် ၁၉၅၃ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုရေးဥပဒေ၌ လယ်ယာမြေများအား နိုင်ငံပိုင်ပြုလုပ်ခြင်းနှင့် လယ်ယာမြေများအား အခြားနည်းလမ်းဖြင့်အသုံးချမှုအတွက် ပြောင်းလဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ (လန-၃၉) တို့ကို ဖော်ပြထားပါသည်။ သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းအတွက် မြေသိမ်းယူခြင်းလုပ်ငန်းများကို အဓိကအားဖြင့် ၁၈၉၄ခုနှစ် မြေသိမ်းအက်ဥပဒေနှင့် ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေတို့ကိုအသုံးပြုကာ ဆောင်ရွက်ပါသည်။ ပြန်လည်နေရာချထားရေးနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်များအား ၂၀၁၄ ခုနှစ် သီလဝါအထူးစီးပွားရေးဇုန်ဥပဒေ[16]အပါအဝင် အခြား တည်ဆဲဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းချက်များတွင် ဖော်ပြထားသည်။ သို့ရာတွင် အများအားဖြင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများနှင့်ဆက်စပ်သည့် အခက်အခဲများနှင့် ပတ်သက်၍ အသေးစိတ် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အခြေအနေများ ရေးဆွဲပြဋ္ဌာန်းပေးရန် လိုအပ်ပါသည်။

လက်ရှိမြန်မာနိုင်ငံတွင် ၂၀၁၂ခုနှစ် မတ်လ (၃၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေအောက်တွင် ၂၀၁၅ခုနှစ် ဒီဇင်ဘာလ (၂၉) ရက်နေ့စွဲပါ ကြေညာချက်အမှတ် (၆၁၈/၂၀၁၅) ဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (EIA Procedure) ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါလုပ်ထုံးလုပ်နည်းပါ အခန်း (၂)၊ အပိုဒ် (၇) အရ အိမ်ရာပြောင်းရွှေ့မှုအပေါ် ဆိုးကျိုးသက်ရောက်မှုရှိနိုင်သော စီမံကိန်းများဆိုင်ရာ သီးသန့်ကိစ္စများနှင့်စပ်လျဉ်း၍ သီးခြားလုပ်ထုံးလုပ်နည်း ထုတ်ပြန်ခြင်းမပြုမီ အိမ်ရာပြောင်းရွှေ့ရမှုအပေါ် ထိခိုက်မှုရှိနိုင်သည့် စီမံကိန်းများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများက သီးခြားထုတ်ပြန်သည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။ ယင်းသို့ သီးခြားလုပ်ထုံးလုပ်နည်းများ မရှိလျှင်၊ ယင်းစီမံကိန်းများအားလုံးသည် ကမ္ဘာ့ဘဏ်အုပ်စု၊ အာရှဖွံ့ဖြိုးရေးဘဏ်အပါအဝင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများကလက်ခံထားသည့် ဆန္ဒမပါသောနေရာပြောင်းရွှေ့ရမှုနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာအလေ့အကျင့်ကောင်းများကို လိုက်နာဆောင်ရွက်ရမည်။ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းဇရိယာတည်ရှိသည့် မြန်မာနိုင်ငံအောက်ပိုင်းနှင့် အကျုံးဝင်သည့် မြေသိမ်းယူခြင်းနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းတို့နှင့်ပတ်သက်သည့် မြန်မာနိုင်ငံရှိ ဥပဒနှင့် နည်းဥပဒေများကို ဇယား (၄-၁) တွင် ဖော်ပြထားပါသည်

**ဇယား (၄-၁) မြေသိမ်းယူခြင်း/ပြန်လည်နေရာထားရေးလုပ်ငန်းတို့နှင့်ပတ်သက်သည့် အဓိကဥပဒေများ**

| |
|---|
| · လယ်ယာမြေဥပဒေ၊ ၂၀၁၂ခုနှစ် |
| · လယ်ယာမြေနည်းဥပဒေ၊ ၂၀၁၂ခုနှစ် |
| · မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ ၂၀၁၂ခုနှစ် |
| · မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေ၊ ၂၀၁၂ခုနှစ် |
| · အထူးစီးပွားရေးဇုန်ဥပဒေ၊ ၂၀၁၄ခုနှစ် |
| · ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အခြေခံဥပဒေ၊ ၂၀၀၈ခုနှစ် |
| · မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ၊ ၁၉၈၇ခုနှစ် |
| · သီးစားချထားရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ၁၉၆၅ခုနှစ် |
| · အောက်မြန်မာပြည် မြို့နှင့်ကျေးရွာများဥပဒေ၊ ၁၈၉၉ခုနှစ် |

[16] ပုဒ်မ ၈၀ (ခ) တွင် "ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြုပ်နှံသူများသည် လူများ၏ မူလနေထိုင်သည့် အဆင့်အတန်းအခြေအနေ အတိုင်း သို့မဟုတ် မနိမ့်ကျစေဘဲ ပြန်လည်နေရာချထားရန်၊ သက်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် ပူးပေါင်းဆောင်ရွက်၍ အလုပ်အကိုင်များချောမွေ့စေရန်နှင့် အခြေခံလိုအပ်ချက်များကို ဖြည့်စည်းပေးရန်တို့ကို ဆောင်ရွက်သင့်သည်" ဟု ပြဋ္ဌာန်းထားပါသည်။

| |
|---|
| • မြေသိမ်းအက်ဥပဒေ၊ ၁၈၉၄ခုနှစ် (၁၉၃၇ခုနှစ် (ဥပဒေအမိန့်များကျင့်သုံးခြင်း)နှင့် ၁၉၄၀ခုနှစ် (မြန်မာနိုင်ငံတော်အက်ဥပဒေအမှတ်-၂၇)တို့တွင် မြန်မာနိုင်ငံတော်အစိုးရ အမိန့်ဖြင့် ပြင်ဆင်ခဲ့) |
| • မြေနှင့်အခွန်အက်ဥပဒေ၊ ၁၈၇၆ခုနှစ် (၁၉၄၅ခုနှစ် (မြန်မာနိုင်ငံအက်ဥပဒေအမှတ် ၁၂)၊ ၁၉၄၆ခုနှစ် (မြန်မာနိုင်ငံတော်အက်ဥပဒေ အမှတ်- ၆၄)နှင့် ၁၉၄၇ခုနှစ် (မြန်မာနိုင်ငံတော်အက်ဥပဒေအမှတ်-၆)တို့တွင် ပြင်ဆင်ခဲ့) |
| • အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်လက်စွဲ၊ ၁၈၇၆ခုနှစ် |
| • စည်ပင်သာယာရေးကော်မတီဥပဒေ၊ ၁၉၉၃ခုနှစ် |
| • ဗဟိုမြေယာကော်မတီ၏ ညွှန်ကြားချက်များ |
| • ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ၂၀၁၅ခုနှစ် |

မူရင်း - UNHCRနှင့် UN-HABITATတို့မှ ပြုစုသည့် "မြန်မာနိုင်ငံ မြေယာပြဿနာများဆိုင်ရာ လမ်းညွှန်ချက်မှတ်စု"ကို အခြေခံကာ ပြုစုထားခြင်းဖြစ်ပါသည်။

ကမ္ဘာ့ဘဏ်၏ ကာကွယ်ပေးရေး မူဝါဒ (၄.၁၂ နောက်ဆက်တွဲ-၄ )တွင် ဖော်ပြထားသော ဂျိုက်ကာ၏ လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်နေရာချထားရေးစီမံချက် (မူကြမ်း)အား ပြင်ဆင်ထားသည်။

## ၄.၂ ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ နိုင်ငံတကာကျင့်သုံးမှုများ

နိုင်ငံတကာမှ ငွေကြေးထောက်ပံ့သည့်အဖွဲ့အစည်းကြီးများနှင့် အလှူရှင်များသည် စီမံကိန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် ပြန်လည်နေရာချထားရေးအပါအဝင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာတို့ကို ထည့်သွင်းစဉ်းစားကာ မူဝါဒများနှင့် လမ်းညွှန်ချက်များကို ရေးဆွဲခဲ့ကြပါသည်။ အခြေခံအားဖြင့် ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ နိုင်ငံတကာ ကျင့်သုံးမှုများမှာ ယင်းမူဝါဒများနှင့် လမ်းညွှန်ချက်များအပေါ်တွင် အခြေခံကာ ဆောင်ရွက်ကြပါသည်။ ပြန်လည်နေရာချထားရေးဆောင်ရွက်ရာတွင် အသုံးပြုသော အဓိက မူဝါဒများနှင့် လမ်းညွှန်ချက်များကို အောက်တွင်ဖော်ပြထားပါသည်။

(၁) ကမ္ဘာ့ဘဏ်၏ ဘေးအန္တရာယ်ကာကွယ်ရေးမူဝါဒ- ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်သည့်မူဝါဒ (OP ၄.၁၂)
(၂) သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစဉ်းစားဆင်ခြင်မှုများအတွက် ဂျပန်အပြည်ပြည် ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (ဂျိုက်ကာ)၏ လမ်းညွှန်ချက်များ (၂၀၁၀ခုနှစ် ဧပြီလ)
(၃) အာရှဖွံ့ဖြိုးရေးဘဏ် (Asia Development Bank)၏ ဘေးအန္တရာယ်ကာကွယ်ရေးမူဝါဒကြေညာချက်- ၂၀၀၉ ခုနှစ် ဘေးအန္တရာယ်ကာကွယ်ရေးမူဝါဒ ဖော်ပြချက်- SPS

## ၄.၃ ဂျိုက်ကာ၏ ပြန်လည်နေရာချထားရေးဆိုင်ရာ မူဝါဒများ

ဂျိုက်ကာ၏လမ်းညွှန်ချက်များတွင် ဖော်ပြထားသည့် ဂျိုက်ကာ ပြန်လည်နေရာချထားရေးဆိုင်ရာ မူဝါဒများ ရှိပါသည်။ ပြန်လည်နေရာချထားရေးလုပ်ငန်းများ မဖြစ်မနေဆောင်ရွက်ရသည့်အခါ ဂျိုက်ကာ၏မူဝါဒများနှင့်ပတ်သက်၍ အဓိကစည်းမျဉ်းစည်းကမ်းများကို အောက်တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။

က) ပြန်လည်နေရာချထားရန်နှင့် ဝင်ငွေလမ်းကြောင်းဆုံးရှုံးမှုများ မဖြစ်မနေကြုံတွေ့လာသည့်အခါ ထင်သာမြင်သာရှိသည့်နည်းလမ်းအားလုံးကိုရှာဖွေကာ တတ်နိုင်သမျှ အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ရမည်။
ခ) ထိုသို့စစ်ဆေးပြီးနောက် ရှောင်လွှဲမရနိုင်ကြောင်း သေချာသည့်အခါ ထိခိုက်နစ်နာမှု အနည်းဆုံးနှင့် ဆုံးရှုံးနစ်နာမှုများအတွက် လျော်ကြေးပေးအပ်ရန် ထိရောက်မှုရှိသည့် အစီအမံများကို ဆောင်ရွက်ရမည်။
ဂ) မလွှဲမရှောင်သာ ပြောင်းရွှေ့ရမည့်ပုဂ္ဂိုလ်များ၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင် ထိခိုက်သူ သို့မဟုတ် ဆုံးရှုံးသူများအား လျော်ကြေးငွေကို ၎င်းတို့၏လူနေမှုအဆင့်အတန်း၊ ဝင်ငွေရအလုပ်အကိုင်အခွင့်အလမ်းများ၊ ကုန်ထုတ်လုပ်မှုအဆင့်များ ပိုမိုကောင်းမွန်စေရန် သို့မဟုတ် အနည်းဆုံး စီမံကိန်းမတိုင်မီအခြေအနေသို့ ပြန်လည်ရောက်ရှိ စေရန်အတွက် လုံလုံလောက်လောက် ပေးအပ်ရမည်။
ဃ) ပြန်လည်နေရာချထားရေးကုန်ကျစရိတ်အားလုံးကိုအခြေခံကာ လျော်ကြေးငွေကို အတတ်နိုင်ဆုံး ပေးအပ်ရမည်။
င) လျော်ကြေးနှင့် အခြားပံ့ပိုးမှုများကို ပြန်လည်နေရာချထားရေးလုပ်ငန်းများမဆောင်ရွက်မီ ပေးအပ်ရမည်။

စ) အိမ်ထောင်စုများစွာအား ပြန်လည်နေရာချထားရေးဆောင်ရွက်ရန် မဖြစ်မနေလိုအပ်သည့် စီမံကိန်းများအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲရမည်ဖြစ်ပြီး အများပြည်သူသို့ အသိပေးရမည်။ ၎င်းစီမံချက်တွင် ကမ္ဘာ့ဘဏ်၏ ဘေးအန္တရာယ် ကာကွယ်ရေး မူဝါဒ၊ လုပ်ငန်းမူဝါဒ (၄.၁၂)၊ နောက်ဆက်တွဲ (က) တွင် ပြဋ္ဌာန်းဖော်ပြထားသည့် အချက်များ ပါဝင်ရမည်။

ဆ) ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များကို စောင့်ကြည့်စစ်ဆေးခြင်းစသည့်အဆင့်များတွင် စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများနှင့် ဆွေးနွေးတိုင်ပင်ရမည်။

ဇ) စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် သင့်မြတ်ကောင်းမွန်သော ထိခိုက်နစ်နာမှုများကိုသက်သာစေမည့်အစီအမံများ ရေးဆွဲထားရှိရမည်။

အထက်ပါမူဝါဒများအပြင် ဂျိုက်ကာအနေဖြင့် ကမ္ဘာ့ဘဏ်၏ OP ၄.၁၂တွင် ရေးဆွဲပြဋ္ဌာန်းထားသည့် အောက်ဖော်ပြပါမူဝါဒများကိုလည်း အသုံးပြုပါသည်။

က) ကနဦးအခြေခံစစ်တမ်း (အကျုံးဝင်သည့်နောက်ဆုံးရက်စွဲ၊ ပိုင်ဆိုင်မှုစာရင်းနှင့် လူမှုစီပွားရေး စာရင်းများပါဝင်သော လူဦးရေစာရင်းကောက်ယူခြင်း) မှတဆင့် အကျုံးဝင်သူများကို ဖော်ထုတ်နိုင်ရန်အတွက် စစ်တမ်းကိုစောနိုင်သမျှစောစွာ ကောက်ယူရမည်ဖြစ်ပြီး အကျိုးစီးပွားအလို့ငှာ ရည်ရွယ်ချက်ရှိရှိ ကျူးကျော်ဝင်ရောက်သူများကို ကာကွယ်နိုင်ရန်အတွက် ယင်းစစ်တမ်းကို စီမံကိန်းရေးဆွဲသည့်အဆင့်တွင် ကောက်ယူသင့်ပါသည်။

ခ) အကျိုးခံစားခွင့်နှင့် အကျုံးဝင်သူများတွင် တရားဝင်မြေအသုံးချခွင့်ရှိသည့် ပြောင်းရွှေ့ရမည့်သူများ (ဥပဒေအရအသိအမှတ်ပြုသည့် ရိုးရာအစဉ်အဆက် မြေအသုံးချခွင့်ရှိသူများအပါအဝင်)၊ လူဦးရေ စစ်တမ်းကောက်ယူစဉ်က တရားဝင်မြေအသုံးချခွင့်မရှိသော်လည်း ယင်းမြေအားအသုံးချခွင့်ပြုရန် တောင်းဆိုထားသည့် ပြောင်းရွှေ့ရမည့်သူများနှင့် ၎င်းတို့ လုပ်ကိုင်နေသည့်မြေအား တရားဥပဒေအရ တရားဝင်ကြောင်းအသိအမှတ်မပြုနိုင်သော ပြောင်းရွှေ့ရမည့်သူများ ပါဝင်ပါသည်။

ဂ) မြေယာကိုအသုံးပြုကာ အသက်မွေးဝမ်းကြောင်းလျှက်ရှိကြသည့် ပြန်လည်နေရာချထားမည့်သူများအတွက် အလားတူအတိုင်းမြေယာအခြေခံ ပြန်လည်နေရာချထားရေးကို ရွေးချယ်ခွင့်ပေးရမည်။

ဃ) အကူးအပြောင်းကာလ (ပြန်လည်နေရာချထားသည့်အချိန် နှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ပြန်လည်မတည်ငြိမ်မီအချိန်စပ်ကြား) အတွက် ပံ့ပိုးမှုများ ပေးအပ်ရမည်။

င) ပြန်လည်နေရာချထားမည့်ပုဂ္ဂိုလ်များအတွင်း မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်မှ ပုဂ္ဂိုလ်များ၊ မြေယာမရှိသူများ၊ အသက်အရွယ် ကြီးရင့်သူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၊ လူနည်းစုများ စသည်တို့အပေါ်တွင် အထူးအလေးဂရုပြုရမည်။

စ) မြေသိမ်းယူရန်၊ လူဦးရေ (၂၀၀) နှင့် ၎င်းထက်နည်းသော လူဦးရေအား မဖြစ်မနေပြန်လည် နေရာချရန်လိုအပ်သည့် စီမံကိန်းများအတွက် ပြန်လည်နေရာချထားရေးစီမံချက် အကျဉ်းချုပ်ကို ရေးဆွဲရမည်။

အထက်ပါလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆောင်ရွက်ရမည့်အစီအမံများကို ဇယား (၄-၂) တွင် အကျဉ်းချုပ်ဖော်ပြထားပြီး ဤလုပ်ငန်းစီမံချက် (မူကြမ်း) ၏ သက်ဆိုင်ရာ အခန်းများတွင် ဖြည့်စွက်ရှင်းပြထားပါသည်။

## ၄.၄ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဥပဒေနှင့် နိုင်ငံတကာမှ ကျင့်သုံးနေသည့် မူဝါဒတို့အား နှိုင်းယှဉ်ချက်များနှင့် ဖြည့်စွက်ဆောင်ရွက်သင့်သည့် အစီအမံများ

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၇) တွင် မလွှဲမရှောင်သာ ပြန်လည်နေရာချထားပေးရန် လိုအပ်သည့် စီမံကိန်းများတွင် နိုင်ငံတကာအလေ့အကျင့်ကောင်းများကို လိုက်နာဆောင်ရွက်ရမည်ဟု ဖော်ပြထားပါသည်။ ဤအပိုင်းတွင် မြန်မာနိုင်ငံရှိ တည်ဆဲဥပဒေများနှင့် နိုင်ငံတကာအလေ့အကျင့်များအကြား ကွဲလွဲမှုမရှိပါ။ သို့ရာတွင် အဆိုပါလိုအပ်ချက်များအား မည်ကဲ့သို့ဖြည့်ဆည်းပေးမည်ဆိုသည့် လုပ်ထုံးလုပ်နည်းအသေးစိတ်ကိုမူ ဖော်ပြထားခြင်းမရှိပါ။ မြန်မာနိုင်ငံရှိ ဥပဒေ/လုပ်ထုံးလုပ်နည်းများနှင့် ဂျိုက်

ကာလမ်းညွှန်ချက်များအကြား နှိုင်းယှဉ်ချက်များ၊ ဤစီမံကိန်းမှ ဆောင်ရွက်သွားမည့် အစီအမံများကို ဇယား (၄-၂)တွင် အကျဉ်းချုပ် ဖော်ပြထားပါသည်။

ထို့ကြောင့် ဂျိုက်ကာ၏ လမ်းညွှန်ချက်များအရ စီမံကိန်းများအနေဖြင့် ကမ္ဘာ့ဘဏ်၏ ဘေးအန္တရာယ်ကာကွယ်တားဆီးရေးမူဝါဒများ၊ ထိုမူဝါဒပါ OP ၄.၁၂ဖြစ်သည့် မလွှဲမရှောင်သာ နေရာချထားခြင်းဆိုင်ရာ မူဝါဒများနှင့် သိသိသာသာသွေဖည်မှုမရှိစေဘဲ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ဤစီမံကိန်းအနေဖြင့်လည်း ကွာဟချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ဂျိုက်ကာလမ်းညွှန်ချက်ပါ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ထားသည် ဆိုပါက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလေ့လာဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း လိုက်လာဆောင်ရွက်ထားသည်ဟု မှတ်ယူနိုင်မည် ဖြစ်ပါသည်။

**ဇယား (၄-၂) မြန်မာနိုင်ငံရှိ ဥပဒေများနှင့် ဂျိုက်ကာ၏ လမ်းညွှန်ချက်များအကြား နှိုင်းယှဉ်မှုများ**

| စဉ် | ဂျိုက်ကာ၏ လမ်းညွှန်ချက်များ | မြန်မာနိုင်ငံရှိ ဥပဒေများ | မြန်မာနိုင်ငံရှိဥပဒေများနှင့် ဂျိုက်ကာ၏ လမ်းညွှန်ချက်များအကြား နှိုင်းယှဉ်ချက်များ | ဖြည့်စွက်ဆောင်ရွက်သင့်သည့် အစီအမံများ |
|---|---|---|---|---|
| ၁ | ပြန်လည်နေရာချထားရန် နှင့် ဝင်ငွေလမ်းကြောင်း ဆုံးရှုံးမှုများ မဖြစ်မနေ ကြုံတွေ့လာသည့်အခါ ထင်သာမြင်သာရှိသည့် နည်းလမ်းအားလုံးကို ရှာဖွေကာ တတ်နိုင်သမျှ အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ရမည်။ (ဂျိုက်ကာ၏ လမ်းညွှန်ချက်များ) | ဥပဒေပြဋ္ဌာန်းချက်မရှိပါ။ | ပြန်လည်နေရာချထားရန်နှင့် ဝင်ငွေလမ်းကြောင်း ဆုံးရှုံးမှုများကို အနည်းဆုံးဖြစ်စေရန် သို့မဟုတ် ရှောင်ရှားရန်အတွက် ဖော်ပြထားသော သို့မဟုတ် တောင်းဆိုထားသော စည်းမျဉ်းစည်းကမ်းများ မရှိပါ။ | စီမံကိန်းပြင်ဆင်ခြင်းအဆင့်များ၏ အစောပိုင်းတွင် စီမံကိန်းအနေဖြင့် ပြန်လည်နေရာချထားရေးဆိုင်ရာ သက်ရောက်မှုများကို အနည်းဆုံးဖြစ်စေရန် သို့မဟုတ် ရှောင်ရှားနိုင်ရန်အတွက် အခြားနည်းလမ်းများကို စစ်ဆေးခဲ့ပါသည်။ |
| ၂ | ထိုသို့စစ်ဆေးပြီးနောက် ရှောင်လွှဲမရနိုင်ကြောင်း သေချာသည့်အခါ ထိခိုက်နစ်နာမှု အနည်းဆုံးနှင့် ဆုံးရှုံးနစ်နာမှုများအတွက် လျော်ကြေးပေးအပ်ရန် ဆောင်ရွက်ရမည်။ (ဂျိုက်ကာ၏ လမ်းညွှန်ချက်များ) | နိုင်ငံတော်နှင့် အများပြည်သူအကျိုးငှာသိမ်းယူသည့် လယ်ယာမြေများအတွက် နစ်နာကြေး (သို့) လျော်ကြေးပေးအပ်ရမည်။ (လယ်ယာမြေ ဥပဒေ (၂၀၁၂)၊ ပုဒ်မ (၂၆)၊ လယ်ယာမြေနည်းဥပဒေ (၂၀၁၂)၊ ပုဒ်မ (၆၄)) | ကွဲလွဲမှုမရှိပါ။ | - |
| ၃ | မလွှဲမရှောင်သာ ပြောင်းရွှေ့ရမည့်ပုဂ္ဂိုလ်များ၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင် ထိခိုက်မှုရှိသူ သို့မဟုတ် ဆုံးရှုံးသူများအား ၎င်းတို့၏ လူနေမှုအဆင့်အတန်း၊ ဝင်ငွေရလုပ်ငန်း အခွင့်အလမ်းများ၊ ကုန်ထုတ်လုပ်မှုအဆင့်များ ပိုမိုကောင်းမွန်စေရန် သို့မဟုတ် အနည်းဆုံး စီမံကိန်း မတိုင်မီအခြေအနေသို့ပြန်လည် ရောက်ရှိစေရန်အတွက် လျော်ကြေးနှင့် ပံ့ပိုးမှုများကို လုံလုံလောက်လောက်ပေးအပ်ရမည်။ | သီးနှံ/သစ်ပင်များ ပျက်စီးမှု၊ မြေ၊ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း/ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများ ပြောင်းရွှေ့ပေးရသည့်အတွက် ကုန်ကျစရိတ်၊ စီးပွားရေးလုပ်ငန်းများပြောင်းရွှေ့ပေးရသည့်အတွက် ကုန်ကျစရိတ်၊ စသည်တို့အတွက် လျော်ကြေးပေးအပ်ရမည်။ (မြေသိမ်းအက်ဥပဒေ (၁၈၉၄)၊ ပုဒ်မ (၂၃)၊ လယ်ယာမြေနည်းဥပဒေ (၂၀၁၂)၊ ပုဒ်မ (၆၇)) | လူနေမှုအဆင့် အတန်း၊ ဝင်ငွေရလုပ်ငန်းအခွင့်အလမ်းများ၊ ကုန်ထုတ်လုပ်မှုအဆင့်များ ပိုမိုကောင်းမွန်စေရန် သို့မဟုတ် အနည်းဆုံး စီမံကိန်း မတိုင်မီအခြေအနေသို့ ပြန်လည်ရောက်ရှိရမည်ဆိုသည် နှင့်ပတ်သက်၍မှု မြန်မာနိုင်ငံ၏ တရားဝင်မူဘောင်များတွင် သတ်မှတ်ထားခြင်းမရှိပါ။ | မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်ဖြင့်သော်လည်း ကောင်း အမျိုးမျိုးသော ခံစားခွင့်ကို ထောက်ပံ့ခြင်းဖြင့်သော်လည်းကောင်း အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန် (သို့) အနည်းဆုံး စီမံကိန်း မဆောင်ရွက်မီအခြေအနေအထိ ပြန်လည်ရောက်ရှိစေရန်အတွက် ပံ့ပိုးမှုများ ပေးအပ်သွားမည်ဖြစ်ပြီး မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ်၏ တိုးတက်မှုများကို အခါအားလျော်စွာ စောင့်ကြည့်စစ်ဆေးမည်ဖြစ်သည်။ |
| ၄ | ပြန်လည်နေရာချထားရေးကုန်ကျစရိတ်အားလုံးကို အတတ်နိုင်ဆုံးပေးအပ် ရမည်။ (ဂျိုက်ကာ၏ လမ်းညွှန်ချက်များ) | မြေ- ဈေးကွက်ပေါက်ဈေးအတိုင်း ပေးလျော်ရမည်။ (၁၈၉၄ခုနှစ် မြေသိမ်းအက်ဥပဒေ၊ ပုဒ်မ (၉)၊ ၂၃ (၁)နှင့် ၂၃ (၂)) သီးနှံ - စပါးနှင့် အခြားရာသီသီးနှံများအတွက် တစ်ဧကပျမ်းမျှအထွက်နှုန်းကို အခြေခံလျှက် ဒေသ၏ ကာလ | မြေ- ဈေးကွက်ပေါက်ဈေးကို ထည့်သွင်းစဉ်းစားရန်လိုအပ်သော်လည်း လျော်ကြေးအား သတ်မှတ်ရမည့် နည်းလမ်းကိုမူ အက်ဥပဒေ၌ ရှင်းရှင်းလင်းလင်း ဖော်ပြထားခြင်း မရှိပါ။ သီးနှံ- ကွဲလွဲမှုမရှိပါ။ | ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ သတ်မှတ်သော တရားဝင်မြေလျော်ကြေးအပြင် ထောက်ပံ့ကြေး ပမာဏသည် ပြန်လည် အစားထိုး ကုန်ကျစရိတ်ကိုကာမိစေရန် စီမံကိန်း အကောင်အထည် ဖော် |

| စဉ် | ဂျိုက်ကာ၏ လမ်းညွှန်ချက်များ | မြန်မာနိုင်ငံရှိ ဥပဒေများ | မြန်မာနိုင်ငံရှိဥပဒေများနှင့် ဂျိုက်ကာ၏ လမ်းညွှန်ချက်များအကြား နှိုင်းယှဉ်ချက်များ | ဖြည့်စွက်ဆောင်ရွက်သင့်သည့် အစီအမံများ |
|---|---|---|---|---|
| | | ပေါက်ဈေးဖြင့် တွက်ချက်သော တန်ဖိုး၏ သုံးဆကို ပေးလျော်ရမည်။ (လယ်ယာမြေနည်း ဥပဒေ (၂၀၁၂)၊ ပုဒ်မ (၆၇)) | | ဆောင်သည့်အဖွဲ့အစည်းမှ ထပ်ဆောင်းထောက်ပံ့သည်။ |
| ၅ | လျော်ကြေးနှင့် အခြားပံ့ပိုးမှုများကို ပြန်လည်နေရာချထားရေးလုပ်ငန်းများ မဆောင်ရွက်မီ ပေးအပ်ရမည်။ (ဂျိုက်ကာ၏ လမ်းညွှန်ချက်များ) | လျော်ကြေးငွေကို မပေးရသေး၍ သော်လည်းကောင်း၊ မြေကို လက်ရောက်ရယူခြင်းမပြုမီ သော်လည်းကောင်း လျော်ကြေးကို အတိုးနှုန်းနှင့် ပေးအပ်ရမည်။ | ၎င်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည်ကို မတွေ့ရပါ။ | ပြန်လည်နေရာချထားခြင်း မတိုင်မီ လျော်ကြေးနှင့် ထောက်ပံ့ကြေးများကို ထောက်ပံ့ပေးရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆုံးဖြတ်သည်။ မြေလျော်ကြေးအားလည်း မြေသိမ်းဆည်းခြင်း မဆောင်ရွက်မီ ပေးအပ်မည်ဖြစ်သည်။ |
| ၆ | အိမ်ထောင်စုများစွာအား ပြန်လည်နေရာချထားရန် မဖြစ်မနေလိုအပ်သည့် စီမံကိန်းများအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲရမည်ဖြစ်ပြီး အများပြည်သူသို့ အသိ ပေးချပြရမည်။ (ဂျိုက်ကာ ၏ လမ်းညွှန်ချက်များ) | ဥပဒေပြဋ္ဌာန်းချက်မရှိပါ။ | ၎င်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည့် စည်းမျဉ်းစည်းကမ်းများ မရှိပါ။ | ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ကို စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများနှင့် ညှိနှိုင်းတိုင်ပင်ကာ ရေးဆွဲထားခြင်းဖြစ်ပြီး အများပြည်သူသို့ အသိပေးသွားမည်ဖြစ်ပါသည်။ |
| ၇ | ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲရာတွင် ရရှိနိုင်သည့်သတင်း အချက်အလက်များကို ပြည့်ပြည့်စုံစုံ ကြိုတင် ပေးအပ်ကာ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများနှင့် ညှိနှိုင်းတိုင်ပင်ရပါမည်။ (ဂျိုက်ကာ၏ လမ်း ညွှန်ချက်များ) | ဥပဒေပြဋ္ဌာန်းချက်မရှိပါ။ | စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများနှင့် ညှိနှိုင်းတိုင်ပင်ရန် ပြဋ္ဌာန်းထား သည့် စည်းမျဉ်းစည်းကမ်းဟူ၍ မရှိပါ။ | စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများအား အနည်းဆုံး တစ်ပတ်ကြိုတင် အသိပေး၍ ပြန်လည်နေရာချထားရေးစီမံချက် ပြင်ဆင်နေချိန်အတွင်း သမာရိုးကျ လူထုအစည်းအဝေးပွဲ (၂) ခုကို ကျင်းပမည်ဖြစ်သည်။ ထို့အပြင် နောက်ဆက်တွဲနှင့် အခြားအစည်းအဝေးပွဲများကို အခန်း (၈) တွင် ဖော်ပြထားသည့်အတိုင်း ကျင်းပမည်ဖြစ်သည်။ |
| ၈ | ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်သည့်အခါ ထိခိုက်နစ်နာသူများ နားလည်နိုင်သော ပုံစံ၊ အပြုအမူနှင့် ဘာသာစကားကိုအသုံးပြုကာ ရှင်းလင်းရမည်။ (ဂျိုက်ကာ၏ လမ်းညွှန်ချက်များ) | ဥပဒေပြဋ္ဌာန်းချက်မရှိပါ။ | စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများနှင့် ညှိနှိုင်းတိုင်ပင်ရန် ပြဋ္ဌာန်းထားသည့် စည်းမျဉ်းစည်းကမ်းဟူ၍ မရှိပါ။ | စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများနှင့် ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်သည့်အခါ အလွယ်တကူ နားလည်နိုင်ရန် မြန်မာဘာသာ ပြန်ထားသော စာရွက်များ၊ ပုံများနှင့် မြေပုံများကို အသုံးပြုသည်။ |
| ၉ | ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲ ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းတို့တွင်စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ၏ သင့်တော်သည့် ပူးပေါင်းပါဝင်မှုကို မြှင့်တင်ပေးရမည်။ (ဂျိုက်ကာ၏ လမ်းညွှန်ချက်များ) | ဥပဒေပြဋ္ဌာန်းချက်မရှိပါ။ | ၎င်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားခြင်းမရှိပါ။ | လူထုအစည်းအဝေးပွဲများကို ကျင်းပမည့်အချိန်ထက် တစ်ပတ်စော၍ စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့်သူများအား အကြောင်းကြားပြီး စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့်သူများ၏ ကိုယ်စားပြုသူများက ပြန်လည်နေရာချထားရေးကော်မတီ (RIC) နှင့် မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် |

| စဉ် | ဂျိုက်ကာ၏ လမ်းညွှန်ချက်များ | မြန်မာနိုင်ငံရှိ ဥပဒေများ | မြန်မာနိုင်ငံရှိဥပဒေများနှင့် ဂျိုက်ကာ၏ လမ်းညွှန်ချက်များအကြား နှိုင်းယှဉ်ချက်များ | ဖြည့်စွက်ဆောင်ရွက်သင့်သည့် အစီအမံများ |
|---|---|---|---|---|
| | | | | အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ (IRPIC) တို့တွင် ပူးပေါင်းပါဝင်သည်။ |
| ၁၀ | စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများနှင့် ၎င်းတို့၏ မိသားစုများ အတွက် သင့်မြတ်ကောင်းမွန် သော ထိခိုက်နစ်နာမှုများအား သက်သာစေမည့် အစီအမံများကို ရေးဆွဲထားရှိရမည်။ (ဂျိုက်ကာ၏ လမ်းညွှန်ချက်များ) | ၁) လျော်ကြေး ငွေနှင့်စပ်လျဉ်း၍ ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ ထံပေးပို့သည့် နို့တစ်စာ- လျော်ကြေးပေးအပ်သည့်နေ့မှ သီတင်းပတ် (၆) ပတ်အတွင်း တရားရုံးသို့ အယူခံလျှောက်ထားရန်<br>၂) လျော်ကြေးငွေနှင့်စပ်လျဉ်း၍ ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၏ ကိုယ်စားလှယ်များထံသို့ ပေးပို့သည့်နို့တစ်စာ- က) လျော်ကြေးလက်ခံရရှိသည့်နေ့မှ သီတင်းပတ် (၆) ပတ်အတွင်း သို့မဟုတ် ခ) ဆုံးဖြတ်သည့်နေ့မှ (၆) လအတွင်း၊ ၎င်းကာလနှစ်ရပ်မှ ပထမကုန်ဆုံးသည့်ကာလ တစ်ခုခုတွင် လျှောက်ထားရမည်။ (မြေသိမ်းအက်ဥပဒေ (၁၈၉၄)၊ ပုဒ်မ (၁၈)) | မြန်မာနိုင်ငံတွင် ထိခိုက်နစ်နာမှုများကို သက်သာစေမည့် လုပ်ထုံးလုပ်နည်းမှာ နစ်နာမှုရှိသည့်အိမ်ထောင်စုများမှ အလွယ်တကူ ဆောင်ရွက်နိုင်ခြင်းမရှိသည့် တရားရုံးမှ တိုက်ရိုက်ဖြေရှင်း ခြင်း ဖြစ်ပါသည်။ | စီမံကိန်းအနေဖြင့် ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ တိုင်ပင်ဆွေးနွေး၍ ထိခိုက်နစ်နာမှုများကို သက်သာစေမည့် အစီအစဉ်များကို ဆောင်ရွက်သည်။ ရပ်ရွာလူမှုအဖွဲ့အစည်းမှ ဦးစီးဦးဆောင်ပြုဆောင်ရွက်မည့် နစ်နာမှုများအား လျော့ပါးသက်သာစေရေးလုပ်ငန်းစဉ် (CD-OGM) ကိုလည်း ရေးဆွဲနေဆဲ ဖြစ်သည်။ အခန်း (၁၀) တွင် အသေးစိတ်ရှင်းလင်းထားသည်။ |
| ၁၁ | ကနဦးအခြေခံစစ်တမ်း (အကျုံးဝင်သည့်နောက်ဆုံးရက်စွဲ၊ ပိုင်ဆိုင်မှုစာရင်းနှင့် လူမှုစီးပွားရေးစာရင်းများပါဝင်သော လူဦးရေစာရင်း ကောက်ယူခြင်း) မှတဆင့် အကျုံးဝင်သူများကို ဖော်ထုတ်နိုင်ရန်အတွက် စစ်တမ်းကို စောနိုင်သမျှစောစွာ ကောက်ယူရမည်ဖြစ်ပြီး အကျိုးစီးပွားအလို့ငှာ ရည်ရွယ်ချက်ရှိရှိ ကျူးကျော်ဝင်ရောက်လာသူများကို ကာကွယ်နိုင်ရန်အတွက် ယင်းစစ်တမ်းကို စီမံကိန်းရေးဆွဲသည့် အဆင့်တွင် ကောက်ယူသင့်ပါသည်။ (ကမ္ဘာ့ဘဏ် OP၄.၁၂၊ အပိုဒ် ၆) | အများပြည်သူအကျိုးငှာမြေသိမ်းယူခြင်းဖြစ်ကြောင်း အစိုးရက အမိန့်ကြော်ငြာစာထုတ်ပြန်ရမည်ဖြစ်ပြီး သက်ဆိုင်ရာရုံးတွင် အများသိစေရန် ကြော်ငြာထားရမည်။ (မြေသိမ်းအက်ဥပဒေ (၁၈၉၄)၊ ပုဒ်မ (၄)) | ၎င်းနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းထားခြင်းမရှိပါ။ | ကနဦးရေးဆွဲသတ်မှတ်ထားသည့် နယ်နိမိတ်အတွင်း လူဦးရေစစ်တမ်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၃ခုနှစ် ဧပြီလတွင် ကောက်ယူခဲ့ပြီး အကျုံးဝင်ရက်စွဲကို ၂၀၁၃ ခုနှစ် ဧပြီလ (၄) ရက်နေ့တွင် ကြေညာခဲ့သည်။ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စု အရေအတွက်နှင့် ၎င်းတို့၏ လူမှုစီးပွားရေးအခြေအနေများကို ဖော်ထုတ်နိုင်ရန်အတွက် အတည်ပြုပြီး စီမံကိန်းဇရိယာအတွင်း ဖြည့်စွက်စစ်တမ်းကောက်ယူခြင်းကို ၂၀၁၄ ခုနှစ် မေလမှ ၂၀၁၅ခုနှစ် အောက်တိုဘာလအထိ ဆောင်ရွက်ခဲ့ပါသည်။ ဖြည့်စွက်စစ်တမ်းကောက်ယူခြင်းမှာလည်း မြေစာရင်းတွင် အမည်မပေါက်သော မြေပိုင်ဆိုင်သူများကို ဖော်ထုတ်ရန်အတွက် ဆက်လက် ကောက်ယူခဲ့ပါသည်။ |
| ၁၂ | အကျိုးခံစားခွင့်နှင့် အကျုံးဝင်သူများတွင် တရားဝင် မြေအသုံးချခွင့်ရရှိသည့် ထိခိုက်နစ်နာသူများ (ဥပဒေအရ အသိအမှတ်ပြုသည့် ရိုးရာအစဉ်အဆက် မြေအသုံးချခွင့်ရှိသူများအပါအဝင်)၊ လူဦးရေစစ်တမ်း ကောက်ယူစဉ်က တရားဝင် မြေအသုံးချခွင့် | သိမ်းယူရန်ရည်ရွယ်ထားသည့် မြေနှင့်သက်ဆိုင်သည့် အကျိုးစီးပွားများအတွက် လျော်ကြေးငွေများတောင်းဆိုနိုင်ကြောင်း ဖော်ပြ၍ ၎င်းမြေပေါ်တွင် ဖြစ်စေ ၎င်းမြေ၏အနီးအနားတွင်ဖြစ်စေ၊ အများသိစေရန် ကြော်ငြာ ထားရမည်။ (မြေသိမ်းအက်ဥပဒေ (၁၈၉၄ခုနှစ်)၊ ပုဒ်မ (၉)) | အိမ်ထောင်စုများအား အကျုံးဝင်/မဝင်သတ်မှတ်သည့် လုပ်ငန်းစဉ်များကို အသေးစိတ် သတ်မှတ်ထားခြင်းမရှိပါ။ ပိုင်ဆိုင်မှု မရှိသော အိမ်ထောင်စုများ အတွက် လည်း သီးခြားပြဋ္ဌာန်း ထားခြင်းမရှိပါ။ | စီမံကိန်းကြောင့် ဝင်ငွေလမ်းကြောင်းများ သို့မဟုတ် ပိုင်ဆိုင်မှုများအပေါ် သက်ရောက်မှုရှိသည့် အိမ်ထောင်စုများအတွက် ပံ့ပိုးမှုများ ပေးအပ်နိုင်ရန်အတွက် စီမံကိန်းအနေဖြင့် အကျုံးဝင်/မဝင်ကို စစ်ဆေးဖော်ထုတ်ခဲ့ပါသည်။ |

| စဉ် | ဂျိုက်ကာ၏ လမ်းညွှန်ချက်များ | မြန်မာနိုင်ငံရှိ ဥပဒေများ | မြန်မာနိုင်ငံရှိဥပဒေများနှင့် ဂျိုက်ကာ၏ လမ်းညွှန်ချက်များအကြား နှိုင်းယှဉ်ချက်များ | ဖြည့်စွက်ဆောင်ရွက်သင့်သည့် အစီအမံများ |
|---|---|---|---|---|
| | မရှိသော်လည်း ယင်းမြေအား အသုံး ချခွင့်ပြုရန် တောင်းဆိုထားသည့် ထိခိုက်နစ်နာသူများနှင့် ၎င်းတို့ နေထိုင်နေသည့်မြေအား တရားဥပဒေအရ တရားဝင်ကြောင်း အသိအမှတ်မပြုနိုင်သော ပြောင်းရွှေ့ရမည့်သူ များပါဝင်သည်။ (ကမ္ဘာ့ဘဏ် OP၄.၁၂၊ အပိုဒ် ၁၅) | | | |
| ၁၃ | မြေယာကိုအသုံးပြုကာ အသက်မွေးဝမ်းကြောင်း လျှက်ရှိကြသည့် ပြန်လည် နေရာချထားမည့်သူများ အတွက် အလားတူ အတိုင်းမြေယာ အခြေခံ ပြန်လည်နေရာချထားရေးကို ရွေးချယ်ခွင့် ပေးရမည်။ (ကမ္ဘာ့ဘဏ် OP၄.၁၂၊ အပိုဒ် ၁၁) | ဥပဒေပြဋ္ဌာန်းချက်မရှိပါ။ | မြေယာအခြေစိုက် ပြန်လည်နေရာချထားရေး ဗျူဟာနှင့်စပ်လျဉ်း၍ ဦးစားပေးစဉ်းစားနိုင်သော လုအပ်သည့် နည်းဥပဒေ ပြဋ္ဌာန်းထားခြင်းမရှိပါ။ | မြေယာလျော်ကြေးအစား မြေယာပြန်လည်ပေးအပ်ခြင်း၏ ဖြစ်နိုင်ချေကို ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့မှ လေ့လာဖော်ထုတ်ခဲ့သော်လည်း ထိုရွေးချယ်မှုမှာ ဖြစ်နိုင်ချေမရှိဟူ၍ အဆုံးသတ်ခဲ့သည်။ |
| ၁၄ | အကူးအပြောင်းကာလ (ပြန်လည်နေရာ ချထားသည့် အချိန်နှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပြန်လည်မတည်ငြိမ်မီအချိန်စပ်ကြား)အတွက် ပံ့ပိုးမှုများ ပေးအပ်ရမည်။ (ကမ္ဘာ့ဘဏ် OP၄.၁၂၊ အပိုဒ် ၆) | ဥပဒေပြဋ္ဌာန်းချက်မရှိပါ။ | ၂၀၁၄ခုနှစ် အထူးစီးပွားရေးဇုန် ဥပဒေအရ ရင်းနှီးမြှုပ်နှံသူများမှ စီမံကိန်းကြောင့်နစ်နာသူများ၏ မူလအခြေအနေအဆင့် အတန်းထက် အောက်မကျစေဘဲ ပြန်လည်နေရာချထားပေးရန် လိုအပ်သည်ဟု ဖော်ပြထားသည်။ (ပုဒ်မ ၈၀-ခ) | အကူးအပြောင်းကာလ အတွက် ပံ့ပိုးမှုများကို မူလဝင်ငွေအခြေအနေသို့ ပြန်လည် ရောက်ရှိစေရေး အစီအစဉ်နှင့် အခြားသက်ဆိုင်ရာ လုပ်ငန်းများမှတဆင့် ပေးအပ်သွားမည် ဖြစ်ပါသည်။ အသေးစိတ်ကို အခန်း (၇) တွင် ဖော်ပြထားသည်။ |
| ၁၅ | ပြန်လည်နေရာချထားမည့် ပုဂ္ဂိုလ်များအတွင်း မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်မှ ပုဂ္ဂိုလ်များ၊ မြေယာမရှိသူများ၊ အသက်အရွယ်ကြီးရင့်သူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၊ လူနည်းစုများ စသည်တို့အပေါ်တွင် အထူးအလေးဂရုပြုရမည်။ (ကမ္ဘာ့ဘဏ် OP၄.၁၂၊ အပိုဒ် ၈) | ဥပဒေပြဋ္ဌာန်းချက်မရှိပါ။ | ၎င်းနှင့်စပ်လျဉ်း၍ နည်းဥပဒေ ပြဋ္ဌာန်းထားခြင်းမရှိပါ။ | ၎င်းတို့အတွက် အပိုဆောင်း ပံ့ပိုးမှုများ ပေးအပ်သွားမည်ဖြစ်ပြီး ၎င်းနှင့် စပ်လျဉ်း၍ အခန်း (၅) တွင် ဆွေးနွေးထားသည်။ |

# အခန်း (၅) စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်ပုဂ္ဂိုလ်များအတွက် လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးမည့် အစီအစဉ်

## ၅.၁ လျော်ကြေး၊ ကရုဏာကြေးပံ့ပိုးမည့်အစီအစဉ်နှင့် အကျုံးဝင်မှု

အကျုံးဝင်သည့်နောက်ဆုံးရက်စွဲ (Cut-off date)ဆိုသည်မှာ လျော်ကြေး နှင့်/သို့မဟုတ် ကရုဏာကြေးပံ့ပိုးမှုများနှင့် အကျုံးဝင်/မဝင်သတ်မှတ်သည့်ရက်ဖြစ်ပါသည်။ ယင်းရက်စွဲတွင် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းဧရိယာအတွင်း အမှန်တကယ်နေထိုင်သူ သို့မဟုတ် ဝင်ငွေရလုပ်ငန်းတစ်ခုခုလုပ်ကိုင်သူ ပုဂ္ဂိုလ် (သို့မဟုတ် အိမ်ထောင်စု)များသည် လျော်ကြေးနှင့်/သို့မဟုတ် ကရုဏာကြေးပံ့ပိုးမည့်အစီအစဉ်[၁၇] နှင့် အကျုံးဝင်ပါသည်။ ၎င်းအခြေအနေများကို အခြေခံကာ လျော်ကြေးနှင့်/သို့မဟုတ် ကရုဏာကြေးပံ့ပိုးမည့် အစီအစဉ်များအကျုံးဝင်သည့် စည်းမျဉ်းများကို အောက်ပါအတိုင်း ရေးဆွဲခဲ့ပါသည်။

(၁) အကျုံးဝင်သည့်နောက်ဆုံးရက်စွဲ၌ ဒုတိယအကောင်အထည်ဖော်ဆောင်ရွက်မည့်ဇုန်ဧရိယာ (ဇုန်ဧရိယာ (၂-၂) အရှေ့ပိုင်း) အတွင်း နေထိုင်လျှက်ရှိကြသည့် အိမ်ထောင်စုများ

(၂) အကျုံးဝင်သည့်နောက်ဆုံးရက်စွဲ၌ ဒုတိယအကောင်အထည်ဖော်ဆောင်ရွက်မည့်ဇုန်ဧရိယာ (ဇုန်ဧရိယာ (၂-၂) အရှေ့ပိုင်း)ပြင်ပတွင် နေထိုင်သော်လည်း ဒုတိယအကောင်အထည် ဖော်ဆောင်ရွက်မည့်ဇုန်ဧရိယာအတွင်း ဝင်ငွေရလုပ်ငန်းလုပ်ကိုင်လျှက်ရှိကြသော သို့မဟုတ် အဆောက်အဦးတစ်ခုခု ပိုင်ဆိုင်သော အိမ်ထောင်စုများ

(၃) တရားဝင်မြေသိမ်းယူရေး ဆောင်ရွက်လျှက်ရှိသည့်ဇုန်ဧရိယာမှ မြေပိုင်ဆိုင်သူ အိမ်ထောင်စုများ

ယခုအချိန်အထိ တရားဝင်ကြေညာခဲ့သည့် နို့တစ်စာသုံးစောင်မှာ ၁) ၂၀၁၂ခုနှစ် ဩဂုတ်လတွင် စီမံကိန်းဧရိယာအတွင်း စပါးစိုက်ပျိုးခြင်းကို တားမြစ်ခြင်း၊ ၂) ၂၀၁၂ခုနှစ် ဒီဇင်ဘာလတွင် ဆည်မြောင်းရေပေးဝေမှုကိုရပ်ဆိုင်းခြင်း/နွေစပါးစိုက်ပျိုးခြင်းကိုတားမြစ်ခြင်းနှင့် ၃) ၂၀၁၃ခုနှစ် ဇန္နဝါရီလတွင် စီမံကိန်းဧရိယာမှ ပြောင်းရွှေ့ရန်နို့တစ်စာထုတ်ခြင်းတို့ဖြစ်ပါသည်။ ယင်းနို့တစ်စာများကြောင့် အချို့အိမ်ထောင်စုများမှာ စီမံကိန်းဧရိယာမှ ပြောင်းရွှေ့သွားကြပြီး အချို့အိမ်ထောင်စုများကျန်ရစ်နေကာ စီမံကိန်းဧရိယာအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်လျှက်ရှိကြပါသည်။ သို့သော် မျှမျှတတဖြစ်စေရန်အတွက် အကျုံးဝင်သည့်နောက်ဆုံးရက်စွဲတွင် စီမံကိန်းဧရိယာအတွင်းနေထိုင်နေကြသည့် အိမ်ထောင်စုများနည်းတူ တရားဝင်ထုတ်ပြန်ခဲ့သည့် နို့တစ်စာသုံးခုကြောင့် စီမံကိန်းဧရိယာအတွင်းမှ ပြောင်းရွှေ့သွားကြသူများကိုလည်း ပံ့ပိုးမှုများပေးအပ် ရန် ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့မှ ထည့်သွင်းစဉ်းစားခဲ့ပါသည်။

ကမ္ဘာ့ဘဏ်၏ ဘေးအန္တရာယ်ကာကွယ်ရေးမူဝါဒများ (OP ၄.၁၂)အရ လူဦးရေစာရင်း ကောက်ယူသည့် ပထမဆုံးရက်ကို အကျုံးဝင်သည့်နောက်ဆုံးရက်စွဲအဖြစ် သတ်မှတ်ထားခြင်း ဖြစ်ပါသည်။ ယင်းသဘောထားကိုအခြေခံကာ ဧပြီစစ်တမ်းကောက်ယူသည့် ပထမဆုံးနေ့ဖြစ်သည့် ၂၀၁၃ခုနှစ် ဧပြီလ(၄)ရက်နေ့ကို ဤစီမံကိန်းဧရိယာတစ်ခုလုံးအတွက် (ဟက်တာ ၂၄၀၀ခန့်) အကျုံးဝင်သည့် နောက်ဆုံးရက်စွဲအဖြစ် ကြေညာခဲ့ပါသည်။ ယင်းအကျုံးဝင်သည့် နောက်ဆုံးရက်စွဲကိုလည်း အများပြည်သူကြည့်ရှုနိုင်သည့်နေရာများရှိ ကြေညာသင်ပုန်းများ၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တရားဝင်ထုတ်ပြန်ကြေညာခဲ့ပါသည်။ စီမံကိန်းဧရိယာအတွင်းသို့ နောက်ထပ်လူသစ်များ ထပ်မံဝင်ရောက် အခြေချနေထိုင်ခြင်းများကို ကာကွယ်တားဆီးနိုင်ရန်နှင့် အကျုံးဝင်သည့်နောက်ဆုံးရက်စွဲနောက်ပိုင်းမှ ဝင်ရောက်လာ သူများသည် ပြန်လည်နေရာချထားခြင်းဆိုင်ရာ ကရုဏာကြေးပံ့ပိုးမှုများနှင့် အကျုံးမဝင်ဆိုသည်ကို သိရှိနိုင်ရန်အတွက် ရေးဆွဲထားသည့် စီမံကိန်းဧရိယာကို အများပြည်သူသို့ အသိပေး ပြသခဲ့ပါသည်။ ထို့ကြောင့် အကျုံးဝင်သည့်နောက်ဆုံးရက်စွဲ နောက်ပိုင်းမှ ဝင်ရောက် နေထိုင်ကြသူများမှာ ပံ့ပိုးမှုများနှင့် အကျုံးဝင်မည်မဟုတ်ပေ။ သို့ရာတွင် အိမ်ထောင်စု/

[၁၇] OP ၄.၁၂အရ စီမံကိန်းဧရိယာအပြင်ဘက်တွင်နေထိုင်သော်လည်း စီမံကိန်းဧရိယာအတွင်း ဝင်ငွေရလုပ်ငန်းတစ်ခုခုလုပ်ကိုင် လျှက်ရှိကြသော ပုဂ္ဂိုလ်/အိမ်ထောင်စုများမှာလည်း ကရုဏာကြေးပံ့ပိုးမှုများနှင့် အကျုံးဝင်ပါသည်။

လူအများအပြားမှာ ၎င်းအကျုံးဝင်သည့်နောက်ဆုံးရက်စွဲနောက်ပိုင်းတွင် ဝင်ရောက်နေထိုင်ကြပြီး အချို့အိမ်ထောင်စုများမှာ အကျုံးဝင်သည့်အိမ်ထောင်စုများနှင့် အလွယ်တကူမခွဲခြားနိုင်ပေ။ ထို့အပြင် ဧပြီလစစ်တမ်းကောက်ယူရာတွင်ပါဝင်ခဲ့သည် အိမ်ထောင်စုများ/ပုဂ္ဂိုလ်များမှာလည်း အဆောက်အဦးသစ်များ ဆောက်လုပ်ခြင်းနှင့် လယ်မြေများကို အခြားမိသားစုဝင်များသို့ ခွဲဝေပေးခြင်းစသည်တို့ ဆောင်ရွက်ကြပါသည်။ ထိုကဲ့သို့သောအခြေအနေများကြောင့် ၁) ဒေသခံများ၏ သဘောထားအမြင်များကို သိရှိနိုင်ရန်အတွက် အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူရာမှရရှိသည့်ရလဒ်များကိုအခြေခံပြုစုကာ အကျုံးဝင်သည်ဟုယူဆရသည့် အိမ်ထောင်စုစာရင်းကို ထုတ်ပြန်ကြေညာခြင်းနှင့် ၂) သက်ဆိုင်ရာအိမ်ထောင်စုများ၊ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာကျေးရွာရှိ လူမှုရေးအသင်းအဖွဲ့များ ပါဝင်သည့် အစည်းအဝေးပွဲများစွာကို ၂၀၁၅ခုနှစ် မတ်လမှ စက်တင်ဘာလအထိ ကျင်းပပြုလုပ်ပြီး အကျုံးဝင်/မဝင်အတည်ပြုခဲ့ပါသည်။

ရလဒ်အနေဖြင့် ဇယား (၃–၁) တွင် ဖော်ပြထားသည့်အတိုင်း အကျုံးဝင်သည့်အိမ်ထောင်စု/ပုဂ္ဂိုလ်များကို ကွင်းဆင်းအတည်ပြုခဲ့ပါသည်။


## ၅.၂ လျော်ကြေးနှင့်ကရုဏာကြေးပံ့ပိုးမည့်အစီအစဉ်အတွက် ချမှတ်ထားသည့် အခြေခံမူများ

### ၅.၂.၁ မြေယာလျော်ကြေး

ဇရိယာ (၂–၂) အရှေ့ပိုင်းမှာ ၁၉၉၇ခုနှစ်တွင် မြေသိမ်းဆည်းခြင်းလုပ်ငန်းများ ပြီးပြတ်ခြင်းမရှိသေးသည့် စီမံကိန်းဇရိယာဖြစ်သည့်အတွက် အမှန်တကယ်ပိုင်ဆိုင်သည့် မြေပေါ်တွင် နေထိုင်ခြင်းမရှိသည့် ပိုင်ရှင်ဖြစ်သူအား ဖော်ထုတ်ဆက်သွယ်နိုင်ခြင်းမရှိသည့် မြေစာရင်းအမည်ပေါက် စာရင်းတွင်ပါဝင်သည့် အတည်ပြု မြေပိုင်ရှင်များ အစရှိသဖြင့် အသေးစိတ်တိုင်းတာ စစ်တမ်းကောက်ယူရာတွင် ပါဝင်ခြင်းမရှိခဲ့သည့် အိမ်ထောင်စုများလည်း အကျုံးဝင်နိုင်ပါသည်။ ထိုကဲ့သို့ အတည်ပြုအိမ်ထောင်စုများအား တရားဝင်မြေသိမ်းဆည်းခြင်းလုပ်ငန်းစဉ်များ၊ ပြန်လည်နေရာ ချထားရေးလုပ်ငန်းစီမံချက်တွင်ဖော်ပြထားသည့် အကျုံးဝင်မှုပြဇယားကို အခြေခံကာပံ့ပိုးမည့် လျော်ကြေးနှင့်/သို့မဟုတ် ကရုဏာကြေးပံ့ပိုးမှုများ ခံစားခွင့်ရှိ/မရှိကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့/တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စစ်ဆေးဖော်ထုတ်သွားမည်ဖြစ်ပါသည်။

### ၅.၂.၂ ကရုဏာကြေးပံ့ပိုးရာတွင် ပါဝင်မည့်အကြောင်းအရာများ

ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာပြန်လည်နေရာချထားခြင်းကြောင့် အိမ်ထောင်စုများ၏ ဘဝအခြေအနေအလှည့်အပြောင်းများ အတိုင်းအတာတစ်ခုအထိ ကြုံတွေ့ဖြစ်ပေါ်နိုင်ပြီး ထိုအပြောင်းအလဲများမှာ အနည်းဆုံး ၎င်းတို့၏ မပြောင်းရွှေ့မီမူလအခြေအနေအထိ ပြန်လည်ကောင်းမွန်ရမည်ဖြစ်ပါသည်။ ထိုရည်ရွယ်ချက်များအောင်မြင်ရန်အတွက် ပုံ (၅–၁) တွင် ဖော်ပြထားသည့်အတိုင်း ပံ့ပိုးမှုများပေးအပ်ရာတွင် ၁) ဆုံးရှုံးနစ်နာမှု၊ ဝင်ငွေလမ်းကြောင်း (အသက်မွေးဝမ်းကြောင်း) ဆုံးရှုံးမှုနှင့် ပြန်လည်နေရာချထားမှုတို့အတွက် ပံ့ပိုးခြင်း၊ ၂) မသန်စွမ်းနှင့်သက်ကြီးရွယ်အိုများအတွက် ပံ့ပိုးခြင်းနှင့် ၃) အထူးအစီအစဉ် (အကျုံးဝင်သည့် အိမ်ထောင်စုများအတွက် ပြန်လည်နေရာချထားမည့်နေရာနှင့် မူလဝင်ငွေအခြေအနေသို့ပြန်လည် ရောက်ရှိစေမည့်အစီအစဉ်များ စီစဉ်ထားရှိခြင်း) တို့ ပါဝင်ပါသည်။




**ပုံ (၅-၁) လျော်ကြေးနှင့်/သို့မဟုတ် ကရုဏာကြေးပံ့ပိုးမည့်အစီအစဉ်၏ အလုံးစုံမူဘောင်**

(၁) နစ်နာဆုံးရှုံးမှုများ၊ ဝင်ငွေလမ်းကြောင်း (အသက်မွေးဝမ်းကြောင်း) ဆုံးရှုံးမှုများအတွက် ပံ့ပိုးခြင်းနှင့် ပြန်လည်နေရာချထားခြင်း

- မြေဆုံးရှုံးသွားသူများအတွက် အစားထိုးကုန်ကျစရိတ်အားလုံးအား ၁၈၉၄ခုနှစ် မြေသိမ်းအက်ဥပဒေနှင့်အညီ လျော်ကြေးပေးအပ်မည်ဖြစ်ပါသည်။ (တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အတည်ပြုထားသည့် မြေလျော်ကြေးခံစားခွင့်ရှိသည့် အိမ်ထောင်စုများအတွက် မြေလျော်ကြေး)
- အိမ်ထောင်စုများနေထိုင်သည့် အဆောက်အဦးဆုံးရှုံးခြင်းအတွက် ပြန်လည်နေရာချထားပေးမည့်နေရာတွင် နေအိမ်အစားထိုး ပံ့ပိုးပေးမည်ဖြစ်ပါသည်။ အစားထိုးပံ့ပိုးပေးသည့် အဆောက်အဦးဧရိယာနှင့် မူလနေထိုင်သည့်အဆောက်အဦးတို့အကြား ကွာခြားသည့်ဧရိယာအတွက် ငွေသားပံ့ပိုးပေးမည်ဖြစ်ပါသည်။ အခြားမရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှုများ (ကွဲ/နွားတင်းကုပ်စသည်)၊ မွေးမြူရေး (ကွဲ/နွား) နှင့် စိုက်ပျိုးရေးသုံးစက်ကိရိယာများ[၁၈]စသည့် ရွှေ့ပြောင်းနိုင်သည့်ပိုင်ဆိုင်မှုများအတွက်လည်း ပံ့ပိုးပေးမည်ဖြစ်ပါသည်။ လက်ရှိစိုက်ပျိုးထားသည့် သီးနှံများနှင့်စပ်လျဉ်း၍ စီမံကိန်းအားအကောင်အထည်ဖော် ဆောင်ရွက်သည့်အတွက် ထိခိုက်မှုရှိပါက အဆိုပါသီးနှံများ ဆုံးရှုံးခြင်းအတွက် လျော်ကြေးပေးအပ်သွား မည်ဖြစ်ပါသည်။
- အသက်မွေးဝမ်းကြောင်းလုပ်ငန်းဆုံးရှုံးမှုများအတွက် ပံ့ပိုးခြင်းဆိုသည်မှာ မြေယာအသုံးပြုမှုမှ ရရှိသောဝင်ငွေနှင့် မြေယာအသုံးပြုမှုနှင့်မသက်ဆိုင်သည့်ဝင်ငွေတို့အတွက် စီမံကိန်း မဆောင်ရွက်မီအခြေအနေထက် ပိုမိုကောင်းမွန်စေရန် သို့မဟုတ် အနည်းဆုံးမူလ အခြေအနေသို့ပြန်လည်ရောက်ရှိစေရန်အတွက် ငွေကြေးပံ့ပိုးပေးခြင်းဖြစ်ပါသည်။ မြေယာ အသုံးပြုမှုမှ ရရှိသည့်ဝင်ငွေနှင့်ပတ်သက်၍ စိုက်ပျိုးရေးမှ ထွက်ရှိသည့်ပမာဏအား နိုင်ငံ၏စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတကာကျင့်ထုံးများအတိုင်း ပံ့ပိုးပေးမည်ဖြစ်ပါသည်။ မြေယာအသုံးပြုမှုနှင့် မသက်ဆိုင်သည့်ဝင်ငွေနှင့်ပတ်သက်၍ နေရာပြောင်းရွှေ့ရခြင်းကြောင့် အိမ်ထောင်စုများ၏ ဝင်ငွေရလုပ်ငန်းများ အခြေတကျမဖြစ်မီကာလအတွက် လုပ်အားခလုံလုံလောက်လောက် ပံ့ပိုးပေးမည်ဖြစ်ပါသည်။
- နစ်နာဆုံးရှုံးမှုများအတွက် ပံ့ပိုးပေးခြင်းအပြင် အဆင်ပြေပြေပြောင်းရွှေ့နိုင်ရန် ပြောင်းရွှေ့စရိတ်၊ သွားလာစရိတ်နှင့် ပြောင်းရွှေ့ရာတွင် ပူးပေါင်းပါဝင်မှုတို့အတွက် ငွေကြေးပံ့ပိုးပေးမည် ဖြစ်ပါသည်။

(၂) မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများအတွက် ပံ့ပိုးခြင်း

- မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများမှာ ပြန်လည်နေရာချထားရာတွင် အခြားသူများထက် ပိုမိုထိခိုက်မှုရှိနိုင်သည့်အတွက် ပံ့ပိုးပေးခြင်းဖြစ်ပါသည်။ အခန်း (၃)၏ ခေါင်းစဉ်ခွဲ (၃.၂.၂)၏ အပိုဒ် (၄)တွင် ဖော်ပြထားသည့်အတိုင်း နိုင်ငံတကာကျင့်ထုံးများအရ အမျိုးသမီး၊ မသန်စွမ်းသူ သို့မဟုတ် သက်ကြီး

[၁၈] ပြန်လည်နေရာချထားပြီးနောက် ဆက်လက်အသုံးပြုနိုင်ခြင်းမရှိမှသာ ယင်းစိုက်ပျိုးရေးသုံးစက်ကိရိယာများအတွက် ပံ့ပိုးပေးမည်ဖြစ်ပါသည်။

ရွယ်အို (အသက် (၆၁)နှစ်နှင့်အထက်) ဦးစီးသည့်အိမ်ထောင်စု၊ မသန်စွမ်းသူတစ်ဦးဦးပါဝင်သည့် အိမ်ထောင်စု သို့မဟုတ် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်ရှိ အိမ်ထောင်စုများအား မသန်စွမ်းနှင့်သက်ကြီးရွယ်အိုအိမ်ထောင်စုများအဖြစ် ဤစီမံကိန်းမှ သတ်မှတ်ပါသည်။

(၃) အထူးအစီအစဉ် (ပြန်လည်နေရာချထားမည့်နေရာနှင့် မူလဝင်ငွေအခြေအနေသို့ ပြန်လည် ရောက်ရှိစေမည့်အစီအစဉ်များ စီစဉ်ထားရှိခြင်း)

- သက်ဆိုင်ရာအကျုံးဝင်အိမ်ထောင်စုများနှင့် ညှိနှိုင်းတိုင်ပင်ကာ ဆုံးဖြတ်မည်ဖြစ်သည့် အိမ်နှင့် အခြားလိုအပ်သည့် အခြေခံအဆောက်အဦများပါဝင်သော ပြန်လည်နေရာချထားမည့်နေရာကို ယခင်လူနေမှုနှင့် လူမှုရေးအခြေအနေများနှင့် အနီးစပ်ဆုံးတူညီစေရန်အတွက် စီမံကိန်း ဇရိယာအနီးတွင် စီစဉ်ပေးမည်ဖြစ်ပါသည်။
- စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်အတွက် မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များကို ပံ့ပိုးပေးမည်ဖြစ်ပါသည်။ (ခေါင်းစဉ်ခွဲ (၅.၂.၃)နှင့် အခန်း (၇)တို့တွင် ကြည့်ရှုပါရန်)

## ၅.၂.၃ မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များ (IRP)တွင် ပါဝင်မည့် အကြောင်းအရာများ

၁) IRPမှာ ငွေကြေးမဟုတ်သည့်ပံ့ပိုးမှုများဖြစ်ပြီး စီမံကိန်းကြောင့်ပြောင်းရွှေ့ရသည့် အိမ်ထောင်စုများ၏ ဝင်ငွေလမ်းကြောင်းများ ပြန်လည်ကောင်းမွန်တည်ငြိမ်လာစေရန်အတွက် ပံ့ပိုးပေးခြင်းဖြစ်ပါသည်။ အသေးစိတ်ကို အခန်း (၇)တွင် ဖော်ပြထားပါသည်။

၂) စီမံကိန်းဇရိယာအတွင်းရှိ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုအချို့၏ အဓိကဝင်ငွေ လမ်းကြောင်းမှာ စပါးနှင့် အခြားဝင်ငွေရသီးနှံစိုက်ပျိုးခြင်းစသည်ဖြင့် စိုက်ပျိုးရေးအခြေခံလုပ်ကိုင်ကြသူများ ဖြစ်ပါသည်။ အထူးသဖြင့် တောင်သူအများစုမှာ ပြန်လည်နေရာချထားခြင်းကြောင့် ၎င်းတို့၏ လက်ရှိဝင်ငွေလမ်းကြောင်းများ ဆုံးရှုံးကြရမည်ဖြစ်ပါသည်။ ဝင်ငွေရအလုပ်အကိုင်သစ်များ ရရှိစေရန်အတွက် လည်းကောင်း၊ အသက်မွေးဝမ်းကြောင်းသင်တန်းများ ပေးအပ်ကာ တည်ငြိမ်သည့်အလုပ်အကိုင်များ ရှာဖွေရာတွင် အိမ်ထောင်စုများအား ကူညီခြင်းဖြင့်လည်းကောင်း၊ နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်များစသည့် လိုအပ်သောနည်းပညာပိုင်းဆိုင်ရာများကို IRPအစီအစဉ်ဖြင့် ပံ့ပိုးပေးမည်ဖြစ်ပါသည်။ အထူးသဖြင့် IRPအစီအစဉ်မှာ အိမ်ထောင်စုများအား ကျွမ်းကျင် လုပ်သားများအဖြစ် သီလဝါအထူးစီးပွားရေးဇုန်အတွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရေး၊ အသေးစားစီးပွားရေးလုပ်ငန်းများနှင့် စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နိုင် စေရေးအတွက် ပံ့ပိုးပေးမည်ဖြစ်ပါသည်။

၃) IRP အစီအစဉ်တွင် အောက်ပါအိမ်ထောင်စုများပါဝင်မည်ဖြစ်ပါသည်။

(က) လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ အခြားအလုပ်အကိုင်တစ်ခုခုသို့ ပြောင်းလဲလုပ်ကိုင်လိုသည့် တောင်သူများ

(ခ) အလုပ်နေရာပြောင်းလဲလိုသည့် ကျပန်းနှင့် အခြားစိုက်ပျိုးရေးမဟုတ်သည့် အလုပ်သမားများ

(ဂ) အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ရှာဖွေရာတွင် လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ မြှင့်တင်လိုသည့် အလုပ်အကိုင်မရှိသေးသူများ

(ဃ) လက်ရှိဝင်ငွေလမ်းကြောင်းအား မပြောင်းလဲလိုသော်လည်း နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် ဝင်ငွေတိုးတက်ရရှိလိုသည့် အိမ်ထောင်စုများ

## ၅.၃ ပုံပိုးရာတွင် ပါဝင်မည့်အကြောင်းအရာများပြ ဇယား

ခံစားခွင့်ရှိသည့် အကြောင်းအရာများပြဇယားတွင် စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန်အတွက် ထိခိုက်နစ်နာဆုံးရှုံးမှုများ၏ သဘောသဘာဝနှင့်အညီ ၁) ပံ့ပိုးမည့်အကြောင်းအရာ၊ ၂) ခံစားခွင့်ရှိသည့်ပုဂ္ဂိုလ်၊ ၃) ပံ့ပိုးမည့်မူဝါဒနှင့် ၄) အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပေါ်ပေါက်လာမည့် အခက်အခဲများအား ထည့်သွင်းစဉ်းစား မှုများစသည်တို့ ပါဝင်မည်ဖြစ်ပါသည်။

ဇုန်ဧရိယာ (၂-၂)အရှေ့ပိုင်း၏ ခံစားခွင့်ရှိသည့်အကြောင်းအရာများပြဇယားအား ဇယား (၅-၁)တွင် ဖော်ပြထားပြီး အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူရာတွင် အတည်ပြုကောက်ယူခဲ့သည့် ထိခိုက်မှုများနှင့် အခန်း (၄)တွင် ဖော်ပြထားသည့် နိုင်ငံတကာကျင့်သုံးမှုများနှင့် မြန်မာနိုင်ငံရှိ ဥပဒေ၊ နည်းဥပဒေများအကြား နှိုင်းယှဉ်မှုများမှ ရရှိသည့်ရလဒ်များ အပေါ်တွင်မူတည်ကာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ဇယား (၅–၁) ဧရိယာ (၂–၂) အရှေ့ပိုင်းအတွက် ပံ့ပိုးရာတွင် ပါဝင်မည့်အကြောင်းအရာများ

| ကရုဏာကြေးပံ့ပိုးမည့် အုပ်စု | ပံ့ပိုးမည့်အကြောင်းအရာ | ခံစားခွင့်ရှိသည့်ပုဂ္ဂိုလ် | ပံ့ပိုးမည့်မူဝါဒ | အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားမှုများ |
|---|---|---|---|---|
| **၁. ထိခိုက်နစ်နာမှုများအတွက် ပံ့ပိုးခြင်း** | | | | |
| **၁–၁ မရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှုများ** | | | | |
| (၁) မြေ (လယ်၊ ဥယျာဉ်ခြံမြေ) | ဧရိယာ (၂–၂) အရှေ့ပိုင်းအတွင်းရှိ လယ်မြေ သို့မဟုတ် ဥယျာဉ်ခြံ မြေ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အတည်ပြုထားသည့် အိမ်ထောင်စုများ | - အစားထိုးကုန်ကျစရိတ်အားလုံးအတွက် ငွေကြေးပံ့ပိုးခြင်း | - မြေအတွက်လျော်ကြေးပေးမည့် ပမာဏမှာ မြေစာရင်းဦးစီးဌာနမှ မှတ်တမ်းတင်ထားသည့် မြေဧရိယာများ၊ ဈေးကွက်ပေါက်ဈေး၊ သက်ဆိုင်ရာ အိမ်ထောင်စုများနှင့် ညှိနှိုင်းဆွေးနွေးမှုကို အခြေခံကာ တွက်ချက်မည်ဖြစ်ပါသည်။ |
| (၂) လူနေအဆောက်အဦး | ဧရိယာ (၂–၂) အရှေ့ပိုင်း အတွင်းရှိ ကိုယ်ပိုင် ဥယျာဉ်ခြံမြေ အတွင်း တည်ရှိသည့် လူနေ အဆောက်အဦး | အထောက်အထားအပြည့်အစုံ တင်ပြနိုင်သည့် သို့မဟုတ် သက်ဆိုင်ရာ ကျေးရွာဆွေးနွေးပွဲများ၌ နေထိုင်ကြောင်း အတည်ပြုနိုင်သည့် ကိုယ်ပိုင်ဥယျာဉ်ခြံမြေအတွင်း တည်ရှိ သည့် အဆောက်အဦးပိုင်ရှင် | - အစားထိုးကုန်ကျစရိတ်အားလုံးအတွက် ငွေကြေးပံ့ပိုးခြင်း | - ပံ့ပိုးမည့်ပမာဏအား အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူစဉ်က အတည်ပြုခဲ့သည့် ကြမ်းခင်းအရွယ်အစားနှင့် အသုံးပြုတည်ဆောက်ထားသည့် ပစ္စည်းများအပေါ်တွင် အခြေခံကာ တွက်ချက်မည်ဖြစ်ပါသည်။ |
| | ယခင်က တည်ရှိခဲ့သော်လည်း နို့တစ်စာကြောင့် ဖျက်သိမ်းထားသည့် အိမ်ထောင်စုများအပါအဝင် ဧရိယာ (၂–၂) အရှေ့ပိုင်းအတွင်းရှိ ကိုယ်ပိုင်မဟုတ်သည့် ဥယျာဉ်ခြံမြေပေါ်ရှိ လူနေ အဆောက်အဦး | အထောက်အထားအပြည့်အစုံ တင်ပြနိုင်သည့် သို့ မဟုတ် သက်ဆိုင်ရာ ကျေးရွာဆွေးနွေးပွဲများ၌ နေထိုင်ကြောင်း အတည်ပြုနိုင်သည့် ကိုယ်ပိုင်မဟုတ်သည့် ဥယျာဉ်ခြံမြေပေါ်ရှိ လူနေအဆောက်အဦးပိုင်ရှင် | - ပြန်လည်နေရာချထားသည့်နေရာ၌ လိုအပ်သည့်အခြေခံအဆောက်အဦများပါဝင်သည့် လူနေအဆောက်အဦးတစ်လုံး အစားထိုး ပံ့ပိုးပေးခြင်းနှင့်<br>- ပြန်လည်တည်ဆောက်ပေးသည့် အဆောက်အဦးမှာ မူလနေထိုင်ခဲ့သည့် အဆောက်အဦး ထက် သေးငယ်ပါက ကွာခြားမှုရှိသည့် ကြမ်းခင်းဧရိယာအတွက် ငွေကြေးပံ့ပိုးခြင်း | - မတူညီသည့်ကြမ်းခင်းအရွယ်အစား အတွက် ပံ့ပိုးမည့်ပမာဏကို မတူညီသည့်ကြမ်းခင်းအရွယ်အစားနှင့် အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူစဉ်က အတည်ပြုခဲ့သည့် အသုံးပြုထားသောပစ္စည်းများကို အခြေခံကာ တွက်ချက်မည်ဖြစ်ပါ သည်။ |
| (၃) တဲ | ဧရိယာ (၂–၂) အရှေ့ပိုင်းအတွင်းရှိ တဲအဖြစ် သတ်မှတ်ထားသည့် အဆောက်အဦးများနှင့် အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူစဉ်က အတည်ပြုခဲ့သည့် အဆောက်အဦးများ | တဲပိုင်ရှင်များ | - လက်ရှိဈေးကွက်ပေါက်ဈေး၏ (၂)ဆ အတွက် ငွေကြေးပံ့ပိုးခြင်း | - ပံ့ပိုးမည့်ပမာဏကို အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူစဉ်က အတည်ပြုခဲ့သည့် ကြမ်းခင်းဧရိယာနှင့် အသုံးပြုထားသည့် ပစ္စည်းများကို အခြေခံကာ တွက်ချက်မည် ဖြစ်ပါသည်။ |

| ကရုဏာကြေးပံ့ပိုးမည့် အုပ်စု | ပံ့ပိုးမည့်အကြောင်းအရာ | ခံစားခွင့်ရှိသည့်ပုဂ္ဂိုလ် | ပံ့ပိုးမည့်မူဝါဒ | အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားမှုများ |
|---|---|---|---|---|
| (၄) အခြား အဆောက်အဦး (ဥပမာ– အိမ်သာ၊ စပါးကျီ) | အသေးစိတ်တိုင်းတာစစ်တမ်းကောက် ယူစဉ်က အတည်ပြုခဲ့သည့် အဆောက် အဦးများ | အဆောက်အဦးပိုင်ရှင်များ | - အဆိုပါအဆောက်အဦးများမှာ ကိုယ်ပိုင် ဥယျာဉ်ခြံမြေပေါ်တွင် တည်ရှိပါက ဈေးကွက် ပေါက်ဈေး၏ (၂)ဆအတွက် ငွေကြေးပံ့ပိုး ခြင်း သို့မဟုတ် အခြားမြေအမျိုးအစားများ ပေါ်တွင် တည်ရှိပါက ပြန်လည်နေရာချထား သည့်နေရာ၌ ပြန်လည်တည်ဆောက်ပေးခြင်း | - ပံ့ပိုးမည့်ပမာဏကို အသေးစိတ်တိုင်း တာစစ်တမ်းကောက်ယူစဉ်က အတည် ပြုခဲ့သည့် ကြမ်းခင်းဧရိယာနှင့် အသုံး ပြုထားသည့် ပစ္စည်းများကို အခြေခံ ကာ တွက်ချက်မည် ဖြစ်ပါသည်။ |
| (၅) လက်ရှိစိုက် ပျိုးထားသည့် စပါး/ ဟင်းသီး ဟင်းရွက်/ သစ် ပင်များ | စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်သည့်အတွက် ထိခိုက်မှုရှိ သည့် ဇရိယာ (၂–၂)အရှေ့ပိုင်းအတွင်း စိုက်ပျိုးထားသော စပါး/ဟင်းသီး ဟင်းရွက်/သစ်ပင်များ | ဇရိယာ (၂–၂)အရှေ့ပိုင်းအတွင်း စပါး/ဟင်း သီးဟင်းရွက်/သစ် ပင်စသည်တို့ စိုက်ပျိုးထားသူများ | - ထွက်ရှိသည့်ပမာဏအလိုက် ငွေသားပံ့ပိုးခြင်း | - စီမံကိန်းဧရိယာအတွင်းအတည်ပြု ထားသော ထွက်ရှိသည့်ပမာဏကို အခြေခံကာ ပံ့ပိုးမည့်ပမာဏကို တွက် ချက်ပါမည်။ |
| **၁–၂. ရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှုများ** | | | | |
| (၁) မွေးမြူရေး (စိုက်ပျိုးရေးသုံး နှင့် နို့စားနွား/ကျွဲ) | ဇရိယာ (၂–၂)အရှေ့ပိုင်းအတွင်းရှိ မွေးမြူရေး တိရစ္ဆာန်များ (စိုက်ပျိုးရေးသုံးနှင့် နို့စားနွား/ကျွဲများ) | ဇရိယာ (၂–၂)အရှေ့ပိုင်းအတွင်း မွေးမြူရေး (စိုက်ပျိုးရေးသုံးနှင့် နို့စားနွား/ ကျွဲ)လုပ်ကိုင်သူများ | - တိရစ္ဆာန်တစ်ကောင်ချင်းစီအတွက် ငွေကြေးပံ့ပိုးခြင်း | – ပံ့ပိုးပေးမည့်ပမာဏကို အသေးစိတ် တိုင်းတာစစ်တမ်းကောက်ယူစဉ်တွင် အတည်ပြုခဲ့သည့် တိရစ္ဆာန်အရေအ တွက်နှင့် မွေးမြူသည့်အမျိုးအားများ အပေါ်တွင်အခြေခံကာ တွက်ချက်မည် ဖြစ်ပါသည်။ |
| (၂) စိုက်ပျိုးရေး လုပ်ငန်းသုံး စက် ကိရိယာများ သို့မ ဟုတ် အခြား ပစ္စည်းများ | ပြန်လည်နေရာချထားပြီးနောက် ဆက် လက်အသုံးပြုနိုင်ခြင်းမရှိသည့် စိုက် ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာ များ သို့မဟုတ် အခြားပစ္စည်းများ | စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိ ယာများ သို့မဟုတ် အခြားပစ္စည်း ပိုင်ဆိုင်သူများ | - လက်ရှိဈေးကွက်ပေါက်ဈေးအတိုင်း ပစ္စည်း အမျိုးအစားအလိုက် ငွေကြေးပံ့ပိုးခြင်း | - ပံ့ပိုးပေးမည့်ပမာဏကို အသေးစိတ် တိုင်းတာစစ်တမ်းကောက်ယူစဉ်တွင် အတည်ပြုခဲ့သည့် စိုက်ပျိုးရေးလုပ် ငန်းသုံးစက်ကိရိယာအရေအတွက်နှင့် အမျိုးအစားအပေါ်တွင် အခြေခံကာ တွက်ချက်မည်ဖြစ်ပါသည်။ |
| **၂. ဝင်ငွေလမ်းကြောင်း/အသက်မွေးဝမ်းကြောင်းဆုံးရှုံးမှုများအတွက် ပံ့ပိုးခြင်း (အဓိကနှင့် ဒုတိယဝင်ငွေဟူ၍ ခွဲခြားခြင်းမပြုဘဲ)** | | | | |
| **၂–၁. မြေယာအသုံးပြုမှုမှ ရရှိသည့်ဝင်ငွေ** | | | | |
| (၁) စပါးစိုက် တောင်သူ | ဇရိယာ (၂–၂)အရှေ့ပိုင်း အတွင်း စပါးစိုက်ပျိုး ခြင်းမှ ရရှိသည့်ဝင်ငွေ | ဇရိယာ (၂–၂)အရှေ့ပိုင်းအတွင်း စပါးစိုက် ပျိုးခြင်းမှ ဝင်ငွေရရှိနေသူ | - ကိုယ်ပိုင်လယ်မြေပေါ်တွင် သီးနှံစိုက်ပျိုးကာ ဝင်ငွေရရှိနေသူများအတွက် လက်ရှိဈေးကွက် ပေါက်ဈေးအတိုင်း စုစုပေါင်းထွက်ကုန်၏ (၃)နှစ်စာအတွက် ငွေကြေးပံ့ပိုးခြင်း သို့မ ဟုတ် ကိုယ်ပိုင်မဟုတ်သည့်လယ်မြေပေါ်တွင် | - မြေစာရင်းဦးစီးဌာနမှ မှတ်တမ်းတင် ထားသည့် သို့မဟုတ် အသေးစိတ်တိုင်း တာစစ်တမ်းကောက်ယူစဉ်က အတည် ပြုထားသည့် ထွက်ရှိမှုပမာဏအပေါ် |

| ကရုဏာကြေးပံ့ပိုးမည့် အုပ်စု | ပံ့ပိုးမည့်အကြောင်းအရာ | ခံစားခွင့်ရှိသည့်ပုဂ္ဂိုလ် | ပံ့ပိုးမည့်မူဝါဒ | အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားမှုများ |
|---|---|---|---|---|
| | | | သီးနှံစိုက်ပျိုးရာမှ ဝင်ငွေရရှိနေသူများအတွက် လက်ရှိဈေးကွက် ပေါက်ဈေးအတိုင်း စုစုပေါင်း ထွက်ကုန်၏ (၆)နှစ်စာအတွက် ငွေကြေးပံ့ပိုးခြင်း နှင့်<br>- IRPအစီအစဉ်တွင် ပါဝင်နိုင်ခြင်း | တွင် အခြေခံကာ ပံ့ပိုးမည့်ပမာဏကို တွက်ချက်မည် ဖြစ်ပါသည်။ |
| (၂) ဟင်းသီးဟင်းရွက်/သစ်ပင်စိုက်တောင်သူ | ဧရိယာ (၂-၂)အရှေ့ပိုင်း အတွင်း ဟင်းသီး ဟင်းရွက်/သစ်ပင်စိုက်ပျိုးရာမှ ရရှိသည့်ဝင်ငွေ | ဧရိယာ (၂-၂)အရှေ့ပိုင်း အတွင်း ဟင်းသီး ဟင်းရွက်/သစ်ပင်စိုက်ပျိုးကာ ဝင်ငွေရရှိနေသူများ | - ကိုယ်ပိုင်ဥယျာဉ်ခြံမြေပေါ်တွင် ဟင်းသီးဟင်းရွက်/သစ်ပင်စိုက်ပျိုးရာမှ ဝင်ငွေရရှိနေသူများအတွက် လက်ရှိဈေးကွက်ပေါက်ဈေးအတိုင်း စုစုပေါင်းထွက်ကုန် နှင့်/သို့မဟုတ် စုစုပေါင်း အပင်အရေအတွက်၏ (၃)နှစ်စာအတွက် ငွေကြေးပံ့ပိုးခြင်း သို့မဟုတ် ကိုယ်ပိုင်မဟုတ်သည့် ဥယျာဉ်ခြံမြေပေါ်တွင် ဟင်းသီးဟင်း ရွက်/သစ်ပင် စိုက်ပျိုးရာမှ ဝင်ငွေရရှိနေသူများအတွက် လက်ရှိဈေးကွက်ပေါက်ဈေးအတိုင်း စုစုပေါင်းထွက်ကုန် နှင့်/သို့မဟုတ် အပင်အရေအတွက်၏ (၄)နှစ်စာအတွက်ငွေကြေးပံ့ပိုးခြင်း နှင့်<br>- IRPအစီအစဉ်တွင် ပါဝင်နိုင်ခြင်း | - အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူစဉ်က အတည်ပြုခဲ့သော ထွက်ရှိသည့်ပမာဏ သို့မဟုတ် အပင်အရေအတွက်ကို အခြေခံကာ ပံ့ပိုးမည့်ပမာဏကို တွက်ချက်မည် ဖြစ်ပါသည်။ |
| (၃) မွေးမြူရေးတောင်သူ (နို့စားနွားနှင့် ကျွဲများ) | ဧရိယာ (၂-၂)အရှေ့ပိုင်း အတွင်း မွေးမြူရေး (နို့စားနွားနှင့်ကျွဲ)မှ ရရှိသည့်ဝင်ငွေ | ဦးစွာအကောင်အထည်ဖော်ဆောင်ရွက်မည့်ဧရိယာအတွင်း မွေးမြူရေး (နို့စားနွားနှင့်ကျွဲ)မှ ဝင်ငွေရရှိနေသူ | - နို့စားနွားနှင့်ကျွဲများမှ ရရှိသည့်ဝင်ငွေ၏ (၃)နှစ်စာအတွက် ငွေကြေးပံ့ပိုးခြင်းနှင့်<br>- IRPအစီအစဉ်တွင် ပါဝင်နိုင်ခြင်း | - အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူစဉ်က အတည်ပြုခဲ့သည့် မွေးမြူရေးမှရရှိသော ဝင်ငွေအပေါ် အခြေခံကာ ပံ့ပိုးမှုများကို တွက်ချက်မည်ဖြစ်ပါသည်။ |
| **၂-၂.** | **မြေယာအသုံးပြုမှုနှင့် မသက်ဆိုင်သည့် ဝင်ငွေ** | | | |
| (၁) လစာစား၊ နေ့စား၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ (ဥပမာ- လက်သမား၊ တက်ကစီယာဉ်မောင်း) | ရွှေ့ပြောင်းရခြင်းကြောင့် လုပ်ငန်းမလုပ်ကိုင်နိုင်သည့် ရက်များအတွက် ရရှိသည့် ဝင်ငွေ | ပြောင်းရွှေ့နေရာချထားခြင်းကြောင့် ရရှိနေသည့် လစာနှင့် အလုပ်နေရာပြောင်းလဲမှုမရှိ သူများ | - ဝင်ငွေရအလုပ်အကိုင်များမှရရှိသည့်ဝင်ငွေ ၏ (၇)ရက်စာနှင့်ညီမျှသည့် ငွေကြေးပံ့ပိုး ခြင်းနှင့်<br>- စိတ်ပါဝင်စားပါက IRPအစီအစဉ်တွင် ပါဝင်နိုင်ခြင်း | - အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူစဉ်က အတည်ပြုခဲ့သည့် ဝင်ငွေရအလုပ်အကိုင်တစ်ခုခုမှရရှိသောဝင်ငွေအပေါ် အခြေခံကာ ပံ့ပိုးမှုများကို တွက်ချက်မည်ဖြစ်ပါသည်။ |

| ကရုဏာကြေးပံ့ပိုးမည့် အုပ်စု | ပံ့ပိုးမည့်အကြောင်းအရာ | ခံစားခွင့်ရှိသည့်ပုဂ္ဂိုလ် | ပံ့ပိုးမည့်မူဝါဒ | အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားမှုများ |
|---|---|---|---|---|
| (၂) စီးပွားရေး လုပ်ငန်း လုပ်ကိုင် သူ | ဇရိယာ (၂–၂)အရှေ့ပိုင်း အတွင်းရှိ စီးပွားရေး လုပ်ငန်းမှ ရရှိသည့်ဝင်ငွေ | ဇရိယာ (၂–၂)အရှေ့ပိုင်း အတွင်း စီးပွားရေး လုပ်ငန်းလုပ်ကိုင်နေသူ | - စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာမှရရှိသည့် ဝင်ငွေ၏ (၃)နှစ်စာနှင့်ညီမျှ (တစ်ဦးလျှင် ကီလို (၅၀)ခန့်ပါ ဆန်တစ်အိတ်နှင့်ညီမျှ) သည့် ငွေကြေး ပံ့ပိုးပေးခြင်း<br>- စိတ်ပါဝင်စားပါက IRPအစီအစဉ်တွင် ပါဝင်နိုင်ခြင်း | – အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူစဉ်က အတည်ပြုခဲ့သည့် ဝင်ငွေရ အလုပ်အကိုင်တစ်ခုခုမှရရှိသောဝင်ငွေ အပေါ် အခြေခံကာ ပံ့ပိုးမှုများကို တွက်ချက်မည်ဖြစ်ပါသည်။ |
| ၃. ပြန်လည်နေရာချထားရေးဆိုင်ရာ ပံ့ပိုးမှုများ | | | | |
| (၁) ရွှေ့ပြောင်း စရိတ် | — | ဇရိယာ (၂–၂)အရှေ့ပိုင်းအတွင်း နေထိုင် လျှက်ရှိသည့် အိမ်ထောင်စုအားလုံး | - အိမ်ထောင်စု (၁)စုလျှင် ၂၀၀,၀၀၀/–ကျပ်တစ်ကြိမ် (တစ် ပေါင်းတည်း) ငွေကြေးပံ့ပိုးပေးခြင်း | – ရွှေ့ပြောင်းရန်အတွက် အထွေထွေ အသုံးစရိတ်နှင့်စပ်လျဉ်း၍ ပံ့ပိုးပေးမည့် ပမာဏကို ဈေးကွက်ပေါက်ဈေးစစ် တမ်းကောက်ထားသည့်ရလဒ်များ အပေါ်အခြေခံကာ တွက်ချက်မည် ဖြစ်ပါသည်။ |
| (၂) သွား/လာ စရိတ် | — | ပြန်လည်နေရာချထားခြင်းကြောင့် မူလအလုပ်နေရာမှ ပိုမိုဝေးကွာသွားသည့် ပုဂ္ဂိုလ်အားလုံး | - လက်ခစားအလုပ်သမားတစ်ဦးလျှင် ၈၇,၀၀၀/–ကျပ်တစ်ကြိမ် (တစ်ပေါင်းတည်း) ငွေကြေး ပံ့ပိုးပေးခြင်း | – သွားလာစရိတ်အတွက် ပံ့ပိုးပေးမည့် ပမာဏကို အသေးစိတ်တိုင်းတာ စစ်တမ်းကောက်ယူစဉ်ကအတည်ပြုခဲ့သည့် အလုပ်သမားအရေအတွက်နှင့် ဈေးကွက်ပေါက်ဈေးစစ်တမ်းကောက်ထားသည့်ရလဒ်များအပေါ်အခြေခံ ကာ တွက်ခွက်မည် ဖြစ်ပါသည်။ |
| | — | ပြန်လည်နေရာချထားခြင်းကြောင့် ကျောင်း ပိုမိုဝေးကွာသွားသည့် ကျောင်းသာများအားလုံး | - ကျောင်းသာတစ်ဦးလျှင် ၁၂,၀၀၀/–ကျပ်တစ်ကြိမ် (တစ်ပေါင်းတည်း) ငွေကြေးပံ့ပိုးပေးခြင်း | – သွားလာစရိတ်အတွက် ပံ့ပိုးပေးမည့် ပမာဏကို အသေးစိတ်တိုင်းတာ စစ်တမ်းကောက်ယူစဉ်ကအတည်ပြုခဲ့သည့် ကျောင်းသားအရေအတွက်၊ ဈေးကွက်ပေါက်ဈေးစစ်တမ်းကောက်ထားသည့်ရလဒ်များ၊ ပြန်လည်နေရာချထားပေးသည့်အချိန်တို့အပေါ်အခြေခံ ကာ တွက်ခွက်မည်ဖြစ်ပါသည်။ |
| (၃) ပူးပေါင်းပါဝင်မှုအတွက် ပံ့ပိုးခြင်း | — | ပြန်လည်နေရာချထားရေးလုပ်ငန်းများအချိန်မီ ပြီးစီးနိုင်ရန်အတွက် | - အိမ်ထောင်စု (၁)စုလျှင် ၁၀၀,၀၀၀/–ကျပ်တစ်ကြိမ် (တစ် ပေါင်းတည်း) ငွေကြေးပံ့ပိုးပေးခြင်း (ဇရိယာ ၂–၂ အရှေ့ပိုင်းတွင် နေ | – အိမ်ထောင်စုဝင်အရေအတွက်အလိုက် ခွဲခြားမှုမပြုဘဲ အိမ်ထောင်စုတစ်စုချင်းစီအလိုက် ပံ့ပိုးပေးမည် ဖြစ်ပါ |

| ကရုဏာကြေးပံ့ပိုးမည့် အုပ်စု | ပံ့ပိုးမည့်အကြောင်းအရာ | ခံစားခွင့်ရှိသည့်ပုဂ္ဂိုလ် | ပံ့ပိုးမည့်မူဝါဒ | အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားမှုများ |
|---|---|---|---|---|
| | | ပူးပေါင်းပါဝင်သည့် အိမ်ထောင်စုများအားလုံး | ထိုင်သော အကျိုးဝင်အိမ်ထောင်စုများ) | သည်။ |
| **၄. မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများအတွက် ပံ့ပိုးခြင်း** | | | | |
| မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများ | အမျိုးသမီးဦးစီးသည့်အိမ်ထောင်စု၊ မသန်စွမ်းသူ သို့မဟုတ် သက်ကြီးရွယ်အို (အသက် ၆၁–နှစ်နှင့်အထက်)ပါဝင်သည့်အိမ်ထောင်စု၊ ဆင်းရဲနွမ်းပါးမှုဆိုင်ရာအချက်အလက်များ[၁] တွင် ပါရှိသော ၂၀၁၀ခုနှစ်တွင်သတ်မှတ်ထားသည့် ဆင်ရဲနွမ်းပါးမှုမျဉ်းအောက်ရှိ အိမ်ထောင်စု၊ ပြန်လည်နေရာချထားသည့်အချိန်တွင် ကိုယ်ဝန်ဆောင်ရှိသည့် အိမ်ထောင်စု စသည်တို့ကို မသန်စွမ်းနှင့် သက်ကြီးရွယ်အိုအိမ်ထောင်စုများအဖြစ် သတ်မှတ်ပါသည်။ | ဇရိယာ (၂–၂)အရှေ့ပိုင်း အတွင်းရှိ မသန်စွမ်း နှင့်သက်ကြီးရွယ်အို အုပ်စုများမှ အောက်ပါပုဂ္ဂိုလ်များ<br>- မသန်စွမ်းသူနှင့် ၎င်းအား ကူညီနေရသူတစ်ဦး (ပေါင်း (၂)ဦး)<br>- သက်ကြီးရွယ်အိုနှင့် ၎င်းအားကူညီနေရသူတစ်ဦး (ပေါင်း (၂) ဦး)<br>- အမျိုးသမီးဦးစီးသည့်အိမ်ထောင်စုရှိ အလုပ်အကိုင်မရှိသူများ[၂]နှင့်<br>- ဆင်းရဲနွမ်းပါးမှုဆိုင်ရာအချက်အလက်များတွင် ပါရှိသော ၂၀၁၀ ခုနှစ်တွင် သတ်မှတ်ထားသည့် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်ရှိ အိမ်ထောင်စုမှ အလုပ်အကိုင်မရှိသူများ | - တစ်ဦးလျှင် ၄၀,၀၀၀/–ကျပ် တစ်ကြိမ် ငွေကြေး (တစ်ပေါင်းတည်း)ပံ့ပိုးပေးခြင်း<br>- IRPအစီအစဉ်တွင် ပါဝင်နိုင်ခြင်း | – ကီလို (၅၀)ပါဆန်တစ်အိပ်မှာ တစ်ဦးလျှင် (၁၅)ကီလိုနှုန်းဖြင့် အခြေခံကာ (၃)လစာအတွက် တွက်ချက်ထား ခြင်းဖြစ်ပါသည်။ |
| **၅. အထူးအစီအစဉ်** | | | | |
| (၁) ပြန်လည်နေရာချထားပေးမည့် နေရာစီစဉ်ထားရှိခြင်း | (အုပ်စု–၁ဖြစ်သည့် ထိခိုက်နစ်နာမှုများအတွက်ပံ့ပိုးခြင်းအောက်ရှိ (၂) လူနေအဆောက်အဦးတွင် ကြည့်ရှုပါရန်) | (အုပ်စု–၁ဖြစ်သည့် ထိခိုက်နစ်နာမှုများအတွက်ပံ့ပိုးခြင်းအောက်ရှိ (၂) လူနေအဆောက်အဦးတွင် ကြည့်ရှုပါရန်) | - နစ်နာဆုံးရှုံးမှုများအတွက်ပံ့ပိုးခြင်းအစီအစဉ်၏ တစ်စိတ်တစ်ဒေသအနေဖြင့် စီစဉ်ရန် | – လိုအပ်သည့် အခြေခံအဆောက်အဦးများပါဝင်သည့် ပြန်လည်နေရာချထားပေးသည့်နေရာတွင် မြေတစ်ကွက် ပံ့ပိုးပေးခြင်း |
| (၂) IRP | ပြန်လည်နေရာချထားခြင်းကြောင့် ဝင်ငွေဆုံးရှုံး သို့မဟုတ် လျော့နည်းသွားခြင်း | ဝင်ငွေလမ်းကြောင်း (အသက်မွေးဝမ်းကြောင်း)ဆုံးရှုံးမှုများ၊ မသန်စွမ်းနှင့်သက်ကြီးရွယ်အိုအုပ်စုများ အတွက်ပံ့ပိုးမှုများ စသည်တို့နှင့် အကျုံးဝင်သူများ | - ဝင်ငွေလမ်းကြောင်း (အသက်မွေးဝမ်းကြောင်း)ဆုံးရှုံးမှုများ၊ မသန်စွမ်းနှင့်သက်ကြီးရွယ်အိုအုပ်စုများ အတွက်ပံ့ပိုးမှုများ၏ တစ်စိတ်တစ်ဒေသအဖြစ် စီစဉ်ရန် | – ငွေကြေးမဟုတ်သည့် ပံ့ပိုးမှုများ |

မှတ်ချက်–

၁) မြေနှင့် ပိုင်ဆိုင်မှုများအတွက် တန်ဖိုးလျော့နည်းသွားခြင်းအား စဉ်းစားရန်မလိုအပ်သော ပြန်လည်အစားထိုးရန်ကုန်ကျစရိတ်ကို သတ်မှတ်ပြီး၊ ပိုင်ဆိုင်မှုများပြန်လည်အစားထိုးရန်နှင့် ပတ်သက်သည့် ကုန်ကျစရိတ်များဖြစ်သည့် စာရင်းသွင်းခြင်း၊ ပိုင်ဆိုင်မှုပြောင်းလဲခြင်းအခွန်များ၊ အစရှိသည်တို့ ပါဝင်သည်။ အထူးသဖြင့် အိမ်များနှင့် အခြားအဆောက်အဦးများအတွက် ပြန်လည်အစားထိုးတည်ဆောက်ရန် မူလအတိုင်း သို့မဟုတ် မူလထက်ပိုမိုကောင်းမွန်သော အဆောက်အဦးများ တည်ဆောက်ရန် ဈေးကွက်ပေါက်ဈေး (သို့မဟုတ်) ထိခိုက်နစ်နာခံရသည့် အိမ်အား ပြန်လည်ပြုပြင်ရန်နှင့် ဆောက်လုပ်ရေးပစ္စည်းများ၏ သယ်ယူပို့ဆောင်ရေးစရိတ်နှင့် အလုပ်သမားနှင့် ကန်ထရိုက်တာစရိတ်များပါဝင်သည်။

၂) UNDP၊ UNICEF၊ SIDAနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ ၂၀၁၁ခုနှစ် ဇွန်လတွင် ပူးပေါင်းထုတ်ပြန်ခဲ့သည့် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ အချက်အလက်များအရ အရွယ်ရောက်ပြီးသူတစ်ဦး၏ တစ်နှစ်ဝင်ငွေမှာ (၃၇၆၁၅၁)ကျပ်အောက်သာ ရရှိသောသူကို ဆင်းရဲနွမ်းပါးမှုမျဉ်းအောက် ကျရောက်သူဟု သတ်မှတ်ပါသည်။

၃) ဤစီမံကိန်းမှ သတ်မှတ်ထားသည့် အလုပ်အကိုင်မရှိသူများဆိုသည်မှာ အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်ရောက်နေပြီးဖြစ်သော်လည်း အလုပ်အကိုင်မရှိသူကို ဆိုလိုပါသည်။

## ၅.၄ အဆောက်အဦးအမျိုးအစား ခွဲခြားသတ်မှတ်ခြင်း

အဆောက်အဦးများအား အိမ်နှင့် တဲအဖြစ် အခြေခံအားဖြင့် ခွဲခြားထားပါသည်။ အိမ်ဆိုသည်မှာ တိုင်၊ ထုပ်၊ ယောက်၊ ဆင့်၊ အမိုး၊ ကြမ်းခင်း၊ တံခါးနှင့် မီးဖိုချောင်တို့အပြင် လူဆက်တိုက် နေထိုင်ကြောင်း အတည်ပြုနိုင်သည့် လုံလောက်သည့် အိုး၊ ခွက်၊ ပန်းကန်များရှိသည့် လူနေအဆောက်အဦးတစ်ခုကို ဆိုလိုခြင်းဖြစ်ပြီး တဲဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်စဉ်တွင် နားနေရန် သို့မဟုတ် ကျွဲ/နွားတိရစ္ဆာန်များနှင့် စိုက်ပျိုးရေးသုံးပစ္စည်းကိရိယာများထားရန်အတွက် အသုံးပြုသည့် အဆောက်အဦးဖြစ်ပြီး မြန်မာအခေါ်အားဖြင့် လယ်စောင့်တဲကို ဆိုလိုခြင်းဖြစ်ပါသည်။ အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခဲ့စဉ်က အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် အတည်ပြုချက်များအရလည်းကောင်း၊ သက်ဆိုင်ရာအိမ်ထောင်စုများနှင့် သက်ဆိုင်ရာကျေးရွာများ၌ အကျုံးဝင်/မဝင် အတည်ပြုဆွေးနွေးချက်များအရလည်းကောင်း ထိုကဲ့သို့ခွဲခြားထားခြင်းဖြစ်ပါသည်။

|  |  |
|---|---|
| လူနေအဆောက်အဦး | တဲ |

**ဓာတ်ပုံ (၅-၁) လူနေအဆောက်အဦးနှင့် တဲနမူနာပုံ**

# အခန်း (၆) ပြန်လည်နေရာချထားမည့်နေရာ အစီအစဉ်

## ၆.၁ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အကျုံးဝင်အိမ်ထောင်စုများ

စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများအနေဖြင့် အောက်ပါအချက်အလက်များနှင့် ပြည့်စုံပါက ပြန်လည်နေရာချထားပေးမည့်နေရာသို့ အစားထိုးချထားခြင်းနှင့် အကျုံးဝင်မည် ဖြစ်ပါသည်။

- <u>ဇရိယာ (၂-၂)အရှေ့ပိုင်းအတွင်းရှိ စားကျက်မြေနှင့် အခြားသူတစ်ဦးဦးပိုင်ဆိုင်သည့် မြေပေါ်၌ အဆောက်အဦးရှိသည့် အိမ်ထောင်စုများ</u>

## ၆.၂ ပြန်လည်နေရာချထားမည့်မြေတည်နေရာနှင့် သတ်မှတ်ချက်များ

### ၆.၂.၁ ပြန်လည်နေရာချထားပေးမည့်နေရာနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ


ယခင်ကျင်းပပြုလုပ်ခဲ့သည့် ညှိနှိုင်းဆွေးနွေးပွဲများ၊ မူဘောင်နှင့်ပတ်သက်သည့် မှတ်ချက်များအပေါ် ရှင်းလင်းသည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် အခြားအလျဉ်းသင့်သလို ကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲများ၌ ဒေသခံများမှ မိမိတို့ပြောင်းရွှေ့လိုသည့်နေရာများအား ဆွေးနွေးခဲ့ကြပြီး အထူးသဖြင့် ဇရိယာ (၂-၂)အတွက် ပြန်လည်နေရာချထားမည့်နေရာနှင့် သတ်မှတ်ချက်များကို ၂၀၁၆ခုနှစ် ဧပြီလ (၃)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ညှိနှိုင်းဆွေးနွေးပွဲနှင့် ဒီဇင်ဘာလ (၁၀)ရက်နေ့တွင် ကျင်းပခဲ့သော ဇရိယာ (၂-၂)အရှေ့ပိုင်းအတွက် ညှိနှိုင်းဆွေးနွေးပွဲတို့တွင် ကနဦးဆွေးနွေးခဲ့ပါသည်။ ထို့အပြင် ဇရိယာ (၂-၂)အရှေ့ပိုင်းအတွက် ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၉)ရက်နေ့နှင့် ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၃၀)ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့သော ညှိနှိုင်းဆွေးနွေးပွဲများတွင်လည်း ဆက်လက်ဆွေးနွေးခဲ့ပါသည်။
ယခင် ပြန်လည်နေရာချထားရေးလုပ်ငန်းမူဘောင်နှင့် ဇရိယာ (၂-၁)၏ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်တို့နှင့်စပ်လျဉ်း၍ ပြုလုပ်ခဲ့သော ညှိနှိုင်းဆွေးနွေးပွဲများတွင် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းဇရိယာတစ်ခုလုံးမှ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများအကြား ပြန်လည်နေရာချထားပေးစေလိုသည့်နေရာ (၃)ခုရှိပြီး ၎င်းတို့မှာ ၁) စီမံကိန်းဇရိယာအတွင်း စိုက်ပျိုးလုပ်ကိုင်လျှက်ရှိကြသော တောင်သူများအပါအဝင် နှစ်ပေါင်းများစွာနေထိုင်လျှက်ရှိသည့် အိမ်ထောင်စုများအနေဖြင့် မိမိတို့၏ လက်ရှိနေထိုင်ရာအနီးတွင် ပြန်လည်နေရာချထားပေးစေလိုခြင်း၊ ၂) လက်ရှိနေရာတွင် နေထိုင်လျှက်ရှိသည်မှာ နှစ်အနည်းငယ်သာရှိသေးသူများအနေဖြင့် မည်သည့်နေရာသို့မဆို ပြန်လည်နေရာချထားပေးစေလိုခြင်း၊ ၃) အိမ်ထောင်စုများမှ သတ်မှတ်အဆိုပြုသည့် နေရာများဟူ၍ ဖြစ်ပါသည်။

သို့သော်လည်း ဇရိယာ (၂-၂)အရှေ့ပိုင်းအတွက်မူ စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ၏ စောလျင်စွာ ပြောင်းရွှေ့လိုသော ဆန္ဒများအား နိုဝင်ဘာလ (၁၁)ရက်နေ့တွင် သီလဝါအထူးစီးပွားရေးဇုန်သို့ ဇရိယာ (၂-၂)အရှေ့ပိုင်းမှ အကျုံးဝင်အိမ်ထောင်စုများနှင့် အခြားသော ဇရိယာမှ အိမ်ထောင်စုများ လာရောက်လည်ပတ်ခဲ့စဉ်ကလည်းကောင်း၊ အခြားအချိန်အခါများတွင်လည်းကောင်း ဖော်ထုတ်ပြောကြားခဲ့ကြပါသည်။ ထို့အပြင် ဇရိယာ (၂-၂)အရှေ့ပိုင်းမှ အကျုံးဝင်အိမ်ထောင်စုများသည် မြို့သာယာရပ်ကွက်ရှိ ပြန်လည်နေရာချထားမည့်နေရာအား စိတ်ဝင်စားကြောင်း ပြသခဲ့ကြပါသည်။ ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၃၀)ရက်နေ့တွင် ဇရိယာ (၂-၂)အရှေ့ပိုင်းမှ ပြန်လည်နေရာချထားပေးရမည့် အကျုံးဝင်အိမ်ထောင်စုများနှင့် ကျင်းပပြုလုပ်ခဲ့သည့် ညှိနှိုင်းဆွေးနွေးပွဲတွင်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အဆိုပါနေရာအား ပြန်လည်နေရာချထားပေးမည့်နေရာအဖြစ် အဆိုပြုခဲ့ရာ ဇရိယာ (၂-၂)အရှေ့ပိုင်းမှ သက်ဆိုင်ရာအကျုံးဝင်အိမ်ထောင်စုများ နှစ်သက်လက်ခံခဲ့ကြပါသည်။ သို့ရာတွင် ဇရိယာ (၂-၂)အရှေ့ပိုင်းမှ ပြန်လည်နေရာချထားပေးရမည့် အကျုံးဝင်အိမ်ထောင်စုများအားလုံးအတွက် ပြန်လည်နေရာချထားပေးမည့်နေရာအား ပြင်ဆင်ရာတွင် အချိန်ပိုမိုကြာမြင့်နိုင်ပြီး ယာယီပြန်လည်နေရာချထားမည့်အစီအစဉ်အပါအဝင် အပိုင်းလိုက်ပြန်လည်နေရာချထားမည့်အစီအစဉ်နှင့် ပြန်လည်နေရာချထားမည့်အချိန်တို့ကိုလည်း ယင်းညှိနှိုင်းဆွေးနွေးပွဲ၌ ထည့်သွင်းဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာ အကျုံးဝင်အိမ်ထောင်စုများမှ သဘောတူလက်ခံခဲ့ကြပါသည်။

## ၆.၂.၂ ပြန်လည်နေရာချထားရန် စီစဉ်ထားသည့်နေရာများ

### (၁) တည်နေရာ

ပြန်လည်နေရာချထားရန်စီစဉ်ထားသည့်နေရာသည် ပုံ (၆-၁) တွင် ဖော်ပြထားသည့်အတိုင်း ကျောက်တန်းမြို့နယ် မြိုင်သာယာရပ်ကွက်တွင်တည်ရှိပါသည်။ အဆိုပါနေရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ပိုင်ဆိုင်ပါသည်။ အကျယ်အဝန်းအားဖြင့် (၂၄) ဧကခန့်ရှိပါသည်။ အဆိုပါ (၂၄) ဧကအနက် (၃) ဧကအား ဇုန်-အေစီမံကိန်းဧရိယာမှ အကျိုးဝင်အိမ်ထောင်စုများအတွက် ပြန်လည်နေရာချထားရာတွင် အသုံးပြုခဲ့ပြီး ကျန်ဧရိယာများအနက် တစ်စိတ်တစ်ပိုင်းအား ဇရိယာ (၂-၁) မှ အကျိုးဝင်အိမ်ထောင်စုများအတွက် ပြန်လည်နေရာချထားမည့်နေရာအဖြစ် အသုံးပြုသွားရန် စီစဉ်ခဲ့ပါသည်။ ကျန်ရှိသည့်ဧရိယာကို ဇရိယာ (၂-၂) အရှေ့ပိုင်းမှ အကျိုးဝင်အိမ်ထောင်စုများနှင့် ထို့နောက် ဇုန်အတွင်းရှိ အခြားသော ဧရိယာများမှ အကျိုးဝင်အိမ်ထောင်စုဝင်များအား ပြန်လည်နေရာချထားရာတွင် အသုံးပြုသွားမည် ဖြစ်ပါသည်။ အဆိုပါနေရာမှာ ဇရိယာ (၂-၂) အရှေ့ပိုင်းအတွင်း နေထိုင်လျှက်ရှိကြသည့် အကျိုးဝင်အိမ်ထောင်စုများ၏ နေအိမ်အဆောက်အဦးများမှ (၄.၅) ကီလိုမီတာခန့်အကွာတွင် တည်ရှိပါသည်။




**ပုံ (၆-၁) ပြန်လည်နေရာချထားရန်စီစဉ်ထားသည့်မြေ တည်နေရာပြပုံ**

### (၂) ပြန်လည်နေရာချထားရန်စီစဉ်ထားသည့်နေရာအနီးဝန်းကျင်ရှိ အခြေခံအဆောက်အဦများ

ပြန်လည်နေရာချထားရန်စီစဉ်ထားသည့်နေရာ၌ လူနေမြေကွက်များအပြင် လမ်း၊ ရေတွင်း၊ လျှပ်စစ်မီးနှင့် အများပြည်သူဆိုင်ရာမြေကွက်လပ်များ အစရှိသည့် လိုအပ်သော အခြေခံအဆောက်အဦများကိုလည်း ထည့်သွင်းတည်ဆောက်သွားရန် အစီအစဉ်ရေးဆွဲထားပါသည်။ လူမှုရေးဆိုင်ရာအခြေခံ အဆောက်အဦ (ဥပမာ- ကျောင်း၊ ကျန်းမာရေးဌာန၊ အုပ်ချုပ်ရေးရုံး၊ ဘုန်းကြီးကျောင်း၊ ဘုရား) များမှာလည်း ဇယား (၆-၁) တို့တွင် ဖော်ပြထားသည့်အတိုင်း သန်လျင်-ကျောက်တန်းလမ်းမတစ်လျှောက်တွင် အဓိကအားဖြင့် တည်ရှိပြီးဖြစ်ပါသည်။ ထို့အပြင် ဇုန်-အေမှ ပြန်လည်နေရာချထားပေးခဲ့သည့် အိမ်ထောင်စုများအတွက် ဘက်စုံသုံးအဆောက်


အဦးတစ်ခုကိုလည်း တည်ဆောက်လျှက်ရှိပြီး အဆိုပါအဆောက်အဦးအား ဇရိယာ (၂-၁) နှင့် ဇရိယာ (၂-၂) အရှေ့ပိုင်းမှ ပြန်လည်နေရာချထားပေးမည့် အကျုံးဝင်အိမ်ထောင်စုများလည်း အသုံးပြုနိုင်မည်ဖြစ်ပါသည်။

ရှိနှင့်ပြီး လူမှုရေးဆိုင်ရာ အခြေခံအဆောက်အဦးများအား အသုံးပြုနိုင်သည် သို့မဟုတ် ပြန်လည်နေရာချထားရေးတွင် အကျုံးဝင်သော မိသားစုဝင်အရေအတွက်ပေါ် မူတည်၍ ထိုအခြေခံ အဆောက်အဦးများအား ချဲ့ထွင်ပေးခြင်း/အရည်အသွေးမြှင့်တင်ပေးခြင်းတို့အား ပြုလုပ်ပေးမည် ဖြစ်ပါသည်။ ပဏာမအနေဖြင့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အဦးများ အထူးသဖြင့် ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အဆောက်အဦးတို့အား ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၃) ရက်နေ့တွင် သွားရောက်လေ့လာခဲ့သည်။ မြိုင်သာယာ တွဲဘက်အထက်တန်းကျောင်းမှ ပြောကြားချက်အရ နေရာအကျယ်အဝန်းမှာ အလုံအလောက်ရှိသော်လည်း အကယ်၍ ဇရိယာ (၂-၂) အရှေ့ပိုင်းရှိ အကျုံးဝင်အိမ်ထောင်စုများအားလုံး စီစဉ်ထားသည့်နေရာသို့ ပြန်လည်နေရာချထားပြီး၍ ၎င်းအိမ်ထောင်စုများမှ ကျောင်းသား/သူများပါ တက်ရောက်မည်ဆိုပါက စာသင်ခန်းများ ထပ်မံတည်ဆောက်ရန်လိုအပ်သည်ဟု သိရသည်။ ယာယီအစီအစဉ်များအပါအဝင် စာသင်ခန်းများ ဖြည့်ဆည်းဆောင်ရွက်မည့်အစီအစဉ်များကို ပြန်လည်နေရာချထားပေးမည့်အိမ်ထောင်စုများမှ ကျောင်းနေအရွယ် ကလေးသူငယ်အရေအတွက်နှင့် အဆိုပါကျောင်းတွင်တက်ရောက်မည့် ကျောင်းသူ/သားအရေအတွက် အတိအကျနှင့်ပတ်သက်၍ စီမံခန့်ခွဲမှုကော်မတီမှ ပံ့ပိုးပေးမည့်အချက်အလက်များအပေါ်တွင်မူတည်ကာ သက်ဆိုင်ရာကျောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့အကြား ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြိုင်သာယာရှိ ကျေးလက်ကျန်းမာရေးဌာနမှလည်း နိုင်ငံတော်အစိုးရမှ လူဦးရေပေါ်မူတည်၍ ကျေးလက်ကျန်းမာရေးဌာနအား အဆင့်မြှင့်တင်ရန် ဆုံးဖြတ်လေ့ရှိသည်ဟု ရှင်းပြခဲ့ပါသည်။ သို့သော်လည်း ဇရိယာ (၂-၂) အရှေ့ပိုင်းမှ ပြန်လည်နေရာချထားပေးရမည့် အကျုံးဝင်အိမ်ထောင်စုများအားလုံး စီစဉ်ထားသည့်နေရာသို့ ပြောင်းရွှေ့လာပြီးနောက်တွင်ပင်လျှင် အဆင့်မြှင့်တင်ရန်လိုအပ်သည့် လူဦးရေအထိ မရောက်ရှိသေးပါ။ ထို့အပြင် မြိုင်သာယာရပ်ကွက်သည် ကျောက်တန်းမြို့နှင့်လည်းနီးကာ သန်လျင်နှင့်လည်း အလှမ်းမဝေးသောနေရာတွင် တည်ရှိနေပါသည်။ ထို့ကြောင့် ကျေးလက်ကျန်းမာရေးဌာန အဆင့်မြှင့်တင်ခြင်းအား နောင်တိုးပွားလာမည့် လူဦးရေပေါ်တွင် မူတည်၍ စဉ်းစားမည်ဖြစ်ပါသည်။

**ဇယား (၆-၁) ပြန်လည်နေရာချထားရန်စီစဉ်ထားသည့် ဇရိယာအနီးဝန်းကျင်ရှိ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အဦးများ**

| စဉ် | အကြောင်းအရာ | တည်နေရာ |
|---|---|---|
| ၁ | မြိုင်သာယာ ကျေးလက်ကျန်းမာရေးဌာန | သန်လျင်-ကျောက်တန်းလမ်းမ |
| ၂ | မူကြို | သန်လျင်-ကျောက်တန်းလမ်းမ |
| ၃ | အခြေခံပညာအလယ်တန်းကျောင်း (တွဲဘက်အထက်တန်းကျောင်း) | သန်လျင်-ကျောက်တန်းလမ်းမ |
| ၄ | ညောင်ပိုင်းအခြေခံပညာမူလတန်းကျောင်း | သန်လျင်-ကျောက်တန်းလမ်းမ |
| ၅ | ဘန့်ဘွေးကုန်းအမှတ် (၁) အခြေခံပညာမူလတန်းကျောင်း | သန်လျင်-ကျောက်တန်းလမ်းမ |
| ၆ | ဘန့်ဘွေးကုန်းအမှတ် (၂) အခြေခံပညာမူလတန်းကျောင်း | မြိုင်သာယာ (၁) ရပ်ကွက် |
| ၇ | ရှမ်းစုအခြေခံပညာမူလတန်းကျောင်း | သန်လျင်-ကျောက်တန်းလမ်းမ |
| ၈ | ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး | သန်လျင်-ကျောက်တန်းလမ်းမ |
| ၉ | အလင်းတန်းစာကြည့်တိုက် | သန်လျင်-ကျောက်တန်းလမ်းမ |
| ၁၀ | ပြည်တော်အေးဘုန်းတော်ကြီးကျောင်း | မြိုင်သာယာ (၂) ရပ်ကွက် |
| ၁၁ | ဇမ္ဗူအေးဘုန်းတော်ကြီးကျောင်း | မြိုင်သာယာ (၁) ရပ်ကွက် |
| ၁၂ | ဇမ္ဗူဥဿျောင်သီလရှင်စာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း | မြိုင်သာယာ (၁) ရပ်ကွက် |
| ၁၃ | ကျိုက်မြတ်ခမ္မန်ဘုရား | သန်လျင်-ကျောက်တန်းလမ်းမ |
| ၁၄ | ဘုရား | သန်လျင်-ကျောက်တန်းလမ်းမ |

ပြန်လည်နေရာချထားရန်စီစဉ်ထားသည့်နေရာ တည်နေရာနှင့် ရှိနှင့်ပြီး လူမှုရေးဝန်ဆောင်မှုဆိုင်ရာ အခြေခံအဆောက်အဦများကို ပုံ (၆-၂) တွင် ဖော်ပြထားပါသည်။




**ပုံ (၆-၂) ပြန်လည်နေရာချထားရန်စီစဉ်ထားသည့်နေရာနှင့် အနီးဝန်းကျင်ရှိ အခြေခံ အဆောက်အဦများ တည်နေရာပြပုံ (၂၀၁၆ခုနှစ် ဖေဖော်ဝါရီလအထိ အခြေအနေအရ)**

## ၆.၃ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအခြေခံတို့ကို ထည့်သွင်းစဉ်းစားထားမှုများ

ပြန်လည်နေရာချထားရန်စီစဉ်ထားသည့်နေရာမှာ အဓိကအားဖြင့် ကွင်းပြင် သို့မဟုတ် စွန့်ပစ် လယ်မြေများ ဖြစ်ပြီး လူနေဇရိယာအဖြစ် ပြောင်းလဲသွားမည်ဖြစ်ပါသည်။ ထိုနေရာနှင့် စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအခြေခံတို့အား ထည့်သွင်းစဉ်းစားမှုများကို ဇယား (၆-၂)တွင် အကျဉ်းချုပ် ဖော်ပြထားပါသည်။

**ဇယား (၆-၂) ပြန်လည်နေရာချထားရန်စီစဉ်ထားသည့်နေရာနှင့်စပ်လျဉ်း၍ အရေးပါသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအခြေခံတို့ကို ထည့်သွင်းစဉ်းစားထားမှုများ**

| အကြောင်းအရာ | ဆန်းစစ်ချက် | စီမံခန့်ခွဲမှုနှင့် လျော့ပါးသက်သာစေမည့် အစီအမံများ |
|---|---|---|
| **၁. သဘာဝပတ်ဝန်းကျင်** | | |
| သစ်ပင်ပန်းမံ၊ တိရစ္ဆာန်နှင့် ဇီဝမျိုးကွဲမျိုးစုံ | ပြန်လည်နေရာချထားမည့်နေရာသည် လူတို့ဖန်တီးထားသည့် ကွင်းပြင် (ယခင်လယ်အဖြစ် အသုံးပြုခဲ့) သို့မဟုတ် လက်ရှိအချိန်အထိ လယ်အဖြစ်အသုံးပြုနေသည့်အတွက် သစ်ပင်ပန်းမံ၊ တိရစ္ဆာန်နှင့် ဇီဝမျိုးကွဲမျိုးစုံတို့အပေါ် ထိခိုက်မှုမရှိနိုင်ပါ။ အခြားတစ်ဖက်တွင်မူ လူဦးရေများပြားလာပြီး ၎င်းတို့မှ ဆောင်ရွက်သည့်လုပ်ငန်းများကြောင့် ပြန်လည်နေရာချထားမည့်နေရာ အနီးဝန်းကျင်ရှိ သဘာဝအရင်းအမြစ်များကို ထိခိုက်စေနိုင်ပါသည်။ | အနီးပတ်ဝန်းကျင်ရှိ သဘာဝအရင်းအမြစ်များကို ကောင်းမွန် စွာအသုံးပြုရန်နှင့် စီမံခန့်ခွဲတတ်စေရန်အတွက် ပြောင်းရွှေ့လာရမည့်အိမ်ထောင်စုများအား လမ်းညွှန်မှုများ ပေးအပ်သွားမည်ဖြစ်ပါသည်။ |

| **အကြောင်းအရာ** | **ဆန်းစစ်ချက်** | **စီမံခန့်ခွဲမှုနှင့် လျော့ပါးသက်သာစေမည့် အစီအမံများ** |
|---|---|---|
| **၂. လူမှုရေးဆိုင်ရာ ပတ်ဝန်းကျင်** | | |
| မလွှဲမရှောင်သာ ပြန်လည်နေရာ ချထားရခြင်း | လက်ရှိနေထိုင်လျှက်ရှိကြသည့် အိမ်ထောင်စုများ သို့မဟုတ် ဝင်ငွေရလုပ်ငန်းလုပ်ကိုင်လျှက်ရှိကြသည့် အိမ်ထောင်စုများ အား ပြန်လည်နေရာချထားပေးရန် လို အပ်ပါသည်။ | နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ပြန်လည်နေရာချထား ပေးရန်လိုအပ်သည့် အိမ်ထောင်စုများအတွက် သင့်လျော်သည့် ပံ့ပိုးမှုများ ပေးအပ်သွားမည် ဖြစ်ပါသည်။ |
| ဒေသတွင်း စီးပွားရေး | တည်ဆောက်ရေးကာလနှင့် ပြန်လည်နေရာချထားပြီးနောက် ပြန်လည်နေရာချထားမည့်နေရာနှင့် အနီးပတ်ဝန်းကျင်တွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည် ဖြစ်သည့်အတွက် အကျိုးရှိမည်ဖြစ်သည်။ | ပြန်လည်နေရာချထားမည့်နေရာနှင့် အနီးပတ်ဝန်းကျင်တွင် ပေါ်ပေါက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းများအတွက် စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများနှင့် ဒေသခံများအား ၎င်းတို့၏ အရည်အချင်းနှင့် စိတ်ပါဝင်စားမှုအလိုက် ဦးစားပေးခန့်အပ် သွားမည်ဖြစ်ပါသည်။ |
| မြေအသုံးချမှု | ကွင်းပြင်နှင့် လက်ရှိလယ်မြေအဖြစ်အသုံးပြုနေသည့် အပိုင်း များ၊ လူနေဇရိယာများကို ပြန်လည်နေရာချထားမည့်နေရာ အဖြစ် ဖော်ဆောင်သွားမည်ဖြစ်သည်။ | စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ အသုံးပြု နိုင်မည့် ကွင်းပြင် (မြေကွက်လပ်) များကို ပြန်လည်နေရာချ ထားမည့်နေရာ၌ ထည့်သွင်းတည်ဆောက် သွားမည်ဖြစ်ပါ သည်။ |
| ဒေသအတွင်း အကျိုးစီးပွား ဆိုင်ရာ မပြေ လည်မှုများ | လူနေမှုပုံစံနှင့် အခြေအနေများမှာ မတူညီသည့်အတွက် စီမံကိန်းကြောင့်ပြောင်းရွှေ့လာမည့် အိမ်ထောင်စုများနှင့် ဒေသခံတို့အကြား မပြေလည်မှုများ ဖြစ်ပွားလာနိုင်ပါသည်။ | မလိုလားအပ်သည့် ပြဿနာများကို ရှောင်လွှဲနိုင်ရန်၊ ၎င်းတို့အကြား သဟဇာတဖြစ်စေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုအား ကောင်းစေရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။ |
| အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများ အတွက် ထည့်သွင်း စဉ်းစားခြင်း | နေထိုင်သည့်နေရာအပြောင်းအလဲကြောင့် အလုပ် သို့မဟုတ် ကျောင်းသို့သွားသည့်လမ်းကြောင်း ပြောင်းလဲမှု ရှိနိုင်ပါ သည်။<br>မသန်စွမ်းနှင့် သက်ကြီးရွယ်အိုအုပ်စုများအနေဖြင့် အခြားသာမန်အိမ်ထောင်စုများထက် စီးပွားရေး ဆိုင်ရာ အခက် အခဲများ ပိုမိုကြုံတွေ့နိုင်ပါသည်။ | သွား/လာစရိတ် ပံ့ပိုးပေးမည်ဖြစ်ပါသည်။ ထို့အပြင် ပြန်လည်နေရာချထားမည့်နေရာနှင့် ကြို/ပို့ကားများ စီစဉ်ပေးရန် စဉ်းစားမည်ဖြစ်ပါသည်။<br>မသန်စွမ်းနှင့် သက်ကြီးရွယ်အိုအုပ်စုများအတွက်မူ ထပ်တိုး ပံ့ပိုးမှုများ ပေးအပ်သွားမည်ဖြစ်ပါသည်။ |
| **၃. ညစ်ညမ်းမှုများ** | | |
| ရေထုညစ်ညမ်းမှု | တည်ဆောက်ရေးလုပ်ငန်းများမှာ ခြောက်သွေ့သည့် ရာသီတွင် ဆောင်ရွက်မည်ဖြစ်သည့်အတွက် ပတ်ဝန်းကျင်ရှိရေထုအား ထိခိုက်မှုမှာ အခိုက်အတန့်သာဖြစ်ပြီး သိသိသာသာ ထိခိုက်မှုမရှိနိုင်ပေ။ အခြားတစ်ဖက်တွင်မူ ပြန်လည်နေရာချထားပြီးနောက် အသုံးပြုပြီး ရေဆိုးများ ထွက်ရှိလာမည်ဖြစ်ပါသည်။ | ယင်လုံအိမ်သာများကို အိမ်တိုင်းတွင် ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပြီး မိလ္လာကျင်းများအား ပုံမှန်စုပ်ထုတ်ပေးနိုင်ရန် ကျောက်တန်းမြို့နယ် စည်ပင်သာယာဌာနအား တင်ပြတောင်းဆိုသွားမည် ဖြစ်ပါသည်။<br>ရေတွင်းများ၊ အိမ်သာများအား ပြုပြင်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲများကို စီမံကိန်းကြောင့်ပြောင်း ရွှေ့ရမည့်အိမ်ထောင်စုများအတွက် ကျင်းပပြုလုပ်ပေးသွား မည်ဖြစ်ပါသည်။ |
| ဆူညံမှုနှင့် တုန်ခါမှု | တည်ဆောက်ရေးလုပ်ငန်းများမှာ နေ့ခင်းဘက်တွင်သာ ဆောင်ရွက်မည်ဖြစ်သည့်အတွက် ဆူညံမှုနှင့် တုန်ခါမှုတို့မှာ အခိုက်အတန့်သာဖြစ်ပြီး သိသိသာသာ ထိခိုက်မှုမရှိနိုင်ပေ။ အခြားတစ်ဖက်တွင်မူ ပြန်လည် နေရာချထားပြီးနောက် တီဗွီ၊ အသံချဲ့စက်အစရှိသည် တို့မှ ထွက်ရှိသည့်အသံတို့ကြောင့် ပတ်ဝန်းကျင်အား ဆူညံမှု ဖြစ်စေနိုင်ပါသည်။ | ပတ်ဝန်းကျင်အသစ်နှင့် အသားကျစေရန်အတွက် စီမံကိန်းကြောင့်ပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စုများအား လမ်းညွှန်ချက် သို့မဟုတ် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ |


| အကြောင်းအရာ | ဆန်းစစ်ချက် | စီမံခန့်ခွဲမှုနှင့် လျော့ပါးသက်သာစေမည့် အစီအမံများ |
|---|---|---|
| စွန့်ပစ်အစိုင်အခဲများ | တည်ဆောက်ရေးလုပ်ငန်းများမှ ထွက်လာမည့် အမှိုက်များမှာ ယာယီသာဖြစ်ပြီး များပြားမည် မဟုတ်ပေ။ အခြားတစ်ဖက်တွင်မူ ပြန်လည်နေရာချထားပြီးနောက် အိမ်ထောင်စု တစ်စုချင်းစီမှ ထွက်ရှိလာမည့် စွန့်ပစ်အစိုင်အခဲအမှိုက်များ အတိုင်းအတာတစ်ခုအထိ ရှိလာနိုင်ပါသည်။ | ပြန်လည်နေရာချထားမည့်နေရာ၌ အမှိုက်စွန့်ပစ်ရန်နေရာ (အမှိုက်ကန်)များ စီစဉ်ထားရှိမည်ဖြစ်ပါသည်။ ယင်းအမှိုက်ကန်များတွင် စနစ်တကျစွန့်ပစ်ရန်နှင့် စီမံခန့်ခွဲတတ်စေရန် လမ်းညွှန်မှုများပေးအပ်သွားမည် ဖြစ်ပါသည်။ ထို့အပြင် ယင်းအမှိုက်ကန်များအား အချိန်မှန် အမှိုက်သိမ်းဆည်းပေးရန် ကျောက်တန်း မြို့နယ်စည်ပင်သာယာဌာနအား တင်ပြ တောင်းဆိုသွားမည်ဖြစ်ပါသည်။ |

# အခန်း (၇) မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်


## ၇.၁ မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်အတွက် ချဉ်းကပ်မှုများ

မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များမှာ သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းဇရိယာအတွင်းနှင့် အနီးဝန်းကျင်ရှိ စီးပွားရေးလုပ်ငန်းများကိုအမှီပြုကာ စီမံကိန်းကြောင့် ပြောင်းရွှေ့ရသည့် အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန်နှင့် အခြေတကျဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် ပံ့ပိုးပေးခြင်းဖြစ်ပြီး အခြေခံအားဖြင့် "ငွေကြေးမဟုတ်သည့်ပံ့ပိုးမှုများ" ပေးအပ်ခြင်းဖြစ်ပါသည်။ ဇရိယာ (၂-၂) အရှေ့ပိုင်းအတွက် IRPအစီအစဉ်များကို နိုင်ငံတကာကျင့်ထုံးများ၊ မူဘောင်ပါ ပံ့ပိုးပေးမည့်မူဝါဒများ၊ ဤအခန်းမတိုင်မီဖော်ပြခဲ့သည့် ဇုန်-အေမှရရှိသည့် သင်ခန်းစာများကို အခြေခံကာ ရေးဆွဲထားခြင်းဖြစ်ပြီး ပါဝင်ပတ်သက်သူများ၊ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများနှင့် ညှိနှိုင်းဆွေးနွေးကာ လိုအပ်သလိုပြင်ဆင်ရေးဆွဲသွားမည်ဖြစ်ပါသည်။ IRPအစီအစဉ်တွင် အိမ်တွင်းငွေစာရင်းစီမံခန့်ခွဲခြင်း၊ သက်/မွေးသင်တန်းများ၊ ကုမ္ပဏီတစ်ခုတွင် စီးပွားရေးဆိုင်ရာ နည်းနာများ သင်ယူခြင်းနှင့် နေထိုင်ရာပတ်ဝန်းကျင်အသစ်၏ အသိုက်အဝန်းဖွံ့ဖြိုးတိုးတက်ရေး အစရှိသည့် ဆောင်ရွက်ရမည့်လုပ်ငန်းများစွာရှိသည့်အတွက် IRPအစီအစဉ်တစ်ခုချင်းစီအတွက် အသေးစိတ်ကို သုံးသပ်ဆန်းစစ်ကာ ပါဝင်ပတ်သက်သူများအပါအဝင် သက်ဆိုင်ရာအိမ်ထောင်စုများနှင့် ဆွေးနွေးညှိနှိုင်း၍ အချောသတ်ရေးဆွဲသွားမည် ဖြစ်ပါသည်။

၎င်းအစီအစဉ်၌ အဓိကအပိုင်း (၂) ပိုင်းပါဝင်မည်ဖြစ်ပြီး (က) အိမ်ထောင်စုများအားလုံးအတွက် ဝင်ငွေရအလုပ်အကိုင်အခွင့်အလမ်းများပိုမိုတိုးတက်စေရန်နှင့် မိသားစုငွေစာရင်းအား စနစ်တကျစီမံခန့်ခွဲတတ်စေရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် အိမ်ထောင်စုများ၏ စီးပွားရေးအခြေအနေများ ပြန်လည်ကောင်းမွန်စေရန်အတွက်ပံ့ပိုးကူညီခြင်း၊ (ခ) နေရာအသစ်တစ်ခု၌ ပြန်လည်နေရာချထားပေးခံရမည့်အိမ်ထောင်စုများအတွက် အသိုက်အဝန်းတစ်ခု ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန် ပံ့ပိုးကူညီခြင်းတို့ ဖြစ်ပါသည်။ အခြေခံမူဘောင်များကို ပုံ (၇-၁) နှင့် ပုံ (၇-၂) တို့တွင်ဖော်ပြထားပြီး အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိသည့်အတိုင်းအတာကို သိရှိနိုင်စေရန်အတွက် အပိုင်း (၁) နှင့် (၂) နှစ်ခုစလုံး၏ လုပ်ငန်းများကို စောင့်ကြည့်စစ်ဆေးကာ နောက်ဆက်တွဲလုပ်ငန်းများအား လိုအပ်သလို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။




**ပုံ (၇-၁) စီးပွားရေးအခြေအနေများ ပြန်လည်ကောင်းမွန်စေရန်အတွက် ပံ့ပိုးမည့် အခြေခံမူဘောင် (အပိုင်း (၁))**




**ပုံ (၇-၂) သဘာဝပတ်ဝန်းကျင်၊ လူမှုရေးအခြေအနေများနှင့် လိုက်လျောညီထွေရှိစေရေးအတွက် ပံ့ပိုးမည့် အခြေခံမူဘောင် (အပိုင်း (၂))**

## ၇.၂ ဇုန်-အေအတွက် ပံ့ပိုးပေးခဲ့ပြီး/ပံ့ပိုးဆဲ အသက်မွေးဝမ်းကြောင်းသင်တန်းများ

IRP အစီအစဉ်များအတွက် ဒေသခံများပါဝင်သည့် အလုပ်ရှံဆွေးနွေးပွဲများကျင်းပပြုလုပ်ခြင်း၊ အိမ်တွင်းငွေစာရင်းစီမံခန့်ခွဲခြင်းဆိုင်ရာ သင်တန်းများ၊ အလုပ်အကိုင်ရှာဖွေရာတွင် ပံ့ပိုးကူညီခြင်း၊ သီလဝါအထူးစီးပွားရေးဇုန်အတွင်း လေ့လာရေးခရီးသွားရောက်စေခြင်း (စက်ရုံသို့သွားရောက်လည်ပတ်ခြင်း)၊ အသေးစားချေးငွေအစီအစဉ်၊ အခြေခံအဆောက် အဦဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်နေရာချထားပေးသည့်နေရာ သန့်ရှင်းလုပရေးလုပ်ရှားမှု (အမှိုက်ကောက်လှုပ်ရှားမှု) တို့အပြင် ဇုန်-အေမှပြောင်းရွှေ့ရသည့်ဒေသခံများအတွက် ၎င်းတို့နှင့် ညှိနှိုင်းဆွေးနွေးကာ ဇယား (၇-၁) တွင် အကျဉ်းချုပ်ဖော်ပြထားသော အသက်မွေးဝမ်းကြောင်း သင်တန်းများ ပံ့ပိုးပေးခဲ့/ပံ့ပိုးပေးလျှက်ရှိပါသည်။ ဇရိယာ (၂-၂) ၏အရှေ့ပိုင်းမှ ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများအတွက်လည်း အလားတူ အသက်မွေးဝမ်းကြောင်း သင်တန်းများကို ၎င်းတို့နှင့်ညှိနှိုင်းဆွေးနွေးကာ ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။ ထို့အပြင် ဒေသခံများ၏ တောင်းဆိုချက်များအလိုက် လက်ရှိဝင်ငွေလမ်းကြောင်း၊ လက်ရှိ စီးပွားရေးအခြေအနေတို့ကို သုံးသပ်၍လည်းကောင်း၊ အခွင့်အလမ်းအသစ်များကို ဖော်ထုတ်ခြင်းဖြင့်လည်းကောင်း၊ အခြားသင်တန်းအခွင့်အလမ်းများကိုလည်း ထည့်သွင်းစဉ်းစားကာ ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

**ဇယား (၇.၁) ဇုန်-အေအတွက် IRPအစီအစဉ်များအောက်တွင် ပံ့ပိုးခဲ့/ပံ့ပိုးရန်စီစဉ်ခဲ့သည့် သက်မွေးသင်တန်းများ အကြောင်း အကျဉ်းချုပ်ဖော်ပြခြင်း**

| စဉ် | အကြောင်းအရာ | သင်တန်းသား ဦးရေ | အခြေအနေ |
|---|---|---|---|
| ၁ | အခြေခံ ဂဏန်းသင်္ချာသင်တန်း * | ၂၀ | ၂၀၁၅ခုနှစ် ဇွန်လနှင့် ဩဂုတ်လ |
| ၂ | ယာဉ်မောင်းသင်တန်း | ၆ | ၂၀၁၅ခုနှစ် အောက်တိုဘာလ |
| ၃ | စက်ချုပ်ပညာသင်တန်း | ၁၄ | ၂၀၁၅ခုနှစ် အောက်တိုဘာလ |
| ၄ | ဘာသာစကားသင်တန်း (အင်္ဂလိပ်) | ၁ | ၂၀၁၅ခုနှစ် နိုဝင်ဘာလ |
| ၅ | ကွန်ပျူတာသင်တန်း | ၁ | ၂၀၁၅ခုနှစ် နိုဝင်ဘာလ |
| ၆ | လျှပ်စစ်သွယ်တန်းခြင်းသင်တန်း | ၈ | ၂၀၁၅ခုနှစ် နိုဝင်ဘာလ |
| ၇ | ကားပြင်သင်တန်း | - | စီစဉ်ခဲ့ |
| ၈ | ဆိုင်ကယ်ပြင်သင်တန်း | - | စီစဉ်ခဲ့ |
| ၉ | ဝရိန်သင်တန်း | - | စီစဉ်ခဲ့ |

| | | | |
|---|---|---|---|
| ၁၀ | ဒိုင်နမိုပြင်သင်တန်း | - | စီစဉ်ခဲ့ |
| ၁၁ | ပံ့နှိပ်သင်တန်း | - | စီစဉ်ခဲ့ |
| ၁၂ | တီဗွီပြင်သင်တန်း | - | စီစဉ်ခဲ့ |
| ၁၃ | လုံခြုံရေးသင်တန်း * | ၇ | ၂၀၁၅ခုနှစ် နိုဝင်ဘာလ |
| ၁၄ | မှိုစိုက်ပျိုးနည်းသင်တန်း | ၃ | ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ |
| | စုစုပေါင်း | ၆၀ | |

မှတ်ချက်- * အဆိုပါသင်တန်းများအား မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေးလီမိတက် (MJTD)နှင့် Fujiwork Co., Ltd. တို့မှ ပံ့ပိုးပေးခြင်းဖြစ်ပါသည်။



**ဓာတ်ပုံ (၇-၁) သင်တန်းအတွက် လိုအပ်ချက်များကို စစ်တမ်းကောက်ယူခြင်း**



**ဓာတ်ပုံ (၇-၂) စက်ချုပ်သင်တန်း**



**ဓာတ်ပုံ (၇-၃) မှိုစိုက်ပျိုးနည်းသင်တန်း**



**ဓာတ်ပုံ (၇-၄) ဇုန်အတွင်း လေ့လာရေးခရီး**

ထို့အပြင် ရင်းနှီးတည်ဆောက်သူဖြစ်သည့် MJTDမှလည်း အလုပ်အကိုင်များရရှိစေရေးအတွက် ပံ့ပိုးကူညီခြင်း၊ စက်ချုပ်သင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်းနှင့် အခြားပံ့ပိုးမှုများကို လူမှုရေးလုပ်ငန်းဆောင်ရွက်ချက်များ (CSR)အနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း ဇရိယာအတွင်းမှ အကျုံးဝင်အိမ်ထောင်စုများ အပါအဝင် ဒေသခံများအတွက် ပံ့ပိုးပေးခဲ့ပါသည်။

## ၇.၃ IRP အစီအစဉ်များအကြောင်း အကြမ်းဖျဉ်းဖော်ပြခြင်း

### ၇.၃.၁ IRP အစီအစဉ်များ ပံ့ပိုးပေးမည့် ဦးတည် အိမ်ထောင်စုများ

စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်ဒေသခံများ၏ အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခွင့်အလမ်းများ ပိုမိုကောင်းမွန်စေရန်အတွက် အောက်ပါပုဂ္ဂိုလ်များကို IRPအစီအစဉ်များ ပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။

(က) မြေယာအသုံးချမှုမှ ရရှိသည့်ဝင်ငွေအပေါ်တွင် မှီခိုနေရသည့် အိမ်ထောင်စုများအနေဖြင့် လက်ရှိ လုပ်ကိုင်နေသည့်အလုပ်မှ အခြားလုပ်ငန်းတစ်ခုခုသို့ ပြောင်းလဲလုပ်ကိုင်လိုသူများ
(ခ) အလုပ်နေရာပြောင်းလဲလိုသည့် ကျပန်းအလုပ်သမားများနှင့် လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သူ မဟုတ်သည့် အခြားအိမ်ထောင်စုများ
(ဂ) အလုပ်အကိုင်အခွင့်အလမ်းသစ်များအတွက် နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်မှုများ ရရှိလိုသည့် အလုပ်အကိုင်မရှိသေးသူများ
(ဃ) လက်ရှိဝင်ငွေရအလုပ်အကိုင်မှ အခြားတစ်ခုသို့ပြောင်းလဲလုပ်ကိုင်လိုခြင်းမရှိသော်လည်း မိမိတို့၏ နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်မှုနှင့် ဝင်ငွေတိုးတက်လိုသည့် အိမ်ထောင်စုများ

## ၇.၃.၂ IRPအစီအစဉ်များတွင် ပါဝင်မည့် ဆောင်ရွက်ဆဲနှင့် အဆိုပြုအကြောင်းအရာများ

ဇုန်-အေမှရရှိသည့် သင်ခန်းစာများနှင့် နိုင်ငံတကာကျင့်ထုံးများကို အခြေခံကာ ဧရိယာ (၂-၂)အရှေ့ပိုင်း အတွက်ဆောင်ရွက်မည့် IRPအစီအစဉ်များတွင် ပါဝင်မည့်အကြောင်းအရာများနှင့် ဆောင်ရွက်မည့် အချိန် အပိုင်းအခြားကို အောက်ပါအတိုင်း အဆိုပြုရေးဆွဲထားပြီး သက်ဆိုင်ရာအိမ်ထောင်စုများနှင့် ညှိနှိုင်းကာ လိုအပ်သလို ပြင်ဆင်ရေးဆွဲသွားမည်ဖြစ်ပါသည်။ IRPတွင်ပါဝင်မည့်အကြောင်းအရာများကို ၂၀၁၆ခုနှစ် ဧပြီ လ (၃)ရက်နေ့နှင့် ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၀)ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ညှိနှိုင်းဆွေးနွေးပွဲများ တွင် ဒေသခံများအား အကြမ်းဖျဉ်း ရှင်းပြခဲ့ပြီး နောင်တွင်ကျင်းပပြုလုပ်မည့် ညှိနှိုင်းဆွေးနွေးပွဲများတွင် ဆက် လက်ဆွေးနွေးသွားမည်ဖြစ်ကာ လိုအပ်သလို ဖြည့်စွက်ရေးဆွဲသွားမည် ဖြစ်ပါသည်။

(၁) <u>အပိုင်း (က)</u>-စီးပွားရေးအခြေအနေများပြန်လည်ကောင်းမွန်စေရေးအတွက် ပံ့ပိုးကူညီခြင်း

(က) ဝင်ငွေရအလုပ်အကိုင်အခွင့်အလမ်းများအတွက် ပံ့ပိုးကူညီခြင်း

ထိုသို့ပံ့ပိုးကူညီရာတွင် (က) လုပ်ငန်းကျွမ်းကျင်မှုရှိစေရန် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးကူညီမှု အများ အပြားပေးအပ်ခြင်း၊ (ခ) သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းဧရိယာအတွင်းနှင့် အနီးပတ်ဝန်းကျင် တွင် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေရာတွင် ပံ့ပိုးကူညီခြင်းနှင့် (ဂ) စီးပွားရေးလုပ်ငန်း စတင် လုပ်ကိုင်နိုင်ရန်အတွက် ပံ့ပိုးကူညီခြင်းစသည်တို့ ပါဝင်ပါသည်။

အစီအစဉ် (က)ဖြစ်သည့် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးကူညီမှုများအနေဖြင့် သီလဝါအထူးစီးပွားရေးဇုန် အတွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်အတွက် လိုအပ်သည့် ကျွမ်းကျင်မှုများ ရရှိပိုင်ဆိုင်စေရန် လုပ်ငန်းခွင်သင်တန်းများ ပို့ချပေးမည် ဖြစ်ပါသည်။ ပံ့ပိုးရာတွင် အောက်ဖော်ပြပါအဆင့်များ ပါဝင်မည်ဖြစ်ပါသည်။

- ✓ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများအတွက် သက်/မွေးသင်တန်းများအား စာရင်းပြု စုခြင်း- ဖြစ်နိုင်ခြေရှိသည့် လုပ်ငန်းခွင်သင်တန်းများနှင့်ပတ်သက်၍ အထူးစီးပွားရေးဇုန်စီမံကိန်း ဧရိယာအတွင်းနှင့် အနီးပတ်ဝန်းကျင်တွင် ရရှိနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် လိုအပ် သည့် အရည်အချင်းများ (ဥပမာ- ကျွမ်းကျင်မှု၊ အသက်အရွယ်၊ ပညာအရည်အချင်း၊ ကျား/မနှင့် အခြား)ကို ဆန်းစစ်ခြင်းဖြင့် ပြုစုသွားမည် ဖြစ် ပါသည်။

- ✓ စက်ရုံတစ်ရုံသို့ သွားရောက်လေ့လာလည်ပတ်ခြင်း- စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင် စုများအနေဖြင့် လိုအပ်နေသည့် အလုပ်အကိုင်များအပေါ် ရှင်းရှင်းလင်းလင်း နားလည်သဘော ပေါက်စေရန်အတွက် အိမ်ထောင်စုကိုယ်စားလှယ်များ၊ စိတ်ပါဝင်စားသည့် အိမ်ထောင်စုများ အတွက် အထူးစီးပွားရေးဇုန်အတွင်းရှိ စက်ရုံတစ်ရုံသို့ သွားရောက်လေ့လာလည်ပတ်ရန် စီစဉ် လျှက်ရှိပါသည်။ ကောင်းစွာစာတတ်မြောက်ခြင်းမရှိသည့် အိမ်ထောင်စုများ နည်းလည်သဘော

ပေါက်စေရေးအတွက် ကူညီပေးရန်လည်း ရည်ရွယ်ပါသည်။ ပထမဦးဆုံးအနေဖြင့် ဇရိယာ (၂-၂) အရှေ့ပိုင်းနှင့် အခြားဇရိယာများမှ ဒေသခံကိုယ်စားလှယ်များသည် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ၎င်းတို့မျှော်မှန်းထားသည့် အလုပ်အကိုင်များ၊ အလုပ်အကိုင်ပတ်ဝန်းကျင်တို့နှင့် အလွယ်တကူအကျွမ်းတဝင်ဖြစ်စေရန်အတွက် ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၂)ရက်နေ့တွင် သွားရောက်လေ့လာခဲ့ကြပါသည်။ အဆိုပါအလည်အပတ်ခရီးစဉ်အကြောင်း အကျဉ်းချုပ်ကို အခန်း (၈)တွင် ဖော်ပြထားပါ သည်။

- ✓ အလုပ်အကိုင်နှင့်ပတ်သက်သည့် စာအုပ်/စာစောင်ငယ်ပြုစုခြင်း– လစ်လပ်သည့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် အိမ်ထောင်စုများလုပ်လိုသည့် အလုပ်အကိုင်များမှာ ကိုက်ညီခြင်းမရှိသည့်အတွက် မည်သည့်အလုပ်အကိုင်အမျိုးအစားများတွင် အိမ်ထောင်စုများ ချက်ချင်းလျှောက်ထားနိုင်သည်၊ မည်သည့်အလုပ်အကိုင် အမျိုးအစားများတွင် သက်ဆိုင်ရာလုပ်ငန်းခွင်သင်တန်းအား တက်ရောက်ပြီး ကျွမ်းကျင်မှုရှိမှသာ လျှောက်ထားနိုင်သည် စသည်ဖြင့် စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ အလွယ်တကူ နားလည်သဘောပေါက်စေရန် အလုပ်အကိုင်နှင့် ပတ်သက်သည့် စာအုပ်/စာစောင်ငယ်တစ်ခုကို ပြုစုသွားမည်ဖြစ်ပါသည်။ အဆိုပါစာအုပ်/စာစောင်ငယ်အား ဇုန်–အေတွင် ဆောင်ရွက်ခဲ့သည့် အလုပ်အကိုင်ရှာဖွေပေးသည့် အတွေ့အကြုံများကို အခြေခံကာ ထုတ်ဝေသွားမည်ဖြစ်ပြီး ဆောက်လုပ်ရေးလုပ်သားများ၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ၊ သန့်ရှင်းရေးလုပ်သားများ၊ လုံခြုံရေးလုပ်သားများ၊ ဥယျာဉ်မှူးများ၊ လျှပ်စစ်ကျွမ်းကျင်လုပ်သားများ၊ ကုန်ထုတ်လုပ်ရေးစက်ရုံလုပ်သားများနှင့် ရုံးဝန်ထမ်းများနှင့်ပတ်သက်သည့် နမူနာများကို ပြည့်ပြည့်စုံစုံ ထည့်သွင်းဖော်ပြပေးသွားမည် ဖြစ်ပါသည်။
- ✓ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၏ ကြိုက်နှစ်သက်မှုများ၊ ရင်းနှီးတည်ဆောက်သူများနှင့် အထူးစီးပွားရေးဇုန်အတွင်း မြေငှားရမ်းကာ ရင်းနှီးမြှုပ်နှံသူများမှ အိမ်ထောင်စုများနှင့် အများပြည်သူအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ အဆိုပါအလုပ်အကိုင်များအတွက် လိုအပ်သည့်အရည်အချင်းများကို နားလည်သဘောပေါက်စေရန်နှင့် ပံ့ပိုးပေးမည့်လုပ်ငန်းခွင်သင်တန်းများကိုရွေးချယ်ရန်အတွက် စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများနှင့် စီမံခန့်ခွဲမှုကော်မတီတို့အကြား IRPဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ/အလုပ်အကိုင်နှင့်ပတ်သက်သည့် အကြံပေးခြင်းများ မကြာခဏဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- ✓ လုပ်ငန်းခွင်သင်တန်းများ ပို့ချပေးလျှက်ရှိသည့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ ၎င်းလုပ်ငန်းခွင်သင်တန်းများကို မူလဝင်ငွေအခြေအနေသို့ ပြန်လည် ရောက်ရှိစေမည့်အစီအစဉ်များ၏ တစ်စိတ်တစ်ဒေသအဖြစ် ထည့်သွင်းစဉ်းစားသွားမည် ဖြစ်ပါသည်။

သင်တန်းများပို့ချပေးပြီးနောက် (ခ) MJTDနှင့် စီမံခန့်ခွဲမှုကော်မတီတို့မှ အထက်ပါ(က)တွင်ဖော်ပြထားသည့် အသက်မွေးဝမ်းကြောင်းသင်တန်းများ၊ ၎င်းတို့နှင့်ကိုက်ညီမှုရှိသည့် အလုပ်အကိုင်များရရှိစေရန် ပံ့ပိုးကူညီပေးခြင်း စသည်တို့မှတဆင့် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းဇရိယာအတွင်းနှင့် အနီးပတ်ဝန်းကျင်တို့တွင် အလုပ်အကိုင်ရှာဖွေသွားမည်ဟု မျှော်လင့်ပါသည်။ သက်ဆိုင်ရာအိမ်ထောင်စုများ၏ စိတ်ပါဝင်စားမှု၊ ကျွမ်းကျင်မှုများနှင့်ကိုက်ညီသည့် အလုပ်အကိုင်အခွင့်အလမ်းများ ချိတ်ဆက်ပေးခြင်းကို ရင်းနှီးတည်ဆောက်သူနှင့် အထူးစီးပွားရေးဇုန်အတွင်း မြေငှားရမ်းကာ ရင်းနှီးမြှုပ်နှံသူများ၏ ပူးပေါင်းပါဝင်မှု၊ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့် သက်ဆိုင်ရာအိမ်ထောင်စုများအကြား ပြုလုပ်သည့် IRPဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများနှင့် အလုပ်အကိုင်ဆိုင်ရာအကြံပေးမှုများ ပိုမိုဆောင်ရွက်

ပေးမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနလက်အောက်ရှိ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနအပါအဝင် မြို့နယ်အဆင့် အခြားသက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့အပြင် ကိုယ်ပိုင်စီးပွားရေးစတင်လုပ်ကိုင်လိုသူများအတွက်လည်း (ဂ) စီးပွားရေးစီမံချက်ရေးဆွဲခြင်းအပါအဝင် စီးပွားရေးလုပ်ငန်း (အသေး) တစ်ခု စတင်လုပ်ကိုင်နိုင်ရန်အတွက် ပံ့ပိုးကူညီရန်လည်းထည့်သွင်းစဉ်းစားသွားမည် ဖြစ်ပါသည်။

(ခ) ငွေစာရင်းစီမံခန့်ခွဲခြင်းအတွက် ပံ့ပိုးကူညီခြင်း

ထိုသို့ပံ့ပိုးကူညီရာတွင် ဝင်ငွေနှင့်ထွက်ငွေကို စနစ်တကျစီမံခန့်ခွဲကာ စည်းလွတ်ဝါးလွတ် သုံးစွဲခြင်းမှရှောင်ကြဉ်ပြီး စနစ်တကျသုံးစွဲတတ်စေရန် (က) လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးမည့်ငွေကြေးအားလွဲပြောင်းလက်ခံရန်အတွက်သာမကဘဲ မလိုအပ်ဘဲ သုံးစွဲခြင်းမျိုးအား ရှောင်ကြဉ်ပြီး ငွေကြေးစုဆောင်းနိုင်ရန်နှင့် အတိုးရရှိစေရန်အတွက် ဘဏ်စာရင်းဖွင့်လှစ်ရာတွင် ပံ့ပိုးကူညီခြင်းနှင့် (ခ) ပိုမိုစုဆောင်းရန်နှင့် ကြွေးမြီများလျော့ချရေးနှင့်ပတ်သက်သည့် ဗဟုသုတများကို လေ့လာနိုင်စေရန် ပံ့ပိုးကူညီခြင်းစသည်ဖြင့် အပိုင်း (၂) ပိုင်းပါဝင်ပါသည်။

ကမ္ဘာပေါ်တွင် မလွှဲမရှောင်သာ ပြန်လည်နေရာချထားရမှုများမှာ ကြုံတွေ့ရလေ့ရှိသည့် အခက်အခဲတစ်ခုဖြစ်သော်လည်း စီမံကိန်းကြောင့်ပြောင်းရွှေ့ရသည့်အိမ်ထောင်စုများမှာ လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးမှုများအတွက်ရရှိသည့် ငွေကြေးကို ရပြီးပြီးချင်းမှာပင် သုံးဖြုန်းပစ်လိုက်လေ့ရှိပါသည်။ ထိုအဖြစ်မျိုးကို ဇုန်-အေမှ ပြောင်းရွှေ့ရသည့် အိမ်ထောင်စုများတွင်လည်းတွေ့ရှိရပြီး အိမ်ထောင်စု အများစုမှာ မိမိတို့ရရှိသည့်ဝင်ငွေထက် ကျော်လွန်သုံးစွဲသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် လျော်ကြေးပေးအပ်သည့်အချိန်နှင့် ပြန်လည်နေရာချထားသည့်အချိန်အကြား လျော်ကြေးနှင့်ကရုဏာကြေးပံ့ပိုးမှုအဖြစ်ပေးအပ်သည့်ငွေကြေးအား အကျိုးရှိစွာအသုံးပြုရမည့်ပုံစံနှင့် တလွဲသုံးဖြုန်းခြင်း၊ ပြန်လည်နေရာချထားပြီးနောက် အကြွေးတင်ခြင်းများကို ရှောင်လွှဲနိုင်စေရန်အတွက် သက်ဆိုင်ရာအိမ်ထောင်စုများအားအိမ်တွင်းငွေစာရင်းစီမံခန့်ခွဲမှု သင်တန်းများ ပို့ချပေးသွားမည်ဖြစ်ပါသည်။

(၂) <u>အပိုင်း (ခ)</u> – သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေများနှင့် လိုက်လျောညီထွေရှိစေရေးအတွက် ပံ့ပိုးကူညီခြင်း

(က) အသိုက်အဝန်းတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီခြင်း

ပြန်လည်နေရာချထားပြီးနောက် ပိုမိုစုစုစည်းစည်းဖြင့် နီးနီးကပ်ကပ်နေထိုင်ကြရမည် ဖြစ်သည့်အတွက် အသိုက်အဝန်းတစ်ခုတွင် ရှိသင့်ရှိထိုက်သည့် လိုအပ်ချက်များအား တည်ဆောက်ရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လူနေမှုအခြေအနေများ ပိုမိုကောင်းမွန်လာစေရန်အတွက် အဖွဲ့တွင်းစည်းမျဉ်းစည်းကမ်းများကိုလည်း ရေးဆွဲချမှတ်ရန် လိုအပ်ပါသည်။

ယေဘုယျအားဖြင့် ဒေသခံများတွင် ၎င်းတို့၏ မူလလူနေမှုအဆင့်အတန်းနှင့် ဓလေ့ထုံးတမ်းများ ရှိနှင့်ပြီးဖြစ်သည့်အတွက် ရှိနှင့်ပြီးဒေသခံများ (ဥပမာ–ပြန်လည်နေရာချထားမည့်နေရာအတွင်းနှင့် အနီးဝန်းကျင်ရှိ ဒေသခံများ)၊ ထိုနေရာ၌ နောက်ထပ်နေရာ ချထားပေးမည့် ဒေသခံများစသည်တို့နှင့် သဟဇာတဖြစ်ရေးမှာလည်း လူမှုရေးဆိုင်ရာအခြေအနေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်အချက်တစ်ချက်ဖြစ်ပါသည်။ ပြန်လည်နေရာချထားပြီးနောက် အသိုက်အဝန်းတစ်ခု၏ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်စည်းမျဉ်းစည်းကမ်းများ၊ စနစ်များရေးဆွဲရန်လည်း လိုအပ်ပါသည်။ အထက်ပါ အရေးကြီးသည့်အချက်များကို နားလည်သဘော ပေါက်စေရန်အတွက် ပြန်လည်နေရာချထားပေးသည့်နေရာအနီးဝန်းကျင်ရှိ ဒေသခံများ၊ ဇုန်-အေမှ ပြန်လည်နေရာချထားပေးခဲ့သည့် အိမ်ထောင်စု

များနှင့် ဇရိယာ(၂-၂)အရှေ့ပိုင်းမှ ပြန်လည်နေရာချထားပေးသည့် အိမ်ထောင်စုများအကြား အစည်းအဝေးပွဲများ၊ ဆွေးနွေးပွဲများကျင်းပပြုလုပ်ကာ ၁)ရှိနှင့်ပြီးဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်သည့် အသိရှင်သန်ရေးအတွက် ပံ့ပိုးကူညီခြင်း၊ ၂)ရှိနှင့်ပြီးဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ပံ့ပိုးကူညီခြင်းစသည်တို့ကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

အသစ်ပြောင်းရွှေ့လာသည့် အိမ်ထောင်စုများအနေဖြင့် ရှိနှင့်ပြီးဒေသခံများမှ ရေးဆွဲချမှတ်ထားသည့် လူမှုရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ စနစ်များကို နားလည်သဘောပေါက်စေရန်နှင့် အလျင်အမြန်လိုက်လျောညီထွေဖြစ်စေရန်အတွက် ပြန်လည်နေရာချထားမည့်နေရာအနီးရှိ ရှိနှင့်ပြီးဒေသခံများနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များ ချိတ်ဆက်ဆောင်ရွက်တတ်စေရန် ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါစည်းမျဉ်း စည်းကမ်းများ၊ စနစ်များနှင့် မြန်နိုင်သမျှမြန်မြန် အကျွမ်းတဝင်ရှိစေရန်အတွက် ရှိနှင့်ပြီးဒေသခံခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်ရေး လိုအပ်သည်များကို ပံ့ပိုးကူညီပေးသွားမည် ဖြစ်ပါသည်။

အကျုံးဝင်အိမ်ထောင်စုများသာမက အနီးပတ်ဝန်းကျင်မှ ဒေသခံများပါ တက်ရောက်နိုင်သော အသက်မွေးဝမ်းကြောင်းသင်တန်းများကဲ့သို့ MJTD၏ လူမှုရေးလုပ်ငန်းများ (CSR)ကို ပိုမိုတိုးမြှင့်ဆောင်ရွက်ကာ အကျိုးအမြတ်များမျှဝေခြင်းဖြင့် လူမှုရေးဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟု မျှော်လင့်ပါသည်။

(ခ) အသိပညာပေးခြင်းဆိုင်ရာ ပံ့ပိုးကူညီခြင်း

ထိုနည်းတူစွာ ပြန်လည်နေရာချထားပြီးနောက် ပြန်လည်နေရာချထားပေးသည့်နေရာတွင် တစ်အိမ်နှင့်တစ်အိမ် နီးကပ်စွာ နေထိုင်ကြရမည်ဖြစ်သည့်အတွက် အများသုံးရေတွင်းများ၊ ကိုယ်ပိုင်အိမ်သာနှင့် အမှိုက်ကန်များ၊ ပတ်ဝန်းကျင်အိမ်များမှ ဆူညံသံများအား စနစ်တကျစီမံခန့်ခွဲရန် အစရှိသဖြင့် သဘာဝပတ်ဝန်းကျင်နှင့် သန့်ရှင်းသပ်ရပ်ရေးအတွက် ဆောင်ရွက်သွားရန် လိုအပ်လာမည် ဖြစ်ပါသည်။ ထို့ကြောင့် ပြန်လည်နေရာချထားမည့်နေရာ၌ နေထိုင်ကြသူများအနေဖြင့် ကျေးလက်လူနေမှုပုံစံမှ ကျေးလက်မက မြို့မကျလူနေမှုပုံစံသို့ ပြောင်းလဲရန်အတွက် အသိပညာပေးရန်မှာ မိမိတို့နေထိုင်ရာ နေရာအား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားရန် အရေးကြီးပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် (က)အသိပညာပေးလုပ်ငန်းများ၏ တစ်စိတ်တစ်ဒေသအဖြစ် သဘာဝပတ်ဝန်းကျင်နှင့် သန့်ရှင်းသပ်ရပ်ရေးအတွက် စနစ်တကျစီမံခန့်ခွဲတတ်စေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါသည်။ ထို့အပြင် (ခ)ပေါ်ပေါက်လာမည့် အခက်အခဲများကို ပူးပေါင်းဖြေရှင်းဆောင်ရွက်သွား နိုင်စေရန်အတွက် အခက်အခဲကိုလိုက်၍ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းအပါအဝင် ပြန်လည်နေရာချထားမည့်နေရာအား ရေရှည်စီမံခန့်ခွဲတတ်ရေးအတွက် သင်တန်းများ ပို့ချပေးရာတွင် ပံ့ပိုးကူညီခြင်းတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၃) စောင့်ကြည့်စစ်ဆေးခြင်းနှင့် နောက်ဆက်တွဲလုပ်ငန်းများ

သက်ဆိုင်ရာအပိုင်းအလိုက် တိုးတက်မှုအခြေအနေနှင့် အခက်အခဲများ (စီးပွားရေးအခြေအနေများ ပြန်လည်ကောင်းမွန်စေရန်နှင့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးအခြေအနေများနှင့် လိုက်လျောညီထွေ ဖြစ်စေရန်)ကို အဖွဲ့တွင်းနှင့် ပြင်ပကြားခံအဖွဲ့အစည်းမှ စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ (အခန်း (၁၂)တွင် ဖော်ပြထားပါသည်)၏ တစ်စိတ်တစ်ဒေသအဖြစ် စောင့်ကြည့်စစ်ဆေးသွားမည် ဖြစ်ပါသည်။ အဖွဲ့တွင်း စောင့်ကြည့်စစ်ဆေးခြင်းကို မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့် အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ (အခန်း(၉)တွင် ကြည့်ရှုပါရန်)၏ ကိုယ်စား ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ တစ်လတစ်ကြိမ် ဆောင်ရွက်ရမည်ဖြစ်ပြီး ပြင်ပကြားခံအဖွဲ့အစည်းမှ စောင့်ကြည့်စစ်ဆေးခြင်းကို အမှီအခိုကင်းသည့် ကျွမ်းကျင်ပညာရှင်မှ တစ်နှစ်(၂)ကြိမ် ဆောင်ရွက်သွားရန် စီစဉ်ထားပါသည်။ ရလဒ်များကိုအခြေခံကာ လိုအပ်ပါက နောင်တွင်ဆောင်ရွက်ရမည့်အစီအမံများအပါအဝင် နောက်ဆက်တွဲလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၇.၄ IRPအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မည့် လျာထား အချိန်ဇယား

IRPအစီအစဉ်များကို သက်ဆိုင်ရာအိမ်ထောင်စုများ၏ လိုအပ်ချက်များ၊ စွမ်းရည်များနှင့် ရရှိနိုင်သည့် သင်တန်းများကို အတည်ပြုစစ်ဆေးနိုင်ရန်အတွက် သက်ဆိုင်ရာအိမ်ထောင်စုများ ပူးပေါင်းပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ကာ ရေးဆွဲသွားမည်ဖြစ်ပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲများကို ပြန်လည်နေရာချထားမည့်အချိန်အား သတ်မှတ်ပြီးပါက စတင်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ၎င်းအစီအစဉ်များကို အချောသတ်ရေးဆွဲပြီးပါက ပါဝင်မည့်အိမ်ထောင်စုများအား အမည်စာရင်းရေးသွင်းကာ စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# အခန်း (၈) ဒေသခံများပူးပေါင်းပါဝင်ခြင်းနှင့် သတင်းအချက်အလက် ထုတ်ပြန်ခြင်း

## ၈.၁ ဒေသခံများပူးပေါင်းပါဝင်ရန်နှင့် သတင်းအချက်အလက်ထုတ်ပြန်ရန်အတွက် ချဉ်းကပ်မှုများ

မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များအပါအဝင် ပြန်လည်နေရာချထာရေးလုပ်ငန်းစီမံချက်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ဟက်တာ (၂၀၀၀) စီမံကိန်းနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများအပါအဝင် အများပြည်သူအား အချိန်နှင့်တပြေးညီထုတ်ပြန်ပေးခြင်းဖြင့် ဒေသခံများ၏ ပူးပေါင်းပါဝင်မှုရရှိရန်မှာ အလွန်အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲရာတွင် ထိထိရောက်ရောက်ပါဝင်ခြင်းဖြင့် စီမံကိန်းနှင့်ပတ်သက်သည့် ထိခိုက်မှုများ၊ အကျိုးကျေးဇူးများနှင့်ပတ်သက်၍ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၏ သဘောထားအမြင်များကို ထင်ဟပ်ရေးဆွဲနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးရာတွင် ပါဝင်မည့်အကြောင်းအရာများ၊ ပြန်လည်နေရာချထားမည့်အချိန်၊ မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များတွင် ပါဝင်မည့် အကြောင်းအရာများနှင့်ပတ်သက်၍ ပုဂ္ဂိုလ်/အဖွဲ့အစည်းများအကြား ပိုမိုနားလည်သဘောပေါက်လာစေမည် ဖြစ်ပါသည်။

ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲရာတွင် ဒေသခံများ၏ စစ်မှန်သည့်ပူးပေါင်းပါဝင်မှုကို ရရှိစေရန် အောက်ပါ ညှိနှိုင်းဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့ပါသည်။

(က) ၂၀၁၄ခုနှစ် မေလနှင့် ၂၀၁၅ခုနှစ် အောက်တိုဘာလအတွင်း ကွင်းဆင်းစစ်တမ်းကောက်ယူသည့်အချိန် မှစတင်၍ အခါအားလျော်စွာ ညှိနှိုင်းဆွေးနွေးပွဲများ မကြာခဏ ကျင်းပပြုလုပ်ခြင်း

(ခ) ၂၀၁၅ခုနှစ် မတ်လမှ ၂၀၁၅ခုနှစ် စက်တင်ဘာလအတွင်း အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူရာမှ ရရှိသည့်ရလဒ်များကို အခြေခံကာပြုစုထားသည့် အကျုံးဝင်စာရင်းအား ထုတ်ပြန်ကြေညာပြီးချိန်မှစ၍ အကျုံးဝင်/မဝင်၊ ကရုဏာကြေးပံ့ပိုးမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာအိမ်ထောင်စု/အဖွဲ့အစည်းများအကြား ပိုမိုပြောဆိုဆွေးနွေးနိုင်စေရန် ဟက်တာ (၂၀၀၀) စီမံကိန်းဇရိယာအတွင်းရှိ သက်ဆိုင်ရာကျေးရွာအလိုက် အစည်းအဝေးပွဲများ အကြိမ်ကြိမ် ကျင်းပပြုလုပ်ခြင်း

(ဂ) ၂၀၁၅ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၆ခုနှစ် ဇန္နဝါရီလအထိ မူဘောင်နှင့်စပ်လျဉ်း၍ ရရှိထားသည့် မှတ်ချက်များအပေါ် ရှင်းပြရန် ဇရိယာ (၂-၂) အပါအဝင် သက်ဆိုင်ရာ ကျေးရွာအလိုက် အလုပ်ရုံဆွေးနွေးပွဲများ အကြိမ်ကြိမ်ကျင်းပပြုလုပ်ခြင်း

(ဃ) ဇရိယာ (၂-၂) အတွက် ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း) နှင့် စပ်လျဉ်း၍ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၊ အခြားပါဝင်ပတ်သက်သူများနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၆ခုနှစ် ဧပြီလ (၃) ရက်နေ့တွင် ကျင်းပပြုလုပ်ခြင်း၊

(င) အများပြည်သူထံမှ သဘောထားမှတ်ချက်များ ရရှိနိုင်ရန်အတွက် ဇရိယာ (၂-၂)၏ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း) အား ၂၀၁၆ခုနှစ် မေလ (၂၅) ရက်နေ့မှစတင်ကာ တစ်လကြာ ထုတ်ပြန်ကြေညာခြင်း၊

(စ) လက်ရှိမြေပိုင်ဆိုင်မှုကို အတည်ပြုနိုင်ရန်အတွက် ကျေးရွာအဆင့် ဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၆ခုနှစ် နိုဝင်ဘာလ (၂၆) ရက်နေ့တွင် ကျင်းပပြုလုပ်ခြင်း၊

(ဆ) ဇရိယာ (၂-၂) အရှေ့ပိုင်းနှင့် အခြားဇရိယာများမှ စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများအပါအဝင် အခြားပါဝင်ပတ်သက်သူများသည် သီလဝါအထူးစီးပွားရေးဇုန်အတွင်းသို့ ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၂) ရက်နေ့တွင် သွားရောက်လည်ပတ်ခြင်း၊

(ဇ) ဇရိယာ (၂-၂) အရှေ့ပိုင်းအတွက် ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း) နှင့်စပ်လျဉ်း၍ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၊ အခြားပါဝင်ပတ်သက်သူများနှင့် ညှိနှိုင်း ဆွေးနွေးပွဲကို ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကျင်းပပြုလုပ်ခြင်း၊

(ဈ) လတ်တလောအတည်ပြုဖော်ထုတ်ထားသည့် မြေပိုင်ဆိုင်သူများကဲ့သို့ အကျုံးဝင်အိမ်ထောင်စုအသစ်များကို ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၀)ရက်နေ့တွင် ကနဦး ဖြည့်စွက်စစ်တမ်းကောက်ယူခဲ့ပြီး ဇရိယာ (၂-၂)အရှေ့ပိုင်းမှ ကျန်ရှိနေသေးသည့် အိမ်ထောင်စုများကို ဒီဇင်ဘာလအတွင်း ဆက်လက်ကောက်ယူခြင်း၊

(ည) မြေပိုင်ဆိုင်သည့် အိမ်ထောင်စုများနှင့် နောက်ဆက်တွက် ဆွေးနွေးပွဲကို ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၅) ရက်နေ့တွင် ကျင်းပပြုလုပ်ခြင်း၊

(ဋ) အများပြည်သူထံမှ အကြံပြုချက်များကို ရရှိရန်အတွက် ဇရိယာ (၂-၂)အရှေ့ပိုင်း၏ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း)ကို ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၂၃)ရက်နေ့မှ (၁၀)ရက်ခန့် ထုတ်ပြန်ကြေညာခြင်းနှင့် ရရှိလာသည့် အကြံပြုချက်များကို လိုအပ်သလိုထည့်သွင်းကာ အချောသတ် ရေးဆွဲခြင်း၊

(ဌ) ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ အခြားနောက်ဆက်တွဲ ဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၉)ရက်နေ့တွင် ဇရိယာ (၂-၂)အရှေ့ပိုင်းမှ အကျုံးဝင်အိမ်ထောင်စုများနှင့် ကျင်းပပြုလုပ်ခြင်း၊

(ဍ) ပြန်လည်နေရာချထားခြင်းနှင့်စပ်လျဉ်း၍ အခြားနောက်ဆက်တွဲဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၃၀)ရက်နေ့တွင် သက်ဆိုင်ရာ အကျုံးဝင်အိမ်ထောင်စုများနှင့် ကျင်းပပြုလုပ်ခဲ့ခြင်း။

## ၈.၂ ညှိနှိုင်းဆွေးနွေးပွဲများကျင်းပပြုလုပ်သည့် နည်းလမ်း

စီမံကိန်းအကြောင်း အကျဉ်းချုပ်၊ ပြန်လည်နေရာချထားရမည့် မျှော်မှန်းအတိုင်းအတာ၊ လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးရာတွင် ပါဝင်မည့်အကြောင်းအရာများ၊ ဖြစ်နိုင်ခြေရှိသော ပြန်လည်နေရာချထားမည့်နေရာများနှင့် ပြန်လည်နေရာချထားရန် လျာထားသည့် အချိန်စသည်တို့ကို ရှင်းပြရန် ဇရိယာ (၂-၂)အတွက် ပထမအကြိမ်ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၆ခုနှစ် ဧပြီလ (၃)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ တက်ရောက်မည့်လူဦးရေမှာ များပြားနိုင်သည့်အတွက် သက်ဆိုင်ရာကျေးရွာအလိုက် သီးခြားစီကျင်းပပြုလုပ်ရန် စီစဉ်ခဲ့ပြီး ကျေးရွာအလိုက် (၂)ကြိမ် (တစ်ကြိမ်လျှင်တစ်ရွာ)ခွဲကာ ပုံမှန်ရက်များတွင် မအားလပ်သည့်အိမ်ထောင်စုများပါ တက်ရောက်နိုင်စေရန်အတွက် ပိတ်ရက်ဖြစ်သည့် စနေ/တနင်္ဂနွေတွင် ကျောက်တန်းမြို့နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရှိ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံး (ယာယီ)၏ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ သီလဝါအထူးစီးပွားရေးဇုန်နှင့်အနီးဆုံးဖြစ်ခြင်း၊ ဝင်ဆံ့နိုင်သည့် လူဦးရေတို့အပေါ်မူတည်ကာ နေရာအားရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ ညှိနှိုင်းဆွေးနွေးပွဲအား အဆင်ပြေ ချောမွေ့စွာတက်ရောက်နိုင်စေရန်အတွက် ကြို/ပို့ကားများလည်း စီစဉ်ပေးခဲ့ပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်အကျဉ်းချုပ်၊ ဇရိယာ (၂-၂)အရှေ့ပိုင်း၏ နယ်နိမိတ်၊ အဆိုပါဇရိယာအတွက် ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်တွင် ပါဝင်မည့်အကြောင်းအရာများ၊ ဇရိယာ (၂-၂)အတွက် ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း)နှင့်စပ်လျဉ်း၍ လက်ခံရရှိထားသည့် မှတ်ချက်များအပေါ် တုန့်ပြန်ဆောင်ရွက်ထားမှုများစသည်တို့ကို ရှင်းပြရန်အတွက် ဒုတိယအကြိမ်ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၀)ရက်နေ့တွင် ပထမအကြိမ်ကျင်းပပြုလုပ်ခဲ့သည့်နေရာ၌ပင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဇရိယာ (၂-၂)/ဇရိယာ (၂-၂)အရှေ့ပိုင်းမှ အကျုံးဝင်အိမ်ထောင်စုများ၊ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုလူမှုရေးအဖွဲ့အစည်းများအပါအဝင် အခြားစိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူထားသည့် သို့မဟုတ် အတည်ပြုဆွေးနွေးပွဲများမှတဆင့် အတည်ပြုထားသည့် အကျုံးဝင်အိမ်ထောင်စုများထံ အစည်းအဝေး ဖိတ်စာပေးပို့ခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာချက်များကပ်ထားခြင်း စသည်ဖြင့် ညှိနှိုင်းဆွေးနွေးပွဲကျင်းပပြုလုပ်မည့်အကြောင်းကို အများပြည်သူသို့ အသိပေးကြေညာခဲ့ပါသည်။ သက်ဆိုင်ရာ အကျုံးဝင်အိမ်ထောင်စုများထံ ဖိတ်ကြားခြင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာချက်ကပ်ထားခြင်းတို့ကို တစ်ပတ်ကြိုတင်၍ ဆောင်ရွက်ခဲ့ပါသည်။

ရှင်းလင်းချက်များနှင့် တက်ရောက်သူများအတွက် ပေးဝေမည့် စာရွက်စာတမ်းများကိုလည်း ပြင်ဆင်ခဲ့ပြီး မြန်မာဘာသာဖြင့်သာ ရှင်းပြခဲ့ပါသည်။ တက်ရောက်သူများထံမှ သဘောထားမှတ်ချက်များကို ညှိနှိုင်းဆွေးနွေးပွဲ၏ မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းအစီအစဉ်တွင် တင်ပြဆွေးနွေးနိုင်ပြီး အများပြည်သူရှေ့တွင် စကားပြောဆိုရန် မဝံ့ရဲသူများအနေဖြင့် ၎င်းတို့၏အမြင်နှင့် မှတ်ချက်များပေးနိုင်စေရန်အတွက် တုန့်ပြန်အကြံပြုလွှာများကိုလည်း ဝေငှပေးခဲ့ပါသည်။ မသန်စွမ်းနှင့်သက်ကြီးရွယ်အိုများအတွက် အထူးအစီအစဉ်အနေဖြင့် တုန့်ပြန်အကြံပြုလွှာများ ဖတ်ရန် သို့မဟုတ် ရေးသားရန်အခက်အခဲရှိပါက ကူညီဖတ်ကြားရေးသားပေးမည့်သူများကို စီစဉ်ထားရှိခဲ့ပြီး အကူအညီလိုအပ်သည့် တက်ရောက်သူအမျိုးသမီးများအတွက်လည်း ကူညီပေးမည့်အမျိုးသမီးများကို စီစဉ်ထားရှိပေးခဲ့ပါသည်။
ညှိနှိုင်းဆွေးနွေးပွဲများ၏ စံသတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ အကျိုးဝင်အိမ်ထောင်စုများ၏ လိုအပ်ချက်အလိုက် နောက်ဆက်တွဲ ညှိနှိုင်းဆွေးနွေးပွဲများနှင့် ကျေးရွာအဆင့် ဆွေးနွေးပွဲများကဲ့သို့ အခြားညှိနှိုင်းဆွေးနွေးပွဲများကိုလည်း ကျင်းပပြုလုပ်ခဲ့ပါသည်။

## ၈.၃ ညှိနှိုင်းဆွေးနွေးပွဲ ရလဒ်များ

ဇရိယာ (၂–၂) အတွက် ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း) နှင့်စပ်လျဉ်းသည့် ပထမအကြိမ်ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် ဧပြီလ (၃) ရက်နေ့၌ (၂) ကြိမ်ခွဲကာ ကျင်းပပြုလုပ်ခဲ့ပြီး ဇရိယာ (၂–၂) အရှေ့ပိုင်းအတွက်ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း) နှင့်စပ်လျဉ်းသည့် ဒုတိယအကြိမ်ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ (၁၀) ရက်နေ့တွင် တစ်ကြိမ်တည်းဖြင့် ကျောက်တန်းမြို့နယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနယာယီရုံး (ယခင်သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရုံး (ယာယီ)) ၏ အစည်းအဝေးခန်းမတွင် အသီးသီး ကျင်းပခဲ့ပါသည်။ ထို့အပြင် ယခင်ကျင်းပပြုလုပ်ခဲ့သည့် ညှိနှိုင်းဆွေးနွေးပွဲများနှင့် ဆက်စပ်ကာ ယခင်ကျင်းပပြုလုပ်ခဲ့သည့် ညှိနှိုင်းဆွေးနွေးပွဲများအပေါ် အကျိုးဝင်အိမ်ထောင်စုများထံမှ တုန့်ပြန်ချက်များ ရရှိနိုင်ရန်နှင့် ပိုမိုအသေးစိတ်ဆွေးနွေးနိုင်ရန်အတွက် အခြားညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ (၁၉) ရက်နေ့တွင် ကျောက်တန်းမြို့နယ် ဆောက်လုပ်ရေးဝန်ကြီးဌာနယာယီရုံး၏ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါညှိနှိုင်းဆွေးနွေးပွဲများအကြောင်း အကျဉ်းချုပ်ကို ဇယား (၈–၁)၊ ဇယား (၈–၂) နှင့် ဇယား (၈–၃) တို့တွင် ဖော်ပြထားပြီး ဆွေးနွေးပွဲမှတ်တမ်းအသေးစိတ်နှင့် တက်ရောက်သူများစာရင်းကို နောက်ဆက်တွဲ (၂) တွင် ဖော်ပြထားပါသည်။

**ဇယား (၈–၁) ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း) နှင့်ပတ်သက်၍ ကျင်းပပြုလုပ်သည့် ပထမအကြိမ်ညှိနှိုင်းဆွေးနွေးပွဲ အကျဉ်းချုပ် (ဇရိယာ ၂–၂)**

| အချင်းအရာ | အကြောင်းအရာ |
|---|---|
| ၁. နေ့စွဲနှင့် အချိန် | နေ့စွဲ– ၂၀၁၆ ခုနှစ် ဧပြီလ (၃) ရက်<br>အချိန်– ပထမ– ၈:၃၀~၁၀:၀၀၊ ဒုတိယ– ၁၁:၃၀~၁၃:၀၀ |
| ၂. နေရာ | ကျောက်တန်းမြို့နယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနယာယီရုံး (ယခင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံး (ယာယီ)) |
| ၃. ဖိတ်ကြားသူများ | ဇရိယာ (၂–၂) မှစီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ (ပထမအချိန်– ရွှေပျောက်ကျေးရွာမှ အိမ်ထောင်စုများ၊ ဒုတိယအချိန်– အေးမြသီတာရပ်ကွက်မှ အိမ်ထောင်စုများ) |
| ၄. တက်ရောက်သူများ | ပထမအချိန်– (၆၀) ဦးခန့်၊ ဒုတိယအချိန်– (၉၉) ဦးခန့် |
| ၅. အဓိကဖိတ်ကြားသူများ/ အစိုးရဌာနများမှ အဓိကတက်ရောက်သူများ/အခြား | ၁။ သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး<br>၂။ ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး<br>၃။ ရွှေပျောက်ကျေးရွာအုပ်ချုပ်ရေးမှူး<br>၄။ အေးမြသီတာရပ်ကွက်အုပ်ချုပ်ရေးမှူး<br>၅။ ရွှေပျောက်ကျေးရွာမှ ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးများ<br>၆။ အေးမြသီတာရပ်ကွက်မှ ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးများ<br>၇။ ရွှေပျောက်ကျေးရွာမှ ဒေသခံများ<br>၈။ အေးမြသီတာရပ်ကွက်မှ ဒေသခံများ<br>၉။ စီမံကိန်းအပေါ်စိတ်ပါဝင်စားသည့် အခြားအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ |
| ၆. အဓိကအစီအစဉ် | ၁။ နောက်ခံသမိုင်းနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်နှင့်စပ်လျဉ်းသည့် လုပ်ငန်းများ |

| အချင်းအရာ | အကြောင်းအရာ |
|---|---|
| | ၂။ ဒုတိယအကောင်အထည်ဖော်ဆောင်ရွက်မည့် (၁၆၂)ဟက်တာစီမံကိန်းဇရိယာ (ဇရိယာ ၂–၂)<br>၃။ ဇရိယာ (၂–၂) အတွင်းရှိ အကျုံးဝင်အိမ်ထောင်စုများ<br>၄။ လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးရာတွင် ပါဝင်မည့် လျာထားအကြောင်းအရာများ<br>၅။ အကောင်အထည်ဖော်ဆောင်ရွက်မည့် လျာထားအဖွဲ့အစည်းများ<br>၆။ ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့် လျာထားအစီအစဉ်<br>၇။ ပြန်လည်နေရာချထားရေးအတွက် ရရှိနိုင်သည့် နေရာများ<br>၈။ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ<br>၉။ မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း |
| ၇. တက်ရောက်သူများထံမှ အဓိကမှတ်ချက်နှင့် သဘောထားအမြင်များ | ပထမအချိန်–<br>မေး (၁) – ဇရိယာ (၂–၂) အတွင်းရှိ အကျုံးဝင်အိမ်ထောင်စုများကိုသာ ဖိတ်ကြားသင့်ပါသည်။<br>ဖြေ (၁) – ဇရိယာ (၂–၂) အတွင်းရှိ အကျုံးဝင်အိမ်ထောင်စုများကိုသာ ဖိတ်ကြားပါသည်။ သို့သော် အခြားစိတ်ပါဝင်စားသူများလည်း တက်ရောက်နိုင်ပါသည်။<br>မေး (၂–၄) – အကျုံးဝင်/မဝင် ပြန်လည်စစ်ဆေးပေးစေလိုပါသည်။<br>ဖြေ (၂–၄) – ထပ်မံအတည်ပြုစစ်ဆေးပေးပါမည်။<br><br>ဒုတိယအချိန်–<br>မေး (၁) – လျော်ကြေး၊ ကရုဏာကြေးနှင့် ပြန်လည်နေရာချထားမည့်နေရာတို့ကို သိရှိလိုပါ သည်။<br>ဖြေ (၁) – နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ပြန်လည်နေရာချထားရေးဆိုင်ရာ ကိစ္စရပ်များကို တစ်ဆင့်ချင်းရှင်းပြသွားမည်ဖြစ်ပါသည်။ အခြားသက်ဆိုင်ရာလုပ်ငန်းများကိုလည်း တစ်ဆင့်ချင်းစီသာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။<br>မေး (၂) – နို့တစ်စာနှစ်ခု (၂၀၁၃ခုနှစ် ဇန္နဝါရီလ (၃၁)ရက်နှင့် ၂၀၁၄ခုနှစ် ဇွန်လ (၃၀)ရက်)အကြား ကွဲလွဲမှုကို ရှင်းရှင်းလင်းလင်းသိရှိလိုပါသည်။<br>ဖြေ (၂) – ပထမနို့တစ်စာမှ စီမံကိန်းဇရိယာမှ ပြောင်းရွှေ့ထွက်ခွာပေးရန်ဖြစ်ပြီး ဒုတိယနို့တစ်စာမှာ တရားဝင်မြေသိမ်းဆည်းရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်းသည့် နို့တစ်စာဖြစ်ပါသည်။<br>မေး (၃) – ပြန်လည်စစ်ဆေးပေးရန်တောင်းဆိုထားပြီး အကျုံးဝင်/မဝင် သိရှိလိုပါသည်။<br>ဖြေ (၃) – အကျုံးဝင်/မဝင်ကို သက်ဆိုင်ရာကျေးရွာများတွင် အတည်ပြုပြီးဖြစ်ပါသည်။ ထပ်မံသိရှိလိုပါက သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီထံ စာရေးသားပေးပို့ထားနိုင်ပါသည်။<br>မေး (၄) – ၁၈၉၄ခုနှစ် မြေသိမ်းအက်ဥပဒေအား မည်သို့ကျင့်သုံးသွားမည်ကို သိရှိလိုပါသည်။<br>ဖြေ (၄) –၁၈၉၄ခုနှစ် မြေသိမ်းအက်ဥပဒေမှာ လက်ရှိအချိန်အထိ အသက်ဝင်လျှက်ရှိနေသေးသည့်အတွက် မြေသိမ်းလုပ်ငန်းစဉ်များကို ၎င်းဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။<br>မေး (၅) – လာမည့်မိုးရာသီအတွက် အဆောက်အဦးများ ပြင်ဆင်နိုင်မည်လား သိရှိလိုပါသည်။<br>ဖြေ (၅) – ပြင်ဆင်နိုင်ပါသည်။ |




**ဓာတ်ပုံ (၈–၁) ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲ (၂၀၁၆ခုနှစ် ဧပြီလ (၃)ရက်)**

တက်ရောက်လာသူများထံမှ မှတ်ချက်နှင့် သဘောထားအမြင်များ ရရှိနိုင်ရန် တုန့်ပြန်အကြံပြုလွှာများကိုလည်း အစည်းအဝေးအတွင်း ဖြန့်ဝေခဲ့ရာ လက်ခံရရှိခဲ့သည့် အကြံပြုလွှာ (စုစုပေါင်း အကြံပြုလွှာ (၇)စောင် ရရှိခဲ့ပါသည်)များမှ အဓိကမှတ်ချက်နှင့် သဘောထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- နောင်တွင်ကျင်းပပြုလုပ်မည့် ညှိနှိုင်းဆွေးနွေးပွဲများတွင် သက်ဆိုင်ရာဇရိယာ (ဇရိယာ ၂–၂)မှ အကျုံးဝင်အိမ်ထောင်စုများကို ဖိတ်ကြားသင့်ပါသည်။
- ပတ်ဝန်းကျင် အိမ်ထောင်စုများကို မေးမြန်းကာ အကျုံးဝင်/မဝင်ကို ပြန်လည် စီစစ်ပေးပါရန်

- လယ်မြေရှိပြီး လျော်ကြေးရယူကာ အမြန်ဆုံး ပြောင်းရွှေ့လိုပါသည်။ အနီးဝန်းကျင်မှ အခြားအိမ်ထောင်စုများလည်း မိမိကဲ့သို့ပင် ပြောင်းရွှေ့လိုလျှက်ရှိကြပါသည်။
- မိသားစုစီးပွားရေးလုပ်ငန်းများ စောစောစတင် လုပ်ကိုင်နိုင်စေရန်အတွက် ပြန်လည် နေရာချထားရေးလုပ်ငန်းများ စတင်ဆောင်ရွက်ပြီး လျော်ကြေးကို အမြန်ဆုံးပေးအပ်စေလိုပါသည်။
- ပြန်လည်နေရာချထားမည့်နေရာနှင့် မြေကွက်အရွယ်အစား၊ လျော်ကြေးပမာဏတို့ကို သိရှိလိုပါသည်။
- မိမိ၏လယ်မြေမှာ ၁၉၉၇ခုနှစ်ကတည်းက သိမ်းဆည်းခံခဲ့ရသည့်အတွက် စားဝတ်နေရေးအတွက် များစွာ အခက်အခဲကြုံတွေ့ခဲ့ရပါသည်။ လျော်ကြေးပံ့ပိုးပေးစေလိုပါသည်။

**ဇယား (၈-၂) ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း) နှင့်ပတ်သက်၍ ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ်ညှိနှိုင်းဆွေးနွေးပွဲ အကျဉ်းချုပ် (ဇရိယာ ၂-၂ အရှေ့ပိုင်း)**

| အချင်းအရာ | အကြောင်းအရာ |
|---|---|
| ၁. နေ့စွဲနှင့် အချိန် | နေ့စွဲ- ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်<br>အချိန်- ၁၀း၅၅ - ၁၂း၄၅ |
| ၂. နေရာ | ကျောက်တန်းမြို့နယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနယာယီရုံး (ယခင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံး (ယာယီ)) |
| ၃. ဖိတ်ကြားသူများ | ဇရိယာ (၂-၂) အရှေ့ပိုင်းမှ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ |
| ၄. တက်ရောက်သူများ | (၁၁၉) ဦး |
| ၅. အဓိကဖိတ်ကြားသူများ/ အစိုးရဌာနများမှ အဓိကတက်ရောက်သူများ/အခြား | ၁။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လျှက်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး<br>၂။ ဒုတိယညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့<br>၃။ အုပ်ချုပ်ရေးမှူး၊ တောင်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>၄။ အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဌာန၊ ကျောက်တန်းမြို့နယ်<br>၅။ စီမံကိန်းအပေါ်စိတ်ပါဝင်စားသည့် အခြားအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ<br>၆။ အသိသက်သေ- စွမ်းရည်မြှင့်တင်ရေးရှေ့ဆောင်အဖွဲ့ (CBI) နှင့် ပြည်တွင်းအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (LRC) |
| ၆. အဓိကအစီအစဉ် | ၁။ နောက်ခံသမိုင်းနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်နှင့်စပ်လျဉ်းသည့် လုပ်ငန်းများ<br>၂။ အကောင်အထည်ဖော်ဆောင်ရွက်မည့် (၁၀၈) ဟက်တာစီမံကိန်းဇရိယာ (ဇရိယာ ၂-၂အရှေ့ပိုင်း)<br>၃။ ဇရိယာ (၂-၂) အရှေ့ပိုင်းအတွင်းရှိ အကျိုးဝင်အိမ်ထောင်စုများ<br>၄။ လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးရာတွင်ပါဝင်မည့် လျာထားအကြောင်းအရာများ<br>၅။ အကောင်အထည်ဖော်ဆောင်ရွက်မည့် လျာထားအဖွဲ့အစည်းများ<br>၆။ ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့် လျာထားအစီအစဉ်<br>၇။ (ဇရိယာ ၂-၂) အရှေ့ပိုင်း ပြန်လည်နေရာချထားရေးအတွက် ရရှိနိုင်သည့် နေရာများ<br>၈။ အများပြည်သူများသို့ထုတ်ပြန်ကြေညာခြင်းမှရရှိသောအကြံပြုချက်များကို တုန့်ပြန်ဆောင်ရွက်မှုများ<br>၉။ ဇရိယာ (၂-၂) အရှေ့ပိုင်းအတွက် ဆက်လက်ဆောင်ရွက်မည့် အဆင့်များ<br>၁၀။ မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း |
| ၇. တက်ရောက်သူများထံမှ အဓိကမှတ်ချက်နှင့် သဘောထားအမြင်များ | မေး (၁) - အကျုံးဝင်/မဝင် ပြန်လည်စစ်ဆေးပေးစေလိုပါသည်။<br>ဖြေ (၁) - ထပ်မံအတည်ပြုစစ်ဆေးပေးပါမည်။<br>မေး (၂) - လူနေနွားတဲအဖြစ် မှတ်သားထားခြင်းမရှိသည့်အတွက် ပြန်လည်စစ်ဆေးပေးရန်<br>မေး (၃) - မလေးရှားပိတောက်ပင်များကို ရေတွက်ပေးရန်<br>မေး (၄) - သင့်တင့်မျှတသည့် လျော်ကြေးပေးရန်<br>မေး (၅) - တိုင်ကြားစာများနှင့်ပတ်သက်၍ လိုအပ်သလိုဆောင်ရွက်ပေးရန်<br>မေး (၆) - လျော်ကြေးကို တရားဝင် ပံ့ပိုးပေးရန်<br>ဖြေ (၂) မှ (၆) ထိ- မှတ်သားထားသည်<br>မေး (၇) - အကျုံးဝင်အိမ်ထောင်စုများကို မည်သည့်အချိန်တွင် ပြန်လည်နေရာချထားပေးမည်နည်း။<br>မေး (၈) - လျော်ကြေးကို မည်သည့်အချိန်တွင် ရရှိနိုင်မည်နည်း။ တတ်နိုင်သမျှအမြန်ဆုံးပံ့ပိုးပေးပါရန်။<br>မေး (၉) - ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အခြားအဖွဲ့အစည်းများမှ စစ်တမ်းကောက်ယူထားသော အချက်အလက်များအရ တွက်ချက်မှုများကို လက်ခံရန် အကျုံးဝင်အိမ်ထောင်စုများကို (အကျုံးဝင်အိမ်ထောင်စု ၁-စုမှ) မေတ္တာရပ်ခံပါသည်။<br>မေး (၁၀) - ဇရိယာ (၂-၁) နှင့် ဇရိယာ (၂-၂) အရှေ့ပိုင်းအတွက် လျော်ကြေးကို ယခုလ (၂၀၁၆) ခုနှစ် ဒီဇင်ဘာလ) မကုန်မီ ပေးအပ်စေလိုပါသည်။<br>ဖြေ (၇) မှ (၁၀) အထိ- ဇရိယာ (၂-၂) အရှေ့ပိုင်းမှ အကျုံးဝင်အိမ်ထောင်စုများအား ပံ့ပိုးပေးမည့် လျော်ကြေးနှင့် ကရုဏာကြေးပမာဏကို အချက်အလက်များ စီစစ်၍ တွက်ချက်မှုများ ပြီးစီးသည့်အခါတွင် အသိပေးသွားမည်ဖြစ်ပါသည်။ လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးမှုကို ဘဏ်စာရင်းစာအုပ်သို့ လွှဲအပ်သွားမည်ဖြစ်ပါသည်။ |





**ဓါတ်ပုံ (၈-၂) ဒုတိယအကြိမ်ညှိနှိုင်းဆွေးနွေးပွဲ (၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်)**

လက်ခံရရှိခဲ့သည့် အကြံပြုလွှာ (စုစုပေါင်း အကြံပြုလွှာ (၂) စောင် ရရှိခဲ့ပါသည်) များမှ အဓိကမှတ်ချက်နှင့် သဘောထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- အထူးစီးပွားရေးဇုန် ဇရိယာ (၂-၂) အရှေ့ပိုင်းတွင်ပါဝင်သော ရွှေပျောက်ကျေးရွာကိုလည်းဖိတ်ကြားကာ ရှင်းလင်းဆွေးနွေးတိုင်ပင်ပြီး (ပြန်လည်နေရာချထားရေးလုပ်ငန်းများကို) အကောင်အထည်ဖော်ရန်၊ လျော်ကြေးကိုလည်း မျှမျှတတနှင့် ရွာသူ/သားအားလုံးကို တစ်ပြေးညီပေးအပ်ရန်။
- မိမိ၏ မိသားစုမှာ ဆင်းရဲပြီး မသန်စွမ်းသူများပါဝင်ကာ၊ ယခုလက်ရှိနေရာမှလွဲ၍ ပြောင်းရန်နေရာ မရှိပါ။ ယခင်ကစစ်တမ်းကောက်ယူရာတွင်ပါဝင်ခဲ့သော်လည်း ယခုအခါ အကျိုးဝင်သူအဖြစ် သတ်မှတ်ခြင်း မခံရပါ။ ကျွန်တော်၏အမှုကို ကောင်းစွာသိရှိသော အသိသက်သေများရှေ့မှောက်တွင် ပြန်လည်စီစစ်ပေးပါရန်တောင်းဆိုပါသည်။

**ဇယား (၈-၃) ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း) နှင့်ပတ်သက်၍ ကျင်းပပြုလုပ်သည့် နောက်ဆက်တွဲညှိနှိုင်းဆွေးနွေးပွဲ အကျဉ်းချုပ် (ဇရိယာ ၂-၂ အရှေ့ပိုင်း)**

| အချင်းအရာ | အကြောင်းအရာ |
|---|---|
| ၁. နေ့စွဲနှင့် အချိန် | နေ့စွဲ- ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၉) ရက် (တနင်္လာနေ့)<br>အချိန်- ၁၃:၀၀ - ၁၄:၃၀ |
| ၂. နေရာ | ကျောက်တန်းမြို့နယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနယာယီရုံး (ယခင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံး (ယာယီ)) |
| ၃. ဖိတ်ကြားသူများ | ဇရိယာ (၂-၂) အရှေ့ပိုင်းမှ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ |
| ၄. တက်ရောက်သူများ | (၉၈) ဦး |
| ၅. အဓိကဖိတ်ကြားသူများ/ အစိုးရဌာနများမှ အဓိကတက်ရောက်သူများ/အခြား | ၁။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး<br>၂။ လွှတ်တော်ကိုယ်စားလှယ်<br>၃။ အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဌာန၊ ကျောက်တန်းမြို့နယ်<br>၄။ စီမံကိန်းအပေါ်စိတ်ပါဝင်စားသည့် အခြားအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ<br>၅။ အသိသက်သေ- စွမ်းရည်မြှင့်တင်ရေးရှေ့ဆောင်အဖွဲ့ (CBI) |
| ၆. အဓိကအစီအစဉ် | ၁။ အဘယ်ကြောင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် ရေးဆွဲပါသနည်း။<br>၂။ နိုင်ငံတကာအလေ့အကျင့်များအရ လုပ်ငန်းစီမံချက်နှင့်ပတ်သက်သည့် အဓိကအဆင့်များ<br>၃။ ဇရိယာ (၂-၂) အရှေ့ပိုင်းအတွက် လုပ်ငန်းစီမံချက် (မူကြမ်း) နှင့်ပတ်သက်၍ သတင်းအချက်အလက်ထုတ်ပြန်ခြင်း<br>၄။ ဇရိယာ (၂-၂) အရှေ့ပိုင်းအတွက် ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့် လျာထားအစီအစဉ်<br>၅။ အဆိုပြု လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးရာတွင် ပါဝင်မည့်အကြောင်းအရာများ<br>၆။ ဈေးကွက်ပေါက်ဈေး/အစားထိုးကုန်ကျစရိတ်များကို စစ်ဆေးခြင်း<br>၇။ သဘောတူညီချက် နမူနာ<br>၈။ ဆောင်ရွက်ရန်စီစဉ်ထားသည့် IRPအစီအစဉ်<br>၉။ ပြန်လည်နေရာချထားမည့် အိမ်ထောင်စုများအတွက် အဆိုပြု ပြန်လည်နေရာချထားမည့်နေရာ<br>၁၀။ ပြန်လည်နေရာချထားမည့် အိမ်ထောင်စုများအတွက် နေအိမ်များတည်ဆောက်ခြင်းနှင့် အချိန်ဇယား |

| အချင်းအရာ | အကြောင်းအရာ |
|---|---|
| | ၁၁။ မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း |
| ၇. တက်ရောက်သူများထံမှ အဓိကမှတ်ချက်နှင့် သဘောထားအမြင်များ | ကြီးအစိုးရအဖွဲ့အနေဖြင့် ကြာမြင့်မည့်အချိန် အား လိုအပ်သလိုချိန်ညှိနိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာ<br><br>ဖြေ (၁) – အကျုံးဝင်အိမ်ထောင်စု ကိုယ်စားလှယ်တစ်ဦး (ရွှေပျောက်ကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်း) နှင့် အကျုံးဝင်အိမ်ထောင်စုများက တစ်ပတ်သည်ပင် ကြာမြင့်လှပြီဟု ဆိုနိုင်ကြောင်း၊ လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးမှုများပေးအပ်ခြင်းအပါအဝင် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ကို (၅)ရက်အတွင်းပင် အချောသတ်ရေးဆွဲစေလိုကြောင်း ပြောကြားခဲ့ပါသည်။<br>မေး (၂) – အကျုံးဝင်အိမ်ထောင်စုတစ်စုက အခြားအကျုံးဝင်အိမ်ထောင်စုများအား ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့် တရားဝင်အစီအစဉ်နှင့် ဒီဇိုင်းရေးဆွဲလျှက်ရှိသည့် ဒေသခံအခြေပြုအစီအစဉ်နှစ်ခုတွင် မည်သည်ကို နှစ်သက်ကြောင်း မေးမြန်းခဲ့ပါသည်။<br>ဖြေ (၂) – အကျုံးဝင်အိမ်ထောင်စုအများစုက သက်ဆိုင်ရာ အစိုးရအရာရှိများနှင့် တိုက်ရိုက်ဆက်သွယ်ညှိနှိုင်းလိုသည့်အတွက် ဒုတိယတစ်ခုထက် တရားဝင်အစီအစဉ်ကိုသာ ပိုမိုနှစ်သက်ကြောင်း ဖြေကြားခဲ့ပါသည်။<br>မေး (၃) – ပြန်လည်နေရာချထားရာတွင် အဆင့် (၂)ဆင့်ခွဲကာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပထမတစ်ခုမှာ ဇရိယာ (၂-၂)အရှေ့ပိုင်းမှ အကျုံးဝင်အိမ်ထောင်စု (၄၀)ခန့်အား ပြန်လည်နေရာချထားပေးသည့်နေရာအား ပထမအသုတ်မြေကွက်များ ပြင်ဆင်ပြီးသည်နှင့် ဦးစားပေး ချထားပေးမည်ဖြစ်ကြောင်း၊ ထို့နောက် ဇရိယာ (၂-၂)အရှေ့ပိုင်းအတွင်း လက်ရှိနေထိုင်ခြင်းမရှိသော်လည်း အကျုံးဝင်သည့် အိမ်ထောင်စုများကို ပြန်လည်နေရာချထားသည့်နေရာ ပြင်ဆင်မှုများ ပြီးစီးမှုအပေါ်မူတည်ကာ အသုတ်လိုက် ပြန်လည်နေရာချထားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အဆင့်ကော်မတီမှ ရှင်းပြခဲ့ပါသည်။<br>ဖြေ (၃) – တက်ရောက်လာသည့် အကျုံးဝင်အိမ်ထောင်စုအားလုံးကိုယ်စား အိမ်ထောင်စုတစ်စုက အချို့အိမ်ထောင်စုများမှာ ၂၀၁၃ခုနှစ် နို့တစ်စာကြောင့် စီမံကိန်းဇရိယာမှ ပြောင်းရွှေ့သွားကြပြီး ပထမဆုံး ပြန်လည်နေရာချထားပေးစေလိုသော်လည်း အထက်ပါအစီအစဉ်အား သဘောတူပါကြောင်း၊ ဇရိယာ (၂-၂)အရှေ့ပိုင်းမှ အကျုံးဝင်အိမ်ထောင်စုအားလုံးမှာ ရိုးသားပြီး လိုက်လျောညီထွေရှိပါကြောင်း၊ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်အား အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးအတွက် ပူးပေါင်းပါဝင်မည် ဖြစ်ပါကြောင်း တင်ပြခဲ့ပါသည်။<br>မေး (၄) – အကျုံးဝင်အိမ်ထောင်စု တစ်စု (ရွှေပျောက်ကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်း)က မိမိမှာ သီလဝါဒေသငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကွန်ယက် (ဒေသခံအဖွဲ့အစည်းတစ်ခု) အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း၊ အကျုံးဝင်အိမ်ထောင်စုများမှာ MJTDနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် လျော်ကြေးကို တတ်နိုင်သမျှ အမြန်ဆုံး ပံ့ပိုးပေးစေလိုကြောင်း တင်ပြခဲ့ပါသည်။<br>ဖြေ (၄) – ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပြု မှတ်သားထားပါမည်။<br>မေး (၅) – အကျုံးဝင်အိမ်ထောင်စုတစ်စုက အိမ်ဆောက်လုပ်ရေးနှင့်ပတ်သက်၍ အကျုံးဝင်အိမ်ထောင်စုအချင်းချင်း၊ တတ်သိနားလည်သူများနှင့် ဆွေးနွေးခဲ့ကြောင်း၊ ပံ့ပိုးပေးသည့် သိန်း (၅၀)ဖြင့် အိမ်အသစ်တစ်လုံးဆောက်လုပ်ရန် အခက်အခဲရှိကြောင်း၊ ထို့ကြောင့် သိန်း (၅၀)မှ သိန်း (၆၀)အထိ တိုးမြှင့်ပေးစေလိုကြောင်း တင်ပြခဲ့ပါသည်။<br>ဖြေ (၅) – ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အိမ်ထောင်စုများ၏အခက်အခဲကို နားလည်ပြီး ၎င်းတို့၏ ရိုးရိုးသားသားတောင်းဆိုမှုကို မဆန့်ကျင်လိုကြောင်း၊ ထို့ကြောင့် အိမ်ဆောက်လုပ်ရန်အတွက် သိန်း (၆၀)အထိ တိုးမြှင့်ပေးရန် သဘောတူပါကြောင်း ဒုတိယညွှန်ကြားရေးမှူးမှ ပြန်လည်ဖြေကြားခဲ့ပါသည်။<br>မေး (၆) – အကျုံးဝင်အိမ်ထောင်စုတစ်စု (ရွှေပျောက်ကျေးရွာ)က သီလဝါအထူးစီးပွားရေးဇုန်အတွင်း သို့မဟုတ် ပတ်ဝန်းကျင်ဇရိယာများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ပါက အကျုံးဝင်အိမ်ထောင်စုများကို ဦးစားပေးခန့်ထားပေးစေလိုကြောင်း တင်ပြခဲ့ပါသည်။<br>ဖြေ (၆) – အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာသည့်အခါတိုင်း အကျုံးဝင်အိမ်ထောင်စုများအားလုံးကို ဦးစားပေးမည် ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ဖြေကြားခဲ့ပါသည်။<br>မေး (၇) – အကျုံးဝင်အိမ်ထောင်စုတစ်စုက မိမိမှာ စစ်သားဟောင်းတစ်ဦးဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်နေစဉ် ခြေနှစ်ဖက်နှင့် မျက်စေ့တစ်ဖက် ဆုံးရှုံးခဲ့သည့်အတွက် အနားယူခဲ့ရကြောင်း၊ စစ်တမ်းမကောက်မီ မိမိတို့၏သစ်ပင်နှင့် သီးနှံများကို ခုတ်လှဲ/ရိတ်သိမ်းခဲ့သည့် အိမ်ထောင်စုအချို့မှာ လျော်ကြေးရရှိမည်မဟုတ်ဘဲ မခုတ်လှဲ/မရိတ်သိမ်းထားသည့် အိမ်ထောင်စုများသာ လျော်ကြေးရရှိမည်ဟု ကြားသိရကြောင်း၊ ထို့ကြောင့် မိမိစိုက်ပျိုးထားသည့် ဇရိယာအား ကောင်းကင်ဓာတ်ပုံနှင့် ဂျီပီအက်စ် အချက်အလက်များကို အသုံးပြုကာ ပြန်လည်သုံးသပ်ပေးစေလိုကြောင်း တင်ပြခဲ့ပါသည်။<br>ဖြေ (၇) – သက်ဆိုင်ရာ အရာရှိများမှ စိုက်ပျိုးဇရိယာအား ပြန်လည်သုံးသပ်ပေးမည်ဖြစ်ပြီး မကြာမီ အကြောင်းကြားပေးမည်ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ဖြေကြားခဲ့ပါသည်။<br>မေး (၈) – အကျုံးဝင်အိမ်ထောင်စု တစ်စု (ရွှေပျောက်ကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်း)က မိမိမှာ အကျုံးဝင်အိမ်ထောင်စုအားလုံးကို ကိုယ်စားပြုပါကြောင်း၊ အိမ်ဆောက်လုပ်ခြင်းကို တစ်ချိန်တည်း ပြီးစီးနိုင်ရန်အတွက် ကန်ထရိုက်တာငှားရမ်းဆောက်လုပ်ရန် စဉ်းစားလျှက်ရှိကြောင်း၊ ထို့အပြင် ဆောက်လုပ် |

| အချင်းအရာ | အကြောင်းအရာ |
|---|---|
| | ထားသည့် အိမ်အရည်အသွေးကို စစ်ဆေးနိုင်ရန်အတွက် စောင့်ကြည့်စစ်ဆေးသည့်အဖွဲ့ (ရွာသူ/သားများက ထိုအဖွဲ့တွင်ပါဝင်ရန် ဆန္ဒပြုကြပါသည်)ကို ဖွဲ့စည်းမည်ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။<br>ဖြေ (၈) – ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မှတ်သားထားပါမည်။<br>မေး (၉) – အကျုံးဝင်အိမ်ထောင်စုတစ်စုက ၆၂၀–၂၉/၁ နှင့် ၆၂၀–၂၉/၅ တို့နှင့်ပတ်သက်၍ ပိုင်ဆိုင်မှု အငြင်းပွားနေသည့်အကြောင်းကို သက်ဆိုင်ရာ အစိုးရအရာရှိများထံ တင်ပြလိုကြောင်း၊ ပိုင်ရှင်ဟောင်းဖြစ်သူ ဒေါ်မြညွန့်မှာ ၁၉၉၆–၉၇ခုနှစ်က မြေသိမ်းနို့တစ်စာကြောင့် မိမိ၏မြေအား စွန့်လွှတ်ကာ ထွက်ခွါပေးခဲ့ရကြောင်း၊ နှစ်အနည်းငယ်အကြာတွင် အဆိုပါဇရိယာတွင် လယ်စိုက်ပျိုးခွင့်ကို နိုင်ငံတော်အစိုးရမှ ခွင့်ပြုပေးခဲ့ကြောင်း၊ လယ်သမားများစွာ လာရောက်လုပ်ကိုင်ခဲ့ကြပြီး မြေစာရင်းဦးစီးဌာနတွင် ၂၀၁၂–၁၃ခုနှစ်အထိ အမည်ပေါက်စာရင်းသွင်းခဲ့ကြကြောင်း တင်ပြခဲ့ပါသည်။<br>ဖြေ (၉) – လွှတ်တော်ကိုယ်စားလှယ်က ၁၉၉၆–၉၇ခုနှစ်က မြေသိမ်းဆည်းခြင်းဆိုင်ရာ ပြဿနာများကို မိမိကြားသိကြောင်း၊ ထိုအချိန်က စီးပွားရေးဇုန်များ အကောင်အထည်ဖော်တည်ဆောက်ရန်အတွက် မြေများကို နိုင်ငံတော်အစိုးရမှ သိမ်းဆည်းခဲ့ကြောင်း၊ သို့ရာတွင် အခက်အခဲအချို့ကြောင့် ရွှေ့ဆိုင်းထားခဲ့ကြောင်း၊ ထို့နောက် ၂၀၁၃ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ ဂျပန်နိုင်ငံနှင့်ပူးပေါင်းကာ အထူးစီးပွားရေးဇုန်များ တည်ဆောက်ရန် စီစဉ်ခဲ့ကြောင်း၊ ၁၉၉၆–၉၇ခုနှစ်မှ ၂၀၁၃ခုနှစ်အကြား နှစ်များစွာ ကွာဟသွားသည့်အတွက် ထိုကဲ့သို့သော ပြဿနာများပေါ်ပေါက်လျှက်ရှိကြောင်း၊ သို့ရာတွင် မိမိနှင့်အတူ သက်ဆိုင်ရာ အရာရှိများအနေဖြင့် ရုံးမှတ်တမ်းများကို ပြန်လည်ကြည့်ရှုကာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြေရှင်းပေးမည်ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။<br>ထို့နောက် လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အဆင့် ကော်မတီက အဆိုပါမြေကွက်များအတွက် လျော်ကြေးကို သက်ဆိုင်ရာအရာရှိများမှ မြေပိုင်ဆိုင်သူအား ဆုံးဖြတ်ပြီးသည်အထိ ဘဏ်တွင် အပ်ထားမည်ဖြစ်ကြောင်း၊ ၎င်းတို့(ပိုင်ရှင်အသစ်နှင့် ပိုင်ရှင်အဟောင်း)မှာလည်း ဆွေမျိုးများဖြစ်ကြောင်းရှင်းပြခဲ့ပါသည်။<br>မေး (၁၀) – အကျုံးဝင်အိမ်ထောင်စုတစ်စုက မိမိ၏ မလေးရှားပိတောက်ပင်များမှာ ၂၀၁၃ခုနှစ်ကတည်းက စိုက်ပျိုးထားသော်လည်း စစ်တမ်းကောက်ရာတွင် ပါဝင်ခြင်းမရှိသည့်အတွက် ပြန်လည်စစ်ဆေးပေးစေလိုကြောင်း သက်ဆိုင်ရာ အရာရှိများထံ တင်ပြခဲ့ပါသည်။<br>ဖြေ (၁၀) – လွှတ်တော်ကိုယ်စားလှယ်က စစ်တမ်းကောက်အဖွဲ့နှင့်အတူ သက်ဆိုင်ရာအရာရှိများမှ ပြန်လည်စစ်ဆေးပေးမည်ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။<br>မေး (၁၁) – တက်ရောက်သူတစ်ဦး(ရွှေပျောက်ကျေးရွာ)က မိမိ၏ အကျုံးဝင်မှုကို စစ်ဆေးပေးပါရန် သက်ဆိုင်ရာ အရာရှိများကို တင်ပြခဲ့သော်လည်း လက်ရှိအချိန်အထိ မည်သူမျှ စစ်ဆေးပေးခြင်း သို့မဟုတ် မိမိအိမ်အား စစ်တမ်းကောက်ယူခြင်း မရှိခဲ့ကြောင်း၊ လက်ရှိဆွေးနွေးပွဲကိုလည်း မိမိအား ဖိတ်ကြားခြင်းမရှိကြောင်း တင်ပြခဲ့ပါသည်။<br>ဖြေ (၁၁) – မြို့နယ်အဆင့် ကော်မတီက စစ်တမ်းကောက်အဖွဲ့များ လာရောက်သည်မှာ သစ်ပင်နှင့် သီးနှံအရေအတွက်ကို စစ်ဆေးရေတွက်ရန်အတွက်ဖြစ်ကြောင်း၊ အကျုံးဝင်/မဝင်ကို စစ်ဆေးရန်အတွက် မဟုတ်ကြောင်း၊ ထို့အပြင် လိုအပ်သည့်အချက်အလက်နှင့် နောက်ခံအခြေအနေတို့ကိုလည်း မှတ်တမ်းတင်ထားပြီးဖြစ်ကြောင်း၊ အကျုံးဝင်/မဝင်နှင့်ပတ်သက်၍ ပြန်လည်အကြောင်းကြားပေးမည်ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။ |







**ဓါတ်ပုံ (၈–၃) နောက်ဆက်တွဲညှိနှိုင်းဆွေးနွေးပွဲ (၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၉)ရက်)**

## ၈.၄ မြေအတွက်အကျိုးဝင်မှုအတည်ပြုသည့် ကျေးရွာအဆင့်ဆွေးနွေးပွဲများမှ ရလဒ်များ

ဇရိယာ (၂-၂) အရှေ့ပိုင်းအတွင်း မြေအတွက် လက်ရှိအကျိုးဝင်မှုအခြေအနေများကို ရှင်းရှင်းလင်းလင်းသိရှိနိုင်စေရန်အတွက် လက်ရှိမြေပိုင်ဆိုင်မှုအခြေအနေများကို အတည်ပြုနိုင်ရန် မြေစာရင်းဦးစီးဌာနမှတ်တမ်းပါ အိမ်ထောင်စုများ၊ အခြားသက် ဆိုင်ရာပုဂ္ဂိုလ်များကို ဖိတ်ကြားကာ ကျေးရွာအဆင့်ဆွေးနွေးပွဲကို ၂၀၁၆ခုနှစ် နိုဝင်ဘာလ (၂၆) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ကာ သက်ဆိုင်ရာကာ ယကံရှင် (၂) ဦး/သက်ဆိုင်သူများရှေ့မှောက်တွင် အတည်ပြုခဲ့ပါသည်။ ထိုသို့ဖိတ်ကြားရာတွင် မြို့နယ်ကော်မတီ/တောင်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေပိုင်ဆိုင်ကြောင်းနှင့် လက်ရှိအခြေအနေများကို ရှင်းပြနိုင်ရန်အတွက် သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများကိုလည်း တစ်ပါတည်းယူဆောင်လာပေးပါရန် မှာကြားခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲများသို့ အသိသက်သေအဖြစ် ပြည်တွင်းအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (LRC) လည်း တက်ရောက်ခဲ့ပါသည်။

## ၈.၅ ကျေးရွာအဆင့် နောက်ဆက်တွဲဆွေးနွေးပွဲ ရလဒ်များ

၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲဆွေးနွေးပွဲများကို မြေပိုင်ဆိုင်သူများနှင့် ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၅) ရက်နေ့တွင်လည်းကောင်း၊ ပြန်လည်နေရာချထားပေးရမည့် အကျိုးဝင်အိမ်ထောင်စုများနှင့် အခြားဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၃၀) ရက်နေ့တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။ ကျေးရွာအဆင့်ဆွေးနွေးပွဲများအကြောင်း အကျဉ်းချုပ်ကို ဇယား (၈-၄) နှင့် ဇယား (၈-၅) တို့တွင် ဖော်ပြထားပါသည်။

**ဇယား (၈-၄) ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း) နှင့်ပတ်သက်၍ ကျေးရွာအဆင့်ဆွေးနွေးပွဲအကျဉ်းချုပ် (ဇရိယာ ၂-၂ အရှေ့ပိုင်း)**

| အချင်းအရာ | အကြောင်းအရာ |
|---|---|
| ၁. နေ့စွဲနှင့် အချိန် | နေ့စွဲ- ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၅) ရက် (ကြာသပတေးနေ့)<br>အချိန်- ၉:၅၀ - ၁၀:၃၀ |
| ၂. နေရာ | ကျောက်တန်းမြို့နယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနယာယီရုံး (ယခင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံး (ယာယီ)) |
| ၃. ဖိတ်ကြားသူများ | ဇရိယာ (၂-၂) အရှေ့ပိုင်းမှ မြေပိုင်ဆိုင်သည့် အိမ်ထောင်စုများ |
| ၄. တက်ရောက်သူများ | ဇရိယာ (၂-၂) အရှေ့ပိုင်းမှ မြေပိုင်ဆိုင်သူများနှင့် မိသားစုဝင် (၄) ဦး |
| ၅. အဓိကဖိတ်ကြားသူများ/ အစိုးရဌာနများမှ အဓိကတက်ရောက်သူများ/အခြား | ၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး<br>၂။ လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ကိုယ်စားလှယ်<br>၃။ မြို့နယ်အဆင့်ကော်မတီ- ကျောက်တန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ မြို့နယ်အရာရှိ၊ အေးမြသီတာရပ်ကွက်အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒု-ဦးစီးမှူး၊ မြို့ပြနှင့်အိမ်ယာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ<br>၄။ အသိသက်သေ- ပြည်တွင်းအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန |
| ၆. အဓိကအစီအစဉ် | မြေယာလျော်ကြေးနှုန်းထားများနှင့်စပ်လျဉ်း၍ မြေပိုင်ဆိုင်သူများအား ဖြည့်စွက်ရှင်းပြခြင်းနှင့် ဆွေးနွေးခြင်း |
| ၇. တက်ရောက်သူများထံမှ အဓိကမှတ်ချက်နှင့် သဘောထားအမြင်များ | ပထမဦးစွာ ဒုတိယညွှန်ကြားရေးမှူးက ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများ၊ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်အကြောင်း အကျဉ်းချုပ်၊ ဇရိယာ (၂-၂) အရှေ့ပိုင်းမှ အကျိုးဝင်အိမ်ထောင်စုများအတွက် ပံ့ပိုးပေးမည့် လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးမှုများတွင် ပါဝင်မည့် အကြောင်းအရာများကို ရှင်းပြခဲ့ပါသည်။ ထို့နောက် ဇရိယာ (၂-၁) မှ မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးပြီးနောက် မြေယာလျော်ကြေးအဖြစ် လယ်တစ်ဧကလျှင် သိန်း (၂၅၀) နှင့် ဥယျာဉ်ခြံမြေတစ်ဧကလျှင် သိန်း (၂၇၀) နှုန်းဖြင့် ဝန်ကြီးမှ ဆုံးဖြတ်အတည်ပြုခဲ့ပြီးဖြစ်ကြောင်းရှင်းပြခဲ့ပြီး တက်ရောက်သူများအနေဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ကြောင်း ခွင့်ပြုပေးခဲ့ပါသည်။<br><br>**ဒုတိယပိုင်း- မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း**<br>မေး (၁) - အကျိုးဝင်အိမ်ထောင်စုတစ်စုမှ ဇနီးဖြစ်သူက မိမိတို့တွင် လယ် (၉) ဧကကျော်ရှိသော်လည်း |

| အချင်းအရာ | အကြောင်းအရာ |
|---|---|
| | မြေစာရင်းဦးစီးဌာနမှတ်တမ်းများတွင် (၃.၈၂)ဧကသာ ရှိသည့်အတွက် ပြန်လည်တိုင်းတာ ပေးစေလိုပါသည်။<br>ဖြေ (၁) – ဒုတိယညွှန်ကြားရေးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်တို့မှ လယ် (၉)ဧကကျော် စိုက်ပျိုးသည်ဆိုပါက စိုက်ပျိုးသည့်ဧရိယာအားလုံးအတွက် သီးနှံလျော်ကြေးခံစားခွင့်ရှိမည်ဖြစ်ပြီး မြေလျော်ကြေးကိုမူ မြေစာရင်းဦးစီးဌာနမှ မှတ်တမ်းများအတိုင်းသာ ပေးလျော်မည်ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။<br>မေး (၂) – လျော်ကြေးကို မည်သည့်အချိန်တွင် ပေးအပ်မည်ကို သိရှိလိုပါကြောင်း အိမ်ထောင်စုတစ်စု၏ ဇနီးဖြစ်သူမှ မေးမြန်းခဲ့ပါသည်။<br>ဖြေ (၂) – သဘောတူညီချက်အပေါ်မူတည်ကာ မြေလျော်ကြေးကို တတ်နိုင်သမျှအမြန်ဆုံးပေးအပ်သွားမည်ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးမှ ပြန်လည်ဖြေကြားခဲ့ပါသည်။<br>မေး (၃) အိမ်ထောင်စုတစ်စု၏ ကိုယ်စားလှယ်ဖြစ်သူက စစ်တမ်းကောက်ယူသွားစဉ်တွင် မိုးသည်းထန်စွာရွာသွန်းပြီးစအချိန်ဖြစ်ပြီး မိမိ၏လယ်မှာ ရေမြုပ်နေသည့်အတွက် တိုင်းတာမှတ်တမ်းတင်သွားခြင်း မပြုနိုင်ခဲ့ကြောင်း တင်ပြခဲ့ပါသည်။<br>ဖြေ (၃) – မြို့နယ်အဆင့် ကော်မတီအဖွဲ့ဝင် တစ်ဦးမှ ဖြေကြားရာတွင် စစ်တမ်းကောက်ယူသူများအနေဖြင့် စိုက်ပျိုးထားသည့်အထောက်အထား တွေ့ရှိမြင်တွေ့နိုင်မှသာ တိုင်းတာစစ်တမ်းကောက်ယူကြောင်း၊ စိုက်ပျိုးထားခြင်းမရှိပါက စစ်တမ်းကောက်ယူခြင်းမရှိကြောင်း ဖြေကြားခဲ့ပါသည်။<br>မေး (၄) – အိမ်ထောင်စုတစ်စုမှ ဇနီးဖြစ်သူက သီးနှံခွန်ပေးဆောင်ထားပြီးဖြစ်သည့်အတွက် သီးနှံလျော်ကြေးခံစားခွင့်ရှိကြောင်း တင်ပြခဲ့ပါသည်။<br>ဖြေ (၄) – ဤစီမံကိန်းသည် နိုင်ငံတကာစီမံကိန်းတစ်ခုဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံရှိ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များ စသည်တို့ကို ပေါင်းစပ်ကျင့်သုံးကြောင်း၊ ထို့ကြောင့် သီးနှံလျော်ကြေးမှာ အမှန်တကယ်စိုက်ပျိုးသူအတွက်သာ ပံ့ပိုးပေးခြင်းဖြစ်ပြီး မြေပိုင်ဆိုင်သူအတွက် ပံ့ပိုးပေးခြင်းမဟုတ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးမှ ပြန်လည်ဖြေကြားခဲ့ပါသည်။<br>မေး (၅) – အကျုံးဝင်အိမ်ထောင်စုတစ်စုက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တခြားအကြောင်းအရာများ ဆွေးနွေးပြီးမှသာ သဘောတူလတ်မှတ်ထိုးနိုင်မည်ဖြစ်ကြောင်း၊ သဘောတူညီချက်ရရှိထား သည့် အိမ်ထောင်စုများအား လျော်ကြေးကို တတ်နိုင်သမျှ အမြန်ဆုံးပေးအပ်စေလိုကြောင်း တင်ပြခဲ့ ပါသည်။ အပင်အရေအတွက် ရှင်းလင်းတိကျမှုမရှိသဖြင့် မလေးရှားပိတောက်ပင် (Gum Tree)ပိုင်ဆိုင်သော အိမ်ထောင်စု (၂)စုနှင့် အဆိုပါအစည်းအဝေးခန်းမ၌ပင် သီးခြားစီ ဆက်လက်ဆွေးနွေးခဲ့ပါသည်။ |







**ဓါတ်ပုံ (၈-၄) မြေပိုင်ဆိုင်သူများနှင့် ကျေးရွာအဆင့် ညှိနှိုင်းဆွေးနွေးပွဲ**

**ဇယား (၈-၅) ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း)နှင့်ပတ်သက်၍ ကျေးရွာအဆင့် နောက်ဆက်တွဲဆွေးနွေးပွဲ အကျဉ်းချုပ် (ဇရိယာ ၂-၂ အရှေ့ပိုင်း)**

| အချင်းအရာ | အကြောင်းအရာ |
|---|---|
| ၁. နေ့စွဲနှင့် အချိန် | နေ့စွဲ – ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၃၀)ရက် (သောကြာနေ့)<br>အချိန် – ၁၀:၃၀ – ၁၁:၁၅ |
| ၂. နေရာ | ကျောက်တန်းမြို့နယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနယာယီရုံး (ယခင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံး (ယာယီ)) |
| ၃. ဖိတ်ကြားသူများ | ဇရိယာ (၂-၂) အရှေ့ပိုင်းမှ ပြန်လည်နေရာချထားပေးရမည့် အိမ်ထောင်စုများ |
| ၄. တက်ရောက်သူများ | ဇရိယာ (၂-၂) အရှေ့ပိုင်းမှ ပြန်လည်နေရာချထားပေးရမည့် အိမ်ထောင်စု (၇၈)စုနှင့် အခြားဇရိယာများမှ အကျုံးဝင်အိမ်ထောင်စု (၁၂)စု |

| အချင်းအရာ | အကြောင်းအရာ |
|---|---|
| ၅. အဓိကဖိတ်ကြားသူများ/ အစိုးရဌာနများမှ အဓိကတက်ရောက်သူများ/အခြား | ၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး<br>၂။ မြို့နယ်အဆင့်ကော်မတီ– ကျောက်တန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ မြို့နယ်အရာရှိ၊ အေးမြသီတာရပ်ကွက်အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒု–ဦးစီးမှူး၊ အခြား<br>၃။ အသိသက်သေ– စွမ်းရည်ဖွံ့ဖြိုးရေးရှေ့ဆောင်အသင်း (CBI) |
| ၆. အဓိကအစီအစဉ် | ပြန်လည်နေရာချထားမည့်နေရာ၊ အချိန်အပါအဝင် ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းပြခြင်းနှင့် ဆွေးနွေး ခြင်း |
| ၇. တက်ရောက်သူများထံမှ အဓိကမှတ်ချက်နှင့် သဘောထားအမြင်များ | ဒုတိယညွှန်ကြားရေးမှူးက (၁)မြိုင်သာယာရပ်ကွက်ရှိ ပြန်လည်နေရာချထားမည်နေရာ တည်နေရာနှင့် လျာထားအစီအစဉ်၊ (၂) အိမ်အား မည်သူဆောက်လုပ်မည်၊ (၃) ပြန်လည်နေရာချထားပေးမည့် လျာထားအချိန်ဇယားနှင့် (၄) ယာယီပြောင်းရွှေ့ခြင်း/ယခင်ကပြောင်းရွှေ့ခဲ့ခြင်းများအတွက် ရွှေ့ပြောင်းစရိတ်များ ပံ့ပိုးပေးခြင်းစသည်တို့နှင့်ပတ်သက်၍ ရှင်းပြခဲ့ပါသည်။<br><br>**မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း**<br>မေး (၁)– ရွှေ့ပြောင်းစရိတ်အတွက် အိမ်ထောင်စုတစ်စုလျှင် (၃)သိန်းကျပ်စီ ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ (ဥပမာ– ဇရိယာ (၂–၂)အရှေ့ပိုင်းတွင် နေထိုင်လျှက်ရှိသည့် အကျုံးဝင်အိမ်ထောင်စုများအတွက် ယာယီရွှေ့ပြောင်းစရိတ်နှင့် လက်ရှိဇရိယာ (၂–၂)အရှေ့ပိုင်းပြင်ပတွင် နေထိုင်လျှက်ရှိသော်လည်း ဇရိယာ (၂–၂)အရှေ့ပိုင်းအတွင်း နေထိုင်ခဲ့ကြသည့်အကျုံးဝင်အိမ်ထောင်စုများအတွက် ယခင်က ရွှေ့ပြောင်းခဲ့ခြင်းအတွက် ပံ့ပိုးခြင်း)၊ ယာယီပြန်လည်နေရာချထားပေးရမည်ဆိုပါက ထိုကာလအတွက် အိမ်ငှားခအဖြစ် တစ်လလျှင် (၁)သိန်းကျပ်နှုန်းဖြင့် ပြန်လည်နေရာချထားသည်နေရာတွင် ပြင်ဆင်မှုများ အဆင်သင့်ဖြစ်ချိန်အထိ (၄)လစာအတွက် ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးက ရှင်းပြခဲ့ပါသည်။<br>ဖြေ (၁)– အကျုံးဝင်အိမ်ထောင်စုများအနေဖြင့် သတိပြုမှတ်သားထားပါမည်။<br>မေး (၂)– အကျုံးဝင်အိမ်ထောင်စုတစ်စုက မြန်မာ့ရိုးရာအစဉ်အလာအရ ပြာသို (မြန်မာလ)လဆန်းမှ (၁၅)ရက်မကျော်မီ ရွှေ့ပြောင်းကြရကြောင်း၊ (၁၅)ရက်ကျော်မှဆိုပါက မြန်မာလူမျိုးများ၏ ယုံကြည်မှုအရ ဟိုမှ သည် ပြောင်းရွှေ့လေ့မရှိကြောင်း ရှင်းပြခဲ့ပါသည်။<br>ဖြေ (၂)– ဒုတိယညွှန်ကြားရေးမှူးနှင့် မြို့နယ်အဆင့် ကော်မတီက မိမိတို့အနေဖြင့် လုပ်ငန်းများကို အမြန်ဆုံးပြီးစီးရန် ကြိုးစားမည်ဖြစ်ကြောင်း၊ ထိခိုက်နစ်နာမှုရှိသည့် ပိုင်ဆိုင်မှုများကို စစ်ဆေးအတည်ပြုခြင်း၊ အိမ်ထောင်စုတစ်စုချင်းစီအတွက် ရရှိမည့် လျော်ကြေးပမာဏကို တွက်ချက်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။<br>တက်ရောက်သူတစ်ဦး (ရွှေပျောက်ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း)က အရည်အသေးတူ၊ ပုံစံတူအိမ်များကို သိန်း (၆၀)အောက်ဖြင့် ဆောက်လုပ်ရန်အတွက် ကန်ထရိုက်တာတစ်ဦးနှင့် ပြောဆိုထားကြောင်း၊ အိမ်ဆောက်လုပ်မည့် အသေးစိတ်အစီအစဉ်နှင့် အသုံးပြုဆောက်လုပ်မည့် ပစ္စည်းများကို အကျုံးဝင်အိမ်ထောင်စုများအား ရှင်းပြပေးမည်ဖြစ်ကြောင်း၊ မိမိမှာ အကျုံးဝင်အိမ်ထောင်စုများနှင့် အစိုးရအရာရှိများအကြား အဆင်ပြေစေရန်အတွက် ညှိနှိုင်းဆောင်ရွက်ပေးခြင်းသာဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အတွက် မိမိအနေဖြင့် မည်သည့်အကျိုးအမြတ်မှ မရရှိကြောင်း ရှင်းပြခဲ့ပါသည်။<br>မေး (၃)– မြို့နယ်အဆင့်ကော်မတီက ပြန်လည်နေရာချထားမည့်နေရာနှင့်ပတ်သက်၍ မေးခွန်း သို့မဟုတ် အကြံပြုချက်ရှိ/မရှိကို အကျုံးဝင်အိမ်ထောင်စုများအား မေးမြန်းခဲ့ပါသည်။<br>ဖြေ (၃)– အကျုံးဝင်အိမ်ထောင်စုများက မိမိတို့တွင် အကြံပြုစရာမရှိကြောင်း၊ ပြန်လည်နေရာချထားမည့် လုပ်ငန်းစဉ်နှင့် ပံ့ပိုးမှုများကို သဘောတူပါကြောင်း ပြန်လည်ဖြေကြားခဲ့ကြပါသည်။ |





**ဓါတ်ပုံ (၈–၅) ပြန်လည်နေရာချထားရမည့်အိမ်ထောင်စုများနှင့် ကျေးရွာအဆင့် ညှိနှိုင်းဆွေးနွေးပွဲ**

## ၈.၆ ဇရိယာ (၂–၂)အရှေ့ပိုင်းနှင့် အခြားဒေသများမှ အကျုံးဝင်အိမ်ထောင်စုများ သီလဝါအထူးစီးပွားရေးဇုန်အတွင်းသို့ လေ့လာရေးခရီးစဉ် ရလဒ်များ

သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရရှိနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် အလုပ်နှင့်ပတ်သက်သည့် ပတ်ဝန်းကျင်တို့ကို ပိုမိုနားလည်သဘောပေါက်လာစေရန် ရည်ရွယ်၍ သီလဝါအထူးစီးပွားရေးဇုန်သို့ လေ့လာရေးခရီးစဉ်တစ်ခု စီစဉ်ရန် နှစ်ဦးနှစ်ဖက် သဘောတူဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါခရီးစဉ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များ၊ အနာဂတ်တွင် မြေငှားရမ်းကာ ရင်းနှီးမြှုပ်နှံမည့်သူများအကြောင်း အရှင်းပြခြင်းနှင့် စက်ရုံသို့ သွားရောက်လည်ပတ်ခြင်းတို့ ပါဝင်ပါသည်။

**ဇယား (၈–၆) သီလဝါအထူးစီးပွားရေးဇုန်သို့ လေ့လာရေးခရီးစဉ် အကျဉ်းချုပ်**

| အချင်းအရာ | အကြောင်းအရာ |
|---|---|
| ၁. နေ့စွဲနှင့် အချိန် | နေ့စွဲ– ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၂)ရက် (သောကြာနေ့)<br>အချိန်– ၁၀:၀၀ – ၁၂:၃၀ |
| ၂. နေရာ | သီလဝါအထူးစီးပွားရေးဇုန် |
| ၃. ဖိတ်ကြားသူများ | ဇရိယာ (၂–၂)အရှေ့ ပိုင်းနှင့် အခြားဇရိယာများမှ အကျုံးဝင်အိမ်ထောင်စု ကိုယ်စားလှယ်များ |
| ၄. တက်ရောက်သူများ | သီလဝါရှိ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကွန်ယက်မှ အဖွဲ့ဝင်များ၊<br>MJTD၊ စီမံခန့်ခွဲမှုကော်မတီတို့မှ ကိုယ်စားလှယ်များနှင့်<br>ဂျိုက်ကာ ကျွမ်းကျင်ပညာရှင်များအဖွဲ့ |
| ၅. အဓိကအစီအစဉ် | သီလဝါအထူးစီးပွားရေးဇုန်၏ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာရန်နှင့် စက်ရုံများကို မြင်တွေ့နိုင်စေရန် အတွက် လည်ပတ်ခြင်း |
| ၆. တက်ရောက်သူများထံမှ အဓိကမှတ်ချက်နှင့် သဘောထားအမြင်များ | MJTDမှ ကိုယ်စားလှယ်တစ်ဦးက အဖွင့်အမှာစကားပြောကြားပြီး သီလဝါအထူးစီးပွားရေးဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိသည့် အဆင့်များအကြောင်းကို ရှင်းပြခဲ့ပါသည်။ ထို့အပြင် သီလဝါအထူးစီးပွားရေးဇုန် ဇုန်–အေအတွင်း လည်ပတ်လျှက်ရှိသည့် စက်ရုံအမျိုးအစားများ၊ အခြေခံအဆောက်အအုံနှင့် အခြားအဆောက်အအုံများအကြောင်းကိုလည်း ရှင်းပြခဲ့ပါသည်။ ၂၀၁၇ခုနှစ် တွင် ထပ်မံဝင်ရောက်လာမည့်စက်ရုံအမျိုးအစားများနှင့် စတင်လည်ပတ်မည့် စက်ရုံများကိုလည်း ဖြည့်စွက်ရှင်းပြခဲ့ပါသည်။<br><br>**မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း**<br>မေး (၁) ပါဒကြီးကျေးရွာကိုယ်စားလှယ်မှ အများပြည်သူအလွယ်တကူကြည့်ရှုနိုင်သည့် နေရာအများစုတွင် အလုပ်ခေါ်စာများကို ကြေညာထားပေးပါရန်နှင့် လူအများစုမှာ MJTDရုံးသို့ လာရောက်လေ့မရှိကြကြောင်း၊ ထို့ကြောင့် အလုပ်ခေါ်စာများနှင့်ပတ်သက်၍ သိရှိခြင်းမရှိကြောင်း ရှင်းပြခဲ့ပါသည်။<br>ဖြေ (၁) MJTDအနေဖြင့် လမ်းဆုံလမ်းမများတွင် ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူပြီး ကုမ္ပဏီများမှ အလုပ်ခေါ်စာများ ကြေညာထားပေးရန် စီစဉ်လျှက်ရှိကြောင်း ဖြေကြားခဲ့ပြီး အခြားကိုယ်စားလှယ်တစ်ဦးက အလုပ်ခေါ်စာများကို ကျေးရွာအုပ်ချုပ်ရေးရုံးများမှတဆင့် ကြေညာပေးလျှက်ရှိကြောင်း၊ ပါဒကြီးကျေးရွာကိုယ်စားလှယ်တင်ပြသည့် အကြောင်းအရာကို မှတ်သားထားမည်ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။<br>မေး (၂) ရွှေပျောက်ကျေးရွာ ကိုယ်စားလှယ်က ယခုရှင်းပြသည့်အကြောင်းအရာများကို ကျေးရွာကိုယ်စားလှယ်များအား ရှင်းပြသည်ထက် ရွာသူ/သားများအားလုံးကို ရှင်းပြပေးသင့်ကြောင်း၊ သို့မှသာ ရွာသူ/သားအားလုံးအနေဖြင့် ဤကဲ့သို့သော ရှင်းပြချက်များကို သိရှိနားထောင်နိုင်သည့် အခွင့်အရေးရရှိနိုင်မည်ဖြစ်ပြီး သီလဝါအထူးစီးပွားရေးဇုန်အတွင်း မည်သို့ဖြစ်ပျက်နေသည်၊ မည်သည့်စက်ရုံအမျိုးအစားများ ဖွင့်လှစ်လုပ်ကိုင်နေသည်ကို နားလည်နိုင်မည်ဖြစ်ကြောင်း တင်ပြခဲ့ပါသည်။ ရွာသူ/သားများအနေဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို အလွယ်တကူလက်ခံကြမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများသည် ဒေသခံများအတွက် စဉ်းစားပေးလေ့ရှိပြီး ဒေသခံများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးလေ့ရှိကြောင်း ဆက်လက်တင်ပြခဲ့ပါသည်။ သီလဝါအထူးစီးပွားရေးဇုန်၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသခံများ၏ဘဝကို ပိုမိုမြင့်တင်ပေးနိုင်မည်ဖြစ်ကြောင်းလည်း ရှင်းပြခဲ့ပါသည်။<br>ဖြေ (၂) စီမံခန့်ခွဲမှုကော်မတီမှ ကိုယ်စားလှယ်တစ်ဦးက ဖြေကြားရာတွင် ဌာနပေါင်း (၁၀)ခုဖြင့် ဖွဲ့စည်းထားသည့် One Stop Service Center မှ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးလျှက်ရှိကြောင်း၊ MJTD အဆောက်အဦးတွင်လည်း ဘဏ် (၃)ခု ဖွင့်ထားကြောင်း၊ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးလျှက်ရှိသည့်အတွက် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံလိုကြကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံသူများထံမှ ပင်ရင်းမှ နှုတ်ယူပေးသွင်းရမည့် အခွန်ငွေ (Withholding Tax)ရရှိကြောင်း၊ အဆိုပါအခွန်ငွေများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။ |

| အချင်းအရာ | အကြောင်းအရာ |
|---|---|
| | မေး (၃) အလွမ်းဆွတ်ကျေးရွာမှ ကိုယ်စားလှယ်တစ်ဦးက အလွမ်းဆွတ်ကျေးရွာမှ ရွာသူ/သားများအတွက် မည်သည့်ပံ့ပိုးမှုများပေးအပ်သွားမည်ကို သိရှိလိုကြောင်း၊ စီမံကိန်းဖွံ့ဖြိုးရေးအတွက် ရွာသူ/သားများအနေဖြင့် သဘောတူကြောင်း တင်ပြခဲ့ပါသည်။<br>ဖြေ (၃) MJTDမှ ကိုယ်စားလှယ်တစ်ဦးက MJTDအနေဖြင့် ကျန်းမာရေးဆိုင်ရာ ပံ့ပိုးမှုများ၊ အသက်မွေးဝမ်းကြောင်းသင်တန်းများ၊ ပညာရေးတွင် ထူးချွန်သည့် ကျောင်းသား/သူများအတွက် ပညာသင်ဆုများပေးအပ်ခြင်း အစရှိသဖြင့် အကျုံးဝင်အိမ်ထောင်စုများ၏ လိုအပ်ချက်များကို ပံ့ပိုးပေးလျှက်ရှိကြောင်း ရှင်းပြခဲ့ပါသည်။<br><br>နိဂုံးချုပ်အနေဖြင့် ရွှေပျောက်ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းမှ ဇုန်-ဘီတွင် (၁) ဒေသခံ မြေပိုင်ဆိုင်သူများနှင့် မြေလျော်ကြေးကို သဘောတူမည့် အိမ်ထောင်စုများ၊ (၂) စီးပွားရေးသမား မြေပိုင်ဆိုင်သူများနှင့် (၃) သတ်မှတ်ပမာဏထက် ပိုမိုလိုချင်သည့် ဒေသခံအိမ်ထောင်စုများဟူ၍ အကျုံးဝင်အိမ်ထောင်စု (၃)မျိုးရှိကြောင်း၊ သတ်မှတ်ပမာဏထက် ပိုမိုလိုချင်သည့်အိမ်ထောင်စုများအနေဖြင့် အခြားသဘောတူသည့် အိမ်ထောင်စုများအားလျော်ကြေးနှင့် ပံ့ပိုးမှုများပေးအပ်သည့်အခါတွင် သဘောတူလာမည်ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။<br><br>အစည်းအဝေးအပြီးတွင် တက်ရောက်သူများအားလုံးသည် ဒိုဝါရေဆိုသန့်စင်စက်ရုံသို့ သွားရောက်လည်ပတ်ခဲ့ကြပါသည်။ |



**ဓါတ်ပုံ (၈-၆) သီလဝါအထူးစီးပွားရေးဇုန်သို့ လေ့လာရေးခရီးစဉ်မှတ်တမ်း ဓါတ်ပုံများ**

## ၈.၇ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း)အား ထုတ်ပြန်ကြေညာခြင်း

ဧရိယာ (၂-၂)အတွက် ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း)အား ၂၀၁၆ ခုနှစ် မေလ (၂၅)ရက်နေ့မှ ၂၀၁၆ခုနှစ် ဇွန်လ (၂၄)ရက်နေ့အထိ ဧရိယာ (၂-၂)၏အနီးဝန်းကျင်ရှိ နေရာအများအပြားတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထုတ်ပြန်ကြေညာခဲ့သည့် နေရာများစာရင်းကို ဇယား (၈-

၇)တွင် ဖော်ပြထားပါသည်။ ထို့အပြင် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း)ကို အင်္ဂလိပ်၊ မြန်မာ (၂)ဘာသာဖြင့် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ အင်တာနက်စာမျက်နှာတွင်လည်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထိုသို့ထုတ်ပြန်ကြေညာထားသည့်အကြောင်းကို အများပြည်သူသိရှိနိုင်စေရန် အတွက် သတင်းစာ (၂)စောင်တွင် ၂၀၁၆ခုနှစ် ဇွန်လ (၃)ရက်နေ့တွင် ကြေညာချက်ကို ထည့်သွင်းဖော်ပြခဲ့ပြီး အများပြည်သူထံမှ သဘောထားမှတ်ချက်များကို တောင်းခံခဲ့ပါသည်။

ဇရိယာ (၂-၂)အရှေ့ပိုင်းအတွက် ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း)ကို ဇရိယာ (၂-၂)အရှေ့ပိုင်း၏အနီးဝန်းကျင် နေရာအများအပြားတွင် ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၂၃)ရက်နေ့မှ ၂၀၁၇ခုနှစ် ဇန္နဝါရီလ (၁)ရက်နေ့အထိ (၁၀)ရက်ကြာ ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထုတ်ပြန်ထားသည့် နေရာများကို ဇယား (၈-၇)တွင် ဖော်ပြထားပါသည်။ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း) ကို အင်္ဂလိပ်၊ မြန်မာ (၂)ဘာသာဖြင့် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ အင်တာနက်စာမျက် နှာတွင်လည်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထိုသို့ထုတ်ပြန်ကြေညာထားသည့်အကြောင်းကို အများပြည်သူ သိရှိနိုင်စေရန်အတွက် သတင်းစာ (၂)စောင်တွင် ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၂၃)ရက်နေ့တွင် ကြေညာချက်ကို ထည့်သွင်းဖော်ပြခဲ့ပြီး အများပြည်သူထံမှ သဘောထားမှတ်ချက်များကို တောင်းခံခဲ့ပါသည်။

**ဇယား (၈-၇) ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း)ထုတ်ပြန်ကြေညာမည့်နေရာများ (ဇရိယာ (၂-၂) နှင့် ဇရိယာ (၂-၂)အရှေ့ပိုင်း)**

| | |
|---|---|
| ၁. | ကျောက်တန်းမြို့နယ် ဆောက်လုပ်ရေးဝန်ကြီးဌာနယာယီရုံး (ယခင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံး (ယာယီ)) |
| ၂. | သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရုံး၊ သီလဝါအထူးစီးပွားရေးဇုန် |
| ၃. | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံး၊ ရန်ကုန်မြို့ |
| ၄. | တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး |
| ၅. | ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး |
| ၆. | သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး |
| ၇. | ရွှေပြည်သာယာရပ်ကွက် အုပ်ချုပ်ရေးရုံး |
| ၈. | အေးမြသီတာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး |
| ၉. | ရွှေပျောက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး |
| ၁၀. | အထက်တွင်ဖော်ပြထားသည့် ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများ၏ နေအိမ်များ (ဇရိယာ (၂-၂)အရှေ့ပိုင်း အတွက်သာ) |
| ၁၁. | ကျေးရွာ/ရပ်ကွက် ဓမ္မာရုံ (ဇရိယာ (၂-၂)အရှေ့ပိုင်း အတွက်သာ) |

ထုတ်ပြန်သည့်နေရာတိုင်း၌ မှတ်ချက်ပေးရမည့်ပုံစံများကိုအသုံးပြု၍လည်းကောင်း၊ အီးမေးလ်ဖြင့်လည်း ကောင်း မှတ်ချက်များကို အင်္ဂလိပ်၊ မြန်မာ (၂)ဘာသာလုံးဖြင့် ပေးပို့နိုင်ရန် စီစဉ်ထားမည် ဖြစ်ပါသည်။

## ၈.၈ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း)နှင့်စပ်လျဉ်းသည့် မှတ်ချက်များ

ဇရိယာ (၂-၂)/ဇရိယာ (၂-၂)အရှေ့ပိုင်းအတွက် ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံ ချက် (မူကြမ်း) ထုတ်ပြန်ကြေညာစဉ်အတွင်း ထုတ်ပြန်သည့်နေရာများ သို့မဟုတ် အီးမေးလ်မှတဆင့် လက်ခံ ရရှိသည့် အဓိကမှတ်ချက်များနှင့် ၎င်းမှတ်ချက်များအပေါ် တုန့်ပြန်ဆောင်ရွက်သွားမည့် အကြောင်းအရာ များကို ဇယား (၈-၈)နှင့် ဇယား (၈-၉)တို့တွင် အကျဉ်းချုပ်ဖော် ပြထားပါသည်။

ဇရိယာ (၂-၂)အတွက်ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း)နှင့်စပ်လျဉ်း၍ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုထံမှ မှတ်ချက်များကို အီးမေးလ်မှတဆင့် လက်ခံရရှိခဲ့ပြီး ဇယား (၈-၈)တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။ ဇရိယာ (၂-၂)အရှေ့ပိုင်းအတွက် ရေးဆွဲထားသည့် ပြန်လည်နေရာ ချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း)နှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာထားသည့်နေရာများတွင် မှတ်ချက် များကို ပုဂ္ဂိုလ် (၁၉)ဦးထံမှ လက်ခံရရှိခဲ့ပါသည်။

**ဇယား (၈–၈) ဇရိယာ (၂–၂) အတွက်ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း) အပေါ် အများပြည်သူထံမှ လက်ခံရရှိသည့် မှတ်ချက်များနှင့် တုန့်ပြန်ဆောင်ရွက်မှုများ အကျဉ်းချုပ်**

| စဉ် | အများပြည်သူထံမှ မှတ်ချက်များ၏ အကျဉ်းချုပ် | ဖြည့်ဆည်းဆောင်ရွက်ထားမှုများ |
|---|---|---|
| ၁ | [အထွေထွေအကြောင်းအရာများ]<br>ပြန်လည်နေရာချထားရေးဆိုင်ရာ အခက်အခဲများနှင့်စပ်လျဉ်းသည့် နိုင်ငံတကာအလေ့အကျင့်ကောင်းများနှင့် ပတ်သက်၍ ပြန်လည် နေရာချထားရေးစီမံချက်ရေးဆွဲရာတွင် မည်သည့်နိုင်ငံ၏ အလေ့အကျင့်များအား ကိုးကားသည်ကို တိတိကျကျဖော်ပြသင့်ပြီး အဆိုပါအလေ့အကျင့်များနှင့် အကျွမ်းတဝင်ရှိသည့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များကို ငှားရမ်းဆောင်ရွက်ရန် ပါ/မပါကိုလည်း ဖော်ပြသင့်ပါသည်။ | စံချိန်စံညွှန်းတစ်ခုအဖြစ် OP ၄.၁၂ အပါအဝင် ကမ္ဘာ့ဘဏ်၏ ဘေးအန္တရာယ်ကာကွယ်တားဆီးရေးမူဝါဒကို ကိုးကားရေးဆွဲထားသည့် ဂျိုက်ကာ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများအတွက် လမ်းညွှန်ချက်များနှင့်အညီ ဤ လုပ်ငန်းစီမံချက်ကို ရေးဆွဲထားပါသည်။ ဤလုပ်ငန်းစီမံချက်ကို ဂျိုက်ကာကျွမ်းကျင် ပညာရှင်များ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီတို့မှ ရေးဆွဲထားခြင်း ဖြစ်ပါသည်။ |
| ၂ | [အထွေထွေအကြောင်းအရာများ]<br>ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်၏ကဏ္ဍမျိုးစုံတွင် ပါဝင်မည့် အဖွဲ့အစည်းများ (သင်တန်းများပို့ချခြင်း/အသေးစားချေးငွေပံ့ပိုးခြင်းစသည်) ကို ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် မည်သို့ ရွေးချယ်မည်၊ ၎င်းတို့၏လုပ်ငန်းတာဝန် အသေးစိတ်စသည်တို့ကို ဤလုပ်ငန်းစီမံချက်တွင် ဖော်ပြသင့်ပါသည်။ အဆိုပါအဖွဲ့အစည်းများအတွက် ဒေသခံများ၏ အတည်ပြုချက်ကိုရယူရန် အရေးကြီးပြီး ထိုသို့အတည်ပြုချက်ရယူသည့် လုပ်ငန်းစဉ်ကိုလည်း လုပ်ငန်းစီမံချက်တွင် ထည့်သွင်းရေးဆွဲရန် အကြံပြုပါသည်။ | အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဤလုပ်ငန်းစီမံချက်ကို ဂျိုက်ကာကျွမ်းကျင်ပညာရှင်များ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီတို့မှ ရေးဆွဲထားခြင်း ဖြစ်ပါသည်။ အသက်မွေးဝမ်းကြောင်းသင်တန်းများကို စီမံခန့်ခွဲမှုကော်မတီမှ IRPအစီအစဉ် များ၏ တစ်စိတ်တစ်ဒေသအဖြစ်လည်းကောင်း၊ MJTDအပါအဝင် အခြားရင်းနှီးမြှုပ်နှံသူများမှ ၎င်းတို့၏ လူမှုရေးဆိုင်ရာ လုပ်ငန်းများ (CSR)၏အစိတ်အပိုင်းတစ်ခုအနေဖြင့်လည်းကောင်း၊ ပံ့ပိုးပေးလျှက်ရှိပြီး ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့်သာ ဆောင်ရွက်လျှက် ရှိပါသည်။ ထို့အပြင် သီလဝါဝန်းကျင်ရှိ ဒေသခံများ အတွက်ရည်ရွယ်ကာ ဒေသခံဆရာတော်တစ်ပါးမှ ဦးစီးကာ အသေးစားချေး ငွေအစီအစဉ်ကိုလည်း ပြင်ဆင်/အကောင်အထည်ဖော်ဆောင် ရွက်လျှက်ရှိပါသည်။ |
| ၃ | [အထွေထွေအကြောင်းအရာများ]<br>မည်သို့ဆိုစေ ဆောင်ရွက်ခဲ့ပြီးသည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အသေးစိတ်ဖော်ပြထားခြင်းမရှိပါ။ လုပ်ငန်းစီမံချက်၌ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များစွာ ဖော်ပြထားသော်လည်း အသေးစိတ်အကြောင်းအရာများ ဖော်ပြထားခြင်းမရှိပါ။ ထိုအသေးစိတ်အကြောင်းအရာများမှာ လုပ်ငန်းတစ်ခု ဆောင်ရွက်ခြင်းရှိ/မရှိ၊ နောင်တွင်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် တာဝန်ရှိ/မရှိ ဆုံးဖြတ်ရန်အတွက် အရေးကြီးပါသည်။ | လုပ်ငန်းစီမံချက်အား ပိုမိုအသေးစိတ်ပြီး ရှင်းရှင်းလင်းလင်း ရေးဆွဲထားပါသည်။ ဤဇယားတွင်ပါဝင်သည့် တုန့်ပြန်ဆောင်ရွက်ချက်များမှာ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း)အား ဖြည့်စွက်ရှင်းလင်းထားချက်များ ဖြစ်ပါသည်။ |
| ၄ | [အထွေထွေအကြောင်းအရာများ]<br>ဇုန်–အေမှ ရရှိသည့်သင်ခန်းစာများကို ပေါင်းစပ်ကာ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်မည်ဟု ဖော်ပြထားသော်လည်း ဇရိယာ (၂–၁)နှင့် ဇုန်–အေ၏ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များအပေါ် ERIနှင့် ဒေသခံများ ပေးပို့ထားသည့် သဘောထားမှတ်ချက်နှင့် အကြံပြုချက်များစွာကို ဤလုပ်ငန်းစီမံချက်ရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲထားခြင်းမရှိပါ။ ဒေသခံများတင်ပြထားသည့် သဘောထားမှတ်ချက်များနှင့်စပ်လျဉ်း၍လည်း ဒေသခံများနှင့် ဆက်သွယ်ရှင်းပြခြင်း သို့မဟုတ် ဇရိယာ (၂–၁) အတွက် ပြင်ဆင်ရေးဆွဲထားသည့်လုပ်ငန်းစီမံချက်နှင့်ပတ်သက်သည့် အခြေအနေတို့ကို ရှင်းပြခြင်းလည်း မရှိပါ။ အခန်း (၈–၁)တွင် ဖော်ပြထားသည့်အတိုင်း လုပ်ငန်းစီမံချက်ရေးဆွဲရာတွင် ဒေသခံများ၏ပူးပေါင်းပါဝင်မှုနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်မည်ဟု အမှန်တကယ်ရည်ရွယ်ပါက ဒေသခံများ ပိုမိုပါဝင်နိုင်ရေးအတွက် ဖိတ်ခေါ်သင့်ပါသည်။<br>ဤစိုးရိမ်ပူပန်မှုကို အခန်း (၁၀)အတွင် ပိုမိုထင်ရှားစွာမြင်နိုင်ပြီး ဒေသခံအခြေပြု ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့်အစီအစဉ်တွင် ပါဝင်ခြင်းမပြုရန် ဆုံးဖြတ်ထားပါသည်။ အဖွဲ့ | ဇရိယာ (၂–၁)အတွက် ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်တွင် ဒေသခံများထံမှ လက်ခံရရှိသည့် သဘောထား မှတ်ချက်များနှင့် တုန့်ပြန်ဆောင်ရွက်ချက်များကို အကျဉ်းချုပ်ဖော်ပြထားသည့် ဇယားတစ်ခုကို အခန်း (၈)တွင် ဖော်ပြထားပါသည်။ ထို့အပြင် အကျုံးဝင်အိမ်ထောင်စုများ၏ မေးခွန်းနှင့် စိုးရိမ်ပူပန်မှုများကို ဖြေရှင်းနိုင်ရန်အတွက် မတူညီသည့်အဆင့်များ၌ ညှိနှိုင်းဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများ အများအပြား ကျင်းပပြုလုပ်ခဲ့ပါသည်။<br>ဇရိယာ (၂–၂)အတွက်ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ ဇရိယာ (၂–၂)အရှေ့ပိုင်း၏ လုပ်ငန်းစီမံချက် (မူကြမ်း)တွင်လည်း အလားတူဇယားတစ်ခုကို ထည့်သွင်းဖော်ပြထားပါသည်။ အဆိုပါ အရှေ့ပိုင်းအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း)ကို အများပြည်သူထံမှ သဘောထားမှတ်ချက်နှင့် တုန့်ပြန်ချက်များ လက်ခံရရှိနိုင်ရန်အတွက် ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၀)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲအပြီး မကြာမီတွင် ထုတ်ပြန်ခဲ့ပါသည်။ ထို့အပြင် ပြန်လည်နေရာချ |

| စဉ် | အများပြည်သူထံမှ မှတ်ချက်များ၏ အကျဉ်းချုပ် | ဖြည့်ဆည်းဆောင်ရွက်ထားမှုများ |
|---|---|---|
| | တွင်းတွင်ဖြစ်စေ အများပြည်သူရှေ့မှောက်တွင်ဖြစ်စေ ကြိမ်ဖန်များစွာ ဆွေးနွေးခဲပြီးသည့်တိုင် ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်လိုခြင်းမရှိသည်မှာ ပေါ်လွင်နေပါသည်။ | ထားရေးလုပ်ငန်းစီမံချက်၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ပိုမိုရှင်းပြနိုင်ရန်အတွက် နောက်ဆက်တွဲ အစည်းအဝေးပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။<br>ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်နှင့်စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲအား လုံးကျင်းပပြုလုပ်ရာတွင် အများပြည်သူသို့ ကြိုတင်အသိပေးကြေညာခဲ့ပြီး သတ်မှတ်ဇရိယာမှ အကျုံးဝင်အိမ်ထောင်စု တစ်စုချင်းစီကိုသာ ဖိတ်စာနှင့်တကွ ဖိတ်ကြားခြင်းဖြစ်သော်လည်း ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည့်အတိုင်း စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါသည်။<br>ဒေသခံအခြေပြုထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့် အစီအစဉ်နှင့်ပတ်သက်၍ တုန့်ပြန်ဆောင်ရွက်ချက် (၂၈)နှင့် (၃၀)တို့တွင် ကြည့်ရှုနိုင်ပါသည်။ |
| ၅ | <u>[အထွေထွေအကြောင်းအရာများ]</u><br>ဤလုပ်ငန်းစီမံချက်သည် နိုင်ငံတော်သမ္မတရုံးမှ မကြာသေးမီက ထုတ်ပြန်ထားသည့် သိမ်းဆည်းလယ်ယာမြေနှင့် အခြားမြေများ ပြန်လည်သုံးသပ်ရေးဗဟိုကော်မတီ၏ ထုတ်ပြန်ကြေညာချက်ကိုလည်း လိုက်နာခြင်းမရှိပါ။ | ဇရိယာ (၂-၂)အရှေ့ပိုင်းအတွက် ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်တွင် ပါဝင်သည့် လယ်ယာမြေများမှာ ယခင်ကသိမ်းဆည်းထားသည့် လယ်ယာမြေများ မဟုတ်ပါ။ မြေသိမ်းဆည်းခြင်းလုပ်ငန်းစဉ်ကို မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများ၊ ဂျိုက်ကာ၏လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျှက်ရှိပါသည်။ နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်ကြေညာချက်မှာ ယခင်က စနစ်တကျမဟုတ်ဘဲ သိမ်းဆည်းထားသည့် လယ်ယာမြေပြဿနာများ ဖြေရှင်းရန်အတွက်ဖြစ်သည့်အတွက် ဇရိယာ (၂-၂) အရှေ့ပိုင်းတွင် လက်ရှိဆောင်ရွက်လျှက်ရှိသည့် မြေသိမ်းဆည်းခြင်းလုပ်ငန်းစဉ်များနှင့် သက်ဆိုင်မှုမရှိပါ။ |
| ၆ | <u>[အခန်း (၂) - ပြန်လည်နေရာချထားရမည့် အတိုင်းအတာ]</u><br>လုပ်ငန်းစီမံချက် (မူကြမ်း)၏ အပိုဒ် (၂-၂)တွင် "ပြန်လည်နေရာချထားခြင်းကြောင့် ပေါ်ပေါက်လာနိုင်သည့် ထိခိုက်နစ်နာမှုများကို အနည်းဆုံးဖြစ်စေမည့်အစီအမံများကို တတ်နိုင်သမျှ ထည့်သွင်းစဉ်းစားထားပါသည်"ဟု ဖော်ပြထားပါသည်။ မိမိတို့၏ နောက်ဆုံးမှတ်ချက်တွင် "ဂျိုက်ကာ၏ ပြန်လည်နေရာချထားရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ မည်သည့်အစီအမံများစဉ်းစားထားသည်၊ လက်ရှိဒီဇိုင်းနှင့်စပ်လျဉ်း၍ အခြားမည်သည့် အစီအမံများကို ထည့်သွင်းစဉ်းစားထားသည် စသည်ဖြင့် အသေးစိတ်ကို ထည့်သွင်းဖော်ပြသင့်ပါသည်"ဟု ဖော်ပြထားပါသည်။ သို့သော် လက်ရှိအချိန်အထိ လိုက်နာဆောင်ရွက်ထားခြင်းမရှိသေးပါ။ အခြားသော မည်သည့်အစီအမံများ ရှာဖွေဖော်ထုတ်ထားကြောင်းကို အသေးစိတ်ဖော်ပြပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း မည်သည့်အကြောင်းကြောင့် ယခုအချိန်အထိ ဖော်ပြခြင်းမရှိပါသနည်း။ | ဟက်တာ (၂ဝဝဝ)စီမံကိန်းဇရိယာအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းမူဘောင်နှင့် သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များ ရေးဆွဲခြင်းမပြုမီ သီလဝါအထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေးအတွက် မတူညီသည့်မြေအသုံးချမှုဆိုင်ရာ ရွေးချယ်စရာများကို ရှာဖွေရန်အတွက် မဟာဗျူဟာမြောက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် စက်မှုဇရိယာ၏ ပုံပန်းသဏ္ဍာန်နှင့်စပ်လျဉ်း၍ ရွေးချယ်စရာအမျိုးမျိုးကို အကဲဖြတ်နိုင်ရန်အတွက် ဇုန်-ဘီ၏ စက်မှုဇရိယာအတွက် ဆောင်ရွက်ခဲ့သည့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလေ့လာဆန်းစစ်ခြင်းမှ ဖော်ထုတ်ခဲ့သည့် နည်းလမ်း (၃)မျိုး (ရွေးချယ်ရန်နည်းလမ်းမရှိ (သုည)အပါအဝင်)ကို နှိုင်းယှဉ်ခဲ့ပါသည်။ သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များသည် သီးခြားစီထုတ်ပြန်ခဲ့သည့် အဆိုပါလေ့လာချက်အစီရင်ခံစာများအပေါ်တွင် အခြေခံကာ ရေးဆွဲထားခြင်း ဖြစ်ပါသည်။ |
| ၇ | <u>[အခန်း (၃) - လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ]</u><br>စစ်တမ်းကောက်ယူခြင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအားလုံး၊ အထူးသဖြင့် အဆိုပါစစ်တမ်းများကောက်ယူရာတွင် ဒေသခံများပူးပေါင်းပါဝင်သည့် အထောက်အထားစာရွက်စာတမ်းများ သို့မဟုတ် မည်သည့်အတွက်ကြောင့် ဒေသခံများပူးပေါင်းပါဝင်ခြင်းမရှိသည်ကို အသေးစိတ်ရှင်းလင်းချက်စသည်တို့ကို နောက်ဆက်တွဲများအနေဖြင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်တွင် ထည့်သွင်းဖော်ပြသင့်ပါသည်။ ထို့အပြင် အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခြင်းနှင့်ပတ်သက်သည့် ကျေးရွာအဆင့် ဆွေးနွေးပွဲများအကြောင်း အသေးစိတ်ကိုလည်း လုပ်ငန်းစီမံချက်တွင် ထည့်သွင်းဖော်ပြသင့်ပါသည်။ | အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခြင်းကို ဟက်တာ (၂ဝဝဝ)စီမံကိန်းဇရိယာအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းမူဘောင်ရေးဆွဲခြင်း၏ တစ်စိတ်တစ်ဒေသအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အစည်းအဝေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများစသည်တို့နှင့်ပတ်သက်သည့် မှတ်တမ်းများကို အဆိုပါ မူဘောင်၏ နောက်ဆက်တွဲများတွင် ဖော်ပြထားပါသည်။ |
| ၈ | <u>[အခန်း (၃) - လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ]</u><br>ဇယား (၃-၁ဝ)နှင့် (၃-၁၁)တို့တွင် လယ်ကူလီများ (ကျပန်းအလုပ်သမား၊ လက်ခစားအလုပ်သမားနှင့် ကိုယ်ပိုင်အလုပ်သမားစသည်တို့မှာ အဆိုပါအုပ်စုတွင် ပါဝင်နိုင်ပါသည်)ကို ထည့်သွင်းဖော်ပြထားပုံ မပေါ်ပါ။ ၎င်းမှာ ပြန်လည်နေရာချထားခြင်း၊ အစား | ဇရိယာ (၂-၂)အရှေ့ပိုင်းတွင် လယ်ကူလီများနှင့်ပတ်သက်၍ ကျေးရွာအဆင့် အတည်ပြုဆွေးနွေးပွဲများမှတဆင့် ဖော်ထုတ်ထားပြီး ဖြစ်ပါသည်။ ထိခိုက်နစ်နာမှုများ (မြေပိုင်ဆိုင်သူများနှင့် လယ်လုပ်သားများအကြား သဘောတူထားမှုအပေါ် မူတည်၍) |

| စဉ် | အများပြည်သူထံမှ မှတ်ချက်များ၏ အကျဉ်းချုပ် | ဖြည့်ဆည်းဆောင်ရွက်ထားမှုများ |
|---|---|---|
| | ထိုးချထားပေးရမည့်မြေရှားပါးခြင်းတို့ကြောင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ထိခိုက်နစ်နာမှုရှိနိုင်သည့် လူများစွာကို လစ်လျူရှုထားခြင်းဖြစ်ပါသည်။ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်သူများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို တိကျမှုရှိစေရေးအတွက် အဆိုပါလူတွေ့မေးမြန်းမှုများကို ပြင်ဆင်ရန် လိုအပ်ပါသည်။ | အလိုက် အဆိုပါအုပ်စုများအတွက် ပံ့ပိုးမှုများ ပေးအပ်သွားမည် ဖြစ်ပါသည်။ |
| ၉ | <u>[အခန်း (၄) – တရားဝင်မှုဘောင်]</u><br>အပိုဒ် (၄–၃)တွင် အကျဉ်းချုပ်ဖော်ပြထားခြင်းမှာ အဆင်ပြေပါသည်။ သို့ရာတွင် ဖော်ပြထားသည့် အချက်တစ်ခုချင်းစီအတွက် ဂျိုက်ကာလမ်းညွှန်ချက်များ၏ မည်သည့်အပိုင်းဖြစ်ကြောင်း အတိအကျကို ဖော်ပြသင့်ပါသည်။ ကမ္ဘာ့ဘဏ်အကျဉ်းချုပ် အပိုဒ် (ခ)၊ (ဂ)နှင့် (ဃ)တို့နှင့်ပတ်သက်၍ မည်သို့ဖြေရှင်းဆောင်ရွက်မည်ဆိုသည်ကို လုပ်ငန်းစီမံချက်၌ ရှင်းလင်းဖော်ပြရန် လိုအပ်ပါသည်။ | အကျဉ်းချုပ်မှာ ဂျိုက်ကာလမ်းညွှန်ချက်များ၏ နောက်ဆက်တွဲ (၁)၊ အပိုင်း (၇)မှ ကောက်နှုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။ ထို့အပြင် ကမ္ဘာ့ဘဏ်မူဝါဒများ၏ အပိုဒ် (ခ)၊ (ဂ)နှင့် (ဃ)တို့အား ဖြေရှင်းဆောင်ရွက်သွားမည့် လုပ်ငန်းများအကြောင်း ဖြည့်စွက်ရှင်းလင်းချက်များကို အခန်း (၂)၊ (၅)နှင့် (၆)တို့တွင် အသီးသီး ဖော်ပြထားပါသည်။ |
| ၁၀ | <u>[အခန်း (၄) – တရားဝင်မှုဘောင်]</u><br>ကွဲလွဲချက်များကို မည်သည့်လုပ်ငန်းများဆောင်ရွက်ကာ ဖြည့်ဆည်းပေးမည်ဆိုသည်ကို လုပ်ငန်းစီမံချက်၌ ရှင်းလင်းစွာ ဖော်ပြရန်လိုအပ်ပါသည်။ မည်သည့်အစီအမံများဆောင်ရွက်သွားမည်ကို ဖော်ပြထားခြင်းမရှိပါ။ ဤအပိုင်းတွင် ရှင်းလင်းတိကျသည့် အချက်အလက်များ ဖော်ပြထားခြင်းမရှိသည့်အတွက် ကွဲလွဲချက်များကို အမှန်တကယ်ဖြည့်ဆည်းပေးနိုင်ခြင်းရှိ/မရှိ သေချာရေရာမှု မရှိပါ။ အဆိုပါကွဲလွဲမှုများကို ဖြည့်ဆည်းပေးမည့်အစီအမံများကို အသေးစိတ်ရှင်းလင်းဖော်ပြရန် လိုအပ်ပါသည်။ | ဇယား (၄–၂)ပါရှင်းလင်းချက်များကို ပိုမိုအသေးစိတ်ဖော်ပြထားပြီး ကွဲလွဲချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအမံများအား ပိုမိုပြည့်ပြည့်စုံစုံဖော်ပြထားသည့် အခြားသက်ဆိုင်ရာအခန်းများအား ရည်ညွှန်းထားချက်များကို ထပ်ဖြည့်ထားပါသည်။ |
| ၁၁ | <u>[အခန်း (၅) – စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်ပုဂ္ဂိုလ်များအတွက် လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးမည့် အစီအစဉ်]</u><br>သိမ်းဆည်းမည့်မြေယာများသည် ၁၉၉၇ခုနှစ်တွင် အမှန်တကယ် တရားဝင်သိမ်းဆည်းခဲ့ခြင်းရှိ/မရှိ၊ ထိုက်သင့်သည့် လျော်ကြေးပေးအပ်ခဲ့ခြင်းရှိ/မရှိနှင့်ပတ်သက်၍ မေးမြန်းရမည် ဖြစ်ပါသည်။ မြေယာပိုင်ဆိုင်မှု၊ ၁၉၉၇ခုနှစ်က ဆောင်ရွက်ခဲ့သည့် မြေသိမ်းဆည်းမှု၊ မြေလျော်ကြေးစသည်တို့နှင့်ပတ်သက်၍ အငြင်းပွားနေဆဲဖြစ်သည့်အတွက် စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများအနေဖြင့် ၎င်းတို့၏တောင်းဆိုချက်များကို ဤကော်မတီမှ သုံးသပ်ပေးရန် အခွင့်အရေးရှိပါသည်။ | ဇရိယာ (၂–၂)အတွင်းရှိ မြေယာများနှင့်ပတ်သက်၍ ဂျိုက်ကာ၏ လမ်းညွှန်ချက်များ၊ မြန်မာနိုင်ငံရှိ တည်ဆဲဥပဒေများနှင့်အညီ မြေသိမ်းဆည်းခြင်းဆိုင်ရာလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောက်ရွက်လျှက်ရှိပါသည်။ အကျုံးဝင်ရက်စွဲအတွင်း ဇရိယာ (၂–၂)အတွင်းနေထိုင်သည့် အိမ်ထောင်စုများ၊ နို့တစ်စာကြောင့် အကျုံးဝင်ရက်စွဲမတိုင်မီ အဆောက်အဦးများဖျက်သိမ်းထားသည့် အိမ်ထောင်စုများအားလုံးကို တရားဝင်မြေပိုင်ဆိုင်မှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အကျုံးဝင်အိမ်ထောင်စုများအဖြစ် ဤလုပ်ငန်းစီမံချက်တွင် အသိအမှတ်ပြုဖော်ပြထားပြီး အကျုံးဝင်မှုပြဇယားတွင်လည်း ၎င်းတို့အတွက် ပံ့ပိုးပေးမည့်မူဝါဒများကို အသီးသီးဖော်ပြထားပါသည်။ |
| ၁၂ | <u>[အခန်း (၅) – စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်ပုဂ္ဂိုလ်များအတွက် လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးမည့် အစီအစဉ်]</u><br>အပိုဒ် (၅–၂–၁)တွင် “မြေကွက်ပေါ်တွင် နေထိုင်ခြင်းလည်းမရှိ၊ မြေပြင်တွင်လည်းဖော်ထုတ်နိုင်ခြင်းမရှိ”သည့် အကျုံးဝင်အိမ်ထောင်စုများအားလုံးအား မည်သို့ဆောင်ရွက်သွားမည်ဆိုသည်ကို အသေးစိတ်ဖော်ပြရန် လိုအပ်ပါသည်။ | လုပ်ငန်းစီမံချက်ရေးဆွဲစဉ်ကာလအတွင်း အကျုံးဝင်အိမ်ထောင်စုများကို ဖော်ထုတ်နိုင်ရန်အတွက် ကျင်းပပြုလုပ်ခဲ့သည့် ကျေးရွာအဆင့် အတည်ပြုဆွေးနွေးပွဲများအကြောင်း အသေးစိတ်ကို အခန်း (၈)တွင် ဖော်ပြထားပါသည်။ |
| ၁၃ | <u>[အခန်း (၅) – စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်ပုဂ္ဂိုလ်များအတွက် လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးမည့် အစီအစဉ်]</u><br>အပိုဒ် (၅–၂–၂)တွင် “ရပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ ပြောင်းရွှေ့နေရာချထားခြင်းကြောင့် အကျုံးဝင်အိမ်ထောင်စုများ၏ လူနေမှုဘဝများ အတိုင်းအတာတစ်ခုအထိ အပြောင်းအလဲများ ဖြစ်ပေါ်နိုင်ပါသည်”ဟု ဖော်ပြထားခြင်းမှာ တိကျမှုမရှိပါ။ ဤပြန်လည်နေရာချထားခြင်းကြောင့် အကျုံးဝင်အိမ်ထောင်စုများ၏ လူနေမှုဘဝများ များစွာပြောင်းလဲသွားမည်မှာ ထင်ရှားနေပါသည်။ ဤအပိုင်းကို ပြင်ဆင်ရေးသားသင့်ပါသည်။ | အပိုဒ် (၅–၂–၂)တွင်ဖော်ပြထားသည့် ဝါကျကို ပြင်ဆင်ရေးသားထားပါသည်။ ပြန်လည်နေရာချထားခြင်းကြောင့် အကျုံးဝင်အိမ်ထောင်စုများ၏ လူနေမှုဘဝများ များစွာပြောင်းလဲသွားမည် ဖြစ်သော်လည်း ထိခိုက်နစ်နာမှုရှိသည့် အတိုင်းအတာမှာမူ တစ်ဦးနှင့်တစ်ဦး မတူညီသည်ကို သတိပြုသင့်ပါသည်။ (အချို့အိမ်ထောင်စုများမှာ စီမံကိန်းဇရိယာအတွင်း၌လည်းကောင်း၊ စီမံကိန်းဇရိယာအနီးတွင်လည်းကောင်း နေထိုင်ခြင်းမရှိသကဲ့သို့ ၎င်းတို့၏ ဝင်ငွေလမ်းကြောင်းမှာလည်း စီမံကိန်းဇရိယာအတွင်းရှိ မြေယာအပေါ်တွင်လည်း မှီခိုနေရခြင်း မရှိပါ။) |
| ၁၄ | <u>[အခန်း (၅) – စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် ပုဂ္ဂိုလ်များအတွက် လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးမည့် အစီအစဉ်]</u><br>မြေယာအခြေခံအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၏ ဝင်ငွေရအလုပ်အကိုင်များမှာ သဘောသဘာဝအရ အခြား လက်ခစား | IRPအစီအစဉ်များအပြင် ပြောင်းရွှေ့စရိတ်နှင့် သွားလာစရိတ်ကို အကျုံးဝင်အိမ်ထောင်စုများအား အကူးအပြောင်းကာလအတွက် ပံ့ပိုးပေးမည်ဖြစ်ပါသည်။ ထို့အပြင် မြေယာပိုင်ဆိုင်မှုမရှိသည့် |

| စဉ် | အများပြည်သူထံမှ မှတ်ချက်များ၏အကျဉ်းချုပ် | ဖြည့်ဆည်းဆောင်ရွက်ထားမှုများ |
|---|---|---|
| | အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကဲ့သို့ အလွယ်တကူအစားထိုးနိုင်မည်မဟုတ်ပေ။ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်သည် နိုင်ငံတကာကျင့်သုံးမှုများကို လိုက်နာဆောင်ရွက်မည်ဆိုပါက ထွက်ရှိသည့် သီးနှံလျော်ကြေးထက် ပိုမိုပံ့ပိုးပေးရန် လိုအပ်ပါသည်။ အကျုံးဝင်အိမ်ထောင်စုများအား တန်ဖိုးတူမြေယာအစားထိုးပံ့ပိုးပေးခြင်း သို့မဟုတ် အသက်မွေးဝမ်းကြောင်းလုပ်ငန်းအသစ်အတွက် တိကျသေချာသည့် သင်တန်းများ ပံ့ပိုးပေးခြင်းတို့ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ပြောင်းရွှေ့စရိတ်ပံ့ပိုးရာတွင် အသက်မွေးဝမ်းကြောင်းပြောင်းလဲရန်လိုအပ်သည့် အကျုံးဝင်အိမ်ထောင်စုများအား အကူးအပြောင်းကာလတစ်လျှောက်အတွက် လုံလောက်စွာပံ့ပိုးပေးသင့်ပါသည်။ | တောင်သူများအနေဖြင့် ပိုမိုအခက်အခဲကြုံတွေ့နိုင်သည့်အတွက် မြေပိုင်ဆိုင်မှုရှိသည့် တောင်သူများထက် ပံ့ပိုးမှုများ ပိုမိုရရှိမည်ဖြစ်ပါသည်။ ထို့အပြင် ပြန်လည်နေရာချထားပေးမည့် အကျုံးဝင်အိမ်ထောင်စုများအနေဖြင့် ပြန်လည်နေရာချထားပေးသည့်နေရာရှိ မြေကွက်၏တစ်စိတ်တစ်ဒေသကို ဥယျာဉ်ခြံအဖြစ် အသုံးပြုနိုင်မည်ဖြစ်ပါသည်။ (ဥပမာ– IRPအစီအစဉ်၏ ပံ့ပိုးကူညီမှုဖြင့် ဇုန်–အေမှ ပြန်လည်နေရာချထားပေးခဲ့သည့် အိမ်ထောင်စုတစ်စုသည် ၎င်း၏အိမ်ကွက်အတွင်း မှိုစိုက်ပျိုးလျှက်ရှိပါသည်။) |
| ၁၅ | [အခန်း (၅) – စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်ပုဂ္ဂိုလ်များအတွက် လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးမည့် အစီအစဉ်]<br>ပြန်လည်နေရာချထားပေးခံရသူများ၏ လူနေမှုအဆင့်အတန်း ပိုမိုကောင်းမွန်စေရေးအစီအမံများဖော်ပြပါရှိသည့် ဂျိုက်ကာ၏ လမ်းညွှန်ချက်များအရ "ပံ့ပိုးသည်ဟုဆိုရာတွင် ပြောင်းလဲလုပ်ကိုင်ရမည့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက်လည်းကောင်း၊ ပြန်လည်နေရာချထားခြင်းအတွက် လိုအပ်သည့် ကုန်ကျစရိတ်များပံ့ပိုးပေးခြင်းဖြင့်လည်းကောင်း၊ ပြန်လည်နေရာချထားသည့်နေရာ၌ အသိုက်အဝန်းတစ်ခုပြန်လည်တည်ဆောက်ရန်အတွက်လည်းကြောင်း ပံ့ပိုးခြင်း"ဆိုသည်ကို ထည့်သွင်းဖော်ပြသင့်ပါသည်။ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ၏ မူဝါဒများ၌ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများပြန်လည်ကောင်းမွန်စေရေး အစီအစဉ်များရေးဆွဲရန်အတွက် အလေ့အကျင့်ကောင်းများနှင့်စပ်လျဉ်း၍ လမ်းညွှန်ချက်များစွာကို ဖော်ပြထားပါသည်။ အဆိုပါပံ့ပိုးမှုများသည် အကူးအပြောင်းကာလအတွက် အမှန်တကယ်ကြာမြင့်မည့်အချိန်အတွက် ဖြစ်သင့်ပါသည်။ | ဇုန်–အေ၌ အကျုံးဝင်မှုပြဇယားတွင်ဖော်ပြထားသည့် လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးရာတွင် ပါဝင်မည့်အကြောင်းအရာများအပြင် ဇုန်–အေအတွက် ပြန်လည်နေရာချထားပေးသည့်နေရာ၏နောက်ဘက်တွင် မြေ (၃)ဧကအား အများပိုင်ဥယျာဉ်ခြံမြေအဖြစ် ဇုန်–အေမှ ပြန်လည်နေရာချထားပေးခဲ့သည့်အိမ်ထောင်စုများမှ လုပ်ကိုင်သွားမည် ဖြစ်ပါသည်။ ထို့အပြင် လူမှုရေးဆိုင်ရာပံ့ပိုးမှုအဖြစ် တစ်အိမ်ထောင်လျှင် သိန်း (၃၀)ကိုလည်း အကူးအပြောင်းကာလအတွက် ပံ့ပိုးမှုအဖြစ် (၃)ရစ်ခွဲကာ ပံ့ပိုးပေးခဲ့ပါသည်။ အခါအားလျော်စွာဆောင်ရွက်သည့် စောင့်ကြည့်စစ်ဆေးမှုရလဒ်များအရ ပျမ်းမျှအားဖြင့် အိမ်ထောင်စုများ၏ ဝင်ငွေမှာ အသုံးစရိတ်ထက် ပိုမိုများပြားလာပြီး အကြွေးတင်သည့် အိမ်ထောင်စုအရေအတွက် လျော့နည်းလာသည်ကို တွေ့ရှိရပါသည်။ ဇရိယာ (၂–၂)အရှေ့ပိုင်းအတွက် အသက်မွေးဝမ်းကြောင်းသင်တန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများအတွက် တိုင်ပင်ဆွေးနွေးခြင်း၊ အိမ်တွင်ငွေစာရင်းစီမံခန့်ခွဲခြင်းစသည့် IRPအစီအစဉ်များကို ပြန်လည်နေရာချထားခြင်းမပြုမီ ပံ့ပိုးပေးသွားမည် ဖြစ်ပြီး ပြန်လည်နေရာချထားပြီးနောက်တွင်လည်း ဇရိယာ (၂–၂) အရှေ့ပိုင်းမှ အကျုံးဝင်အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို စောင့်ကြည့်စစ်ဆေးကာ မမျှော်မှန်းထားသည့် ထိခိုက်နစ်နာမှုများကို တွေ့ရှိရပါက သက်ဆိုင်ရာအကျုံးဝင်အိမ်ထောင်စုများ၊ ပါဝင်ပတ်သက်သူများနှင့် ညှိနှိုင်းတိုင်ပင်ကာ လျော့ပါးသက်သာစေမည့်အစီအမံများကို ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။ |
| ၁၆ | [အခန်း (၅) – စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်ပုဂ္ဂိုလ်များအတွက် လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးမည့် အစီအစဉ်]<br>အကျုံးဝင်အိမ်ထောင်စုများအား တန်ဖိုးတူမြေယာအစားထိုးပံ့ပိုးပေးခြင်း သို့မဟုတ် အသက်မွေးဝမ်းကြောင်းလုပ်ငန်းအသစ်အတွက် တိကျသေချာသည့် သင်တန်းများ ပံ့ပိုးပေးခြင်းတို့ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ [...]အပိုဒ် (၅–၂–၃)။ မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်တွင် ပါဝင်မည့်အကြောင်းအရာများ၌ မြေယာအစားထိုးပံ့ပိုးပေးနိုင်ရန် ရှာဖွေကြိုးပမ်းမှုအကြောင်းကိုပင် ထည့်သွင်းဆွေးနွေးထားခြင်းမရှိပါ။<br>[အခန်း (၇) – မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ်]<br>ဇုန်–အေနှင့် ဇရိယာ (၂–၁)တို့အတွက် ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်တို့တွင် ဖော်ပြထားသည့် IRPအစီအစဉ်တွင် မြေယာအစားထိုးပံ့ပိုးပေးရန် သို့မဟုတ် လယ်ယာစိုက်ပျိုးမှုများ ဆက်လက်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းပေးရန် ဖော်ပြထားခြင်းမရှိပါ။ ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများသည် တောင်သူလယ်သမားများအနေဖြင့် မိမိတို့၏ဆန္ဒမပါဘဲ လက်ခစားအလုပ်သမားများအဖြစ်သို့ ရောက်ရှိသွားနိုင်သည့် ပြန်လည်နေရာချထားရေးစီမံချက်များအပေါ် သဘောမတူမီ အစား | ဇရိယာ (၂–၂)အရှေ့ပိုင်းမှ အကျုံးဝင်အိမ်ထောင်စုများသည် ယခင်ကျင်းပပြုလုပ်ခဲ့သည့် ညှိနှိုင်းဆွေးနွေးပွဲများတွင် မြေယာအစားထိုးပံ့ပိုးပေးရန်အတွက် တောင်းဆိုခဲ့ခြင်းမရှိပါ။ အိမ်ထောင်စုအများစုမှာ မြေယာလျော်ကြေးကိုသာ ရရှိလိုကြပါသည်။ ထို့ကြောင့် အကြံပြုထားသည့်အတိုင်း ဇရိယာ (၂–၂)အရှေ့ပိုင်းနှင့်ပတ်သက်၍ အသက်မွေးဝမ်းကြောင်းအသစ်အတွက် တိကျသေချာသည့် သင်တန်းများကို အကျုံးဝင်အိမ်ထောင်စုများအတွက် အဆိုပြုထားပါသည်။ အသက်မွေးဝမ်းကြောင်းသင်တန်းများမှာ အကျုံးဝင်အိမ်ထောင်စုများ၏ လိုအပ်ချက်များစွာနှင့် ကိုက်ညီမှုရှိစေရန်အတွက် စီစဉ်ထားပြီး သက်ဆိုင်ရာအကျုံးဝင်အိမ်ထောင်စုများ၏ သဘောထားဆန္ဒ၊ အရည်အချင်း၊ အလုပ်အကိုင်အခွင့်အလမ်းစသည်တို့အလိုက် အချောသတ်စီစဉ်သွားမည်ဖြစ်ပါသည်။ ၎င်းတို့ကို စီမံခန့်ခွဲမှုကော်မတီနှင့် MJTDတို့မှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။<br>ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ညှိနှိုင်းသည့်အဆင့်တွင် သက်ဆိုင်ရာအကျုံးဝင်အိမ်ထောင်စုများနှင့် ညှိနှိုင်းဆွေးနွေးကာ မြေယာလျော်ကြေးပေးအပ်မည့်ပုံစံကို ဆုံးဖြတ်သွားမည်ဖြစ်ပါသည်။ အကယ်၍ အစားထိုးမြေယာမရရှိမှုကြောင့် အိမ်ထောင်စုတစ်စုစု၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်း |

| စဉ် | အများပြည်သူထံမှ မှတ်ချက်များ၏ အကျဉ်းချုပ် | ဖြည့်ဆည်းဆောင်ရွက်ထားမှုများ |
|---|---|---|
| | ထိုးပံ့ပိုးပေးမည့်မြေနှင့်ပတ်သက်ရှိ တိတိကျကျရှင်းလင်းဖော်ပြရန် မျှော်လင့်လျှက်ရှိပြီး ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့သည် "… အစားထိုးပံ့ပိုးပေးမည့်မြေရှားပါးသည့်အကြောင်းကို စာရွက်စာတမ်းဖြင့် ရှင်းလင်းဖော်ပြရန်"လိုအပ်ပါသည်။ အကျုံးဝင်အိမ်ထောင်စု အများစုမှာ ၎င်းတို့၏ မြေယာအခြေခံအသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်လိုသည့် ဆန္ဒရှိလျှက်ရှိကြပါသည်။ ထို့ကြောင့် အစားထိုးချထားပေးနိုင်မည့် မြေကို ရှာဖွေရန်လိုအပ်ပြီး လုံးဝမရနိုင်ပါက စာဖြင့် အသေးစိတ်ရှင်းပြသင့်ပါသည်။ | အပေါ် သိသိသာသာထိခိုက်မှုရှိမည်ဆိုပါက အဆိုပါအိမ်ထောင်စုအား အထူးဂရုပြုကာ အနီးကပ်စောင့်ကြည့်၍ သက်သာစေမည့် အစီအမံတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ဇရိယာ (၂–၂) အရှေ့ပိုင်းအတွက် ပံ့ပိုးပေးမည့်မြေကွက်အရွယ်အစားမှာလည်း ဇုန်–အေအတွက်ပံ့ပိုးပေးခဲ့သည့်မြေကွက်အရွယ်အစားထက် ပိုကြီးပြီး သက်ဆိုင်ရာအကျုံးဝင်အိမ်ထောင်စုများ အနေဖြင့် အိမ်နောက်ဖေးတွင် ဥယျာဉ်ခြံစိုက်ပျိုးလုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ |
| ၁၇ | မကြာသေးမီ ၂၀၁၆ခုနှစ် မတ်လ (၁၇) ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် ပါဝင်ပတ်သက်သူများ အကြံပေးအဖွဲ့အစည်းအဝေးတွင် စီမံခန့်ခွဲမှုကော်မတီမှ ဦးကျော်သန်းက မြိုင်သာယာရပ်ကွက်တွင် ပြန်လည်နေရာချထားပေးမည့်အစား ဒေသခံများ၏ လက်ရှိနေထိုင်ရာကျေးရွာများအနီးတွင် ပြန်လည်နေရာချထားပေးရန် ဒေသခံများ၏ တောင်းဆိုချက်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားကြောင်း ပြောကြားခဲ့ပါသည်။ သို့ရာတွင် ထိုအကြောင်းအရာနှင့်ပတ်သက်၍ ဤလုပ်ငန်းစီမံချက်တွင် ဖော်ပြထားခြင်းမရှိသလို မိမိတို့သိရှိရသလောက်မှာ ဤအကြောင်းအရာနှင့်ပတ်သက်၍ နောက်ဆက်တွဲအခြေအနေကို ဒေသခံများအား ရှင်းပြခြင်းမရှိသေးပါ။ | ဇရိယာ (၂–၁) တွင် အကျုံးဝင်အိမ်ထောင်စုများ၏ လက်ရှိနေထိုင်လျှက်ရှိသည့် ဇရိယာအနီးတွင် ပြန်လည်နေရာချထားပေးရန် ဖြစ်နိုင်ခြေရှိ/မရှိအပါအဝင် ပြန်လည်နေရာချထားမည့်နေရာနှင့် ပတ်သက်၍ ရွေးချယ်စရာများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာအကျုံးဝင်အိမ်ထောင်စုများအကြား ဆွေးနွေးပွဲပေါင်း မြောက်များစွာကို အဆိုပါဇရိယာအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် အချောသတ်ရေးဆွဲခြင်းမပြုမီနှင့် အချောသတ်ရေးဆွဲပြီးနောက်ပိုင်းတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲများကို ပြန်လည်နေရာချထားပေးရမည့် အကျုံးဝင်အိမ်ထောင်စုများနှင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဆုံးဖြတ်ချက်အား တစ်ဖက်သတ်ချမှတ်သည့်ပုံစံမျိုးမဖြစ်စေရန်အတွက် အဆိုပါဆွေးနွေးပွဲများသို့ အသိသက်သေ (ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းမှ ကိုယ်စားလှယ်) လည်း တက်ရောက်ခဲ့ပါသည်။<br>ဇရိယာ (၂–၂) အရှေ့ပိုင်းမှ အကျုံးဝင်အိမ်ထောင်စုများနှင့် ဆွေးနွေးရာတွင်လည်း အလားတူပင်ဆောင်ရွက်သွားမည်ဖြစ်သော်လည်း ဤလုပ်ငန်းစီမံချက် ရေးဆွဲနေသည့်အချိန်တွင် ပြန်လည်နေရာချထားပေးရမည့် အကျုံးဝင်အိမ်ထောင်စု အများစုမှာ လက်ရှိစီစဉ်ထားသည့် ပြန်လည်နေရာချထားပေးမည့်နေရာသို့ အမြန်ဆုံးပြောင်းရွှေ့လိုလျှက်ရှိပါသည်။ |
| ၁၈ | <u>[အခန်း (၆) – ပြန်လည်နေရာချထားမည့်နေရာ အစီအစဉ်]</u><br>အဆိုပြု ပြန်လည်နေရာချထားမည့်နေရာ၌ လက်ရှိ ရှိနှင့်ပြီး အခြေခံအဆောက်အအုံများကို အသုံးပြုနိုင်မှုနှင့် အတိုင်းအတာတို့ကို ယှဉ်တွဲဖော်ပြရန် လိုအပ်ပါသည်။ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်တွင် "လက်ရှိ ရှိနှင့်ပြီး လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဆက်လက်အသုံးပြုသွားမည် သို့မဟုတ် လိုအပ်ပါက တိုးချဲ့သွားမည်"ဟု ဖော်ပြထားပါသည်။ တိုးချဲ့ရန်လိုအပ်ပါက ပြန်လည်နေရာချထားခြင်းမပြုမီ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် တိုးချဲ့ရန်လို/မလိုအား ဆုံးဖြတ်ခြင်းမပြုမီ အဆိုပါ အခြေခံအဆောက်အအုံများသည် အကျုံးဝင်အိမ်ထောင်စုအသစ်အားလုံး အသုံးပြုနိုင်ခြင်းရှိ/မရှိကို စစ်ဆေးသွားရန်လိုအပ်ပါသည်။ | ဇရိယာ (၂–၁) မှ ပြန်လည်နေရာချထားပေးမည့် အကျုံးဝင်အိမ်ထောင်စုများသည် လျှပ်စစ်မီးနှင့် ရေအစရှိသည့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ကောင်းစွာပြင်ဆင်ထားရှိမည်ဆိုပါက မြိုင်သာယာရပ်ကွက်ရှိ ပြန်လည်နေရာချထားမည့်နေရာသို့ ပြောင်းရွှေ့မည်ဟု သဘောတူထားပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့်လည်း အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်ဟု ကတိပြုထားပါသည်။ ဇရိယာ (၂–၂) အရှေ့ပိုင်းမှ အကျုံးဝင်အိမ်ထောင်စုများအတွက်လည်း အလားတူအခြေအနေအတိုင်းပင် ပံ့ပိုးပေးမည်ဖြစ်ပါသည်။ |
| ၁၉ | <u>[အခန်း (၆) – ပြန်လည်နေရာချထားမည့်နေရာ အစီအစဉ်]</u><br>အပိုဒ် (၆–၃) ပြန်လည်နေရာချထားမည့်နေရာနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထည့်သွင်းစဉ်းစားထားမှုများ၌ မိမိတို့၏ နောက်ဆုံးမှတ်ချက်တွင် ဖော်ပြထားသည့်အတိုင်း "မြေအနိမ့်အမြင့်ကြောင့် လယ်မြေများအား ပြန်လည်နေရာချထားမည့်နေရာအဖြစ်အသုံးပြုရန် သင့်/မသင့်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုရှိပါသည်။ အလွယ်တကူရေကြီးရေလျှံနိုင်သည့် ဇရိယာဖြစ်ခြင်းကြောင့် မြိုင်သာယာရပ်ကွက်တိုးချဲ့မည့် အစီအစဉ်ကို ထည့်သွင်းစဉ်းစားကာ သင့်တော်ကောင်းမွန်သည့် ရေမြောင်းစနစ်များအပါအဝင် လိုအပ်သလို ဒီဇိုင်းရေးဆွဲသင့်ပါသည်။" လယ်မြေများကို အသုံးပြုခြင်းမှာလည်း လယ်ယာစိုက်ပျိုးခြင်းအတွက်အသုံးပြုနိုင်မည့်မြေများ လျော့နည်းသွားစေပါသည်။ ထို့အပြင် လယ်ယမြေများအဖြစ် အသုံးပြုလျှက်ရှိသည့် | ပြန်လည်နေရာချထားမည့်နေရာအား ပြင်ဆင်ခြင်းနှင့်ဆက်စပ်ကာ ပေါ်ပေါက်လာနိုင်မည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို ဆန်းစစ်ရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကနဦးစစ်ဆေးခြင်း (IEE)ကို ဆောင်ရွက်ခဲ့ပါသည်။ |

| စဉ် | အများပြည်သူထံမှ မှတ်ချက်များ၏အကျဉ်းချုပ် | ဖြည့်ဆည်းဆောင်ရွက်ထားမှုများ |
|---|---|---|
| | ဒေသခံများနှင့်လည်း ပဋိပက္ခဖြစ်စေနိုင်ပါသည်။ "မပြေပလောက်သည့် ထိခိုက်နစ်နာမှု"မှ ပိုမိုဆိုးရွားသည့်အဖြစ်သို့ ရောက်ရှိမသွားစေရန် သေသေချာချာ ဆန်းစစ်သင့်ပါသည်။ | |
| ၂၀ | <u>[အခန်း (၇) – မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ် (IRP)]</u><br>ဇုန်–အေအတွက် IRPအစီအစဉ်များအောက်တွင် ဆောင်ရွက်ခဲ့ပြီး /ဆောင်ရွက်ရန်စီစဉ်ထားသည့် သင်တန်းများအကြောင်းကို အပိုဒ် (၇–၂)တွင်ဖော်ပြထားသည်ကို ကြိုဆိုပါသည်။ သို့ရာတွင် ထိုသို့ဖော်ပြထားခြင်း၏ ရည်ရွယ်ချက်ကိုမူ ရှင်းရှင်းလင်းလင်း နားလည်ခြင်းမရှိပါ။ ဇရိယာ (၂–၂)အတွက် ပံ့ပိုးပေးရန်စီစဉ်ထားသည့် အသက်မွေးဝမ်းကြောင်းသင်တန်းများစာရင်းအဖြစ် ရည်ရွယ်သည်ဆိုပါက ထိုသို့ရည်ရွယ်ကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြရန် လိုအပ်ပါသည်။ ထိုသို့ရယ်ရွယ်ပါက မည်သည့်အတွက် ဤသင်တန်းများကို ရွေးချယ်ကြောင်း အသေးစိတ်ဖော်ပြပေးရန် လိုအပ်ပါသည်။ (ဥပမာ– သက်ဆိုင်ရာအကျုံးဝင်အိမ်ထောင်စုများအနေဖြင့် အထူးစီးပွားရေးဇုန်အတွင်း သို့မဟုတ် အနီးဝန်းကျင်တွင် အလုပ်အကိုင်ရရှိစေရန်အတွက် အထောက်အကူပြုနိုင်မည်လား။ လယ်ယာစိုက်ပျိုးနိုင်ခြင်းမရှိတော့သည့်အတွက် သို့မဟုတ် လယ်ယာစိုက်ပျိုးရာမှရရှိသော တည်ငြိမ်သည့်ဝင်ငွေမရှိတော့သည့်အတွက် ပိုမိုကုန်ကျနိုင်ခြင်းတို့ကို ထည့်သွင်းစဉ်းစားကာ အကျုံးဝင်အိမ်ထောင်စု၏ ယခင် အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ညီမျှ သို့မဟုတ် ပိုမိုသည့် ဝင်ငွေရရှိနိုင်မည်လား။ အဆိုပါသင်တန်းများကို သက်ဆိုင်ရာ အကျုံးဝင်အိမ်ထောင်စုများမှ အဆိုပြုသည်လား။ ထိုသို့အဆိုပြုသည်ဆိုပါက အိမ်ထောင်စုအားလုံးကို ကိုယ်စားပြုပါသလား။<br>အလုပ်အကိုင်ဆိုင်ရာ စာအုပ်ငယ်တွင် ဒေသခံများ၏ဆန္ဒနှင့် ရရှိနိုင်မှုတို့အကြား ကွဲလွဲချက်များရှိနိုင်သဖြင့် ထိုကွဲလွဲချက်များကို ကုစားမည့်နည်းလမ်းများကို ဤလုပ်ငန်းစီမံချက်၌ ဖော်ပြထားခြင်းမရှိပါ။ အဆိုပါစာအုပ်ငယ်မှာ ထိုကွဲလွဲချက်အား ကုစားနိုင်မည်ဆိုပါက လုပ်ငန်းစီမံချက်တွင် ရှင်းလင်းစွာ ဖော်ပြသင့်ပါသည်။ သင်တန်းများတက်ရောက်ရန်လိုအပ်သည့် အလုပ်အကိုင်များအတွက် IRPအစီအစဉ်အနေဖြင့် သင်တန်းတက်ရောက်ရမည့် အချိန်ကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပြီး အလုပ်သင်ကာလ သို့မဟုတ် သင်တန်းတက်ရောက်သည့်ကာလအတွက် ငွေကြေးပံ့ပိုးပေးသင့်ပါသည်။ သက်ဆိုင်ရာအိမ်ထောင်စုများအနေဖြင့် ၎င်းစွမ်းရည်များရရှိရန် သင်ယူနေသည့်ကာလအတွင်း ဝင်ငွေရှိနေရန် လိုအပ်မည်ဖြစ်ပါသည်။<br>အကြောင်းအရာ (၂)အတွက် ရှင်းလင်းချက်မှာ ရှင်းလင်းခြင်း မရှိပါ။ ဒေသခံများနှင့်ကိုက်ညီမှုရှိစေရန်အတွက် ပံ့ပိုးကူညီခြင်းဟု ခေါင်းစဉ်တပ်ထားသည့်အတွက် သက်ဆိုင်ရာအိမ်ထောင်စုတွင်သာ အဓိကတာဝန်ရှိသည်ဟု ယူဆနိုင်ပါသည်။ ထိုသို့ပံ့ပိုးကူညီရန်အတွက် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့တစ်ဖွဲ့ကို တာဝန်ပေးအပ်ထားရမည်ဖြစ်ပြီး ပံ့ပိုးကူညီမည့်ပုံစံမှာ မည်သို့မည်ပုံဖြစ်မည်ဆိုသည်ကို ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်တွင် ရှင်းရှင်းလင်းလင်း ဖော်ပြရမည်ဖြစ်ပါသည်။ သက်ဆိုင်ရာအကျုံးဝင်အိမ်ထောင်စုများ အလုပ်အကိုင်ရရှိစေရေးအတွက် အာမခံချက် သို့မဟုတ် အထူးစီးပွားရေးဇုန်တွင် ပါဝင်ပတ်သက်လျှက်ရှိသည့် အဖွဲ့များအနေဖြင့် အကျုံးဝင်အိမ်ထောင်စုများအား ပိုမိုဦးစားပေးရန်စသည်တို့ကိုလည်း ထည့်သွင်းဖော်ပြရန် အကြံပြုပါသည်။ | ပိုမိုအသေးစိတ်ပြီး ရှင်းလင်းသည့် အချက်အလက်များ ထည့်သွင်းဖော်ပြနိုင်ရန်အတွက် အခန်း (၇)ကို ပိုမိုချဲ့ကားရေးသားထားပါသည်။ ဇရိယာ (၂–၁)အတွက် IRPအစီအစဉ်များကို ဇရိယာ (၂–၂)/ဇရိယာ (၂–၂)အရှေ့ပိုင်းအတွက်ရေးဆွဲထားသည့် လုပ်ငန်းစီမံချက် (မူကြမ်း)တွင် ဖော်ပြထားခြင်းမှာ ဇရိယာ (၂–၂)/ဇရိယာ (၂–၂)အရှေ့ပိုင်းအတွက်လည်း တူညီ သို့မဟုတ် အလားတူလုပ်ငန်းများ ပံ့ပိုးပေးနိုင်မည်ဖြစ်သည့်အတွက် ဖြစ်ပါသည်။ အကြံပြုသည့်အတိုင်း ဖြည့်စွက်ရှင်းလင်းချက်ကို ထည့်သွင်းထားပါသည်။<br>အဆိုပါ အသက်မွေးဝမ်းကြောင်းသင်တန်းများကို သက်ဆိုင်ရာ အကျုံးဝင်အိမ်ထောင်စုများ၏ တောင်းဆိုမှု၊ ညှိနှိုင်းဆွေးနွေးမှု အပေါ်မူတည်ကာ ပြုစုထားခြင်းဖြစ်ပါသည်။<br>အကျုံးဝင်အိမ်ထောင်စုအများစုမှာ လိုအပ်သည့်လုပ်ငန်းအတွေ့အကြုံမရှိသော်လည်း ခေတ်မီလုပ်ငန်းများတွင် လစာကောင်းမွန်ပြီး ကျွမ်းကျင်မှုရှိရန်လိုအပ်သည့် အလုပ်အကိုင်များတွင် ဝင်ရောက်လုပ်ကိုင်လိုကြသည်ကို မကြာခဏပင် တွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်း လုပ်ငန်းအတွေ့အကြုံများ ရယူနေစဉ်အတွင်း အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ တစ်ဆင့်ပြီးတစ်ဆင့် တက်ရောက်သွားရန် လိုအပ်ပါသည်။ အဆိုပါကွဲလွဲချက်ကို ဖြည့်ဆည်းပေးနိုင်မည့် လွယ်ကူပြီး မြန်ဆန်သည့်နည်းလမ်းမရှိသည့်အတွက် သက်ဆိုင်ရာအကျုံးဝင်အိမ်ထောင်စုများအနေဖြင့် နားလည်သဘောပေါက်စေရန်နှင့် ၎င်းတို့၏ လုပ်ငန်းစွမ်းရည်များ တစ်ဆင့်ချင်းစီ မြှင့်တင်သွားရန် အားပေးရမည်ဖြစ်ပါသည်။ ဇုန်–အေ၌ ၎င်းတို့၏လုပ်ငန်းကျွမ်းကျင်မှုကို တစ်ဆင့်ချင်းစီမြှင့်တင်သွားပြီး ပိုမိုကောင်းမွန်သည့်အလုပ်အကိုင်များ ရရှိသွားကြသည့် အိမ်ထောင်စုများရှိပါသည်။ အဆိုပါ နမူနာများကို အိမ်ထောင်စုများ စိတ်အားထက်သန်လာစေရန်နှင့် ပိုမိုရှင်းလင်းသည့် ဦးတည်ချက်များ ချမှတ်နိုင်စေရန်၊ အလုပ်အကိုင်အသစ်နှင့် ၎င်းတို့၏ဘဝသစ်ပုံရိပ်ကို ရှင်းရှင်းလင်းလင်းမြင်နိုင်စေရန်အတွက် စာအုပ်ငယ်တွင် အောင်မြင်မှုမှတ်တမ်းများအဖြစ် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသည်။<br>အကြံပြုထားသည့်အတိုင်း ဇရိယာ (၂–၂)အရှေ့ပိုင်းအတွက် IRPအစီအစဉ်များကို ၂၀၁၆ခုနှစ် ဒီဇင်ဘာလအစောပိုင်းကပင် စတင်ဆောက်ရွက်လျှက်ရှိပါသည်။ ကနဦးလုပ်ငန်းတစ်ခုအနေဖြင့် ဇရိယာ (၂–၂)အရှေ့ပိုင်းနှင့် အခြားဇရိယာများမှ ဒေသခံကိုယ်စားလှယ်များသည် သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်လည်ပတ်ခဲ့ကြပါသည်။ ထိုအလည်အပတ်ခရီးမှာ သီလဝါအထူးစီးပွားရေးဇုန်အတွင်း မည်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်သည်၊ အလုပ်အကိုင်ပတ်ဝန်းကျင်မှာ မည်သို့ဖြစ်သည်ကို အိမ်ထောင်စုများ နားလည်သဘောပေါက်လာစေပါသည်။ သက်ဆိုင်ရာအကျုံးဝင်အိမ်ထောင်စုများ၏ တောင်းဆိုမှုအပေါ်မူတည်၍ မည်သည့်အချိန်တွင်မဆို ထိုကဲ့သို့သော အလည်အပတ်ခရီးစဉ်ကို ထပ်မံစီစဉ်ပေးနိုင်ပါသည်။ အသက်မွေးဝမ်းကြောင်းသင်တန်းများ၊ အိမ်တွင်းငွေစာရင်း စီမံခန့်ခွဲခြင်းသင်တန်း၊ အသေးစားချေးငွေစသည့်သင်တန်းများကို အချောသတ်ရေးဆွဲနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ ပြန်လည်နေရာချထားသည့်နေရာတွင် အိမ်ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း၊ အခြားအကြောင်းအရာများ အစရှိသဖြင့် လုပ်ငန်းများကို မကြာမီတွင် စတင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |

| စဉ် | အများပြည်သူထံမှ မှတ်ချက်များ၏ အကျဉ်းချုပ် | ဖြည့်ဆည်းဆောင်ရွက်ထားမှုများ |
|---|---|---|
| ၂၁ | [အခန်း (၇) – မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ် (IRP)]<br>အပိုဒ်ခွဲ (ခ) တွင်ဖော်ပြထားသည့် အိမ်တွင်းငွေစာရင်းစီမံခန့်ခွဲခြင်းအတွက် ပံ့ပိုးခြင်းကို ကြိုဆိုပြီး သက်ဆိုင်ရာအကျုံးဝင်အိမ်ထောင်စုများအနေဖြင့် အကြွေးကင်းရှင်းနေမှသာ အပြည့်အဝကျင့်သုံးနိုင်မည်ကို လုပ်ငန်းစီမံချက်တွင် အသိအမှတ်ပြု ဖော်ပြသင့်ပါသည်။ ထို့ကြောင့် အိမ်ထောင်စုများ၏ ငွေစာရင်းစီမံခန့်ခွဲခြင်းဆိုင်ရာ ပံ့ပိုးမှုများပေးအပ်သည့်အချိန်မှသာ အသက်မွေးဝမ်းကြောင်းသင်တန်းများ ပံ့ပိုးပေးခြင်းကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ သို့မှသာ အဆိုပါစီမံခန့်ခွဲမှုစွမ်းရည်အသစ်များကို အသုံးချနိုင်မည့် ခိုင်မာသောဝင်ငွေ ရရှိနေမည်ဖြစ်ပါသည်။ | အိမ်ထောင်စုများ၏ ဝင်ငွေနှင့် အသုံးစရိတ်တို့အပေါ်တွင် အခြေခံကာ ပြန်ဆပ်ရမည့်အစီအစဉ်ကို ရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်သည့်အတွက် အကြွေးရှိသည့် အိမ်ထောင်စုများသည်ပင် အိမ်တွင်းငွေစာရင်းစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းရည်များမှာ များစွာအထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။ |
| ၂၂ | [အခန်း (၇) – မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ် (IRP)]<br>(၇-၃) IRPအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မည့် လျာထားအချိန်ဇယား၌ အသေးစိတ်ဖော်ပြထားမှုမရှိခြင်းသည် ဇုန်-အေအတွက် အကောင်အထည်ဖော်ဆောင်ရွက်စဉ်က စိန်ခေါ်မှုများကို ထည့်သွင်းစဉ်းစားကာ များစွာ အခက်အခဲရှိစေနိုင်ပါသည်။ အောက်တွင် အခန်း (၁၁) အတွက် မှတ်ချက်၌ ပိုမိုအသေးစိတ်ဆွေးနွေးထားပါသည်။ ဇုန်-အေအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်အတွက်လည်း မှတ်ချက်ပေးထားပြီး ဇရိယာ (၂-၁) အတွက် လုပ်ငန်းစီမံချက်တွင်လည်း မှတ်ချက်ထပ်မံပေးထားပါသည်။ ၎င်းမှာ အကူးအပြောင်းကာလအတွက် အချိန်လုံလုံလောက်လောက်ပေးရန် လိုအပ်ခြင်း ဖြစ်ပါသည်။ ဤအကြံပြုချက်ကို လစ်လျူရှုခဲ့ပြီး ရလဒ်အနေဖြင့် ဇုန်-အေမှ အကျုံးဝင်အိမ်ထောင်စု အများစုမှာ လက်ရှိအချိန်အထိပင် များပြားသည့်အကြွေးနွံတွင် နစ်လျှက်ရှိပါသည်။ ဇုန်-အေမှ ရရှိသည့် သင်ခန်းစာများကို ရယူကာ ထိုက်သင့်သည့် အကူးအပြောင်းကာလဆိုင်ရာ ပံ့ပိုးမှုများ ပေးအပ်သွားလိမ့်မည်ဟု မျှော်လင့်ပါသည်။ | အထက် (နံပါတ် ၁၅) တွင် ဆွေးနွေးခဲ့သည့်အတိုင်း အကြွေးတင်ရှိသည့် အိမ်ထောင်စုအရေအတွက်မှာ တဖြည်းဖြည်းလျော့နည်းလာလျှက်ရှိပါသည်။ ထို့အပြင် အိမ်ထောင်စုများ၏ အကြွေးနှင့် ပြန်လည်နေရာချထားခြင်းတို့အကြား ဆက်နွယ်မှုနှင့်ပတ်သက်၍ ပြန်လှန်မေးခွန်းထုတ်ရမည်ဖြစ်ပါသည်။ ဥပမာ- ဤလုပ်ငန်းစီမံချက်ရေးဆွဲစဉ်က အကြွေးရှိသည့် အိမ်ထောင်စုများမှ အိမ်ထောင်ဦးစီးများသည် အိမ်တွင်းငွေစာရင်းစီမံခန့်ခွဲမှုသင်တန်းပို့ချရာတွင် တက်ရောက်ခြင်းမရှိဘဲ အရက်သောက်ခြင်း၊ လောင်းကစားပြုလုပ်ခြင်းစသည့် အခြားလူမှုရေးဆိုင်ရာ ပြဿနာများရှိနေသည် ဆိုပါက မည်သို့ဖြစ်မည်နည်း။<br>အဆိုပါအိမ်ထောင်စုများအား စဉ်ဆက်မပြတ်ပံ့ပိုးသည့်အနေဖြင့် အိမ်ထောင်ဦးစီးအပါအဝင် မိသားစုဝင်များ၊ ဆွေမျိုးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။ |
| ၂၃ | [အခန်း (၇) – မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ် (IRP)]<br>ဇရိယာ (၂-၁) အတွက် မှတ်ချက်တွင် ဖော်ပြထားသည့်အတိုင်း IRPအစီအစဉ်များတွင် ဒေသခံများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးရာတွင် အခြားအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်း ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။ ရေနှင့် အမှိုက်သရိုက်များ စီမံခန့်ခွဲခြင်းကဲ့သို့ အခြေခံအဆောက်အအုံများ အဆင်သင့်ရှိနေရန် လိုအပ်ပါသည်။ အဆိုပါအဆောက်အအုံများကို စနစ်တကျထိန်းသိမ်းရန်အတွက် သင်တန်းနှင့် ပံ့ပိုးမှုများသာ အိမ်ထောင်စုများအနေဖြင့် လိုအပ်နိုင်ပြီး အခြေခံအဆောက်အအုံများတည်ဆောက်ရန်အတွက်မူ အိမ်ထောင်စုများတွင် တာဝန်မရှိပါ။ အဆိုပါအဆောက်အအုံများသည် ပြန်လည်နေရာချထားခြင်းမပြုမီ အဆင်သင့်ရှိနေရမည်ဖြစ်ပြီး အပြည့်အဝအသုံးပြုနိုင်ရမည် ဖြစ်ပါသည်။ | အထက် (နံပါတ် ၁၈) တွင် ဆွေးနွေးခဲ့သည့်အတိုင်း ဇရိယာ (၂-၁) နှင့် ဇရိယာ (၂-၂) အရှေ့ပိုင်းအတွက် ပြန်လည်နေရာချထားမည့်နေရာအား ကောင်းမွန်သည့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် လျှပ်စစ်မီးနှင့် ရေအစရှိသည်တို့ စနစ်တကျထည့်သွင်းတည်ဆောက်ပေးမည် ဖြစ်ပါသည်။ IRP အစီအစဉ်၏ တစ်စိတ်တစ်ဒေသအနေဖြင့် အဆိုပါအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် သင်တန်းနှင့် ပံ့ပိုးမှုများ ပေးအပ်သွားမည်ဖြစ်ပါသည်။ |
| ၂၄ | [အခန်း (၇) – မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ် (IRP)]<br>ယခင်ကဖော်ပြခဲ့ပြီးသည့်အတိုင်း ရှိနှင့်ပြီး ဒေသခံများနှင့် လိုက်လျောညီထွေရှိစေရေးနှင့်ပတ်သက် ၍ ပိုမိုရှင်းလင်းစွာ စီမံကိန်းရေးဆွဲရန် လိုအပ်ပါသည်။ | လူမှုရေးဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုများ စတင်နိုင်ရန်အတွက် အကျုံးဝင်အိမ်ထောင်စုကိုယ်စားလှယ်များနှင့် ရှိနှင့်ပြီးဒေသခံကိုယ်စားလှယ်များအကြား အချင်းချင်းမိတ်ဆက်သည့် အစည်းအဝေးကို စီစဉ်ကျင်းပသွားမည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများစတင်ဆောင်ရွက်မည့် အချိန်ဇယား၊ ပြန်လည်နေရာချထားမည့်အစီအစဉ်၊ အသိုက်အဝန်းဆိုင်ရာလုပ်ငန်းများနှင့် စည်းမျဉ်းစည်းကမ်းများစသည်တို့ကို ဆွေးနွေးရန်အတွက် နောက်ဆက်တွဲ ဆွေးနွေးပွဲများ ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။<br>အခြေခံအားဖြင့် ဒေသဆိုင်ရာ ပဋိပက္ခများ၊ သီလဝါအထူးစီးပွားရေးဇုန်မှ အကျိုးအမြတ်များကို တလွဲခွဲဝေခြင်းများကို ရှောင်လွှဲ |

| စဉ် | အများပြည်သူထံမှ မှတ်ချက်များ၏ အကျဉ်းချုပ် | ဖြည့်ဆည်းဆောင်ရွက်ထားမှုများ |
|---|---|---|
| | | နိုင်ရန်အတွက် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာ သဘောတရားမှာ လွန်စွာအရေးပါ ပါသည်။ ထို့ကြောင့် လူမှုရေးဆိုင်ရာလုပ်ငန်းများအောက်တွင် လိုအပ်သည့် ပံ့ပိုးမှုများနှင့် သင်တန်းများ၊ ဒေသခံများနှင့် ကိုက်ညီမှုရှိသည့် အလုပ်အကိုင်များမိတ်ဆက်ခြင်း စသည်တို့ကိုလည်း ရှိနှင့်ပြီး ဒေသခံများအတွက် မိတ်ဆက်ပေးသွားမည်ဖြစ်ပါသည်။<br>ထို့အပြင် ကြိုတင်ပြင်ဆင်မှုတစ်ခုအနေဖြင့် ရှိနှင့်ပြီး ဇရိယာရှိ ကျောင်းနှင့် ကျန်း မာရေးဌာနတို့မှ လက်ခံနိုင်သည့် ပမာဏကို ၂၀၁၆ခုနှစ် ဒီဇင်ဘာလလယ်တွင် လေ့လာခဲ့ပြီး ကွာဟမှုကို ဖြည့်ဆည်းပေးနိုင်မည့်အစီအမံများကို စဉ်းစားလျှက်ရှိပါသည်။ |
| ၂၅ | <u>[အခန်း (၈) – ဒေသခံများပူးပေါင်းပါဝင်ခြင်းနှင့် သတင်းအချက်အလက် မျှဝေခြင်း]</u><br>ညှိနှိုင်းဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ စသည်တို့နှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြရန် လိုအပ်ပါသည်။ ဥပမာ– ညှိနှိုင်းဆွေးနွေးပွဲ အကြိမ်မည်မျှ ကျင်းပပြုလုပ်ခဲ့သနည်း။ မည်သူတွေ တက်ရောက်သနည်း။ ဒေသခံများ လာရောက်ရာတွင်လည်းကောင်း၊ တက်ရောက်ရာတွင်လည်းကောင်း၊ သက်တောင့်သက်သာ ဖြစ်စေရန်အတွက် မည်သို့စီမံထားပါသနည်း။<br>ညှိနှိုင်းဆွေးနွေးပွဲများကျင်းပပြုလုပ်ရာတွင် စာရွက်စာတမ်းများ ပြင်ဆင်ဖြန့်ဝေပေးသည့်အတွက် ကျေနပ်ဖွယ်ကောင်းသော်လည်း အဆိုပါစာရွက်စာတမ်းများမှာ လူနည်းစုဘာသာစကားပြောသူများ၊ ကောင်းစွာစာတတ်မြောက်ခြင်းမရှိသူများ အလွယ်တကူဖတ်နိုင်ရန်လည်း လိုအပ်ပါသည်။ တုန့်ပြန်အကြံပြုလွှာများ အသုံးပြုခြင်းကို ကြိုဆိုသော်လည်း ဆန္ဒရှိပါက အမည်မဖော်ပြဘဲ နေနိုင်ကြောင်း အလေးအနက်ထားရှင်းပြရန် လိုအပ်ပြီး အမျိုးသမီးများ၏ သဘောထားအမြင်များ ပါဝင်နိုင်စေရေးအတွက် အခြားသော အစီအမံများ စီစဉ်ထားသည်ကို ဤလုပ်ငန်းစီမံချက်တွင် မတွေ့ရှိရပါ။ ညှိနှိုင်းဆွေးနွေးပွဲများကျင်းပရာတွင်လည်း အကျုံးဝင်အိမ်ထောင်စုများ ဘေးကင်းလုံခြုံသည်ဟု ခံစားရသည့်နေရာတွင် ကျင်းပပြုလုပ်သင့်ပါသည်။ | အခန်း (၈)တွင် အချက်အလက်များ ထပ်ဖြည့်ထားပါသည်။ ထို့အပြင် ညှိနှိုင်းဆွေးနွေးပွဲများနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကိုလည်း နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။ အကျုံးဝင်အိမ်ထောင်စုတစ်စုချင်း သို့မဟုတ် အကျုံးဝင်အိမ်ထောင်စုအုပ်စုများနှင့် ကျင်းပပြုလုပ်သည့် အစည်းအဝေးများနှင့်ပတ်သက်သည့် အသေးစိတ်ကိုမူ အိမ်ထောင်စုတစ်စုချင်းစီအတွက် ရရှိမည့် လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးမည့်ပမာဏ စသည့် ၎င်းတို့၏ကိုယ်ရေးကိုယ်တာအချက်အလက်များ ပါဝင်နေသည့်အတွက် လုပ်ငန်းစီမံချက်တွင် ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ |
| ၂၆ | <u>[အခန်း (၈) – ဒေသခံများပူးပေါင်းပါဝင်ခြင်းနှင့် သတင်းအချက်အလက် မျှဝေခြင်း]</u><br>ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း)ထုတ်ပြန်သည့်နေရာများ ပိုမိုတိုးမြှင့်ပေးရန် အကြံပြုပါသည်။ ဇရိယာ (၂-၂)အတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ ကြေညာချက်မရရှိကြောင်း ဒေသခံများမှ ပြောဆိုမှုများ ရှိနေပါသည်။ အကယ်၍ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲရာတွင် ဒေသခံများ၏ အမှန်တကယ်ပူးပေါင်းပါဝင်မှုကို ရရှိလိုပါက ဤကဲ့သို့သော အရေးကြီးစာရွက်စာတမ်းများကို ရုံးများတွင်သာ ထုတ်ပြန်ခြင်းထက် အများပြည်သူ အလွယ်တကူလေ့လာကြည့်ရှုနိုင်ရန် စီစဉ်ပေးသင့်ပါသည်။ | ဇရိယာ (၂-၂)အရှေ့ပိုင်းအတွက် ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများအပါအဝင် ဇယား (၈-၇)တွင်ဖော်ပြထားသော နေရာ (၁၅) ခုနှင့် အင်တာနက်စာမျက်နှာတို့တွင် ထုတ်ပြန်ခဲ့ပါသည်။ ထိုသို့ထုတ်ပြန်ကြောင်း ကြေညာချက်ကိုလည်း သတင်းစာ (၂)စောင်တွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။ ထို့အပြင် ဒေသခံများကိုလည်း ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၀)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ်မြောက် ညှိနှိုင်းဆွေးနွေးပွဲတွင် ရှင်းပြခဲ့သော်လည်း (ထုတ်ပြန်ကြေညာသည့် အချိန်ကို ချုံ့ကာ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ကို အမြန်ဆုံးအချောသတ်ရေးဆွဲရန် တောင်းဆိုသည်မှလွဲ၍)နေရာ တိုးမြှင့်ထုတ်ပြန်ပေးရန် တောင်းဆိုခဲ့ခြင်း မရှိပါ။ |
| ၂၇ | <u>[အခန်း (၉) – သက်ဆိုင်ရာကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း]</u><br>ဇရိယာ (၂-၁)အတွက် မှတ်ချက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း “ပြန်လည်နေရာချထားရေးကော်မတီနှင့် မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီတို့တွင် ဒေသခံနှင့် အရပ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့်အတွက် ကျေနပ်သော်လည်း အဆိုပါအဖွဲ့များ၏ အခန်းကဏ္ဍ၊ လွှမ်းမိုးနိုင်မှုနှင့် မည်ကဲ့သို့ရွေးချယ်ထားကြောင်းကိုမူ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်တွင် ဖော်ပြပေးရန် လိုအပ်ပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီများနှင့်ပတ်သက်၍ ပါဝင် | ပြန်လည်နေရာချထားရေးကော်မတီနှင့် မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များအကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီတို့၏ အဓိကလုပ်ငန်းများမှာ ပြန်လည်နေရာချထားရေးနှင့် IRPအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြားပါဝင်ပတ်သက်သူများအပါအဝင် အစိုးရအဖွဲ့အစည်းများစွာတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ဖြစ်ပါသည်။ ဒေသခံ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်ရာအဖွဲ့များမှ ကိုယ်စားလှယ်များသည် အဆိုပါကော်မတီ (၂)ရပ်တွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။<br>ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်အား အကောင်အ |

| စဉ် | အများပြည်သူထံမှ မှတ်ချက်များ၏အကျဉ်းချုပ် | ဖြည့်ဆည်းဆောင်ရွက်ထားမှုများ |
|---|---|---|
| | ပတ်သက်သူများ အကြံပေးအဖွဲ့၏ အခန်းကဏ္ဍကိုလည်း ရှင်းရှင်းလင်းလင်း ဖော်ပြပေးရန် လိုအပ်ပါသည်။” | ထည့်ဖော် ဆောင်ရွက်ရာတွင် အဆိုပါကော်မတီ (၂)ရပ်၏ အခန်းကဏ္ဍ/လုပ်ငန်းများအား အကျိုးဝင်အိမ်ထောင်စုများနှင့် ညှိနှိုင်းဆွေးနွေးကာ လိုအပ်သလို ချိန်ညှိဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပါဝင်ပတ်သက်သူများအကြံပေးအဖွဲ့၏ အခန်းကဏ္ဍအား ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်၏ အခန်း (၉)တွင် ဆွေးနွေးထားပါသည်။ |
| ၂၈ | <u>[အခန်း (၁၁) – ထိခိုက်နစ်နာမှုများကို သက်သာစေမည့် အစီအစဉ်များ]</u><br>အဆိုပြုထားသော “သမားရိုးကျအစီအစဉ်”နှင့် ဒေသခံအခြေပြုအစီအစဉ်နှင့်ပတ်သက်၍ ရည်ညွှန်းချက်များကို ဖြုတ်ရန် ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ များစွာ စိုးရိမ်ပူပန်မိပါသည်။ အကြိမ်ကြိမ်ဆွေးနွေးခဲ့ပြီးသည့်အတိုင်း “သီလဝါဒေသရှိ ဒေသခံများသည့် အထူးစီးပွားရေးဇုန် လုပ်ငန်းများကြောင့် ၎င်းတို့လက်ရှိကြုံတွေ့နေရသည့်၊ ကြုံတွေ့ရနိုင်သည့် အခက်အခဲ/ပြဿနာများကို ဖြေရှင်းရာတွင် အကောင်းဆုံးဖြစ်စေမည့် ဒေသခံအခြေပြုအစီအစဉ်အား ဒီဇိုင်းရေးဆွဲသည့်လုပ်ငန်းစဉ်တွင် ပါဝင်ခဲ့ကြပါသည်။ အဆိုပါအစီအစဉ်အား စီမံခန့်ခွဲမှုကော်မတီ၊ MJTD၊ ဂျိုက်ကာနှင့် Myanmar Centre for Responsible Businessတို့မှ သက်ဆိုင်သူများနှင့် သီးသန့်ဆွေးနွေးပွဲများ၊ အများပြည်သူနှင့် ကျင်းပပြုလုပ်ခဲ့သည့်ဆွေးနွေးပွဲများတွင် ဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။” ဥပမာ– သီလဝါမှ ဒေသခံတစ်ဦးက အဆိုပြုထားသော ဒေသခံအခြေပြုအစီအစဉ်အား ဆွေးနွေးခဲ့သည့် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမ္မဂ္ဂဖိုရမ်၏ ဆွေးနွေးခန်းတစ်ခုတွင် စီမံခန့်ခွဲမှုကော်မတီ၊ MJTDနှင့် ဂျိုက်ကာတို့ အတူတကွဆွေးနွေးခဲ့ပါသည်။ ထို့အပြင် ပါဝင်ပတ်သက်သူများအကြံပေးအဖွဲ့၏ အစည်းအဝေးပွဲများတွင်လည်း ဒေသခံကိုယ်စားလှယ်များမှ ၎င်းတို့၏ တိုးတက်မှုအခြေအနေကို မျှဝေခြင်းဖြင့် ဤအကြောင်းအရာမှာ ပါဝင်နေကျ ခေါင်းစဉ်တစ်ခု ဖြစ်ပါသည်။<br>ထို့ကြောင့် အဆိုပြုထားသည့် ဒေသခံအခြေပြုအစီအစဉ်ဒီဇိုင်းမှာ ပါဝင်ပတ်သက်သူများအားလုံးမှ နားလည်ထားသည့်အရာဖြစ်ပါသည်။ မကြာသေးမီက မိမိတို့(ERI)အား အဆိုပါအစီအစဉ်အား ရွာသူ/သားများသာမက ပါဝင်ပတ်သက်သူများအားလုံးပါ ပိုမိုနားလည်သဘောပေါက်စေရန်အတွက် သင်တန်းပို့ချပေးရန် တောင်းဆိုခဲ့ကြပါသည်။ ထို့ကြောင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်တွင် အသိအမှတ်မပြုခြင်းမှာ တမင် လစ်လျူရှုခြင်းဟု အလွယ်တကူမှတ်ယူသွားနိုင်ပါသည်။ သို့ဆိုပါလျှင် စီမံခန့်ခွဲမှုကော်မတီ၊ ဂျိုက်ကာနှင့် MJTDတို့ဘက်မှ ပူးပေါင်းဆောင်ရွက်ရန် အမှန်တကယ်ဆန္ဒမရှိခြင်း ဖြစ်ပါသည်။ ထိုသို့မဟုတ်ပါက မတိကျ မသေချာသော သို့မဟုတ် တလွဲအဓိပ္ပါယ်သက်ရောက်စေနိုင်သော သတင်းအချက်အလက်များ ထည့်သွင်းဖော်ပြခြင်းမှ ရှောင်လွှဲနိုင်ရန်အတွက် လုပ်ငန်းစီမံချက်တွင် ပြန်လည်ထည့်သွင်းဖော်ပြသင့်ပါသည်။ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်အား ရေးဆွဲနေစဉ်ကာလတွင် ဒေသခံအခြေပြုအစီအစဉ်မှာ ဒီဇိုင်းရေးဆွဲဆဲပင် ရှိနေသေးသည်ဟု အသိအမှတ်ပြုဖော်ပြနိုင်ပါသည်။ ဤတွင် လုပ်ငန်းစီမံချက်မှ ရည်ညွှန်းသည့် ဒေသခံအခြေပြုအစီအစဉ်သည် ကြားဖြတ်အစီအစဉ်ဖြစ်သည်ဟု နားလည်မှုလွဲနိုင်ပါသည်။ သို့ရာတွင် ကြားဖြတ်အစီအစဉ်မှာ အကြိမ်များစွာဆွေးနွေးခဲ့ပြီးသည့် ဒေသခံအခြေပြုအစီအစဉ်နှင့် ကွဲလွဲမှုရှိပြီး အဆိုပါ ကွဲလွဲမှုကို ဇုန်ဧရိယာ (၂–၁)အတွက် မှတ်ချက်များတွင် အသေးစိတ်ရှင်းလင်းဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ နားလည်မှုလွဲပါက အဆိုပါနားလည်မှုကို ပြန်လည်ဖြေရှင်းရန်အတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ကို ပြင်ဆင်ရေးဆွဲသင့်ပါသည်။ | ဒေသခံအခြေပြုအစီအစဉ်ပါ ရည်ညွှန်းချက်များကို သီလဝါအထူးစီးပွားရေးဇုန် လုပ်ငန်းလည်ပတ်မှုကြောင့် သီလဝါရှိ ဒေသခံများ တွေ့ကြုံခံစားနေရသည့် အခက်အခဲ/ပြဿနာများကို ဖြေရှင်းရန်အတွက် ဒီဇိုင်းရေးဆွဲထားသည့် အစီအစဉ်တစ်ခုအဖြစ် ထည့်သွင်းဖော်ပြထားပါသည်။<br>သို့ရာတွင် ပါဝင်ပတ်သက်သူများ အကြံပေးအဖွဲ့အစည်းအဝေးပွဲများတွင် လက်ရှိဒေသခံကိုယ်စားလှယ်များ၏ ကိုယ်စားပြုမှုကို မေးခွန်းထုတ်နိုင်မည့် ပါဝင်ပတ်သက်သူများ အကြံပေးအဖွဲ့အပေါ် အမှီအခိုကင်းစွာ သုံးသပ်ရန် လိုအပ်မည်ဖြစ်ပါသည်။<br>ဒေသခံကိုယ်စားလှယ်များထံမှ အဆိုပါအစီအစဉ်အတွက် မည်သည့်အတိုင်းအတာအထိ တောင်းဆိုမှုရှိသနည်း ဆိုသည်နှင့် ယခင်ကျင်းပပြုလုပ်ခဲ့သည့် ပါဝင်ပတ်သက်သူများအကြံပေးအဖွဲ့၏ဆွေးနွေးပွဲများတွင် ERIသည် သီလဝါဒေသခံများ၏ လက်ရှိနှင့် စစ်မှန်သည့် ဆန္ဒကို မည်သည့်အတိုင်းအတာအထိ ထင်ဟပ်သနည်းဆိုသည်တို့ကို သုံးသပ်ရန် လိုအပ်ကောင်း လိုအပ်မည်ဖြစ်ပါသည်။ ဇုန်ဧရိယာ (၂–၂)အရှေ့ပိုင်းမှ အကျုံးဝင်အိမ်ထောင်စုများနှင့် သီလဝါဒေသငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကွန်ယက် အဖွဲ့ဝင်များအနေဖြင့် ထိုသို့တောင်းဆိုခဲ့ခြင်း လုံးဝ မရှိခဲ့ပါ။<br>ထို့အပြင် ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ညှိနှိုင်းဆွေးနွေးပွဲတွင် ဇုန်ဧရိယာ (၂–၂)အရှေ့ပိုင်းမှ အကျုံးဝင်အိမ်ထောင်စုများသည် သက်ဆိုင်ရာ အစိုးရအရာရှိများနှင့်သာ တိုက်ရိုက်ဆက်သွယ် ညှိနှိုင်းလိုသည့်အတွက် ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့် တရားဝင်အစီအစဉ်ကို ပိုမိုနှစ်သက်ကြောင်း ပြောကြားခဲ့ကြပါသည်။ |
| ၂၉ | <u>[အခန်း (၁၁) – ထိခိုက်နစ်နာမှုများကို သက်သာစေမည့် အစီအစဉ်များ]</u><br>ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်၌ သမားရိုးကျအစီ | အဆိုပြုထားသော ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့်အစီအစဉ်သည် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် |

| စဉ် | အများပြည်သူထံမှ မှတ်ချက်များ၏အကျဉ်းချုပ် | ဖြည့်ဆည်းဆောင်ရွက်ထားမှုများ |
|---|---|---|
| | အစဉ်အကြောင်း ဖော်ပြချက်သည် အလေ့အကျင့်ကောင်းတစ်ခုအတွက် အလွန်တိုတောင်းပါသည်။ ဥပမာ– ၎င်းအစီအစဉ်မှာ ဒေသခံများမှ ၎င်းတို့ရှင်းရှင်းလင်းလင်း ဖော်ပြလျှက်ရှိသည့် ၎င်းတို့လိုချင်သည့်အရာနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျှက်ရှိသည့်အတွက် ဒေသခံများ၏ ပူးပေါင်းပါဝင်မှု၊ ဒေသခံများနှင့် ပြောဆိုဆွေးနွေးမှုမရှိသကဲ့သို့ သဘာဝလည်း မကျပေ။ လုပ်ငန်းစဉ်မှာ ရှင်းလင်းခြင်းမရှိသည့်အတွက် မည်သို့ဖြစ်လာမည်ကို မခန့်မှန်းနိုင်ပေ။ အကျိုးဝင်အိမ်ထောင်စုများအနေဖြင့် မည်သည့်ကိစ္စရပ်နှင့် ပတ်သက်လျှင် မည်သူ့ထံသို့ သွားရောက်တင်ပြရမည်ကို မသိရှိဘဲ တိုင်ကြားလိုသည့် အကြောင်းအရာမှာ မဖော်ပြလိုသည့် အကြောင်းပြချက်များအပေါ်တွင်သာ တဝဲလည်လည် ရှိနေမည်ဖြစ်ပြီး တုန့်ပြန်ဖြေရှင်းပေးမည့် အချိန်ကာလ သတ်မှတ်ချက် မရှိသလို မည်သို့ ကုစားပေးမည်ဆိုသည်ကို ယေဘုယျအားဖြင့်ပင် ဖော်ပြထားခြင်းမရှိပါ။ ဤအစီအစဉ်မှာ အလုပ်မဖြစ်ကြောင်း ထင်ရှားသိပြီးဖြစ်သဖြင့် စဉ်ဆက်မပြတ်သင်ယူသည့် လမ်းကြောင်းတစ်ခု မဟုတ်ပေ။ | အား အကောင်အထည်ဖော်ဆောင်ရွက်သည့်အတွက် အကျိုးဝင်အိမ်ထောင်စုများ ကြုံတွေ့နေရသည့်၊ ကြုံတွေ့ရနိုင်သည့် အခက်အခဲ/ပြဿနာများကို ဖြေရှင်းရန်အတွက် အစီအစဉ်တစ်ခုအဖြစ် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပြီး အကျိုးဝင်အိမ်ထောင်စုများ၏ မျှော်လင့်ချက်များနှင့် ကိုက်ညီမှုရှိစေရန်အတွက် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပါသည်။ ဇရိယာ (၂-၂)အတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း )ထုတ်ပြန်စဉ်တစ်လျှောက်နှင့် ဇရိယာ (၂-၂)အရှေ့ပိုင်းအတွက် ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း )နှင့်စပ်လျဉ်းသည့် ဒုတိယအကြိမ်မြောက် ညှိနှိုင်းဆွေးနွေးပွဲတွင်လည်း လက်ရှိရေးဆွဲထားသည့် အစီအစဉ်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်း တင်ပြခြင်း သို့မဟုတ် အကြံပြုချက်တစ်စုံတစ်ရာ လက်ခံရရှိခြင်း မရှိခဲ့ပါ။<br>ထို့အပြင် အဆိုပြုနည်းလမ်းသည် မှတ်ချက်တွင် ဖော်ပြထားသကဲ့သို့ "အလုပ်မဖြစ်သည့်နည်းလမ်း"တစ်ခုမဟုတ်ပါ။ အကျိုးဝင်အိမ်ထောင်စုများအနေဖြင့် မိမိတို့နှင့် ကိုက်ညီမှုရှိသည်ဟု ယူဆသည့် ဆက်သွယ်ရန်နေရာတစ်ခုခုသို့ ၎င်းတို့၏ ထိခိုက်နစ်နာမှုများကို လွတ်လပ်စွာ ဆက်သွယ်တင်ပြနိုင်ပြီး ထိခိုက်နစ်နာမှုနှင့်ပတ်သက်၍ တင်ပြမှုများ လျော့နည်းသွားသည်ကိုကြည့်လျှင် လက်ရှိရေးဆွဲထားသည့် စနစ်မှာ အမှန်တကယ်အလုပ်ဖြစ်သည်ကို ပြသနေပါသည်။<br>ထို့အပြင် ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ညှိနှိုင်းဆွေးနွေးပွဲတွင် ဇရိယာ (၂-၂)အရှေ့ပိုင်းမှ အကျိုးဝင်အိမ်ထောင်စုများသည် သက်ဆိုင်ရာ အစိုးရအရာရှိများနှင့်သာ တိုက်ရိုက်ဆက်သွယ် ညှိနှိုင်းလိုသည့်အတွက် ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့် တရားဝင်အစီအစဉ်ကို ပိုမိုနှစ်သက်ကြောင်း ပြောကြားခဲ့ကြပါသည်။ |
| ၃၀ | <u>[အခန်း (၁၀) – ထိခိုက်နစ်နာမှုများကို သက်သာစေမည့် အစီအစဉ်များ ]</u><br>ဒေသခံအခြေပြုအစီအစဉ်အား ဒေသခံများ ရေးဆွဲလိုသည့် အကြောင်းရင်းများအနက် တစ်ခုမှာ လက်ရှိရေးဆွဲထားသည့် ပြဿနာဖြေရှင်းရေးနည်းလမ်းများ၏ ထိရောက်မှုအပေါ် ကျေနပ်အားရမှု မရှိခြင်းနှင့် ယုံကြည်မှုမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။ တာဝန်ဝတ္တရားများကို ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းထားပြီး အမှန်တကယ်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထားသော ရှင်းလင်း၍ ခန့်မှန်းနိုင်ပြီး ပွင့်လင်းမြင်သာမှုရှိသည့် လုပ်ငန်းစဉ်တစ်ခု အလိုရှိကြောင်းကို အကြိမ်ကြိမ်တောင်းဆိုခဲ့ပြီးဖြစ်ပါသည်။ အဆိုပြုထားသော အစီအစဉ်တွင် ထိုအချက်များ ပါဝင်ခြင်းမရှိပါ။ ပြည့်စုံလုံလောက်သည့် အဖွဲ့အစည်း သို့မဟုတ် စွမ်းရည်များ မရှိဘဲ ကြုံသလိုဖြေရှင်းရမည့် ပုံစံမျိုးဖြစ်ကာ တာဝန်ဝတ္တရာများ လွှဲချကာ ထိခိုက်နစ်နာမှုကို အမှန်တကယ်ဖြေရှင်းနိုင်ခြင်း မရှိပေ။ ထို့အပြင် ဒေသခံအခြေပြုအစီအစဉ်နှင့်စပ်လျဉ်း၍ လက်ရှိအချိန်အထိ ဒေသခံများ၏ ကြိုးပမ်းအားထုတ်မှုများကို လစ်လျူရှုရာလည်း ရောက်ပေသည်။ ၎င်းမှာ ဒေသခံများနှင့် ဆက်ဆံရေးတွင် အားနည်းစေပါသည်။ | ဇုန်–အေအတွက် ပြန်လည်နေရာချထားပေးခဲ့သည့် အကျိုးဝင်အိမ်ထောင်စုများသည့် အစပိုင်းတွင် အခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ကြရသည့်အတွက် ကျေနပ်အားရမှုမရှိခဲ့သော်လည်း လက်ရှိအချိန်တွင်မူ အဆိုပါအခြေအနေမှာ တင်ပြလာသည့် ထိခိုက်နစ်နာမှုအရေအတွက် တဖြည်းဖြည်းလျော့နည်းလာသည်ကို ကြည့်ခြင်းအားဖြင့် များစွာလျော့ကျသွားသည်ကို သိသိသာသာ တွေ့ရှိရမည် ဖြစ်ပါသည်။ |
| ၃၁ | <u>[အခန်း (၁၁) – အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်]</u><br>IRPအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးနောက်မှသာ ပြန်လည်နေရာချထားခြင်းကို ဆောင်ရွက်မည့် အစီအစဉ်အား ပြင်ဆင်ရေးဆွဲထားသည့်အတွက် ကျေနပ်ဝမ်းမြောက်မိပါသည်။ သို့ရာတွင် ကိစ္စရပ် (၂)ခုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မိပါသည်။ ပထမတစ်ခုမှာ ပြောင်းလဲရေးဆွဲလိုက်သည့် အချိန်ဇယား၌ ဇုန်–အေတွင် ဖြစ်ခဲ့သည့်အတိုင်း အသက်မွေးဝမ်းကြောင်းသင်တန်းများ ပံ့ပိုးပေးခြင်းမပြုမီ ပြန်လည်နေရာချထားခြင်းကို ဆောင်ရွက်ခြင်းမပြုပါဟူသည့် အာမခံချက်မရှိခြင်း ဖြစ်ပါသည်။ ဒုတိယတစ် | ဇရိယာ (၂-၂)အရှေ့ပိုင်းမှ အကျိုးဝင်အိမ်ထောင်စုများအတွက် ဆောင်ရွက်ပေးမည့် IRPအစီအစဉ်များမှာ ဤလုပ်ငန်းစီမံချက် ရေးဆွဲနေစဉ်ကပင် စတင်ဆောင်ရွက်ခဲ့ပါသည်။ IRP အစီအစဉ် အသေးစိတ်ကိုမူ အကျိုးဝင်အိမ်ထောင်စုများ၊ ဒေသခံအုပ်စုများ၏ တုန့်ပြန်မှုအပေါ်မူတည်ကာ အချောသတ်ရေးဆွဲလျှက်ရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အချိန်ဇယားကိုမူ အချောသတ်ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်တွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသည်။ |

| စဉ် | အများပြည်သူထံမှ မှတ်ချက်များ၏ အကျဉ်းချုပ် | ဖြည့်ဆည်းဆောင်ရွက်ထားမှုများ |
|---|---|---|
| | ခုမှာ ပြန်လည်နေရာချထားခြင်းမပြုမီ IRPအစီအစဉ်များကို စတင်ဆောင်ရွက်မည် ဖြစ်သော်လည်း လျာထားအချိန်ဇယား၌ စီစဉ်ထားသည့် အချိန်မှာ မြေယာအခြေခံအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှ လက်ခစားအသက်မွေးဝမ်းကြောင်းလုပ်ငန်းသို့ ပြောင်းလဲရမည့် အကူးအပြောင်းကာလအတွက် လုံလောက်မှုမရှိပေ။ | |
| ၃၂ | [အခန်း (၁၁) – အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်]<br>အကူးအပြောင်းကာလအတွက် အချိန်နှင့်ပတ်သက်၍ စဉ်းစားရာတွင် ဇုန်–အေအတွက်ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်အပေါ် မှတ်ချက်တွင် အကျယ်တဝင့် ဆွေးနွေးထားပါသည်။ "အလေ့အကျင့်ကောင်းတစ်ခုမှာ အထူးသဖြင့် စိုက်ပျိုးရေးမှ လက်ခစား အသက်မွေးဝမ်းကြောင်းလုပ်ငန်းသို့ ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သည့်အခါ ပြန်လည်နေရာချထားရန်အတွက် လိုအပ်သည့်အချိန်နှင့် ငွေကြေးပံ့ပိုးပေးရန်အတွက် ကျိုးကြောင်းညီညွတ်စွာ စဉ်းစားပေးရန် လိုအပ်ပါသည်။ ထိုသို့ ကူးပြောင်းရာတွင် အချိန်နှင့် အားထုတ်မှုများစွာ လိုအပ်ပြီး လိုက်လျောညီထွေမှုရှိစေရန် ဆောင်ရွက်နေရသည့်ကာလအတွင်း သင်တန်းအတွက် လိုအပ်သည့်အချိန်နှင့် အကူးအပြောင်းကာလအတွက် တိကျသေချာသည့် ပံ့ပိုးမှုများကို ပေးအပ်နိုင်ရန် မည်သည့် IRPအစီအစဉ်တွင်မဆို အသေးစိတ်သုံးသပ်ရန် လိုအပ်ပါသည်။"<br>နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ၏ မူဝါဒများတွင် ယေဘုယျအားဖြင့် ပြန်လည်နေရာချထားခြင်းမပြုမီ ပံ့ပိုးမှုများမှာ အရေးပါကြောင်း အထူးသဖြင့် "ပြောင်းရွှေ့ရသူများ၏ စွမ်းရည်များ မြှင့်တင်ရန်"လိုအပ်သည့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ မဟာဗျူဟာများနှင့်ပတ်သက်၍ အထူးအလေးပေး ဖော်ပြထားပါသည်။ လျော်ကြေး၊ အစားထိုးချထားပေးမည့် မြေယာ၊ ကနဦးထည့်ဝင်မှုများ၊ သင်တန်းများနှင့် အသိအမှတ်ပြုမှုများ စသည့် ကြိုတင်ပြင်ဆင်ရေးဆိုင်ရာ အစီအမံများ၊ အကူးအပြောင်းကာလအတွက် ပံ့ပိုးမှုများကို "တတ်နိုင်သမျှ စောလျင်စွာ..."ပံ့ပိုးသင့်ပါသည်။ ပြန်လည်နေရာချထားခြင်းမပြုမီ အကျိုးဝင်အိမ်ထောင်စုများအား ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် အချိန်ပိုပေးသင့်ပြီး အဆိုပါအချိန်ကာလကို ပြင်ဆင်ပြောင်းလဲခြင်းမပြုနိုင်ပါ။ | အကူးအပြောင်းကာလအတွက် လိုအပ်သည့် အချိန်ကာလအား စဉ်းစားကာ IRPအစီအစဉ်များကို ဤလုပ်ငန်းစီမံချက်ရေးဆွဲနေချိန်ကတည်းကပင် စတင်ဆောင်ရွက်ခဲ့ပါသည်။ IRP အစီအစဉ် အသေးစိတ်ကိုမူ အကျိုးဝင်အိမ်ထောင်စုများ၊ ဒေသခံအုပ်စုများ၏ တုန့်ပြန်မှုအပေါ်မူတည်ကာ အချောသတ်ရေးဆွဲလျှက်ရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အချိန်ဇယားကိုမူ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုမီနှင့် အကောင်အထည်ဖော်ဆောင်ရွက်ဆဲအဆင့်တို့တွင် ပြန်လည်သုံးသပ်ကာ လိုအပ်သလို ပြင်ဆင်ရေးဆွဲသွားမည် ဖြစ်ပါသည်။ |
| ၃၃ | [အခန်း (၁၂) – စောင့်ကြည့်စစ်ဆေးခြင်း နှင့် ဆန်းစစ်ခြင်း]<br>၁၂–၂။ အဖွဲ့တွင်းစောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ရည်မှန်းချက်များအနက် တစ်ခုမှာ "ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် ရေးဆွဲရာတွင်လည်းကောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း အကျိုးဝင်အိမ်ထောင်စုများ ပူးပေါင်းပါဝင်ရေး"အတွက် ဖြစ်သော်လည်း အထက်တွင် ဆွေးနွေးဖော်ပြခဲ့သကဲ့သို့ ဇရိယာ (၂–၁)အတွက် ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ အကျိုးဝင်အိမ်ထောင်စုများမှ ပေးပို့ထားသည့် မှတ်ချက်များအပေါ် မည်သည့် တုန့်ပြန်မှုမှ မရရှိခဲ့ပါ။<br>ပြန်လည်နေရာချထားသည့်အဆင့်တွင် စောင့်ကြည့်စစ်ဆေးရာ၌ IRPအစီအစဉ်နှင့် အသက်မွေးဝမ်းကြောင်းသင်တန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၏ တိုးတက်မှုအခြေအနေကိုလည်း စောင့်ကြည့်စစ်ဆေးသင့်ပါသည်။ ပြန်လည်နေရာချထားမှုများ ပြီးစီးသည်အထိ ချန်လှပ်မထားသင့်ပေ။<br>အပိုဒ် (၁၂–၃)၊ ၃–ကနှင့် နောက်ဆက်တွဲ (၃)၊ ဇယား (၃)တို့တွင် ပြင်ပကြားခံအဖွဲ့အစည်းမှ စောင့်ကြည့်စစ်ဆေးရာတွင် "လိုအပ်ပါက" အကျိုးဝင်အိမ်ထောင်စုများနှင့် တွေ့ဆုံမေးမြန်းသွားပါမည်ဟု ဖော်ပြထားသည်များနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မိပါသည်။ အကျိုးဝင်အိမ်ထောင်စုများ ကြုံတွေ့နေရသည့် အခက်အခဲ /ပြဿနာများကို ဖော်ထုတ်ရန်နှင့် အခြေအနေပိုဆိုးမလာမီ ဖြေရှင်းရန်အတွက် ၎င်းတို့ထံမှ တုန့်ပြန်ချက်များသည် အလွန်အရေး | အထက် (နံပါတ် ၂၅)တွင် ဆွေးနွေးခဲ့သည့်အတိုင်း ဒေသခံများ ပေးပို့ထားသည့် မှတ်ချက်များနှင့်စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ထားမှုများကို ဇရိယာ (၂–၁)၏ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်တွင် ဖော်ပြထားသကဲ့သို့ အကျိုးဝင်အိမ်ထောင်စုများ၏ မေးခွန်းများ၊ စိုးရိမ်ပူပန်မှုများနှင့်ပတ်သက်၍ တုန့်ပြန်ချက်/ဖြည့်ဆည်းဆောင်ရွက်ထားမှုများကို အကျိုးဝင်အိမ်ထောင်စုများနှင့် ကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများတွင် ရှင်းပြခဲ့ပါသည်။ ဇရိယာ (၂–၂)အရှေ့ပိုင်းအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲရာတွင်လည်း အလားတူပင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။<br>(နံပါတ် ၃၁)တွင် ဖော်ပြထားသည့်အတိုင်း) ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲနေစဉ်ကတည်းကပင် IRPအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ပြန်လည်နေရာချထားခြင်းမပြုမီ IRPအစီအစဉ်များအတွက် စောင့်ကြည့်စစ်ဆေးခြင်းကို စတင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဇယား (၁၂–၁) – အဖွဲ့တွင်းနှင့် ပြင်ပကြားခံအဖွဲ့အစည်းမှ စောင့်ကြည့်စစ်ဆေးခြင်းအကြောင်း အကျမ်းဖျဉ်းဖော်ပြခြင်းအား လိုအပ်သလို ပြင်ဆင်သွားမည်ဖြစ်ပါသည်။<br>ပြင်ပကြားခံအဖွဲ့အစည်းမှ စောင့်ကြည့်စစ်ဆေးရာတွင် ထိုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လိုသည့် အကျိုးဝင်အိမ်ထောင်စုများအား တွေ့ဆုံမေးမြန်းသွားမည်ဖြစ်သည့်အတွက် အပိုဒ် (၁၂–၃) |

| စဉ် | အများပြည်သူထံမှ မှတ်ချက်များ၏ အကျဉ်းချုပ် | ဖြည့်ဆည်းဆောင်ရွက်ထားမှုများ |
|---|---|---|
| | ပါပါသည်။ သို့ဖြစ်ပါ၍ ထိုသို့ရေးသားဖော်ပြထားခြင်းကို ဖြုတ်ပြီး စောင့်ကြည့်စစ်ဆေးမှုအားလုံးတွင် အကျိုးဝင်အိမ်ထောင်စုများနှင့် တွေ့ဆုံမေးမြန်းကာ ၎င်းတို့ထံမှ တုန့်ပြန်ချက်များကို ရယူသွားရန် လိုအပ်ပါသည်။ | (၃–က) တွင် ဖော်ပြပါရှိခဲ့သော "လိုအပ်ပါက" ဟူသည့် စကားရပ်ကို ဖြုတ်ထားပါသည်။ |
| ၃၄ | [အခန်း (၁၂) – စောင့်ကြည့်စစ်ဆေးခြင်း နှင့် ဆန်းစစ်ခြင်း]<br>ဇရိယာ (၂–၁) ၏ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် အတွက် ပေးပို့ထားသည့် မှတ်ချက်တွင် ဆွေးနွေးထားသည့် အတိုင်း ယေဘုယျအားဖြင့် "အဖွဲ့တွင်းနှင့် ပြင်ပကြားခံအဖွဲ့ အစည်းမှ စောင့်ကြည့်စစ်ဆေးရာတွင် မည်သည်တို့ကို စောင့်ကြည့် စစ်ဆေးမည်၊ မည်သို့ဆောင်ရွက်သွားမည်ဆိုသည်ကို ပြန်လည်နေ ရာချထားရေးလုပ်ငန်းစီမံချက်တွင် ရှင်းရှင်းလင်းလင်းဖော်ပြသင့် ပါသည်။"<br>အပိုဒ် (၁၂–၄) တွင် ဖော်ပြထားသည့်အတိုင်း ပြန်လည်နေရာချ ထားရေးကော်မတီသည် အဖွဲ့တွင်းနှင့် ပြင်ပကြားခံအဖွဲ့အစည်းမှ ဆောင်ရွက်ထားသည့် စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ အစီရင်ခံ စာများကို ပြုစု စုဆောင်းခြင်း မပြုသင့်ပါ။ ပြင်ပကြားခံအဖွဲ့ အစည်းမှ စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ အစီရင်ခံစာသည် ပြင်ပမှ ပြုစုထားသည့်အတိုင်းသာ ရှိနေသင့်ပြီး ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့နှင့် စီမံခန့်ခွဲမှုကော်မတီ၊ အများပြည်သူတို့ထံ သီးခြားစီ အစီရင်ခံတင်ပြသင့်ပါသည်။ ထို့အပြင် စောင့်ကြည့်စစ် ဆေးခြင်းကိုဆောင်ရွက်ရန်အတွက် ရွေးချယ်ထားသည့် ပြင်ပအဖွဲ့ အစည်းသည် အမှီအခိုကင်းကာ အဖွဲ့အားလုံးမှ လေးစားယုံကြည် ထိုက်သူ ဖြစ်ရပါမည်။ စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ အစီရင်ခံ စာအားလုံးကို အများပြည်သူကြည့်ရှုနိုင်ရန် စီစဉ်ထားရှိပေးရမည် ဖြစ်ပြီး အစီရင်ခံစာများ၏ ရလဒ်များသည် တင်ပြလာသည့် အခက်အခဲ/ပြဿနာများကို ဖြေရှင်းရာတွင် အထောက်အကူဖြစ် စေရမည် ဖြစ်ပါသည်။<br>အပိုဒ် (၁၂–၅) တွင် ဆန်းစစ်ခြင်းကို မည်သူက ဆောင်ရွက်မည်ကို ဖော်ပြထားခြင်းမရှိပါ။ ၎င်းကို ပြင်ပကြားခံအဖွဲ့အစည်းမှ ယုံကြည်ရသူက ဆောင်ရွက်သင့်ပါသည်။ | စောင့်ကြည့်စစ်ဆေးရမည့်အစီအစဉ်နှင့် နည်းလမ်းတို့ကို အပိုဒ် (၁၂–၁) နှင့် အပိုဒ် (၁၂–၄) တို့တွင် ရှင်းပြထားပါသည်။ ပြင်ပ ကြားခံအဖွဲ့အစည်းမှ စောင့်ကြည့်စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် နမူနာကို ပြန်လည်နေရာချ ထားရေးလုပ်ငန်းစီမံချက်၏ နောက်ဆက်တွဲတွင် ဖော်ပြ ထားပါသည်။<br>ပြန်လည်နေရာချထားရေးကော်မတီသည် အဖွဲ့တွင်းနှင့် ပြင်ပ ကြားခံအဖွဲ့အစည်းမှ စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ အစီရင် ခံစာများကို အစီရင်ခံစာတစ်ခုအဖြစ် ပေါင်းစပ်ကာ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့နှင့် စီမံခန့်ခွဲမှုကော်မတီတို့ထံ အစီရင်ခံ ပေးပို့ရမည်ဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စီမံခန့်ခွဲမှုကော်မတီတို့ထံ အတူတကွပူးပေါင်းတင်ပြရမည်ဟုသာ ဆိုလိုရင်းဖြစ်ပြီး အစီရင်ခံစာပါ အကြောင်းအရာများ သို့မဟုတ် သုံးသပ်ချက်များကို ပြင်ဆင်ရမည်ဟုတ် မဆိုလိုပေ။ ပိုမိုရှင်း လင်းစွာ နားလည်သဘောပေါက်စေရန်အတွက် အခန်း (၁၂) ပါ ရှင်းလင်းချက်များကို ပြင်ဆင်ထားပါသည်။<br>အပိုဒ် (၁၂–၅) တွင် ဆန်းစစ်ခြင်းကို တစ်သီးပုဂ္ဂလ သို့မဟုတ် အဖွဲ့အစည်း/NGO ကဲ့သို့ အမှီအခိုကင်းသည့် ပြင်ပ ကျွမ်းကျင် ပညာရှင်မှ ဆောင်ရွက်သွားမည်ဟုတ် ဖော်ပြထားပါသည်။ |

**ဇယား (၈–၉) ဇရိယာ (၂–၂) အရှေ့ပိုင်းအတွက်ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း) အပေါ် အများပြည်သူထံမှ လက်ခံရရှိသည့် မှတ်ချက်များနှင့် တုန့်ပြန်ဆောင်ရွက်မှုများ အကျဉ်းချုပ်**

| စဉ် | အများပြည်သူထံမှ မှတ်ချက်များ၏ အကျဉ်းချုပ် | ဖြည့်ဆည်းဆောင်ရွက်ထားမှုများ |
|---|---|---|
| ၁ | [အထွေထွေအကြောင်းအရာများ]<br>ဇရိယာ (၂–၁) နှင့် ဇရိယာ (၂–၂) တို့အား အကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအစဉ်ကို အသိအမှတ်ပြု ကြိုဆိုပါသည်။ (ပုဂ္ဂိုလ်–၄ဦးထံမှ)<br>အကျိုးဝင်အိမ်ထောင်စုများအတွက် ပြန်လည်နေရာချထားရေး အစီအစဉ်များ၊ လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးမည့်ပမာဏ တို့ကို ကျေနပ်ပါသည်။ (၁–ဦးထံမှ)<br>သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို လျော့နည်းစေရန် စီမံထားမှုများ၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးတိုးတက် ကောင်းမွန်စေရေးနှင့် ဒေသခံများဖွံ့ဖြိုးတိုးတက်လာမည့်အရေး တို့အတွက် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းကြီးကို ကျေးဇူး တင်ရှိပါသည်။ (၁–ဦးထံမှ) | မှတ်ချက်များအပေါ် ကောင်းစွာ သဘောပေါက်နားလည်ပါသည်။ ပူးပေါင်းပါဝင်မှုအတွက် ကျေးဇူးအထူးတင်ရှိပါသည်။ |
| ၂ | [အထွေထွေအကြောင်းအရာများ]<br>သီလဝါအထူးစီးပွားရေးဇုန် (ဇုန်–ဘီ၊ ဇရိယာ (၂–၂) အရှေ့ပိုင်း) အား အကောင်အထည်ဖော်ဆောင်ရွက်သည်မှာ ကောင်းမွန်ပြီး တည်ဆောက်ရေးအစီအစဉ်များ (၁–ဦးထံမှ)၊ ပြန်လည်နေရာချ ထားရေးအစီအစဉ်များ (၅–ဦးထံမှ) အားလုံးကို သဘောတူပါ သည်။ | မှတ်ချက်များအပေါ် ကောင်းစွာ သဘောပေါက်နားလည်ပါသည်။ ပူးပေါင်းပါဝင်မှုအတွက် ကျေးဇူးအထူးတင်ရှိပါသည်။ |
| ၃ | [အထွေထွေအကြောင်းအရာများ]<br>ဒေသခံရွာသူ/သားများ ပိုမိုနားလည်သဘောပေါက်စေရေး အတွက် ပြန်လည်နေရာချထားရေးအစီအစဉ်များနှင့်ပတ်သက်၍ | အထူးသဖြင့် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းဇရိယာနှင့် စပ် လျဉ်း၍ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်နှင့် ပြန်လည် |

| စဉ် | အများပြည်သူထံမှ မှတ်ချက်များ၏အကျဉ်းချုပ် | ဖြည့်ဆည်းဆောင်ရွက်ထားမှုများ |
|---|---|---|
| | ပိုမိုသိရှိလိုပါသည်။ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းကြောင့် အခွင့်အလမ်းများစွာ ပေါ်ပေါက်လာမည်ကို ရွာသူ/သားများ သိရှိစေလိုပါသည်။ (၁-ဦးထံမှ) | နေရာချထားရေးလုပ်ငန်းများမှာ ရှုပ်ထွေးသည့်အတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းများ မစတင်မီ၊ ပြန်လည်နေရာချထားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ဆောင်ရွက်နေစဉ်နှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများဆောင်ရွက်ပြီးနောက်တို့တွင် အကျိုးဝင်အိမ်ထောင်စုများနှင့် ညှိနှိုင်းဆွေးနွေးပွဲများ ဆက်လက် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။ ပြန်လည်နေရာချထားရေးအစီအစဉ်နှင့် ပြန်လည်နေရာချထားရေးနှင့် ဆက်စပ်၍ ပိုမိုသိရှိလိုသဖြင့် မေးမြန်းစုံစမ်းလိုပါက အကျိုးဝင်အိမ်ထောင်စုများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် စီမံခန့်ခွဲမှုကော်မတီအစရှိသည့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများထံသို့ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ သို့မဟုတ် သက်ဆိုင်ရာ လမ်းကြောင်းများမှတဆင့် ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။ |
| ၄ | [အထွေထွေအကြောင်းအရာများ]<br>သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ပိုမိုသိရှိလိုပါသည်။ (၁-ဦးထံမှ) | သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်အား စိတ်ဝင်စားသည်ဆိုပါက စီမံကိန်းမှ ဆောင်ရွက်ထားသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ လေ့လာဆန်းစစ်ချက် (EIA)အစီရင်ခံစာအား လေ့လာရန် အကြံပြုလိုပါသည်။ သက်ဆိုင်ရာ အစီရင်ခံစာများကို စီမံခန့်ခွဲမှုကော်မတီရုံးတွင်လည်းကောင်း၊ အဆိုပါကော်မတီ၏ အောက်ပါ တရားဝင်အင်တာနက်စာမျက်နှာတွင်လည်းကောင်း ရရှိနိုင်ပါသည်။ (http://www.myanmarthilawa.gov.mm/public-disclosure-final-environmental-impact-assessment-eia-report-and-scoping-report-thilawa) ပိုမိုသိရှိလိုသဖြင့် မေးမြန်းစုံစမ်းလိုပါက အကျိုးဝင်အိမ်ထောင်စုများအနေဖြင့် စီမံခန့်ခွဲမှုကော်မတီထံသို့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ သို့မဟုတ် သက်ဆိုင်ရာ လမ်းကြောင်းများမှတဆင့် ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။ |
| ၅ | [အထွေထွေအကြောင်းအရာများ]<br>အကျိုးဝင်အိမ်ထောင်စုများ နစ်နာမှုမရှိစေဘဲ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ကို ဆက်လက်ဆောင်ရွက်ရန် အကြံပြုပါသည်။ (၁-ဦးထံမှ) | အကြံပြုချက်ကို နားလည်သဘောပေါက်ပါသည်။ အကျိုးဝင်အိမ်ထောင်စုများအပေါ် ထိခိုက်နစ်နာမှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်သွားပါမည်။ ထိုသို့ ထိခိုက်နစ်နာမှုများ အနည်းဆုံးဖြစ်စေရန်အတွက် ပြန်လည်နေရာချထားရေးနှင့် လူမှုရေးဆိုင်ရာ ထိခိုက်နစ်နာမှုများကို ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်တွင် ဖော်ပြထားသော စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ အစီအစဉ်အတိုင်း အဖွဲ့တွင်းနှင့် ပြင်ပကြားခံအဖွဲ့အစည်းများမှ စောင့်ကြည့်စစ်ဆေးသွားမည်ဖြစ်ပါသည်။ ထို့အပြင် ထိခိုက်နစ်နာမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့် တရားဝင်အစီအစဉ်ကို အသုံးပြုကာ တတ်နိုင်သမျှ အစောဆုံး ဖြေရှင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |
| ၆ | [အထွေထွေအကြောင်းအရာများ]<br>ဒေသခံများ၏ အကျိုးစီးပွားအတွက် ဦးစားပေးစဉ်းစားပေးပါရန် အကြံပြုလိုပါသည်။ (၁-ဦးထံမှ) | အကြံပြုချက်ကို နားလည်သဘောပေါက်ပါသည်။ အကျိုးဝင်အိမ်ထောင်စုများအတွက် အခွင့်အလမ်းနှင့် အကျိုးစီးပွားများ မျှမျှတတ ဖြစ်စေရေးအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို သက်ဆိုင်ရာ အကျိုးဝင်အိမ်ထောင်စုများနှင့် ညှိနှိုင်းတိုင်ပင်ကာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| ၇ | [အထွေထွေအကြောင်းအရာများ]<br>စစ်တမ်းကောက်ယူခြင်းကဲ့သို့ စီမံကိန်းမှဆောင်ရွက်သည့် လုပ်ငန်းအားလုံးကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိတိကျကျ ဆောင်ရွက်ရန် အကြံပြုလိုပါသည်။ (၁-ဦးထံမှ) | လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်ပြေးညီဖြစ်စေရေးအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို စည်းမျဉ်းစည်းကမ်းများ၊ စီမံချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ဇရိယာ (၂-၂)အရှေ့ပိုင်း၏ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ မြေသိမ်းဆည်းခြင်းနှင့် ပြန်လည်နေရာချထားခြင်းတို့ကို မြန်မာနိုင်ငံ၏ တည်ဆဲမြေသိမ်းအက်ဥပဒေနှင့်အညီလည်းကောင်း၊ အခြားနိုင်ငံတကာ |

| စဉ် | အများပြည်သူထံမှ မှတ်ချက်များ၏ အကျဉ်းချုပ် | ဖြည့်ဆည်းဆောင်ရွက်ထားမှုများ |
|---|---|---|
| | | အလေ့အကျင့်ကောင်းများနှင့်အညီလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| ၈ | [အထွေထွေအကြောင်းအရာများ]<br>လျော်ကြေးပံ့ပိုးခြင်းနှင့် ပြန်လည်နေရာချထားခြင်းအပါအဝင် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် ပုဂ္ဂိုလ် (၁၃)ဦးမှ အကြံပြုထားပါသည်။ သီးခြားမှတ်ချက်အချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။<br>- မိုးရာသီမတိုင်မီ ပြန်လည်နေရာချထားမှုများကို ပြီးစီးအောင်ဆောင်ရွက်ပေးရန် အကြံပြုပါသည်။ (၁–ဦးထံမှ)<br>- ဇုန်–ဘီအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပါက အလုပ်အကိုင်အခွင့်အလမ်းများ၊ လူမှုစီးပွားရေးအခြေအနေများ ပိုမိုတိုးတက်လာပြီး မြန်မြန်ဖွံ့ဖြိုးတိုးတက်လာပါမည်။ (၁–ဦးထံမှ)<br>- သီလဝါအထူးစီးပွားရေးဇုန် ဇုန်–ဘီစီမံကိန်းအား ဆန့်ကျင်လျှက်ရှိသည့် လူနည်းစုအား ဂရုထားမနေဘဲ ဒေသခံများအတွက် အကျိုးရှိစေမည့် ဇရိယာ (၂–၂)အရှေ့ပိုင်းအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် အကြံပြုပါသည်။ (၁–ဦးထံမှ)<br>- လယ်ယာစိုက်ပျိုးရေးကို ရပ်ဆိုင်းထားရန် နို့တစ်စာရရှိသည်မှာ (၄)နှစ်ရှိပြီဖြစ်ပါသည်။ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို မျှော်ကိုးလျှက် ဇုန်–ဘီအား တတ်နိုင်သမျှ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် အကြံပြုပါသည်။ (၁–ဦး ထံမှ)<br>- အကျုံးဝင်အိမ်ထောင်စုများအတွက် ပြန်လည်နေရာချထားရေးအစီအစဉ်များကို အမြန်ဆုံးဆောင်ရွက်သင့်ပါသည်။ သို့မဟုတ်ပါက ဒေသခံများအတွက်သာမက နိုင်ငံတော်နှင့် ဒေသခံများ၏အကျိုးစီးပွားများ ဆုံးရှုံးရပြီး ပလပ်မြေများအဖြစ်သာ မြင်တွေ့နေရမည်ဖြစ်ပါသည်။ (၁–ဦးထံမှ) | မေတ္တာရပ်ခံချက်ကို ကောင်းစွာ နားလည်သဘောပေါက်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်း၊ အကျုံးဝင်အိမ်ထောင်စုများအား လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးမှုများ အမြန်ဆုံးပေးအပ်နိုင်ရေးအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်အား အချောသတ်ရေးဆွဲခြင်းလုပ်ငန်းကို ဦးစားပေးဆောင်ရွက်လျှက်ရှိပါသည်။ ပူးပေါင်းပါဝင်မှုအတွက် ကျေးဇူးအထူးတင်ရှိပါသည်။ |
| ၉ | [အခန်း (၆) – ပြန်လည်နေရာချထားမည့်နေရာအစီအစဉ်]<br>– ဇုန်–ဘီ၏ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်တွင် လူနေမှုအဆင့်အတန်း ပိုမိုကောင်းမွန်စေရေးအတွက် အိမ်များပံ့ပိုးပေးရန်နှင့် ပြန်လည်နေရာချထားမည့်နေရာအား အမြန်ဆုံးပြင်ဆင်ပေးပါရန် အကြံပြုလိုပါသည်။ (၁–ဦးထံမှ)<br>– သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နေစဉ် ရွှေပျောက်ကျေးရွာနှင့် အနီးဝန်းကျင်တို့တွင် ရွှေ့ပြောင်းလုပ်သားများစွာ လာရောက်နေထိုင်လျှက်ရှိကြ (ယခုပင်လျှင် နေထိုက်လျှက်ရှိ)ပါသည်။ ထို့ကြောင့် လူစည်ကားလာသည့်အတွက် ပညာရေးနှင့် ကျန်းမာရေးတို့တွင် လုံလောက်မှုမရှိခြင်း၊ ရာဇဝတ်မှုများ တိုးပွားလာခြင်းတို့ ရင်ဆိုင်ကြုံတွေ့ရနိုင်ပါသည်။ ထိုသို့မဖြစ်ပေါ်စေရေးအတွက် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းဇရိယာအနီးဝန်းကျင်ရှိ ကျေးရွာများအတွက် ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေးတို့နှင့်စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားပေးပါရန် အကြံပြုပါသည်။ (၁–ဦးထံမှ) | အကြံပြုချက်ကို နားလည်သဘောပေါက်ပါသည်။ ပြန်လည်နေရာချထားမည့်နေရာ ပြင်ဆင်ရေးအတွက် အစီအစဉ်ရေးဆွဲခြင်း၊ အိမ်များတည်ဆောက်ခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအကျုံးဝင်အိမ်ထောင်စုများနှင့် ညှိနှိုင်းဆွေးနွေးခြင်းကို ၂၀၁၆ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက် လျှက်ရှိပါသည်။ လက်ရှိတွင် အစီအစဉ်ရေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ပြီး အဆိုပါအစီအစဉ်အား အချောသတ်ရေးဆွဲပြီးပါက တည်ဆောက်ရေးလုပ်ငန်းများကို ချက်ချင်းစတင်သွားမည်ဖြစ်ပါသည်။<br>လူမှုရေးဆိုင်ရာ အခြေခံအဆောက်အဦးများနှင့်ပတ်သက်၍ ကျောင်း၊ ကျန်းမာရေးဌာန၊ အုပ်ချုပ်ရေးရုံးအစရှိသည်တို့မှာ ပြန်လည်နေရာချထားရန်စီစဉ်ထားသည့်နေရာတွင် ရှိနှင့်ပြီး ဖြစ်ပါသည်။ ပြန်လည်နေရာချထားရန်စီစဉ်ထားသည်နေရာနှင့် အနီးဝန်းကျင်ရှိ တိုးပွားလာမည့်လူဦးရေကို ထည့်သွင်းစဉ်းစားကာ အဆိုပါအဆောက်အဦးများ တိုးချဲ့ခြင်း/အဆင့်မြှင့်တင်ခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အရာရှိများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| ၁၀ | [အခန်း (၇) – မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်]<br>- အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာသည့်အခါတိုင်း အကျုံးဝင်အိမ်ထောင်စုများကို ဦးစားပေးရန် (၃–ဦးထံမှ)နှင့် အကျုံးဝင်အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပြန်လည်တည်ငြိမ်စေရေးအတွက် ဦးစားပေးဆောင်ရွက်ပေးရန် (၁–ဦးထံမှ)<br>- လျော်ကြေးမှာ လုံလောက်မှုရှိသော်လည်း ဒေသခံများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုသာ နားလည်သူများဖြစ်သဖြင့် ရေရှည်တွင် ဒေသခံများကိုယ်တိုင် ဝင်ငွေရလုပ်ငန်းများ ရှာဖွေ | အကြံပြုချက်ကို နားလည်သဘောပေါက်ပါသည်။ ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ညှိနှိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည့်အတိုင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စီမံခန့်ခွဲမှုကော်မတီတို့သည် အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်၍ အကျုံးဝင်အိမ်ထောင်စုများကို ဦးစားပေးသွားမည် ဖြစ်ပါသည်။<br>အလုပ်အကိုင်နှင့်ပတ်သက်သည့် စာအုပ်ငယ်ပြုစုခြင်း၊ အထူးစီးပွားရေးဇုန်အတွင်း လေ့လာရေးခရီး၊ အလုပ်အကိုင်များအတွက် အကြံပြုဆွေးနွေးခြင်း၊ ဒေသခံများနှင့် ကိုက်ညီမှုရှိသည့်အလုပ်အကိုင်များရှာဖွေပေးခြင်း၊ အသက်မွေးဝမ်းကြောင်းသင်တန်း |

| စဉ် | အများပြည်သူထံမှ မှတ်ချက်များ၏ အကျဉ်းချုပ် | ဖြည့်ဆည်းဆောင်ရွက်ထားမှုများ |
|---|---|---|
| | လုပ်ကိုင်နိုင်စေရန်အတွက် နည်းပညာ ဗဟုသုတများ ရရှိစေရန် စီစဉ်ပေးစေလိုပါသည်။ (၁–ဦးထံမှ) | များပို့ချခြင်း စသည်တို့ကို IRPအစီအစဉ်များ၏ တစ်စိတ်တစ်ဒေသအဖြစ် ၂၀၁၇ခုနှစ် ဇန္နဝါရီလမှစတင်ကာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| ၁၁ | <u>[အခန်း (၁၀) – ထိခိုက်နစ်နာမှုများကို လျှော့ပါးသက်သာစေမည့်အစီအစဉ်]</u><br>ဒေသခံအခြေပြုအစီအစဉ်မှာ သီလဝါအထူးစီးပွားရေးဇုန် ဇုန်–ဘီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် ဒေသခံများကြုံတွေ့ရသည့် အခက်အခဲနှင့် ပြဿနာများကို ဖြေရှင်းရန်အတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်တွင် ၎င်းအစီအစဉ်ကို တရားဝင်အသုံးပြု ရန် အကြံပြုခဲ့ပါသည်။ သို့ရာတွင် ဇုရိယာ (၂–၂)အရှေ့ပိုင်းမှ အကျိုးဝင်အိမ်ထောင်စုအားလုံးသည် အဆိုပါ ဒေသခံအခြေပြုအစီ အစဉ်အား မလိုအပ်ကြောင်း သက်ဆိုင်ရာ အရာရှိများကို ဖြေကြားခဲ့ပါသည်။ ပြဿနာ သို့မဟုတ် အခက်အခဲ တစ်စုံတစ်ရာ ပေါ် ပေါက်လာပါက အကျိုးဝင်အိမ်ထောင်စုများသည် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရဖများ၊ သီလဝါဒေသငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ သို့မဟုတ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် MJTDထံသို့ တိုက် ရိုက်ဆက်သွယ်လိုကြပါသည်။ ထို့ကြောင့် အကျိုးဝင်အိမ်ထောင်စု များအတွက် နားလည်ရခက်ပြီး ရှုပ်ထွေးသည့် ဒေသခံအခြေပြု အစီအစဉ်ထက် ရိုးရှင်းပြီး တိုက်ရိုက်ဆွေးနွေးနိုင်သည့် သမားရိုး ကျအစီအစဉ်ကို ပိုမိုနှစ်သက်ပါသည်။ (၁–ဦးထံမှ) | အကြံပြုချက်ကို နားလည်သဘောပေါက်ပါသည်။ ဇုရိယာ (၂–၂) အရှေ့ပိုင်းမှ သက်ဆိုင်ရာ အကျိုးဝင်အိမ်ထာင်စုများအနေဖြင့် ၎င်းတို့၏ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များတွင် ဖော်ပြထားချက်များအရ ၎င်းတို့၏ တောင်းဆိုချက်များ၊ အခက်အခဲ/ပြဿနာများကို သက်ဆိုင်ရာ အစိုးရအရာရှိများ သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆွေးနွေးဖြေရှင်းသည့်ပုံစံကိုသာ ပိုမိုနှစ်သက်သည့်အတွက် ဤပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်၏ အခန်း (၁၀)တွင် ဖော်ပြထားသည့် သမားရိုးကျမဟုတ်သည့်အစီအစဉ်အပါအဝင် သမားရိုးကျအစီအစဉ်တို့ကိုသာ ဇုရိယာ (၂–၂)အရှေ့ပိုင်းတွင် ပေါ်ပေါက်လာသည့် မည်သည့်အခက်အခဲ၊ ပြဿနာကိုမဆို ကျင့်သုံး ဖြေရှင်းသွားမည်ဖြစ်ပါသည်။ ပြန်လည်နေရာ ချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲနေစဉ်အတွင်း အဆိုပြုသည့် ဒေသခံအခြေပြုအစီအစဉ်သည် သက်ဆိုင်ရာအကျိုးဝင်အိမ်ထောင်စုများမှ အခြားအစီအစဉ်တစ်ရပ်အား ကျင့်သုံးရန်အတွက် တောင်းဆိုမှုများရှိလာပါက ရွေးချယ်စရာနည်းလမ်းများအနက် တစ်ခုအဖြစ် ပြန်လည်ထည့်သွင်းစဉ်းစားမည် ဖြစ်ပါသည်။ |

## ၈.၉ အချောသတ်ရေးဆွဲထားသည့် လုပ်ငန်းစီမံချက်အား ထုတ်ပြန်ကြေညာခြင်း

ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် ထုတ်ပြန်ကြေညာထားသည့်ကာတစ်လျှောက်နှင့် ညှိနှိုင်းဆွေးနွေးပွဲများတွင် လက်ခံရရှိခဲ့သည့် သဘောထားမှတ်ချက်များကို လိုအပ်သလိုထည့်သွင်းကာ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။ ထိုအချောသတ်ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ကို ဇယား (၈–၇)တွင် ဖော်ပြထားသော မူကြမ်းထုတ်ပြန်ခဲ့သည့်နေရာများတွင်ပင် ထုတ်ပြန်ကြေညာသွားမည် ဖြစ်ပါသည်။ ထို့အပြင် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ အင်တာနက်စာမျက်နှာတွင်လည်း အင်္ဂလိပ်၊ မြန်မာ (၂)ဘာသာဖြင့် ထုတ်ပြန်ထားမည် ဖြစ်ပါသည်။


# အခန်း (၉) သက်ဆိုင်ရာကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း

## ၉.၁ တရားဝင်အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီများ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း (ဟက်တာ–၂၄၀၀)၏ မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များ အပါအဝင် အစားထိုးနေရာချထားရေး/ပြန်လည်နေရာချထားရေးလုပ်ငန်းများအား အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးမည့်အဖွဲ့အစည်းများအဖြစ် ပြန်လည်နေရာချထားရေးကော်မတီနှင့် မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီတို့ကို ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။ အဆိုပါကော်မတီများမှာ ဇရိယာ (၂–၂)အရှေ့ပိုင်းအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ဦးစီးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် အထက်တွင်ဖော်ပြခဲ့သည့် ကော်မတီ (၂)ရပ်၏ လုပ်ငန်းတာဝန်များကိုကြီးကြပ်မည့် အဖွဲ့အစည်းတစ်ခုအဖြစ် ပြန်လည်နေရာချထားရေးနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးကြီးကြပ်မှုကော်မတီ (ကြီးကြပ်မှုကော်မတီ)ကို ၂၀၁၆ခုနှစ် ဇူလိုင်လတွင် ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ ကြီးကြပ်မှုကော်မတီသည် အထက်တွင်ဖော်ပြခဲ့သည့် ကော်မတီ (၂)ရပ်ကို ကြီးကြပ်ကာ လိုအပ်သည့်ပံ့ပိုးမှုများ ပေးအပ်သွားမည်ဖြစ်ပါသည်။ ၎င်းကြီးကြပ်မှုကော်မတီနှင့် ကော်မတီ (၂)ရပ်၏ ဖွဲ့စည်းပုံကို ပုံ (၉–၁)တွင် ဖော်ပြထားပါသည်။

အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများကို ပံ့ပိုးရန်အတွက် ပုံ (၉–၁)တွင် ဖော်ပြထားသည့် ကော်မတီ (၃)ရပ်အပြင် ဇုန်–အေ၏ ပြန်လည်နေရာချထားရေးလုပ်ငန်းများ အကောင်အထည်ဖောင်ဆောင်ရွက်ရာတွင် လိုအပ်သည့်အကြံဉာဏ်များပေးအပ်နိုင်စေရန်အတွက် ပါဝင်ပတ်သက်သူများအကြံပေးအဖွဲ့ (MSAG)ကိုလည်း ဖွဲ့စည်းထားပါသည်။ သက်ဆိုင်သူများ ပိုမိုကျယ်ပြန့်စွာ ပါဝင်ခြင်းဖြင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရာတွင် လည်းကောင်း၊ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် လည်းကောင်း အထောက်အကူဖြစ်စေမည့်အပြင် ဇုန်–အေမှရရှိသည့် သင်ခန်းစာများကို အသုံးချကာ ဇရိယာ (၂–၂)အရှေ့ပိုင်းအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ပြန်လည်နေရာချထားရေးကော်မတီ၊ မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီနှင့် ပါဝင်ပတ်သက် သူများအကြံပေးအဖွဲ့ စသည်တို့တွင် ဒေသခံများမှ ရွေးချယ်ထားသည့် ကိုယ်စားလှယ်များမှာ အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိကြပြီး ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များတွင် ဒေသခံများ၏ သဘောထားအမြင်များကို လိုအပ်သလို ထည့်သွင်းပေါင်းစပ် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။




**ပုံ (၉–၁) ဇရိယာ (၂–၂)အရှေ့ပိုင်းအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့အစည်းပုံ**

## ၉.၂ ပါဝင်ပတ်သက်သူများ အကြံပေးအဖွဲ့

ဇုန်–အေအား အကောင်အထည်ဖော်ဆောင်ရွက်စဉ်တွင် သီလဝါအထူးစီးပွားရေးဇုန်၏ ဇုန်–အေစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် အကြံပြုနိုင်ရန်နှင့် ဇုန်–အေ ပြန်လည်နေရာချထားရေးလုပ်ငန်းများအတွက် ဆောင်ရွက်ခဲ့သည့် ပြင်ပကြားခံအဖွဲ့အစည်းမှ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်းဆိုင်ရာ ထောက်ခံချက်များ၊ IRPအစီအစဉ်နှင့်စပ်လျဉ်း၍ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အကျိုးစီးပွားနှင့် စိုးရိမ်ပူပန်မှုများအပေါ် ထောက်ခံချက်များ စသည်တို့ကို တုန့်ပြန်ဆောင်ရွက်နိုင်ရန်အတွက် ပါဝင်ပတ်သက်သူများ အကြံပေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ထိရောက်မှုရှိပြီး ပွင့်လင်းမြင်သာစွာ ဆွေးနွေးပြောဆိုနိုင်စေရန် အဆိုပါ အကြံပေးအဖွဲ့တွင် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၊ မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့် အစီအစဉ်များအကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၊ ရင်းနှီးတည်ဆောက်သူနှင့် စီမံကိန်းကြောင့်ပြောင်းရွှေ့ရသည့်အိမ်ထောင်စုများမှ ကိုယ်စားလှယ်များ၊ ကြားခံဆောင်ရွက်ပေးသူများ၊ ပေါင်းကူးနှင့် Earth Right International တို့ကဲ့သို့ ပြည်တွင်းနှင့် ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သီလဝါလူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ဒေသခံအဖွဲ့အစည်း)၊ Myanmar Center for Responsible Business (အရပ်ဖက်အဖွဲ့အစည်းတစ်ခု)စသည်ဖြင့် ပါဝင်ပါသည်။ ၂ဝ၁၆ခုနှစ် ဒီဇင်ဘာလအထိ အစည်းအဝေး (၄)ကြိမ်[၃၉] ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးမှတ်တမ်းများကို Myanmar Center for Responsible Business၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားပါသည်။

[၃၉] ၂ဝ၁၅ခုနှစ် မေလ (၁၅)ရက်၊ စက်တင်ဘာလ (၂)ရက်၊ ဒီဇင်ဘာလ (၁၅)ရက်နှင့် ၂ဝ၁၆ခုနှစ် မတ်လ (၁၇)ရက်တို့ဖြစ်ပါသည်။ ထို့အပြင် အကြံပေးအဖွဲ့ ဖွဲ့စည်းရန်အတွက် အစည်းအဝေးတစ်ရပ်ကိုလည်း ၂ဝ၁၅ခုနှစ် ဖေဖော်ဝါရီလ (၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။


# အခန်း (၁၀) ထိခိုက်နစ်နာမှုများကို သက်သာစေမည့်အစီအစဉ်များ

လက်တွေ့တွင် ဇုန်-အေနှင့်စပ်လျဉ်းသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်၊ IRPအစီအစဉ်များနှင့် စပ်လျဉ်းသည့်အခက်အခဲ/ပြဿနာများကို သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့် ရင်းနှီးတည်ဆောက်သူများကဲ့သို့ အခြားသက်ဆိုင်ရာအဖွဲ့များထံ တင်ပြခဲ့ကြပါသည်။ အဆိုပါလမ်းကြောင်းများမှာ ဇုန်-အေ၏ ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်စဉ်အတွင်း၌သာမက သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့် ရင်းနှီးတည်ဆောက်သူများသည် ဒေသခံများအတွက် ပံ့ပိုးမှုများ၊ ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေးပွဲများအား ဦးဆောင်ကျင်းပပြုလုပ်ခဲ့သည့်အတွက် မူဘောင်ရေးဆွဲရာတွင် ဒေသခံများ ပူးပေါင်းပါဝင်စေသည့်လုပ်ငန်းစဉ်များအတွင်း၌လည်း အသုံးပြုခဲ့ကြပါသည်။ လက်တွေ့ကျင့်သုံး ဆောင်ရွက်လျှက်ရှိသည့် အလေ့အကျင့်များကို ထည့်သွင်းစဉ်းစားကာ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများသည် ဒေသခံများထံမှ ၎င်းတို့၏အခက်အခဲ/ပြဿနာများကို တိုက်ရိုက်တင်ပြလိုပါက လက်ခံပေးမည်ဖြစ်ပါသည်။ အဆိုပါအစီအစဉ်များကို ဇရိယာ (၂-၂)အရှေ့ပိုင်းအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်၏ ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့် အစီအစဉ်များတွင် ဆက်လက်ကျင့်သုံးသွားမည် ဖြစ်ပါသည်။ သို့ရာတွင် ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့် အစီအစဉ်အား ပိုမိုထိရောက်စွာ တည်ဆောက်နိုင်ရန်အတွက် အိမ်ထောင်စုများ အလွယ်တကူ ဆက်သွယ်တင်ပြနိုင်မည့် အခြားနေရာများကိုလည်း စီစဉ်ထားရှိရန် သက်ဆိုင်ရာပါဝင်ပတ်သက်သူများနှင့် ဆွေးနွေးခဲ့ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအစီအစဉ်၌ ဒေသခံများမှ မဲပေးရွေးချယ်ထားသည့် ကိုယ်စားလှယ်များသည်လည်း ဆက်သွယ်တင်ပြနိုင်သည့် နေရာတစ်ခုအဖြစ် ပါဝင်မည်ဖြစ်ပါသည်။

အခြားတစ်ဖက်တွင်လည်း ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ (ဥပမာ- ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးစသည်)မှာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာအဖွဲ့အစည်းနှင့် ဒေသခံများအကြား အဓိကအရေးပါသည့် သမားရိုးကျခေါင်းဆောင်များအဖြစ် မြန်မာလူမှုအသိုက်အဝန်းတွင် သတ်မှတ်ထားပါသည်။ ပုံမှန်သမားရိုးကျနည်းလမ်းအရ အထူးသဖြင့် လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးမှုများ၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်နေရာချထားပြီးနောက် ပံ့ပိုးကူညီမှုများစသည်တို့နှင့်စပ်လျဉ်းသည့် သမားရိုးကျ/အုပ်ချုပ်ရေးပိုင်းဆိုင်ရာအခက်အခဲ/ပြဿနာများကဲ့သို့ ဒေသခံများထံမှ ထိခိုက်နစ်နာမှုများကိုမူ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးအဖွဲ့ထံ ဦးစွာတင်ပြမည်ဟု မျှော်လင့်ရပါသည်။ အကယ်၍ တင်ပြလာသည့်အခက်အခဲ/ပြဿနာတစ်ရပ်ရပ်အား ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ဖြေရှင်းနိုင်ခြင်းမရှိပါက အထက်အဆင့်များဖြစ်သည့် မြို့နယ် သို့မဟုတ် တောင်ပိုင်းခရိုင်အပါအဝင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ဆက်လက်တင်ပြရမည် ဖြစ်ပါသည်။ ထိုအဆင့်များတွင် ပြေလည်မှုမရှိပါက ဗဟိုအဆင့် သို့မဟုတ် ခရိုင်အဆင့် တရားရုံးအထိ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်တင်ပြသွားရမည် ဖြစ်ပါသည်။ ဤအစီအစဉ်အား "သမားရိုးကျအစီအစဉ်"တစ်ခုအဖြစ် မှတ်ယူမည် ဖြစ်ပါသည်။ အဆိုပြုရေးဆွဲထားသည့် ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့် အစီအစဉ်ကို ပုံ (၁၀-၁)တွင် ဖော်ပြထားပါသည်။

ပထမဦးစွာ တင်ပြသူ (အိမ်ထောင်စု)ထံမှ တင်ပြလာသည့်အခက်အခဲ/ပြဿနာအား ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များအပြင် ဒေသခံကိုယ်စားလှယ်၊ စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများမှ လက်ခံရမည်ဖြစ်ပါသည်။ အဆိုပါအဖွဲ့အစည်းများမှ တင်ပြလာသည့်အခက်အခဲ/ပြဿနာအား မိမိတို့၏ သက်ဆိုင်ရာအဆင့်တွင် သက်ဆိုင်ရာအဖွဲ့များ၏ ပံ့ပိုးကူညီမှုဖြင့် တတ်နိုင်သမျှ ကြိုးစားဖြေရှင်းရမည်ဖြစ်ပါသည်။ တင်ပြလာသည့်အခက်အခဲ/ပြဿနာအား လက်ခံရရှိသူမှ ဖြေရှင်းနိုင်ခြင်းမရှိပါက သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီထံ တင်ပြရပါမည်။ လိုအပ်ပါက အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် တင်ပြသူ (အိမ်ထောင်စု)အား မိမိတို့၏အခက်အခဲ/ပြဿနာအားတင်ပြနိုင်ရန် ပံ့ပိုးကူညီပေးရမည်ဖြစ်ပြီး ဘာသာရေးခေါင်းဆောင်အနေဖြင့် အဆိုပါအခက်အခဲ/ပြဿနာအား ဖြေရှင်းနိုင်မည့်နည်းလမ်းကို အကြံပြုရမည်ဖြစ်ပါသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များမှ လက်ခံရရှိသည့်အခက်အခဲ/ပြဿနာ များကို သဘောသဘာဝအလိုက် စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် သမားရိုးကျ အစီအစဉ်ထံသို့ ဆက်လက်တင်ပြရမည်ဖြစ်ပါသည်။

ဒုတိယအဆင့်အနေဖြင့် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဆက်သွယ်ဆောင်ရွက်ရမည့် အဆင့်တစ်ခုစီ၌ ဖြေရှင်းနိုင်ခြင်းမရှိသည့် အခက်အခဲ/ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါအခက်အခဲ/ပြဿနာ၏ သဘောသဘာဝအပေါ်မူတည်ကာ သမားရိုးကျအစီအစဉ် သို့မဟုတ် သမားရိုးကျမဟုတ်သည့် အစီအစဉ်ထံ တင်ပြရမည်ဖြစ်ပါသည်။




**ပုံ (၁၀-၁) ဇရိယာ (၂-၂) အရှေ့ပိုင်းအတွက် ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့် အဆိုပြုအစီအစဉ်**

တတိယအဆင့်အနေဖြင့် အဆိုပါအခက်အခဲ/ပြဿနာများမှာ ပြန်လည်နေရာချထားမည့်နေရာရှိ လူမှုရေးဆိုင်ရာအဆောက်အဦ သို့မဟုတ် အခြားနိစ္စဓူဝအခက်အခဲ/ပြဿနာများ ကဲ့သို့ "သမားရိုးကျမဟုတ်သည့်" အခက်အခဲ/ပြဿနာများ အဖြစ် ယူဆပါက တင်ပြသူ (အိမ်ထောင်စု)နှင့် သက်ဆိုင်ရာအဖွဲ့များ အတူတကွ စုံ စမ်းစစ်ဆေးကာ သမားရိုးကျမဟုတ်သည့် အစီအစဉ်အဖြစ် ဖြေရှင်းနိုင်မည့် နည်းလမ်း/ကုထုံးကို ဆွေးနွေးဖော်ထုတ်ရမည် ဖြစ်ပါသည်။ ထို့အပြင် လိုအပ်ပါက ဘာသာရေးခေါင်းဆောင်အနေ ဖြင့် ဖြေရှင်းနိုင်မည့် နည်းလမ်းကို အကြံပြုရမည် ဖြစ်ပါသည်။

စတုတ္ထအဆင့်အနေဖြင့် အဆိုပါ အခက်အခဲ/ပြဿနာများ အား သမားရိုးကျမဟုတ်သည့် အစီအစဉ်ဖြင့် ဖြေရှင်းပြေလည်ခြင်းမရှိပါက သို့မဟုတ် သက်ဆိုင်ရာအစိုးရအဖွဲ့မှ ဖြေရှင်းဆောင်ရွက်ရမည့် လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးမှုများ၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်နေရာချထားပြီးနောက် ပံ့ပိုးကူညီခြင်း စသည်ဖြင့် "သမားရိုးကျ"အဖြစ် သတ်မှတ်ပါက အဆိုပါအခက်အခဲ/ပြဿနာများအား သမားရိုးကျအစီအစဉ်သို့ ဆက်လက်တင်ပြရမည် ဖြစ်ပါသည်။ အထက်ဖော်ပြပါ ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့်အစီအစဉ်၏ ရလဒ်များကို ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လိုအပ်သလို ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် ပြန်လည်နေရာချထားရေး ကော်မတီ/မူလဝင်ငွေအခြေအနေသို့ ပြန်လည် ရောက်ရှိစေမည့် အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီထံ တင်ပြရမည် ဖြစ်ပြီး ပိုမိုထိရောက်စွာ ဆွေးနွေးအဖြေရှာနိုင်ရန် အတွက် ပါဝင်ပတ်သက်သူများ အကြံပေးအဖွဲ့ထံသို့လည်း တင်ပြရမည်ဖြစ်ပါသည်။


အထက်ပါအစီအစဉ်များအပြင် အထူးစီးပွားရေးဇုန် လုပ်ငန်းများကြောင့် ဒေသခံများကြုံတွေ့နေရသည့် အခက်အခဲ/ပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းတစ်ရပ်အနေဖြင့် ဒေသခံအချို့မှ ဒေသခံအခြေပြု

အစီအစဉ် (CD–OGM) ကိုလည်း ရေးဆွဲလျှက်ရှိပြီး နောင်တွင်လက်ခံကျင့်သုံးမည့်နည်းလမ်းများအနက် တစ်ခုအဖြစ် စဉ်းစားလျှက်ရှိပါသည်။ ဇရိယာ (၂–၂) အရှေ့ပိုင်းအတွက် အခါအားလျော်စွာ ကျင်းပပြုလုပ်ခဲ့ပြီးသည့် ညှိနှိုင်းဆွေးနွေးပွဲများတွင် ၎င်းအကြောင်းအရာကို ထည့်သွင်းဆွေးနွေးခဲ့သော်လည်း ညှိနှိုင်းဆွေးနွေးပွဲများတွင်လည်းကောင်း၊ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် (မူကြမ်း) အား ထုတ်ပြန်ကြေညာထားစဉ်ကလည်းကောင်း သက်ဆိုင်ရာအကျိုးဝင်အိမ်ထောင်စုများထံမှ လက်ခံရရှိသည့် အကြံပြုချက်နှင့် သဘောထားမှတ်ချက်များအရ ၎င်းတို့အနေဖြင့် တောင်းဆိုချက်များ၊ အခက်အခဲ/ပြဿနာများကို သက်ဆိုင်ရာအစိုးရအရာရှိများ၊ အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆွေးနွေးဖြေရှင်းရန်သာ ပိုမိုနှစ်သက်သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် အထက်တွင် ဆွေးနွေးခဲ့သည့်အတိုင်း ဇရိယာ (၂–၂) အရှေ့ပိုင်းအတွက် သမားရိုးကျမဟုတ်သည့်အစီအစဉ်အပါအဝင် သမားရိုးကျအစီအစဉ်ကိုသာ အသုံးပြုသွားမည် ဖြစ်ပါသည်။ အကယ်၍ နောင်တွင် အကျိုးဝင်အိမ်ထောင်စုများမှ အခြားနည်းလမ်းတစ်ရပ်ကို တောင်းဆိုလာ၍ အစီအစဉ်လည်း ရေးဆွဲပြီးစီးပြီး ရှင်းလင်းကာ အသုံးဝင်ထိရောက်သည်ဆိုပါက အခက်အခဲ/ပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းတစ်ရပ်[၂၀] အဖြစ် ပြန်လည်ထည့်သွင်းစဉ်းစားနိုင်မည် ဖြစ်ပါသည်။

[၂၀] ဒေသခံအခြေပြုအစီအစဉ် ရေးဆွဲရန်အတွက် EarthRights International (ERI) အဖွဲ့သည် ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိပြီး အလုပ်ရုံဆွေးနွေးပွဲ (၁၃) ကြိမ် (၂၀၁၆ခုနှစ် မတ်လအထိနှင့် ပါဝင်ပတ်သက်သူများအကြံပေးအဖွဲ့အစည်းအဝေးပွဲများတွင် ဆွေးနွေးချက်များအရ) ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ပါဝင်ပတ်သက်သူများအကြံပေးအဖွဲ့မှ အမှီအခိုကင်းသည့် သုံးသပ်ချက်တစ်ခုအနေဖြင့် အဆိုပြုရေးဆွဲထားသည့် အစီအစဉ်အား ထောက်ခံအားပေးလျှက်ရှိသော ပါဝင်ပတ်သက်သူများအကြံပေးအဖွဲ့တွင် လက်ရှိပါဝင်လျှက်ရှိသည့် ဒေသခံကိုယ်စားလှယ်များ၏ ကိုယ်စားပြုမှုအပေါ် မေးခွန်းထုတ်ခဲ့ပါသည်။ ဒေသခံအခြေပြုအစီအစဉ်ထွက်ပေါ်မလာမီ "ဒေသခံကိုယ်စားလှယ်များ" မှ တင်ပြလာသည့် ယင်းအစီအစဉ်အပေါ်တွင် စီမံကိန်းကြောင့်ပြောင်းရွှေ့ကြရမည့်သူများ၏ သဘောထားဆန္ဒ မည်မျှအတိုင်းအတာအထိ ကိုယ်စားပြုထင်ဟပ်နေသည်ကို အကဲဖြတ်ရန် လိုအပ်မည်ဖြစ်ပါသည်။

# အခန်း (၁၁) အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်

ဇရိယာ (၂-၂)အရှေ့ပိုင်းအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင် ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပ ပြုလုပ်ခြင်း၊ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်အား ထုတ်ပြန်ကြေညာခြင်းနှင့် အများပြည်သူထံမှ လက်ခံရရှိသည့် မှတ်ချက်များကို လိုအပ်သလိုထည့်သွင်းကာ အချောသတ်ရေးဆွဲခြင်း၊ ထိခိုက်နစ်နာမှုများ၊ ဝင်ငွေလမ်းကြောင်း/အသက်မွေးဝမ်းကြောင်း ဆုံးရှုံးမှုများနှင့်စပ်လျဥ်းသည့်ပံ့ပိုးမှုများအပေါ် သဘောတူညီ ချက်ရယူခြင်းနှင့် ပံ့ပိုးမှုများပေးအပ်ခြင်း၊ ပြန်လည်နေရာချထားမည့် နေရာအား ပြင်ဆင်ခြင်း၊ အမှန်တကယ် ပြန်လည်နေရာချထားခြင်း၊ IRP အစီအစဉ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းရေးသွင်းခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အချောသတ်ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်း စီမံချက်အား ထုတ်ပြန်ပြီးနောက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြန်လည်နေရာချထားရေးလုပ်ငန်း များအား စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်းဟူ၍ အဓိကအားဖြင့် ပါဝင်မည်ဖြစ်ပါသည်။ ပြန်လည်နေ ရာချထားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် လျာထားအစီအစဉ်ကို ပုံ (၁၁-၁)တွင် ဖော် ပြထားပါသည်။ သို့ရာတွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ဆောင်ရွက်မည့်အချိန်တို့မှာ အခြေ အနေအကြောင်းကြောင်းကြောင့် အပြောင်းအလဲရှိနိုင်ပြီး ပြန်လည်နေရာချထားရေးလုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သလိုညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။




မှတ်ချက် - ▬ ▬ ▬ အကောင်အထည်ဖော်ဆောင်ရွက်မည့် မျှော်မှန်းကာလဖြစ်သော်လည်း စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ နှင့် ညှိနှိုင်းဆွေးနွေးမှုအပေါ် မူတည်ကာ အပြောင်းအလဲရှိနိုင်ပါသည်။

**ပုံ (၁၁-၁) ပြန်လည်နေရာချထားရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မည့် လျာထားအချိန်ဇယား (ဇရိယာ ၂-၂ အရှေ့ပိုင်း)**

# အခန်း (၁၂) စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်း

## ၁၂.၁ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်းလုပ်ငန်းများဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် ၎င်းလုပ်ငန်းများအကြောင်း အကြမ်းဖျဉ်းဖော်ပြခြင်း

ယေဘုယျအားဖြင့် စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများအား ၁) စီမံကိန်းလုပ်ငန်းများ အရေအတွက်နှင့် အရည်အချင်းပြည့်မီစွာနှင့် အချိန်မီ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းရှိ/မရှိကို စစ်ဆေးနိုင်ရန်နှင့် ၂) စီမံကိန်းမှချမှတ်ထားသည့် ရည်မှန်းချက်၊ ရည်ရွယ်ချက်များ ပြည့်ဝမှုရှိ/မရှိနှင့် မည်ကဲ့သို့ ပြည့်ဝအောင် ဆောင်ရွက်ခဲ့သည်ကို အကဲဖြတ်နိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် စောင့်ကြည့်စစ်ဆေးခြင်းကို ထိရောက်စွာဆောင်ရွက်ခြင်းသည် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်စဉ်တွင် ကြုံတွေ့ရသည့် ပြဿနာများ/အတားအဆီးများကို ဖော်ထုတ်ရာတွင်လည်းကောင်း၊ သုံးသပ်ရာတွင်လည်းကောင်း၊ မှန်ကန်သည့်အစီအမံများ ပြင်ဆင်ဆောင်ရွက်ရာတွင်လည်းကောင်း လိုအပ်သည့် အခြေခံအချက်အလက်များဖြစ်ပါသည်။

ပြန်လည်နေရာချထားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း စောင့်ကြည့်စစ်ဆေးခြင်းမှ ပြန်လည်နေရာချထားရေးလုပ်ငန်းများနှင့်ပတ်သက်၍ စည်းစနစ်ကျသည့် သတင်း/အချက်အလက်များ ရရှိနိုင်ပြီး နေ့စဉ်ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်းကောင်း၊ မှန်ကန်သည့်အစီအမံများ ဆောင်ရွက်ရာတွင်လည်းကောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံခန့်ခွဲမှုကော်မတီနှင့် အခြားသက်ဆိုင်ရာအဖွဲ့များအတွက် အထောက်အကူဖြစ်စေပါသည်။

ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ (မူကြမ်း) (၂၀၁၃ခုနှစ် ဧပြီလ (၂၁) ရက်၊ အာရှဖွံ့ဖြိုးရေးဘဏ်) အရ စောင့်ကြည့်စစ်ဆေးရာတွင် ထိရောက်မှုရှိပြီး ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် စီမံကိန်းဆောင်ရွက်သူမှ ဆောင်ရွက်သည့် အဖွဲ့တွင်းစောင့်ကြည့်စစ်ဆေးခြင်းနှင့် အခြားအမှီအခိုကင်းသည့် အဖွဲ့အစည်းတစ်ခုမှ ဆောင်ရွက်သည့် ပြင်ပအဖွဲ့အစည်းမှ စောင့်ကြည့်စစ်ဆေခြင်းစသည်ဖြင့် အဆင့်နှစ်ဆင့် ပါဝင်သည့် စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်းဆိုင်ရာစနစ်တစ်ခုကို အဆိုပြုထားပါသည်။ ထို့အပြင် စောင့်ကြည့်စစ်ဆေးခြင်းဆောင်ရွက်ရာတွင် ပြန်လည်နေရာချထားခြင်းမပြုမီ (အများအားဖြင့် တည်ဆောက်ရေးလုပ်ငန်းများမစတင်မီအဆင့်) စောင့်ကြည့်စစ်ဆေးခြင်းနှင့် ပြန်လည်နေရာချထားပြီးနောက် (အများအားဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်) စောင့်ကြည့်စစ်ဆေးခြင်းဟူ၍ အဆင့် (၂) ဆင့်ရှိပါသည်။

စောင့်ကြည့်စစ်ဆေးခြင်းအပြင် ဆန်းစစ်ခြင်းကိုလည်း အများအားဖြင့် ဆောင်ရွက်လေ့ရှိပြီး ရရှိနိုင်သည့် စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာအစီရင်ခံစာများ၊ တွေ့ဆုံမေးမြန်းခြင်း၊ စီမံကိန်းဧရိယာသို့ သွားရောက်လည်ပတ်ခြင်းနှင့် သက်ဆိုင်ရာအိမ်ထောင်စုများအလိုက် အုပ်စုများဖွဲ့စေကာ ဆွေးနွေးစေခြင်း စသည်တို့မှရရှိသည့် အခြားသတင်းအချက်အလက်များအပေါ် အခြေခံကာ အမှီအခိုကင်းသည့် ကျွမ်းကျင်ပညာရှင်မှ ထိရောက်မှုရှိ/မရှိ အကဲဖြတ်ရန်၊ အခက်အခဲ/စိန်ခေါ်မှုများကိုစိစစ်ရန်နှင့် အကြံပြုချက်များပေးရန်အတွက် ဘက်စုံစိစစ်ခြင်းဖြစ်ပါသည်။

ဆောင်ရွက်ရမည့် စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းများအားလုံးကို ဇယား (၁၂-၁) တွင် အကျဉ်းချုပ် ဖော်ပြထားပြီး အောက်ပါအခန်းခွဲများတွင် အသေးစိတ် ဖော်ပြထားပါသည်။

**ဇယား (၁၂-၁) စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အကြမ်းဖျဉ်းဖော်ပြခြင်း**

| အဆင့် | စောင့်ကြည့်စစ်ဆေးခြင်း | အဓိကရည်ရွယ်ချက်များ | စောင့်ကြည့်စစ်ဆေးရမည့် အကြောင်းအရာများ | ကြိမ်နှုန်း | ဆောင်ရွက်မည့် အဖွဲ့ |
|---|---|---|---|---|---|
| ပြန်လည်နေရာချထားရေး လုပ်ငန်း | အဖွဲ့တွင်း | • ပြန်လည်နေရာချထားရေး လုပ်ငန်းဆိုင်ရာ တိုးတက်မှုများ၊ အခက်အခဲ | • ပံ့ပိုးမှုများပေးအပ်ခြင်း တိုးတက်မှု အခြေအနေ<br>• ပြန်လည်နေရာချထားခြင်း မပြုမီ ပံ့ပိုး | ပြန်လည်နေရာချထားရေးနှင့် ပံ့ပိုးမှုများ ပေးအပ်ပြီး | - စီမံခန့်ခွဲမှုကော်မတီနှင့်အတူ ပြန်လည် |

| အဆင့် | စောင့်ကြည့် စစ်ဆေးခြင်း | အဓိကရည် ရွယ်ချက်များ | စောင့်ကြည့်စစ်ဆေးရမည့် အကြောင်းအရာများ | ကြိမ်နှုန်း | ဆောင်ရွက်မည့် အဖွဲ့ |
|---|---|---|---|---|---|
| များ ဆောင် ရွက်စဉ် (ပြန်လည် နေရာချ ထားရေး၊ မူလဝင်ငွေ ပြန်လည် ရောက်ရှိ ရေးစီမံ ကိန်း IRP) | | ကိစ္စရပ်များကို အတည်ပြု ရန် | ပေးလျှော်ရှိသည့် IRP အစီအစဉ်များ၏ တိုးတက်မှုအခြေအနေ<br>• ပြန်လည်နေရာချထားရေး လုပ်ငန်းများ၏ တိုးတက်မှု အခြေအနေ<br>• အိမ်ထောင်စုများနှင့် အခြားသက်ဆိုင်ရာ အဖွဲ့များမှ တင်ပြသည့် ထိခိုက်နစ်နာမှုများ | သည်အထိ လစဉ် ဆောင်ရွက်ရန် | နေရာချထားရေး ကော်မတီ |
| | ပြင်ပ | • ပြန်လည်နေရာချ ထားရေးလုပ်ငန်း စီမံချက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း များနှင့် အဆိုပါ စီမံချက်၏ ထိ ရောက်မှုတို့ကို စစ်ဆေးရန် | • ပြန်လည်နေရာချထားရေး လုပ်ငန်းစီမံချက်တွင် ပါဝင် မည့်အကြောင်း အရာများ နှင့် ရေးဆွဲသည့်လုပ်ငန်း စဉ်<br>• ပြန်လည်နေရာချထား ခြင်းမပြုမီ ပံ့ပိုးပေးလျှော် ရှိသည့် IRPအစီ အစဉ် များ ထိရောက်မှု ရှိ/မရှိ<br>• ပြန်လည်နေရာချထား ခြင်းမှာ ထိရောက်မှုရှိ/မရှိ<br>• ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေ မည့်အစီအစဉ်များ ထိ ရောက်မှုရှိ/မရှိ<br>• ဆက်လက်ဆောင်ရွက် ရမည့်အစီအမံများ လို အပ်မှုရှိ/မရှိ | တစ်နှစ်လျှင် (၂) ကြိမ် | • ပြင်ပမှစောင့်ကြည့် စစ်ဆေးသည့်ပညာ ရှင်များ (တစ်သီး ပုဂ္ဂလ သို့ ကုမ္ပဏီ/ NGO) |
| ပြန်လည် နေရာချ ထားပြီး နောက် (ပြန်လည် နေရာချ ထားရေး လုပ်ငန်း၊ မူလဝင် ငွေအခြေ အနေသို့ ပြန်လည် ရောက်ရှိ စေမည့် အစီအ စဉ်များ) | အဖွဲ့တွင်း | • IRPအစီအစဉ်များ ၏ တိုးတက်မှုအ ခြေအနေနှင့် အခက်အခဲများ၊ ပြန်လည်နေရာချ ထားသည့်နေရာ အား စီမံခန့်ခွဲမှု များကို အတည်ပြု ရန် | • IRPအစီအစဉ်များ၏ တိုးတက်မှု အခြေအနေ<br>• ပြန်လည်နေရာချထား သည့်နေရာအား စီမံခန့်ခွဲ မှုနှင့်ပတ်သက် သည့် အခက်အခဲများ<br>• အိမ်ထောင်စုများနှင့် အခြား သက်ဆိုင်ရာ အဖွဲ့များမှ တင်ပြသည့် ထိခိုက် နစ်နာမှုများ | IRPအစီအစဉ် များပြီးဆုံးချိန် အထိ လစဉ် ဆောင်ရွက်ရန် | • စီမံခန့်ခွဲမှုကော်မတီ နှင့်အတူ မူလဝင်ငွေ အခြေအနေသို့ ပြန် လည်ရောက်ရှိစေ မည့်အစီအစဉ်များ အကောင်အထည် ဖော်ဆောင်ရွက်ရေး ဆပ်ကော်မတီ |
| | ပြင်ပ | • IRPဆိုင်ရာလုပ် ထုံးလုပ်နည်းများ နှင့် ယင်းအစီအ စဉ်များ၏ ထိ ရောက်မှုတို့ကို စစ်ဆေးရန် | • အိမ်ထောင်စုများ၏ လူမှု စီးပွားရေးအခြေအနေများ မူလအခြေအနေသို့ ပြန် လည်ရောက်ရှိမှုရှိ/မရှိ<br>• IRPအစီအစဉ်များ ထိ ရောက်မှုရှိ/မရှိ<br>• ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေ မည့်အစီအစဉ်များ ထိ ရောက်မှုရှိ/မရှိ | တစ်နှစ်လျှင် (၂) ကြိမ် | • ပြင်ပမှစောင့်ကြည့် စစ်ဆေးသည့်ပညာ ရှင်များ (တစ်သီး ပုဂ္ဂလ သို့ ကုမ္ပဏီ/ NGO) |

| အဆင့် | စောင့်ကြည့်စစ်ဆေးခြင်း | အဓိကရည်ရွယ်ချက်များ | စောင့်ကြည့်စစ်ဆေးရမည့်အကြောင်းအရာများ | ကြိမ်နှုန်း | ဆောင်ရွက်မည့် အဖွဲ့ |
|---|---|---|---|---|---|
| | | | • ဆက်လက်ဆောင်ရွက်ရမည့်အစီအမံများ လိုအပ်မှုရှိ/မရှိ | | |
| ဆန်းစစ်ခြင်း | ပြင်ပ | • IRPအပါအဝင် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ထိရောက်မှုတို့ကို စစ်ဆေး ရန် | • ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်နှင့် IRPအစီအစဉ်များ ထိရောက်မှုရှိ/မရှိ<br>• ဖော်ထုတ်ရရှိသည့် အခက်အခဲများနှင့် ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများ<br>• ရရှိသည့် သင်ခန်းစာများနှင့် အကြံပြုချက်များ | တစ်နှစ်လျှင် (၁) ကြိမ် | • ပြင်ပမှစောင့်ကြည့်စစ်ဆေးသည့်ပညာရှင်များ (တစ်သီးပုဂ္ဂလ သို့ ကုမ္ပဏီ/ NGO) ပြင်ပကြားခံအဖွဲ့အစည်းမှ စောင့်ကြည့်စစ်ဆေးခြင်းနှင့်အတူ တစ်ပါတည်း ဆောင်ရွက်နိုင်ပါသည်။ |

## ၁၂.၂ အဖွဲ့တွင်း စောင့်ကြည့်စစ်ဆေးခြင်း

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီတို့နှင့် ပူးပေါင်းကာ ပြန်လည်နေရာချထားရေးကော်မတီသည် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်သည့်အဆင့်တွင် အဖွဲ့တွင်းစောင့်ကြည့်စစ်ဆေးသည့် အဖွဲ့အဖြစ် ဆောင်ရွက်မည် ဖြစ်ပါသည်။ ပြန်လည်နေရာချထားသည့် အဆင့်ပြီးနောက် မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီမှ အဖွဲ့တွင်းစောင့်ကြည့်စစ်ဆေးသည့် အဓိကအဖွဲ့အစည်းဖြစ်လာမည်ဖြစ်ပါသည်။

(၁) ပြန်လည်နေရာချထားရေးလုပ်ငန်းများဆောင်ရွက်စဉ် စောင့်ကြည့်စစ်ဆေးခြင်း

ယင်းအဆင့်တွင် စောင့်ကြည့်စစ်ဆေးရခြင်း၏ရည်ရွယ်ချက်မှာ ၁) ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်အတိုင်း ပံ့ပိုးမှုများပေးအပ်ခြင်းရှိ/မရှိ စောင့်ကြည့်စစ်ဆေးရန်နှင့် ၂) ပံ့ပိုးမည့် အစီအစဉ်များနှင့် ပတ်သက်၍ စီမံချက်ရေးဆွဲစဉ်က ကြိုတင်မမြင်နိုင်သည့် အခက်အခဲများကို ဖြေရှင်းရန် ဖြစ်ပါသည်။

အဖွဲ့အတွင်းစောင့်ကြည့်စစ်ဆေးရာတွင် ပါဝင်ရမည့် အခြေခံအချက်များကို အောက်တွင် ဖော်ပြထားပါသည်။

- ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာအိမ်ထောင်စုတစ်စုချင်းအကြား သဘောတူညီထားသည့် လျော်ကြေးနှင့် ကရုဏာကြေးပံ့ပိုးမှုများကို အချိန်နှင့်တပြေးညီ ထုတ်ပေးခြင်း ရှိ/မရှိနှင့် အချိန်မီပြီးစီးခြင်း ရှိ/မရှိ
- အစားထိုးချထားမည့်နေရာတွင် တည်ဆောက်ရေးနှင့် နေရာချထားရေးလုပ်ငန်းများ အချိန်မီ ဆောင်ရွက်ရန်
- ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် ရေးဆွဲရာတွင်လည်းကောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း ပြည်သူများပူးပေါင်းပါဝင်ခြင်း ရှိ/မရှိ
- သတင်းအချက်အလက်များဖြန့်ဝေခြင်းနှင့် ညှိနှိုင်းတိုင်ပင်သည့် လုပ်ငန်းစဉ်များ
- ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့် လုပ်ငန်းစဉ်များ၏ ထိရောက်မှုအခြေအနေ
- ကြိုတင်မမျှော်မှန်းနိုင်သော အခက်အခဲများ သို့မဟုတ် ဆောင်ရွက်ရမည့် အခြားအစီအမံများ

ပြန်လည်နေရာချထားရေးကော်မတီသည် အဖွဲ့အတွင်းစောင့်ကြည့်စစ်ဆေးသည့် အစီရင်ခံစာများကို ပြန်လည်နေရာချထားရေးလုပ်ငန်းများဆောင်ရွက်စဉ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီသို့ အောက်ပါတို့နှင့်အတူ တင်ပြရမည် ဖြစ်ပါသည်။

- အိမ်ထောင်စုများသို့ပေးအပ်သည့် ပံ့ပိုးမှုပမာဏနှင့်ပတ်သက်သည့် အခြေအနေ
- အစားထိုးချထားသည့်လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေ

- ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့်လုပ်ငန်းစဉ်များသို့ ရောက်ရှိလာသည့် အခက်အခဲများနှင့် ဆောင်ရွက်ရမည့် အခြားအစီအမံများ

(၂) ပြန်လည်နေရာချထားပြီးနောက် စောင့်ကြည့်စစ်ဆေးခြင်း

ပြန်လည်နေရာချထားပြီးနောက် စောင့်ကြည့်စစ်ဆေးရခြင်း၏ ရည်ရွယ်ချက်မှာ ၁) မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို စောင့်ကြည့်စစ်ဆေးရန်၊ ၂) ပြန်လည်နေရာချထားပြီးနောက် နေသားတကျဖြစ်/မဖြစ်စသည့် အခြေအနေများကို စောင့်ကြည့်စစ်ဆေးရန်နှင့် ၃) လိုအပ်ပါက အခြားသောအစီအမံများကို စစ်ဆေးဖော်ထုတ်ရန် ဖြစ်ပါသည်။

အဖွဲ့အတွင်းစောင့်ကြည့်စစ်ဆေးရာတွင်ပါဝင်ရမည့် အခြေခံအချက်များကို အောက်တွင်ဖော်ပြထားပါသည်။

- ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့် လုပ်ငန်းစဉ်များ၏ ထိရောက်မှုအခြေအနေ
- မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိသည့် အခြေအနေ
- မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များ ဆောင်ရွက်ရာမှ ပေါ်ပေါက်လာသည့် အခက်အခဲများ (ဥပမာ- အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန် ဇယား၊ ဘဏ္ဍာရေး သို့မဟုတ် တာဝန်ယူဆောင်ရွက်မည့်ပုဂ္ဂိုလ်၊ ဝန်ထမ်းအင်အား မလုံလောက်မှု၊ သက်ဆိုင်ရာအဖွဲ့များအကြား ညှိနှိုင်းဆောင်ရွက်ခြင်း)နှင့် ဖြေရှင်းမည့် အဆိုပြုအစီအမံများ

မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီသည် ပြန်လည်နေရာချထားပြီးနောက် အဖွဲ့တွင်းစောင့်ကြည့်စစ်ဆေးသည့် အစီရင်ခံစာများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသို့ အောက်ပါတို့နှင့်အတူ ပေးပို့ရမည် ဖြစ်ပါသည်။

- မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်မှပံ့ပိုးပေးသည့် သင်တန်းများနှင့်တက်ရောက်သူဦးရေ
- မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များ၏ အခြေအနေ/တိုးတက် မှု
- ပြန်လည်နေရာချထားမည့်နေရာ၌ နေသားတကျရှိ/မရှိ အခြေအနေများ
- ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေမည့်လုပ်ငန်းစဉ်များသို့ ရောက်ရှိလာသည့် အခက်အခဲများနှင့် ဆောင်ရွက်ရမည့်အစီအမံများ

## ၁၂.၃ ပြင်ပကြားခံအဖွဲ့အစည်းမှ စောင့်ကြည့်စစ်ဆေးခြင်း

(၁) ရည်ရွယ်ချက်များ

ပြင်ပကြားခံအဖွဲ့အစည်းမှစောင့်ကြည့်စစ်ဆေးရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ၁) ပြန်လည်နေရာချထားရေးရည်ရွယ်ချက်များအတိုင်း ဆောင်ရွက်နိုင်မှုရှိ/မရှိ၊ ၂)စီမံကိန်းကြောင့်ပြောင်းရွှေ့ရသည့် အိမ်ထောင်စုများ၏ စီးပွားရေးနှင့် လူမှုရေးအခြေခံများ မူလအခြေသို့ပြန်လည်ရောက်ရှိမှုရှိ/မရှိ၊ ၃) ရရှိသည့်ခံစားခွင့်များထိရောက်မှုရှိ/မရှိ၊ ၄) အနာဂတ်တွင် လျော့ပါးသက်သာစေမည့်အစီအမံများလိုအပ်မှုရှိ/မရှိတို့ကို အခါအားလျော်စွာသုံးသပ်နိုင်ရန်နှင့် အကဲဖြတ်နိုင်ရန်အတွက် ဖြစ်ပါသည်။ အထက်ပါရည်ရွယ်ချက်များအောင်မြင်ရန်အတွက် အောက်ပါလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

က) အဖွဲ့အတွင်း စောင့်ကြည့်စစ်ဆေးသည့် အစီရင်ခံစာများ၊ လက်ရှိ အခြေခံအချက်အလက်များကို သုံးသပ်ခြင်းနှင့် အခြားလူမှုစီးပွားရေး သတင်းအချက်အလက်များ ကောက်ယူခြင်း

ခ) ပြန်လည်နေရာချထားရေး လုပ်ငန်းစီမံချက်ပါ သဘောတူညီထားသည့် ပံ့ပိုးမှုအစီအစဉ်များနှင့် လက်တွေ့ပြန်လည်နေရာချထားရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ကွဲလွဲမှုများ ရှိ/မရှိ ဖော်ထုတ်ခြင်း

ဂ) ပြန်လည်နေရာချထားရေးလုပ်ငန်းများ၊ စီမံခန့်ခွဲရေးနှင့် လုပ်ထုံးလုပ်နည်းများ၏ ထိရောက်မှု၊ ထိခိုက်မှုနှင့် ရေရှည်တည်တံ့မှုရှိ/မရှိတို့ကို ဆန်းစစ်ခြင်း

ဃ) ပိုမိုထိရောက်မှုရှိစေရန်အတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်နှင့် မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အကြံပြုချက်များ ပေးအပ်ခြင်း

(၂) ကျွမ်းကျင်ပညာရှင် (များ) မှ ဆောင်ရွက်ရမည့်လုပ်ငန်းများ

ပြင်ပကြားခံအဖွဲ့အစည်းမှ စောင့်ကြည့်စစ်ဆေးရေးကျွမ်းကျင်သူ (များ) ဆောင်ရွက်ရမည့်လုပ်ငန်း တာဝန်များကို နောက်ဆက်တွဲ (၃) တွင် ဖော်ပြထားပြီး အောက်ပါ သီးခြားအခက်အခဲများကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

က) ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်တွင် သဘောတူညီထားသည့်အတိုင်း ငွေပေးချေမှုများ အပါအဝင် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်အဆင့်ဆင့်

ခ) ထိခိုက်နစ်နာမှုများကို သက်သာစေမည့်လုပ်ငန်းများ၏ ထိရောက်မှုနှင့် ပြည့်စုံလုံလောက်မှု ရှိ/မရှိ (စာရွက်စာတမ်းပြုစုခြင်း၊ လုပ်ငန်းစဉ်များ၊ သန္နိဋ္ဌာန်)

ဂ) ရရှိထားသည့်ခံစားခွင့်များ၊ မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များ၏ ထိရောက်မှု၊ ထိခိုက်မှုနှင့် ရေရှည်တည်တံ့မှု၊ အနာဂတ်တွင် ပိုမိုတိုးတက်ကောင်းမွန်စေရန်နှင့် လျော့ပါးသက်သာစေမည့်အစီအမံများလိုအပ်မှု

ဃ) အစားထိုးချထားမည့်နေရာနှင့် အိမ်ယာတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အရည်အသွေးပြည့်မီမှု

င) အစားထိုးချထားသည့်နေရာတွင် နေသားတကျဖြစ်မှုအတိုင်းအတာ

စ) အသက်မွေးဝမ်းကြောင်းလုပ်ငန်းများနှင့် လူနေမှုအဆင့်အတန်းများ မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိ/ပြန်လည်ထူထောင်နိုင်မှုအတိုင်းအတာ

ဆ) ဌာနဆိုင်ရာများ၏ စွမ်းဆောင်နိုင်မှု၊ အဖွဲ့တွင်းစောင့်ကြည့်စစ်ဆေးခြင်းနှင့် အစီအရင်ခံ တင်ပြခြင်း

ဇ) ပြန်လည်နေရာချထားမှုများဆောင်ရွက်စဉ်တွင် ပေါ်ပေါက်လာသည့် ထိခိုက်မှုများ

ဈ) ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် စီမံကိန်းကြောင့်ပြောင်းရွှေ့ရသည့်အိမ်ထောင်စုများ၏ ပူးပေါင်းပါဝင်မှု

(၃) ပြင်ပကြားခံအဖွဲ့အစည်းမှ စောင့်ကြည့်စစ်ဆေးသည့်နည်းလမ်း

ပြင်ပကြားခံအဖွဲ့အစည်းမှ စောင့်ကြည့်စစ်ဆေးခြင်းကို ပြန်လည်နေရာချထားရေးလုပ်ငန်းများ စတင်သည့်အချိန်မှစ၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြင်ပမှ စောင့်ကြည့်စစ်ဆေးရေး ကျွမ်းကျင်သူ (များ) သည် မိမိတို့၏ ရုံးတွင်လည်းကောင်း၊ ကွင်းဆင်း၍လည်းကောင်း၊ သက်ဆိုင်ရာအာဏာပိုင်များ၊ စီမံကိန်းကြောင့်ပြောင်းရွှေ့ရသည့်အိမ်ထောင်စုများနှင့် အစည်းအဝေးများ ကျင်းပ၍လည်းကောင်း ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ စောင့်ကြည့်စစ်ဆေး ဆန်းစစ်မှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။

ပြင်ပမှ စောင့်ကြည့်စစ်ဆေးရာတွင်အသုံးပြုမည့်နည်းလမ်းများကို အောက်တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။

က) အစားထိုးနေရာချထားသည့်အဆင့်- ၁) စီမံကိန်း၏အကျိုးကျေးဇူးများကို စောင့်ကြည့်စစ်ဆေးရန်နှင့် ဆန်းစစ်ရန်အတွက် အခြေခံမျဉ်းကိုသတ်မှတ်နိုင်ရန် လူမှုစီးပွားရေးစစ်တမ်းအပါအဝင် အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူထားသည့် စာရွက်စာတမ်းများကို သုံးသပ်ရန်၊ ၂)တိုးတက်မှုအခြေအနေများ၊ ပေါ်ပေါက်လာသည့် အခက်အခဲများကို အတည်ပြုနိုင်ရန် အဖွဲ့အတွင်းစောင့်ကြည့်စစ်ဆေးခြင်း အစီရင်ခံစာများကို သုံးသပ်ရန်၊ ၃)လက်တွေ့အခြေအနေများကိုအတည်ပြုနိုင်ရန်အတွက် ပြန်လည်နေရာချထားရာတွင် ပါဝင်ခဲ့သည့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံမေး မြန်းရန်၊ ၄) စီမံကိန်းကြောင့် ပြောင်းရွှေ့ရသည့် အိမ်ထောင်စုများနှင့် တွေ့ဆုံမေးမြန်းရန်

ခ) ပြန်လည်နေရာချထားပြီးနောက်- ၁) ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပြန်လည်တည်ငြိမ်မှုရှိ/မရှိ၊ ပြန်လည်ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ စစ်ဆေးနိုင်ရန် စီမံကိန်းကြောင့်ပြောင်းရွှေ့ရသည့်အိမ်ထောင်စုများနှင့် တွေ့ဆုံမေးမြန်းရန်၊ ၂) မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေ


မည့်အစီအစဉ်များ၏ တိုးတက်မှုအခြေအနေကို အတည်ပြုနိုင်ရန်အတွက် အဖွဲ့အတွင်းစောင့်ကြည့် စစ်ဆေးခြင်းအစီရင်ခံစာများကို သုံးသပ်ရန်၊ ၃) လက်တွေ့အခြေအနေများကို အတည်ပြုနိုင်ရန်နှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိမှုအတိုင်းအတာများကို အတည်ပြု နိုင်ရန်အတွက် မူလဝင်ငွေ အခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပါဝင်ခဲ့သည့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံမေး မြန်းရန်တို့ဖြစ်ပါသည်။ (မသန်စွမ်းနှင့်သက်ကြီးရွယ်အိုများ ပါဝင်ရေးအတွက် အထူးအလေးဂရုပြုရ မည်ဖြစ်ပါသည်။)

(၄) ပြင်ပကြားခံအဖွဲ့အစည်းမှ စောင့်ကြည့်စစ်ဆေးသည့်ကာလနှင့် အစီရင်ခံတင်ပြခြင်း
ပြင်ပကြားခံအဖွဲ့အစည်းမှ စောင့်ကြည့်စစ်ဆေးခြင်းမှာ အခြေခံအားဖြင့် (၃)နှစ်ဆောင်ရွက်ရမည်ဖြစ်ပြီး ပြန်လည်နေရာချထားရေးလုပ်ငန်းများ ပြီးစီးပြီးနောက်ပိုင်းတွင် တစ်နှစ် (၂)ကြိမ် ဆောင်ရွက်ရမည်ဖြစ်ပါ သည်။ စောင့်ကြည့်စစ်ဆေးစဉ်တွင် ရေးသားရမည့်အစီရင်ခံစာတွင် (က) စီမံချက်ပါပံ့ပိုးမှုများနှင့် ကွဲပြား မှုရှိသည့် အချက်များအပါအဝင် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်အား အကောင်အထည်ဖော်ဆောင် ရွက်မှု အခြေအနေ၊ (ခ) အသက်မွေး ဝမ်းကြောင်းလုပ်ငန်းများ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိမှု အတိုင်းအတာနှင့် တည်ငြိမ်သည့်အဖွဲ့တစ်ခုဖွဲ့စည်းနိုင်မှု စသည်တို့အပါအဝင် မူလဝင်ငွေအခြေအနေသို့ပြန် လည်ရောက်ရှိစေမည့် အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေ၊ (ဂ) ပေါ်ပေါက်လာ သည့် ပြဿနာများ၊ အခက်အခဲများနှင့် အဆင်ပြေနိုင်မည့်ဖြေရှင်းချက်များကို ရှာဖွေဖော်ထုတ်ခြင်း၊ (ဃ) မသန်စွမ်း၊ သက်ကြီးရွယ်အိုများနှင့် ပတ်သက်သည့် သီးခြားပြဿနာများကို ရှာဖွေဖော်ထုတ်ခြင်း၊ (င) ယခင်အစီရင်ခံစာများပါ အခက်အခဲများ၊ ပြဿနာများ၏ နောက်ဆက်တွဲတိုးတက်မှု အခြေအနေများနှင့် ပတ် သက်ပြီး အစီရင်ခံတင်ပြခြင်းတို့အပါအဝင် တွေ့ရှိချက်များကို အကျဉ်းချုပ်ဖော်ပြရမည်ဖြစ်ပါသည်။ စောင့် ကြည့်စစ်ဆေးသည့် ပုံစံနမူနာကို နောက်ဆက်တွဲ (၄)တွင် ဖော်ပြထားပါသည်။


## ၁၂.၄ စောင့်ကြည့်စစ်ဆေးသည့် ပုံစံ

